အခန်း ၁ ဇယားနှင့်ဂရပ်များ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၁၅။ စာရင်းအင်း အချက်အလက်များကိုဖော်ပြရန် ဇယားနှင့်ရုပ်ပြပုံများကို အသုံးပြုတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၁၅. ၁. ၁။ ရုပ်ပြပုံများကို ဖတ်တတ်ရန်၊

၂. ၁၅. ၁. ၂။ ရုပ်ပြပုံမှ ဇယားနှင့်လွယ်ကူသော ဂရပ်သို့ ပြောင်းတတ်ရန်၊

(ရည်ရွယ်ချက်များရှေ့ရှိ အညွှန်းနံပါတ်များသည် အတန်းလိုက်၊ သင်ရိုးနယ်ပယ်အလိုက်နှင့် ခေါင်းစဉ်ငယ်အလိုက် သင်ရိုးချိတ်ဆက်မှုအတွက်သာ ထည့်ထားပါသည်။)

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ရုပ်ပြပုံများကို ဖတ်တတ်ရန်၊	• သင်ပုန်းပေါ်တွင် ပုံများကိုစီပြီး ရုပ်ပြပုံတစ်ခု ပြုလုပ်ခြင်း၊ • ရုပ်ပြပုံကို ထူးခြားချက်များ ရှာဖွေရန် စစ်ဆေးလေ့လာခြင်း၊ (ဥပမာ၊ အကြိမ်အများဆုံးပါသောကိန်း၊ အကြိမ်အနည်းဆုံးပါသောကိန်း၊ ကိန်း ၂ ခု ကြား ခြားနားချက်စသည်ဖြင့်)	• ကလေးများသည် ရုပ်ပြပုံရှိ ပစ္စည်းများ၏ အရေအတွက်ကို ပြောပြနိုင်မည်။ • ကလေးများသည် ရုပ်ပြပုံကို စစ်ဆေးလေ့လာပြီး ထူးခြားချက်များကို ပြောပြနိုင်မည်။
၂	ရုပ်ပြပုံမှ ဇယားပြုလုပ်တတ်ရန်၊ ဇယားကို စစ်ဆေးလေ့လာတတ်ရန်၊	• ရုပ်ပြပုံမှ ဇယားပြုလုပ်ခြင်း၊ • ဇယားကို ထူးခြားချက်များ ရှာဖွေရန် စစ်ဆေးလေ့လာခြင်း၊ (ဥပမာ၊ အကြိမ်အများဆုံးပါသောကိန်း၊ အကြိမ်အနည်းဆုံးပါသောကိန်း၊ ကိန်း ၂ ခု ကြား ခြားနားချက်၊ စသည်ဖြင့်)	• ကလေးများသည် ရုပ်ပြပုံမှ ဇယား ပြုလုပ်တတ်မည်။ • ကလေးများသည် ဇယားကို စစ်ဆေးလေ့လာပြီး ထူးခြားချက်များကို ပြောပြနိုင်မည်။
၃	ဇယားမှ လွယ်ကူသော ဂရပ်ပြုလုပ်တတ်ရန်၊ လွယ်ကူသောဂရပ်ကို စစ်ဆေး လေ့လာတတ်ရန်၊	• ဇယားမှ လွယ်ကူသော ဂရပ်ပြုလုပ်ခြင်း၊ • လွယ်ကူသောဂရပ်ကို ထူးခြားချက်များရှာဖွေရန် စစ်ဆေးလေ့လာခြင်း၊ (ဥပမာ၊ အကြိမ်အများဆုံးပါသောကိန်း၊ အကြိမ်အနည်းဆုံးပါသောကိန်း၊ ကိန်း ၂ ခု ကြားခြားနားချက်၊ စသည်ဖြင့်)	• ကလေးများသည် ဇယားမှ လွယ်ကူသော ဂရပ်ပြုလုပ်နိုင်မည်။ • ကလေးများသည် လွယ်ကူသောဂရပ်ကို စစ်ဆေးလေ့လာပြီး ထူးခြားချက်များကို ပြောပြနိုင်မည်။

DBE Box – Copyright Protected

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄	ဇယားနှင့် လွယ်ကူသောဂရပ်ကို ပေးထားသောအချက်အလက် အသုံးပြု၍ ပြုလုပ်တတ်ရန်၊ ဇယားနှင့်လွယ်ကူသောဂရပ်ကို စစ်ဆေးလေ့လာတတ်ရန်၊	● ဇယားနှင့် လွယ်ကူသောဂရပ်ကို ပေးထားသော အချက်အလက် အသုံးပြု၍ ပြုလုပ်ခြင်း၊ ● ဇယားနှင့် လွယ်ကူသောဂရပ်ကို ထူးခြားချက်များ ရှာဖွေရန် စစ်ဆေးလေ့လာခြင်း၊	● ကလေးများသည် ဇယားနှင့် လွယ်ကူသော ဂရပ်ကို ပေးထားသောအချက်အလက်အသုံးပြု၍ ပြုလုပ်နိုင်သည်။ ● ကလေးများသည် ဇယားနှင့် လွယ်ကူသော ဂရပ်ကို စစ်ဆေးလေ့လာပြီး ထူးခြားချက်များကို ပြောပြနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ဇယားနှင့်ဂရပ်များကို မသင်ယူရသေးပေ။ သို့သော် အမျိုးအစားမတူသော ပစ္စည်းများ၏ အရေအတွက်ကို ယှဉ်တွဲကာ နှိုင်းယှဉ်ကြည့်ခြင်းကို အခါအခွင့်သင့်တိုင်း လေ့လာခဲ့ကြသည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ရုပ်ပြပုံများ၊ ဇယားများနှင့် လွယ်ကူသော ဂရပ်များအကြောင်း ကလေးများ သင်ယူရမည်။

ရုပ်ပြပုံများ

ရုပ်ပြပုံများကို စတင်သင်ကြားရာတွင် အောက်ပါတို့၏ အသုံးဝင်ပုံကို ကလေးများတွေ့ရှိရန် အရေးကြီးပါသည်။

(၁) အမျိုးတူ ပစ္စည်းများကို အုပ်စုဖွဲ့ခြင်း၊
(၂) အုပ်စုတစ်စုတည်းရှိ ပစ္စည်းများကို တစ်ဖြောင့်တည်းဖြစ်အောင် စီခြင်း၊
(၃) အုပ်စုအသီးသီးကို အောက်ခြေတစ်တန်းတည်းပေါ် တွင် ပြိုင်အောင်ထားခြင်း၊

ထို့သို့ပြုလုပ်ခြင်းဖြင့် ကလေးများသည် အောက်ပါထူးခြားချက်များကို ရှာတွေ့ရှိပြီး လွယ်ကူစွာပြောနိုင်မည်။

- အရေအတွက် အများဆုံး၊ အနည်းဆုံးရှိသော ပစ္စည်းအမျိုးအစား
- ပစ္စည်းနှစ်မျိုးကြား ခြားနားသည့် အရေအတွက်

ဇယားများ

ဤအခန်းတွင် ကလေးများသည် အကြောင်းအရာတစ်မျိုးပါသော ဇယားများကို သင်ယူရမည်ဖြစ်သည်။ ပစ္စည်းများကို ရေတွက်ရန်မလိုဘဲ ဇယားပါကိန်းများဖြင့် ပြောနိုင်သဖြင့် ဇယားများသည် အသုံးဝင်သည်။

အတန်းကြီးလာလျှင် ကလေးများသည် အကြောင်းအရာနှစ်မျိုးပါသော ဇယားများကို သင်ယူရပေမည်။ ထို့အပြင် အတန်းကြီးတွင် အခြားဘာသာရပ်များ၌ ဇယားကို ကလေးများ အသုံးပြုရပေမည်။

လွယ်ကူသောဂရပ်များ

ရုပ်ပြပုံမှုပုံအသီးသီးကို အဝိုင်းပုံဖြင့် အစားထိုးခြင်းဖြင့် လွယ်ကူသောဂရပ်များကို စတင်သင်ကြားပေးမည်။ ဤနည်းဖြင့် ကလေးများသည် လွယ်ကူသောဂရပ်ကို ရေးဆွဲနိုင်မည်။ လွယ်ကူသော ဂရပ်များကို ဖတ်နည်းသည် ရုပ်ပြပုံဖတ်နည်းနှင့် အတူတူပင်ဖြစ်သည်။ ထို့ကြောင့် လွယ်ကူသောဂရပ်များသည် ပို၍ အသုံးဝင်သည်။ ထို့အပြင် လွယ်ကူသောဂရပ် သင်ယူခြင်းသည် တတိယတန်းရှိ ဘားဂရပ် သင်ယူခြင်းအတွက် ကြိုတင်ပြင်ဆင်မှုဖြစ်သည်။



DBE Box - Copyright Protected

၁ ဇယားနှင့်ဂရပ်များ

ကလေးတစ်ယောက်စီက အပြာ၊ အဝါ၊ အစိမ်း၊ လိမ္မော်၊ အနီနဲ့ ခရမ်းရောင်တွေထဲက ကြိုက်ရာ အရောင်တစ်ရောင်နဲ့ ပန်းတစ်ပွင့်ကို ဆွဲတယ်။ အဲဒီနောက် ပုံတွေကို သင်ပုန်းပေါ်မှာ ကပ်တယ်။







၁ **ကလေးအများဆုံးက ဘယ်ပန်းပွင့်အရောင်ကို ကြိုက်သလဲဆိုတာ ရှာချင်တယ်။ ဘယ်လိုရှာရင် လွယ်မလဲ။**

ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း၊ အောက်ပါတို့သည် ကလေးအယောက် ၂၀ ၏ ကြိုက်ရာ တိရစ္ဆာန်များ ပြသည့် ကတ်ပြားများဖြစ်သည်။ အကြိုက်အများဆုံး တိရစ္ဆာန်အား အလွယ်တကူ သိရှိနိုင်ရန် ကတ်ပြားများကို စီပါ။

နွား	မြင်း	ခြင်္သေ့	နွား
ကျား	ခြင်္သေ့	မြင်း	ကျား
မြင်း	မြင်း	ကျား	မြင်း
ဆင်	ဆင်	ဆင်	မြင်း
ဆင်	ကျား	နွား	ခြင်္သေ့

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ရုပ်ပြပုံများကို ပြုလုပ်တတ်ရန်နှင့် ဖတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးတိုင်း အတွက် ရောင်စုံခဲတံ (အပြာ၊ အဝါ၊ အစိမ်း၊ လိမ္မော်၊ အနီ၊ ခရမ်း)
- စာရွက်လွတ်တစ်ရွက်၏ လေးပုံတစ်ပုံ
- တိပ်အကြည်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အောက်ပါ မေးခွန်းများကို တစ်တန်းလုံးအား မေးပါ။

- ဘာပန်းပွင့်တွေကို မင်းတို့သိသလဲ။ ဘာအရောင်တွေလဲ။
- အရောင်ကတ်ပြား ၆ ခု (အပြာ၊ အဝါ၊ အစိမ်း၊ လိမ္မော်၊ အနီ၊ ခရမ်း) ကို ၁ ခုပြီး ၁ ခုပြပြီး အရောင်ကို မေးပါ။

၂။ ဆရာက ပန်းပွင့် ၁ ပွင့်ပုံကို သင်ပုန်းပေါ်တွင် နမူနာ ဆွဲပြပါ။ ကလေးတစ်ဦးချင်းစီအား ပန်းပွင့်တစ်ပွင့်ပုံကို စာရွက်ပေါ်တွင် ဆွဲစေပြီး အရောင် ၆ ရောင်မှ ၁ ရောင်ဖြင့် ခြယ်ပါစေ။

၃။ ကလေးများထံမှ ၃၀ ထက်မပိုသော ပုံများကို ရွေးချယ်ပြီး ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း ပုံများကို သင်ပုန်းပေါ်တွင် ကလေးများ နှစ်သက်သလိုကပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

ကလေး ၃၀ ဦးထက်ပိုလျှင် ကျန်သည့်ပုံများကို သင်ခန်းစာ ၂ မှ ဖြည့်စွက်လေ့ကျင့်ခန်းအတွက် အသုံးပြုပါ။

၄။ ဆရာက တစ်တန်းလုံးကို မေးပါ။

- ဘယ်အရောင်က အရေအတွက်အများဆုံးလဲ။ ဘယ်အရောင်က အရေအတွက် အနည်းဆုံးလဲ။ မြင်ရုံနဲ့သိဖို့ခက်တယ် အလွယ်တကူသိအောင် ဘယ်လိုလုပ်ရမလဲ အုပ်စုများအတွင်း ဆွေးနွေးပါစေ။

၅။ အုပ်စုတစ်ခုစီက သူတို့ စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် သင်ပုန်းပေါ်မှ ပုံများကို ရွှေ့ပြီး သူတို့စိတ်ကူးများကို ရှင်းပြပါစေ။

DPE Box – Copyright Protected

၆။ ကလေးများတင်ပြခြင်းကို ချုပ်ဆိုသည့်အနေဖြင့် ပုံတွင်ပြထားသကဲ့သို့ ပန်းပွင့်ပုံများကို စီစဉ်ပါ။ ထို့နောက် အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ။

- ကလေး အများဆုံး ကြိုက်တဲ့အရောင်က ဘာလဲ။
- ကလေး အနည်းဆုံး ကြိုက်တဲ့အရောင်က ဘာလဲ။
- ကလေး အကြိုက်တူ အရေအတွက်တူတဲ့ အရောင်တွေက ဘာလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံများကို အလျားလိုက်နှင့် ဒေါင်လိုက် တည့်တည့်မတ်မတ်ဖြစ်အောင် ထားပါ။

၇။ အဓိကမေးခွန်း (၁) မှ ပန်းပွင့်များကိုလည်း အလားတူ စီစဉ်ထားသည်ကို ကလေးများ မြင်ပါစေ။

၈။ အတည်ပြုမေးခွန်း(၁)ကို တစ်ဦးချင်းစီဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၉။ ပုံများကို ဤနည်းအတိုင်းစီစဉ်ထားခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိသည်ကို အတည်ပြုပြောကြားပြီး သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

- အရောင်တစ်ခုစီ၏ အရေအတွက်ကို ရေတွက်ရလွယ်ကူသည်။
- ပန်းပွင့်များ၏ အရေအတွက်ကို နှိုင်းယှဉ်ရလွယ်ကူသည်။





၁ အပေါ်ကပုံကို ကြည့်ပြီး မေးခွန်းတွေကို ဖြေပါ။

(က) ကလေးအများဆုံးက ဘယ်ပန်းပွင့်အရောင်ကို ကြိုက်သလဲ။ **အနီရောင်**

(ခ) ကလေးအနည်းဆုံးက ဘယ်ပန်းပွင့်အရောင်ကို ကြိုက်သလဲ။ **အစိမ်းရောင်**

(ဂ) အဝါရောင်နဲ့အရေအတွက်တူတာ ဘယ်ပန်းပွင့်အရောင်လဲ။ **ခရမ်းရောင်**

(ဃ) အပြာရောင်ပန်းပွင့်ထက် လိမ္မော်ရောင်ပန်းပွင့်ကို ကလေးဘယ်နှယောက်ပိုကြိုက်သလဲ။ **၂ ယောက်**

၂

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် ကလေး ၂၅ ယောက်၏ ကြိုက်ရာမုန့်များ ပြသည့် ကတ်ပြားများ ဖြစ်သည်။

(က)ကလေး အများဆုံးကြိုက်တဲ့ မုန့်က ဘာလဲ။ **(ချောကလက်)**

(ခ) ကလေး အနည်းဆုံးကြိုက်တဲ့ မုန့်က ဘာလဲ။ **(သကြားလုံး)**

(ဂ) ပေါင်မုန့်ထက် ကိတ်မုန့်ကို ဘယ်နှယောက် ပိုကြိုက်သလဲ။ **(၄ ယောက်)**



DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- ရုပ်ပြပုံမှ ဇယား ပြုလုပ်တတ်ရန်၊
- ဇယားကို စစ်ဆေးတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ခန်းစာ ၁ တွင် ဆွဲထားသော ပန်းပွင့်ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁) ပါအတိုင်း ပန်းပွင့်ပုံများကို စီစဉ်ပြီး မေးခွန်း (၁) မှ မေးခွန်းများကို မေး၍ ပြန်လည်လေ့လာပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ခန်းစာ ၁ တွင် အသုံးမပြုခဲ့သောပုံကို ဦးစားပေးအသုံးပြုပါ။

၂။ ကျောင်းသုံးစာအုပ်တွင် ပြထားသည့်အတိုင်း ဇယားဆွဲပြီး အောက်ပါတို့ကို ရှင်းပြပါ။

- အရောင်များကို ဇယား၏အပေါ်တန်းတွင် ရေးထားသည်။
- ကလေးအရေအတွက်ကို ဇယား၏ အောက်တန်းတွင် ရေးထားသည်။
- ပန်းပွင့်အရောင်ဇယားတွင် အပြာရောင်ပန်း ၃ ပွင့်ရှိသည့်အတွက် ၃ ကို အပြာအောက် တည့်တည့်တွင် ရေးသည်။

၃။ တစ်တန်းလုံးကို အောက်ပါမေးခွန်းမျိုးမေးပြီး ကလေးများ ဇယားကို ဖြည့်ပါစေ။

- အဝါရောင်အောက်တည့်တည့်မှာ ဘယ်ကိန်းကို ရေးရမလဲ။ ဘာကြောင့်လဲ။

၄။ မေးခွန်း (၂) တွင် ပြထားသည့် ပန်းပွင့်ပုံများကို သင်ပုန်းပေါ်ကပ်ပါ။ တစ်ဦးချင်းစီ ကျောင်းသုံးစာအုပ်ရှိဇယားကိုဖြည့်စေပြီး မေးခွန်းများကို ဖြေပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲ စစ်ဆေးပါ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာသင်ခ်ိန် ၁ တွင် အသုံးမပြုခဲ့သောပုံကို ဦးစားပေး အသုံးပြုပါ။

➔ အချိန်ရလျှင် ကလေးများ၏ ပန်းပွင့်ပုံများကို အသုံးပြုပြီး အခြားရုပ်ပြပုံကို စီစဉ်ပါ။ ထိုရုပ်ပြပုံမှ ဇယားပြုလုပ်ခိုင်းပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

---

၂ ပန်းပွင့်အရောင်အလိုက်စီထားသောပုံအရ ပန်းပွင့်အရောင်တစ်ရောင်စီကို ကြိုက်တဲ့ ကလေးအရေအတွက်ကို ဇယားထဲမှာ ဖြည့်ရအောင်။

ပန်းပွင့်အရောင်ဇယား

ပန်းပွင့်အရောင်	အပြာ	အဝါ	အစိမ်း	လိမ္မော်	အနီ	ခရမ်း
ကလေးအရေအတွက်	၃	၄	၂	၅	၆	၄

၂ အောက်ကရုပ်ပြပုံထဲမှာ အတန်းတစ်တန်းက ကလေးတစ်ယောက်စီရဲ့ ကြိုက်တဲ့ ပန်းပွင့်အရောင်နဲ့ ကလေးအရေအတွက်ကို ပြထားတယ်။ ရုပ်ပြပုံကိုကြည့်ပြီး အောက်ကဇယားကို ဖြည့်ရအောင်။



ပန်းပွင့်အရောင်ဇယား

ပန်းပွင့်အရောင်	အပြာ	အဝါ	အစိမ်း	လိမ္မော်	အနီ	ခရမ်း
ကလေးအရေအတွက်	၅	၃	၇	၆	၅	၃

အပေါ်ကဇယားကို ကြည့်ပြီး မေးခွန်းတွေကို ဖြေပါ။

(က) ကလေးအများဆုံးက ဘယ်ပန်းပွင့်အရောင်ကို ကြိုက်သလဲ။ **ခရမ်းရောင်**

(ခ) ကလေးအနည်းဆုံးက ဘယ်ပန်းပွင့်အရောင်ကို ကြိုက်သလဲ။ **အဝါရောင်**

(ဂ) အဝါရောင်ပန်းပွင့်ထက် ခရမ်းရောင်ပန်းပွင့်ကို ကလေးဘယ်နှယောက်ပိုကြိုက်သလဲ။ **၅ ယောက်**

ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် ဤအခန်းတွင် ဇယားကို ပထမဆုံးအကြိမ်အဖြစ် သင်ယူကြသည်။ အခြားဘာသာရပ်များတွင်လည်း အခါအားလျော်စွာ ဇယားကို အသုံးပြုကြမည်ဖြစ်သည့်အတွက် ကလေးများအနေဖြင့် ဇယားကိုကောင်းစွာ ဖတ်တတ်၊ ပြုလုပ်တတ်ရန် အရေးကြီးသည်။

ဤအတန်းတွင် ကလေးများသည် အောက်ပါအတိုင်း ဇယားများကိုသာ သင်ယူကြမည်။

ပန်းပွင့်အရောင်	အပြာ	အဝါ	အဖြူ	လိမ္မော်
ကလေးအရေအတွက်	၅	၁၃	၇	၆

ထို့နောက် နောင်လာမည့်အတန်းတွင် အောက်ပါအတိုင်းဇယားများကို ကလေးများတိုးချဲ့သင်ယူကြရမည်။

ပန်းပွင့်အရောင်	အပြာ	အဝါ	အဖြူ	လိမ္မော်
စာသင်ခန်း (က) ရှိ ကလေး အရေအတွက်	၅	၁၃	၇	၆
စာသင်ခန်း (ခ) ရှိ ကလေး အရေအတွက်	၁၀	၆	၁၂	၄
စာသင်ခန်း (ဂ) ရှိ ကလေး အရေအတွက်	၈	၇	၇	၉

DBE Box — Copyright Protected

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ဇယားမှလွယ်ကူသောဂရုပ် ပြုလုပ်တတ်ရန်၊
- လွယ်ကူသော ဂရုပ်ကို စစ်ဆေးရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်၊ သို့မဟုတ် စာရွက်ပေါ်တွင် ၆ × ၉ ကွက်၊ ၄ × ၈ ကွက်ပါသော ဂရုပ်ကွက်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း (၃) မှ ဇယားကို သင်ပုန်းပေါ်ကပ်ပါ။ အရောင်အလိုက် ပန်းပွင့်မည်မျှစီ ရှိသလဲ မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ဇယားကို ဖတ်တတ်သည်မှာ သေချာပါစေ။

၂။ ဇယားကိုကြည့်ပြီး အဓိကမေးခွန်း ၃ (က)နှင့် (ခ) ကို ဖြေစေပါ။

၃။ ကျောင်းသုံးစာအုပ်ရှိ ဂရုပ်တွင် ○ များဖြည့်စေပါ။ အဝါရောင်နှင့် အဖြူရောင်အတွက် တစ်တန်းလုံးနှင့်အတူဖြည့်စေပြီး ကျန်သည့် အရောင်များကို တစ်ဦးချင်းစီဖြည့်ပါစေ။ ကလေးများကို သင်ပုန်းပေါ်မှ ဂရုပ်တွင် အဝိုင်းများဆွဲစေခြင်းဖြင့် တစ်တန်းလုံးကို စစ်ဆေးပါ။

၄။ တစ်ဖန် အဓိကမေးခွန်း ၃ (က)နှင့် (ခ)ကို ဂရုပ်ကြည့်၍ တစ်တန်းလုံး ဖြေပါစေ။ မေးခွန်း (ဂ) ကိုလည်း မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အများဆုံး၊ အနည်းဆုံးနှင့် အရေအတွက်ကွာခြားချက်ကို ဂရုပ်တစ်ခုတွင် အလွယ်တကူတွေ့ရှိနိုင်သည်ကို ကလေးများ သိပါစေ။

၅။ မေးခွန်း (၃) မှ ဂရုပ်ကို ကျောင်းသုံးစာအုပ်တွင် ဖြည့်ပါစေ။ မေးခွန်း (က)နှင့် (ခ)ကို ဖြေပါစေ။ တစ်ဦးချင်းစီ ဖြေစေပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါကဲ့သို့ ဖြည့်စွက်မေးခွန်းများ မေးပြီး ကလေးများနားလည်ခြင်းရှိ မရှိ စစ်ဆေးပါ။

- ဘယ်ဟာက အရေအတွက်အနည်းဆုံးလဲ။
- ဘယ်ဟာက အရေအတွက် ဒုတိယအများဆုံးလဲ။
- အပင်နှစ်မျိုးအကြား ခြားနားချက်။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၃ ပန်းပွင့်အရောင် တစ်ရောင်စီကို ကြိုက်တဲ့ ကလေးအရေအတွက်ကို ○ တွေရေးပြီး အောက်ကဂရုပ်မှာ ပြရအောင်။

ပန်းပွင့်အရောင်	အပြာ	အဝါ	အစိမ်း	လိမ္မော်	အနီ	ခရမ်း
ကလေးအရေအတွက်	၅	၃	၇	၆	၅	၈

(က) ကလေး ဒုတိယအများဆုံး ကြိုက်တဲ့ ပန်းပွင့်အရောင်က ဘာလဲ။ **အစိမ်းရောင်**

(ခ) လိမ္မော်ရောင်ပန်းပွင့်ထက် အစိမ်းရောင်ပန်းပွင့်ကို ကလေး ဘယ်နှယောက် ပိုကြိုက်သလဲ။ **၁ ယောက်**

(ဂ) ဂရုပ်အသုံးပြုတာက ဇယား အသုံးပြုတာထက် ဘာတွေပိုပြီး ရှင်းရှင်းလင်းလင်း တွေ့ရသလဲ။

ဘယ်ဟာက အများဆုံး၊ အနည်းဆုံး အရေအတွက်ကွာခြားခြင်း၊

ပန်းပွင့်အရောင်ဂရုပ်



၄ စိုးစိုးခြံဝင်းထဲရှိ အပင်အရေအတွက်ကို အောက်ကဇယားမှာ ပြထားတယ်။

အပင်တွေရဲ့ အရေအတွက်ကို ဘေးက ဂရုပ်မှာ ○ တွေထည့်ပြီး ဖြည့်ပါ။

အပင်	ပဲပင်	ကြက်သွန်ပင်	ချဉ်ပေါင်ပင်	ခရမ်းပင်
အရေအတွက်	၆	၄	၂	၃

(က) ဘယ်အပင်က အများဆုံးလဲ။ **ချဉ်ပေါင်ပင်**

(ခ) ဘယ်အပင်က ဒုတိယအနည်းဆုံးလဲ။ **ကြက်သွန်ပင်**

စိုးစိုးခြံဝင်းထဲရှိ အပင်ဂရုပ်



ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း၊ အောက်ပါပုံသည် ကလေးအယောက် ၃၀ ၏ ကြိုက်ရာ ဘာသာရပ်များကိုပြသည်။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) လွယ်ကူသော ဂရုပ်ကို ကြည့်ပြီး အောက်ပါဇယားကို ဖြည့်ပါ။

(ခ) မည်သည့်ဘာသာရပ်ကို ကလေး အများဆုံး ကြိုက်သနည်း။ **(သချာ)**

(ဂ) လူမှုရေးဘာသာကို ကလေးမည်မျှ ကြိုက်သနည်း။ **(၆ ယောက်)**

(ဃ) ကလေး ၅ ယောက် ကြိုက်သော ဘာသာရပ်က မည်သည့်ဘာသာ ဖြစ်သနည်း။ **(မြန်မာစာ)**

ကြိုက်ရာဘာသာရပ်



ကြိုက်ရာဘာသာရပ်	မြန်မာစာ	အင်္ဂလိပ်စာ	သချာ	သိပ္ပံ	လူမှုရေးဘာသာ
ကလေးအရေအတွက်	၅	၄	၈	၃	၆

DRL Box – Copyright Protected

၄ အသီးတစ်မျိုးစီကို ကြိုက်တဲ့ ကလေးအရေအတွက်ကို ဇယားနဲ့ဂရပ် ပြုလုပ်ပြီး ပြရအောင်။



(က) အသီးတစ်မျိုးစီကို ကြိုက်တဲ့ ကလေးအရေအတွက်ကို အောက်ကဇယားမှာ ဖြည့်ရအောင်။

အသီးဇယား

အသီး	ဖရဲသီး	ပန်းသီး	သရက်သီး	နာနတ်သီး	ဒူးရင်းသီး
ကလေးအရေအတွက်	၄	၈	၇	၅	၃

(ခ) ဂရပ်မှာ ကလေးအရေအတွက်ကို ○ တွေ့ရေးပြီး ဖော်ပြရအောင်။

(ဂ) ကလေးအများဆုံးက ဘယ်အသီးကို ကြိုက်သလဲ။ **ပန်းသီး**

(ဃ) ကလေးအနည်းဆုံးက ဘယ်အသီးကို ကြိုက်သလဲ။ **ဒူးရင်းသီး**

(င) ဒူးရင်းသီးထက် သရက်သီးကို ကလေးဘယ်နှယောက် ပိုကြိုက်သလဲ။

၄ ယောက်

အသီးဂရပ်



၅

ဖြည့်စွက်ရှင်းလင်းချက်

အဓိကမေးခွန်း (၄)တွင် ကလေးများသည် သစ်သီးများကို ရွေးပြပုံကဲ့သို့ မစီနိုင်ပေ။ သို့ဖြစ်၍ အခြားနည်းကိုသုံးရန် လိုသည်။ အောက်ပါတို့သည် အမှတ်များခြစ်၍ ရေတွက်ခြင်း နမူနာအချို့ ဖြစ်သည်။

(က)



(ခ)



အခြားနည်းများလည်း ရှိနိုင်သည်။ အမှားကင်းရန် ကလေးများအား သစ်သီးများကို တစ်မျိုးပြီးမှ နောက်တစ်မျိုး ရေတွက်စေရန် အရေးကြီးသည်။

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- ပေးထားသော အချက်အလက်မှ ဇယားနှင့် လွယ်ကူသော ဂရပ်ကို ပြုလုပ်တတ်ရန်၊
- ဇယားနှင့် ရုပ်ပြပုံကို စစ်ဆေးတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အသီးဇယားကွက်
- သင်ပုန်းပေါ် သို့မဟုတ် စာရွက်ပေါ်တွင် ၅ × ၉ ကွက်ပါသော ဂရပ်ကွက်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ပေါ်ရှိ အသီးအမည်များကို တစ်တန်းလုံးအား မေးပါ။

၂။ အသီးတစ်မျိုးစီကို ကြိုက်သောကလေးအရေအတွက်ကို ကလေးများရှာစေပြီး ကျောင်းသုံးစာအုပ်ရှိ စာအုပ်ကိုဖြည့်ပါစေ။ ဇယားကို နှစ်ယောက်စီ အချင်းချင်းစစ်ဆေးစေပြီး သင်ပုန်းပေါ်မှ ဇယားကို ဖြည့်စေခြင်းဖြင့် တစ်တန်းလုံးကို အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသည့် ကလေးကြိုက်သော အသီးအရေအတွက်များ မကျန်ရှိစေရန်၊ အမှတ်အသားပြု၍ ရေတွက်ရန် သတိပြုပါစေ။ (လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကြည့်ပါ)

➔ ဇယားကို မှန်ကန်စွာဖြည့်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ကျောင်းသုံးစာအုပ်ရှိ မေးခွန်း(ခ)မှ ဂရပ်ကို ပြုလုပ်ပါစေ။ ဂရပ်ကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီး သင်ပုန်းပေါ်မှ ဂရပ်ကိုဖြည့်ခြင်းဖြင့် တစ်တန်းလုံးကို အတည်ပြုပါ။

➔ ဂရပ်ကို မှန်ကန်စွာဖြည့်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ မေးခွန်း (ဂ) (ဃ) (င) တို့ကို ဂရပ်ကြည့်၍ တစ်ဦးချင်း ဖြေဆိုပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပြီး တစ်တန်းလုံးကို အတည်ပြုပါ။

➔ ဂရပ်သည် အရေအတွက်အများဆုံး၊ အရေအတွက်အနည်းဆုံးနှင့် ပို့များသည်ကို လွယ်ကူစွာမြင်နိုင်ကြောင်း သေသေချာချာ သိပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

အခန်း ၂ အချိန်နှင့်ကြာသောအချိန်

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၁၁။ "နာရီ"နှင့် "မိနစ်" ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

၂. ၁၂။ "နေ့ရက်" နှင့် "အချိန်နာရီ" ဆက်သွယ်ချက်ကို ဖော်ပြတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၁၁. ၁. ၁။ "နာရီ" နှင့် "မိနစ်" ကို အသုံးပြုပြီး အချိန်ပြောတတ်ရန်၊

၂. ၁၂. ၂. ၁။ "၁ ရက် = ၂၄ နာရီ" ဆက်သွယ်ချက်ကို အသုံးပြုတတ်ရန်၊

စာသင်ချိန်

- ၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	နာရီပေါ်ရှိ အချိန်ကို နာရီနှင့်မိနစ်သုံးပြီး ပြောတတ်ရန်၊	• တစ်နေ့တာရှိ မည်သည့်အချိန်တွင် မည်သည့်အရာများ ပြုလုပ်သည်ကို နာရီနှင့် မိနစ်သုံးပြီး ပြောခြင်း၊	• ကလေးများသည် နာရီပေါ်ရှိ အချိန်ကို နာရီနှင့် မိနစ်သုံးပြီး ပြောနိုင်သည်။
၂	အချိန်နှစ်ခုကြား ကြာချိန်ကို ပြောတတ်ရန်၊ ပေးထားသောအချိန်ကို မိနစ်/နာရီ၊ ပြီးနောက်/ မတိုင်မီတို့ဖြင့် အချိန်ကို ပြောတတ်ရန်၊	• ဖြစ်ရပ်အချိန်နှစ်ခုကြား ကြာချိန်ကို ပြောတတ်ခြင်း၊ • အချိန်ကို နာရီ သို့မဟုတ် နာရီမူပုံသုံးပြီး မိနစ်/နာရီ၊ ပြီးနောက်/မတိုင်မီ တို့ဖြင့် ပြောခြင်း၊	• အချိန်နှစ်ခုကြား ကြာချိန်ကို ပြောနိုင်မည်။ • ကလေးများသည် ပေးထားသောအချိန်ကို မိနစ်/နာရီ၊ ပြီးနောက်/မတိုင်မီတို့ဖြင့် အချိန်ကို ပြောနိုင်မည်။
၃	အချိန်နှစ်ခုကြား ကြာချိန်ကို ပြောတတ်ရန်၊ ပေးထားသောအချိန်နှင့် ကြာချိန်ပြီးနောက် အချိန်နာရီကို ပြောတတ်ရန်၊	• အချိန်နာရီနှစ်ခုကြားရှိ ကြာချိန်ကို ပြောခြင်း၊ • ပေးထားသောအချိန်နှင့် ကြာချိန်ပြီးနောက် အချိန်နာရီကို ပြောခြင်း၊	• ကလေးများသည်အချိန်နာရီနှစ်ခုကြားရှိ ကြာချိန်ကို ပြောနိုင်မည်။ • ကလေးများသည် ပေးထားသော အချိန်နှင့် ကြာချိန်ပြီးနောက် အချိန်ကို ပြောနိုင်မည်။
၄	တစ်နေ့တာအတွင်း အချိန်နာရီကို နံနက်၊ မွန်းလွဲနှင့် ည ထည့်ပြီး ဖော်ပြတတ်ရန်၊	• တစ်နေ့တာအတွင်း ဖြစ်ရပ်များ၏ အချိန်နာရီကို နံနက်၊ မွန်းလွဲနှင့် ညထည့်ပြီး ဖော်ပြခြင်း၊	• ကလေးများသည် တစ်နေ့တာအတွင်း အချိန်နာရီကို နံနက်၊ မွန်းလွဲနှင့် ည ထည့်ပြီး ဖော်ပြနိုင်မည်။

DBE PDX - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	တစ်နေ့တာအတွင်း ပေးထားသောအချိန်ကို “နာရီ ပြီးနောက်/မတိုင်မီ”ဖြင့် ပြောတတ်ရန်၊ တစ်နေ့တာအတွင်း အချိန်နှစ်ခုကြား ကြာချိန်ကို ပြောတတ်ရန်၊	● တစ်နေ့တာအတွင်း ပေးထားသော အချိန်ကို “နာရီ ပြီးနောက်/မတိုင်မီ”ဖြင့် ပြောခြင်း၊ ● တစ်နေ့တာအတွင်း အချိန်နှစ်ခုကြား ကြာချိန်ကို ပြောခြင်း၊	● ကလေးများသည် တစ်နေ့တာအတွင်း ပေးထားသောအချိန်ကို “နာရီ ပြီးနောက်/မတိုင်မီ” ဖြင့် ပြောနိုင်မည်။ ● ကလေးများသည် တစ်နေ့တာအတွင်း အချိန်နှစ်ခုကြား ကြာချိန်ကို ပြောနိုင်မည်။
၆	အချိန်အတိုင်းအတာမူများ (ယူနစ်များ)သုံးပြီး ပုစ္ဆာများ ဖြေရှင်းတတ်ရန်၊	● အချိန်အတိုင်းအတာမူများ(ယူနစ်များ) သုံးပြီးပုစ္ဆာများ ဖြေရှင်းခြင်း၊	● ကလေးများသည် အချိန်အတိုင်းအတာမူများ (ယူနစ်များ)သုံးပြီး ပုစ္ဆာများ ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် အချိန်အတိုင်းအတာနှင့်ပတ်သက်၍ အိပ်ရာထချိန်၊ ကျောင်းသွားချိန်၊ ထမင်းစားချိန် စသည်တို့ကို “နာရီတိ”၊ “နာရီခွဲ”ဖြင့် နာရီကို ကောင်းစွာကြည့်တတ်ခဲ့ပြီး အချိန်နာရီကို ပြောတတ်ခဲ့သည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ကလေးများသည် အချိန်နာရီ၊ ကြာသောအချိန်နှင့် နေ့ရက်တို့ကို သင်ယူကြရမည်။

အချိန်နာရီ

ဤအခန်းတွင် ကလေးများသည် နာရီနှင့်မိနစ်ကို အသုံးပြုပြီး နာရီပေါ်ရှိ အချိန်များကို ဖတ်ကြသည်။ မည်သို့ဖတ်ရမည်ကို သင်ယူရမည်။ ပထမတန်းမှာကဲ့သို့ နေ့စဉ်ဘဝရှိ ဖြစ်ရပ်များနှင့် ချိတ်ဆက်၍ အချိန်နာရီကို သင်ယူရန် အရေးကြီးသည်။ ပုံတွင်ပြထားသည့် နာရီမူပုံကို အသုံးပြုခြင်းသည် အချိန်နာရီသင်ယူရာတွင် အကူအညီဖြစ်စေသည်။ ဆရာသည် အောက်ပါအချက်များကို အလေးထား၍ အချိန်နာရီကို သင်သင့်သည်။



- အစိတ်ကလေးများသည် ၁၂ မှ စပြီး အစိတ် ၆၀ စိတ်ထားသည်။
- လက်တံရှည်နှင့် လက်တံတိုသည် မတူညီသော အစိတ်များပေါ် မူတည်ပြီး ဖတ်ရသည်။

DBE Box – Copyright Protected

ကြာသောအချိန်

ဒုတိယတန်းကျောင်းသားများအတွက် ကြာသောအချိန်သည် ခက်ခဲသည်။ အချို့သောကလေးများအတွက် ကြာသောအချိန်နှင့် အချိန်နာရီသည် ရောထွေးနိုင်ပါသည်။ ထို့ကြောင့် ဆရာသည် အချိန်နာရီနှင့် ကြာသောအချိန်သင်ရာတွင် သတိထားပြီး သင်ကြားသင့်သည်။ ဤသင်ခန်းစာကို သင်ယူရန် နာရီမူပုံသည် အထောက်အပံ့ဖြစ်သည်။ ဥပမာအားဖြင့် အောက်ပါမေးခွန်းသုံးခုကိုမေးပြီး အထက်တွင်ပြထားသော နာရီမူပုံကို ဆရာက တစ်ဆင့်ပြီးတစ်ဆင့် ရွှေ့ပြရမည်။

၁။ ဇင်ဇင်သည် စျေးသို့ ဘယ်အချိန်ရောက်သနည်း။ (ဘယ်ဘက်မှပုံ)

၂။ ဇင်ဇင်သည် စျေးမှ ဘယ်အချိန် ပြန်ထွက်လာသနည်း။ (အလယ်မှပုံ)

၃။ ဇင်ဇင်သည် စျေးတွင် အချိန်မည်မျှ ကြာသနည်း။ (ညာဘက်မှပုံ)



ဆရာက နာရီလက်တံကို မရွှေ့ဘဲ **အချိန်နာရီ**ကို မေးရမည်။ **အချိန်နာရီ**သည် ရွှေ့လျားမှုသာဖြစ်သည်။ ဆရာက ကလေးများကို ဖြစ်ရပ် စတင်ချိန်နှင့် ပြီးဆုံးချိန်ကို နာရီရွှေ့ပြပြီး **ကြာသောအချိန်**ကို မေးရမည်။

နေ့ရက်နှင့် အချိန်နာရီ

ကလေးများသည် **၁ ရက် = ၂၄ နာရီ** ဆက်သွယ်ချက်ကို သင်ယူရမှာဖြစ်ပြီး ၂၄ နာရီပြမျဉ်းကို အသုံးပြု၍ တစ်နေ့တာအတွင်းရှိ လုပ်ဆောင်ချက်များကို နာရီ မိနစ်ဖြင့် မနက်၊ မွန်းတည့်၊ မွန်းလွဲ၊ ည၊ သန်းခေါင် စသည်ဖြင့် ပြောနိုင်မည်။ ၂၄နာရီပြမျဉ်းနှင့် နာရီမူပုံကို သုံးပြီး ဤသင်ခန်းစာကို သင်ကြားပါက ကလေးများသည် ပို၍လွယ်ကူစွာ သင်ယူနိုင်မည်။



DBE Box – Copyright Protected

အခန်း (၂) ရှိ မေးခွန်းများ၏ အဖြေများ (စာသင်ချိန် ၁ မှ ၅ အထိ)

၁ ၁၀ နာရီ၊ ၁၁ နာရီ ၄၅ မိနစ်၊ ၁၂ နာရီ ၁၂ မိနစ်

၂ (က) ၁၀ စိတ် (ခ) ၆၀ မိနစ်

၃ (က) ၁၀ နာရီ ၁၅ မိနစ်၊ (ခ) ၆ နာရီ ၁၅ မိနစ်၊ (ဂ) ၉ နာရီ ၃၅ မိနစ်၊ (ဃ) ၈ နာရီ ၄၅ မိနစ်

၄ (က) ၉၀ မိနစ်၊ (ခ) ၁ နာရီ ၄၀ မိနစ်

၅ (က) ၂၇ မိနစ်၊ (ခ) ၅၀ မိနစ်

၆ (က) ၃၅ မိနစ်၊ (ခ) ၄၆ မိနစ်၊ (ဂ)၁ နာရီ ၁၅ မိနစ်

၇ ၂၈ မိနစ်

၈ (က) ၂ နာရီ ၅၅ မိနစ်၊ (ခ) ၄ နာရီ ၅၂ မိနစ်

၉ မနက် ၆ နာရီ၊ ည ၆ နာရီ

၁၀ အိမ်က စထွက်ချိန် မနက် ၉ နာရီ၊ ဈေးရောက်ချိန် မနက် ၉ နာရီ ၁၀ မိနစ်၊ ဈေးဝယ်ပြီးချိန် မနက် ၁၀ နာရီ
နေ့လယ်စာ စစားချိန် မနက် ၁၁ နာရီ ၄၅ မိနစ်၊ နေ့လယ်စာ စားပြီးချိန် မွန်းလွဲ ၁၂ နာရီ ၁၂ မိနစ်

၁၁ (က) ၁၂ နာရီ၊ (ခ) ၁၂ နာရီ၊ (ဂ) ၂၄ နာရီ

၁၂ ၂ ကြိမ်

၁၃ မွန်းလွဲ ၂ နာရီ

၁၄ ၉ နာရီ

၁၅ (က) ည ၇ နာရီ၊ (ခ) မွန်းလွဲ ၃ နာရီ၊ (ဂ) မနက် ၇ နာရီ

၁၆ (က) ၄ နာရီ၊ (ခ) ၆ နာရီ၊ (ဂ) ၈ နာရီ

လေ့ကျင့်ခန်း (စာသင်ချိန် ၆)

၁။ (က) ၅ နာရီ ၄၀ မိနစ်၊ (ခ) ၂ နာရီ ၁၅ မိနစ် ၊ (ဂ) ၇ နာရီ ၃ မိနစ်၊ (ဃ) ၁၁ နာရီ ၅၆ မိနစ်

၂။ (က) ၆၀၊ (ခ) ၂၄

၃။ (က) ၁၁ နာရီ ၅ မိနစ်၊ (ခ) ၈ နာရီ ၅ မိနစ်၊ (ဂ) ၁၀ နာရီ ၄၅ မိနစ်၊ (ဃ) ၉ နာရီ ၅၀ မိနစ်

၄။ ၄၂ မိနစ်

၅။ ၆ နာရီ ၃၀ မိနစ်

၆။ ၁၂ နာရီ

DBE Box – Copyright Protected

အခန်း ၃ အပေါင်း သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၂။ ဖလှယ်ရဂုဏ်သတ္တိနှင့် ဖက်စပ်ရဂုဏ်သတ္တိစသည့် စည်းမျဉ်းများကို အပေါင်း၊ အနုတ်အသုံးပြု၍ တွက်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၂. ၁. ၁။ ၁၀၀ အတွင်း ကိန်းများကို ပေါင်းတတ်ရန်၊

၂. ၂. ၅. ၂။ ဖလှယ်ရ၊ ဖက်စပ်ရဂုဏ်သတ္တိများကို အသုံးပြုတတ်ရန်၊

စာသင်ချိန်

- ၁၂ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁-၂	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းတတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ကိုယ်စားပြုပစ္စည်းများ အသုံးပြု၍ ဒေါင်လိုက်ပေါင်းခြင်း၊ ● ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းနိုင်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းနိုင်မည်။
၃	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဒေါင်လိုက်ပေါင်းတတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းနိုင်မည်။
၄-၅	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းတတ်ရန်၊	● ပေါင်းခြင်းဖြစ်စဉ်ကိုဖော်ပြရန် ကိုယ်စားပြုပစ္စည်းများကိုရွေးခြင်းဖြင့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊	● ကလေးများသည် ပေါင်းခြင်းဖြစ်စဉ်ကို ဖော်ပြရန် ကိုယ်စားပြုပစ္စည်းများကိုရွေးခြင်းဖြင့် ၁၀၀ အတွင်းဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းနိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းနိုင်မည်။

DPE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆-၇	၁၀၀ အတွင်း ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းတတ်ရန်၊	● အဖြေဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်း။	● ကလေးများသည် အဖြေ ဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါ ကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းနိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့၍ ပေါင်းနိုင်မည်။
၈	အပေါင်းဖလှယ်ရုဏ်သတ္တိကို ရှင်းပြတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ဖလှယ်ရုဏ်သတ္တိကို ရှာဖွေခြင်း၊ ● ဥပမာအချို့တွင် ဖလှယ်ရုဏ်သတ္တိကို စစ်ဆေးခြင်း၊	● ကလေးများသည် ဖလှယ်ရုဏ်သတ္တိကို ရှင်းပြနိုင်မည်။ ● ကလေးများသည် ဥပမာအချို့တွင် ဖလှယ်ရုဏ်သတ္တိကို စစ်ဆေးနိုင်မည်။
၉	အပေါင်းဖက်စပ်ရုဏ်သတ္တိကို ရှင်းပြတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ဖက်စပ်ရုဏ်သတ္တိကို ရှာဖွေခြင်း၊	● ကလေးများသည် ဖက်စပ်ရုဏ်သတ္တိကို ရှင်းပြနိုင်မည်။
၁၀	ဖလှယ်ရုဏ်သတ္တိနှင့် ဖက်စပ်ရ ုဏ်သတ္တိတို့ကိုအသုံးပြုပြီး လွယ်ကူသောနည်းများဖြင့် ကိန်းသုံးလုံးကို ပေါင်းတတ်ရန်၊	● ၁၀၀ အတွင်းဖလှယ်ရုဏ်သတ္တိနှင့် ဖက်စပ်ရုဏ်သတ္တိများကို အသုံးပြုပြီး တွက်ခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဖလှယ်ရုဏ်သတ္တိနှင့် ဖက်စပ်ရုဏ်သတ္တိများကို အသုံးပြုပြီး လွယ်ကူသောနည်းများဖြင့် တွက်နိုင်မည်။
၁၁-၁၂	၁၀၀ အတွင်း အပေါင်းပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀၀ အတွင်း ဒေါင်လိုက်ပေါင်းခြင်း၊ ● ၁၀၀ အတွင်း အပေါင်းဆိုင်ရာ စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဒေါင်လိုက်ပေါင်းနိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်းအပေါင်းဆိုင်ရာ စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါဘဲ ပေါင်းခြင်းကိုသင်ယူခဲ့ကြသည်။ ထို့သို့တွက်ရာတွင် ဒေါင်လိုက်ပုံစံကို အသုံးမပြုခဲ့ပေ။ ဤအခန်း၏အစပိုင်းတွင် ဒေါင်လိုက်ပုံစံကို မှန်ကန်စွာအသုံးပြုတတ်ရန် အရေးကြီးသည်။

ထို့အပြင် ကလေးများသည် ပထမတန်းတွင် ၁၉ အထိ ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်းကို သင်ယူခဲ့ကြသည်။ ၁၀၀ အထိ ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်းကိုမသင်ယူမီ သိပြီးအသိပညာကို ကလေးများပြန်လည်မှတ်မိရန် လိုအပ်သည်။

သင်ကြားသင်ယူရမည့်အချက်များ

ဤအခန်းတွင် ကလေးများသည် ၁၀၀ အထိပေါင်းခြင်းကို ဒေါင်လိုက်ပုံစံဖြင့် သင်ယူကြရသည်။ ဒေါင်လိုက်ပေါင်းခြင်းကို ဤအခန်းတွင် အသစ်မိတ်ဆက် သင်ကြားမည်ဖြစ်သည်။ ကလေးများသည် အောက်ပါအပေါင်းဖြစ်ရပ်နှစ်ခုကို သီးခြားစီသင်ယူကြသည်။

(၁) ၁၀၀ အတွင်း ကိန်းပြောင်းဖွဲ့မှုမပါသောပေါင်းခြင်း

(၂) ၁၀၀ အတွင်း ကိန်းပြောင်းဖွဲ့၍ပေါင်းခြင်း

ဒေါင်လိုက်ပေါင်းခြင်း

ကလေးများသည် ဂဏန်း ၂ လုံးအချင်းချင်း ဒေါင်လိုက်ပေါင်းခြင်းကို သင်ယူကြသည်။ ဤအဆင့်တွင် ကိန်းတစ်ခုစီ၏ ဂဏန်းအသီးသီးကို နေရာမှန်ကန်စွာရေးရာတွင် ကျွမ်းကျင်စေရန် အရေးကြီးသည်။ ကလေးများသည် ကိန်းတစ်ခုစီ၏ ဂဏန်းအသီးသီးကို နေရာမှန်ကန်စွာရေးရာတွင် အမှားပြုလုပ်လေ့ရှိသောကြောင့် ဂဏန်း ၂ လုံး + ဂဏန်း ၁ လုံးနှင့် ဂဏန်း ၁ လုံး + ဂဏန်း ၂ လုံးတို့ကို သင်ယူကြသည်။

DBE Box - Copyright Protected





၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်း

ဤအပေါင်းအမျိုးအစားကို ပထမတန်းတွင် ကိုယ်စားပြုပစ္စည်းများဖြင့် သင်ယူခဲ့ပြီးဖြစ်သည်။ ဒေါင်လိုက်ပုံစံဖြင့် တွက်ခြင်းသည် ကလေးများအတွက် အသစ်အဆန်းဖြစ်သည်။

အဓိကအချက်များမှာ

- နေရာလိုက်တန်ဖိုးအသီးသီးတွင် ပေါင်းခြင်း
- ခုနေရာတွင် အရင်ပေါင်းပြီးမှ ဆယ်နေရာတွင် ပေါင်းခြင်း
- ဂဏန်းတစ်ခုစီ၏ ပေါင်းလဒ်ကို သူနေရာနှင့် သူရေးခြင်း

ဒုတိယအချက်သည် ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း အတွက် အရေးကြီးသောအချက်ဖြစ်သောကြောင့် ဆရာက ဒုတိယအချက်ကို အဓိကထားသင့်သည်။



၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုပါသော ပေါင်းခြင်း

ဤအပေါင်းအမျိုးအစားသည် ကလေးများအတွက် အသစ်အဆန်းဖြစ်သည်။ သို့ဖြစ်၍ ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်းနှင့် မည်ကဲ့သို့ကွာခြားသည်ကို အရင်သိရှိပါစေ။

အဓိကအချက်များမှာ

- ဂဏန်းများကို ပေါင်းသည့်အခါ ၁၀ အထိကိန်းများ ပေါင်းခြင်းကို ကလေးများ ပြန်သတိရပါစေ။
- ခုနေရာတွင် အရင်ပေါင်းစေပြီးမှ ဆယ်နေရာတွင် ပေါင်းပါစေ။
- ခုနေရာရှိ ၁၀ အုပ်စုတစ်စုကို ဆယ်နေရာသို့ ပို့ရမည်ကို ကလေးများသိရှိပါစေ။ ထို့သို့ပို့ခြင်းကို ဆယ်နေရာ၏ ထိပ်ပိုင်းတွင် ၁ ရေးခြင်းဖြင့် ဖော်ပြသည်။

အကွက်များရွှေ့ခြင်းနှင့် ဒေါင်လိုက်တွက်ခြင်းကို ချိတ်ဆက်ခြင်းဖြင့် တွက်ချက်သည့်ဖြစ်စဉ်တစ်ခုလုံးကို ရှင်းပြရန် အရေးကြီးသည်။



ဖလှယ်ရုဂုဏ်သတ္တိနှင့် ဖက်စပ်ရုဂုဏ်သတ္တိ

ကလေးများသည် ဤအခန်းတွင် အပေါင်းဖလှယ်ရုဂုဏ်သတ္တိနှင့် ဖက်စပ်ရုဂုဏ်သတ္တိတို့ကို သင်ယူကြသည်။ သို့သော် ဤအဆင့်တွင် ကလေးများသည် "ဖလှယ်ရုဂုဏ်သတ္တိ" နှင့် "ဖက်စပ်ရုဂုဏ်သတ္တိ" ဆိုသည့်ဝေါဟာရများကို သိရှိရန် မလိုပေ။ "ပထမကိန်းနဲ့ ဒုတိယကိန်းကို နေရာလဲပြီးပေါင်းရင်လည်း အဖြေကအတူတူပဲ"ဟူ၍ ကလေးများ ရှင်းပြနိုင်ရန်သာ အရေးကြီးသည်။

ကိန်းသုံးလုံးပေါင်းခြင်းတွင် ဖလှယ်ရုဂုဏ်သတ္တိနှင့် ဖက်စပ်ရုဂုဏ်သတ္တိနှစ်ခုစလုံးကို အသုံးပြုခြင်းဖြင့် မည်သည့်ကိန်းနှစ်ခုကိုမဆို အရင်ပေါင်းနိုင်သည်ကို ကလေးများရှာတွေ့ရန်လည်း အရေးကြီးသည်။

DBE Box – Copyright Protected

အပေါင်း သင်ခန်းစာ ၁ သင်ခန်းစာဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဂဏန်း ၂ လုံးအတွင်း ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများ ပေါင်းခြင်း	ဒေါင်လိုက်ပေါင်းခြင်း ● ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံး (ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ) (ဥပမာ ၁၅ + ၂၃)	ဒေါင်လိုက်ပေါင်းခြင်း ● ဂဏန်း ၂ လုံး + ဂဏန်း ၁ လုံး (ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ) (ဥပမာ ၂ + ၅၆)
၂။ ဂဏန်း ၂ လုံးအတွင်း ကိန်းပြောင်းဖွဲ့၍ ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများ ပေါင်းခြင်း	ဒေါင်လိုက်ပေါင်းခြင်း ● ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံး (ကိန်းပြောင်းဖွဲ့၍) (ဥပမာ ၃၇ + ၂၈၊ ၅၂ + ၁၈)	ဒေါင်လိုက်ပေါင်းခြင်း ● ဂဏန်း ၂ လုံး + ဂဏန်း ၁ လုံး (ကိန်းပြောင်းဖွဲ့၍) (ဥပမာ၊ ၄၅ + ၆၊ ၈ + ၂၂)
၃။ အတွက်အချက်ကျွမ်းကျင်မှုများ ခိုင်မာစေခြင်း	စာသားပုစ္ဆာအပါအဝင် ဂဏန်း ၂ လုံးအတွင်း အပေါင်းပုစ္ဆာအမျိုးမျိုးကို လေ့ကျင့်ခြင်း	
၄။ ဖလှယ်ရုဂ်သတ္တိနှင့် ဖက်စပ်ရုဂ်သတ္တိများကို အသုံးပြုပြီးပေါင်းခြင်း	ဥပမာအချို့မှ ဖလှယ်ရုဂ်သတ္တိနှင့် ဖက်စပ်ရုဂ်သတ္တိများကို ရှာဖွေခြင်း	
၅။ ပုစ္ဆာဖြေရှင်းခြင်း	စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း (လေ့ကျင့်ခန်းများ)	

လေ့ကျင့်ခန်း၏ အဖြေများ (စာသင်ချိန် ၁၁ နှင့် ၁၂)

၁။ (က) ၉၄ (ခ) ၆၃ (ဂ) ၇၅ (ဃ) ၂၃

၂။ (က) ၅၄ (ခ) ၇၃ (ဂ) ၈၀ (ဃ) ၄၂

၃။ ၃ + ၁၅
၃
+ ၁၅
၂၈
အဖြေ။ ၂၈ မျက်နှာ

၄။ ၃၃ + ၁၉
၃၃
+ ၁၉
၅၂
အဖြေ။ ၅၂ ရွက်

၅။ မိန်းကလေး ၁၅ + ၁၉
၁၅
+ ၁၉
၃၄

ကလေးစုစုပေါင်း= ၁၅ + ၃၄
၁၅
+ ၃၄
၄၉
အဖြေ။ ၄၉ ယောက်

၆။



DBE Box – Copyright Protected

စာသင်ချိန် ၁ ၊ ၂

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများပုစ္ဆာကို နားလည်စေရန် အဓိကမေးခွန်းကို ပထမဦးစွာ ဖတ်ပါစေ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးပါစေ။

၂။ ကလေးတချို့က အကွက်ကတ်ပြား ၁၅ ခုနှင့် ၂၃ ခုကို သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုးဇယားတွင် ကပ်ပါစေ။

➔ ၁၅ သည် ၁၀ နှင့် ၅၊ ၂၃ သည် ၂၀ နှင့် ၃ ဖြစ်သည်ကို သတိရပါစေ။

➔ အကွက်များကို ဇယားတွင် မှန်ကန်စွာနေရာချတတ်ပါစေ။

၃။ အပေါင်းဖော်ပြချက်အသစ်အဖြစ် ဒေါင်လိုက်ပေါင်းခြင်းကို မိတ်ဆက်ပေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဒေါင်လိုက်ပုံစံဖြင့် အကွက်များနှင့် ကိန်းများကို ချိတ်ဆက်ပါစေ။

၄။ ၁၅ + ၂၃ ကို ဒေါင်လိုက်မည်ကဲ့သို့ပေါင်းသည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပြီး တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပထမတန်းတွင် အကွက်များဖြင့် မည်သို့တွက်သည်ကို ကလေးများ ပြန်လည်သတိရစေပြီး ဒေါင်လိုက်ပုံစံတွက်ခြင်းနှင့် ချိတ်ဆက်ပါစေ။

➔ နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များနှင့် ဒေါင်လိုက်ပုံစံဖြင့် သူတို့၏ စိတ်ကူးများကို ရှင်းပြပါစေ။

၃ အပေါင်း သင်ခန်းစာ ၁

၁ နှင်းဆီပန်းအဖြူ ၁၅ ပွင့်နဲ့ ပန်းရောင် ၂၃ ပွင့်ရှိတယ်။ ပန်းပွင့်စုစုပေါင်း ဘယ်လောက်ရှိသလဲ။

ညီမျှခြင်းရေးပါ။

၁၅ + ၂၃ = ?





အကွက်တွေသုံးပြီး တွက်ရင် ပိုလွယ်မယ်



အောက်မှာပြထားတဲ့ တွက်နည်းက အသုံးဝင်တယ်

၁၅ + ၂၃ ကို တွက်ရာတွင် ၁၅ နှင့် ၂၃ တို့၏ ဆယ်ဂဏန်းများကို ဆယ်နေရာ၊ ခုဂဏန်းများကို ခုနေရာစသည်ဖြင့် ဆယ်၊ ခု ဇယားတွင် ဒေါင်လိုက်ရေးနိုင်သည်။ ယင်းကို **"ဒေါင်လိုက်ပုံစံ"**ဟု ခေါ်သည်။

	ဆယ်	ခု
	၁	၅
+	၂	၃
	၃	၈

သင်ပုန်းအသုံးပြုပုံနမူနာ

၁ နှင်းဆီပန်းအဖြူ ၁၅ ပွင့်နဲ့ ပန်းရောင် ၂၃ ပွင့်ရှိတယ်။ ပန်းပွင့်စုစုပေါင်း ဘယ်လောက်ရှိသလဲ။



	ဆယ်	ခု
	၁	၅
+	၂	၃

ဤအဆင့်တွင် နောက်တစ်မျက်နှာကို မကြည့်စေဘဲ မည်သို့တွက်ရမည်ကို ကလေးများ စဉ်းစားပါစေ

အကွက်များကို နေရာလိုက် တန်ဖိုးဇယားတွင် ထားပြီး ကိန်းများကို ဒေါင်လိုက်ပုံစံဖြင့် နေရာချပြီးနောက် ဇယားနှင့် ဒေါင်လိုက်ပုံစံကို ချိတ်ဆက်ပြီး ၁၅ + ၂၃ အား မည်သို့တွက်ရမည်ကို ကလေးတစ်ဦးချင်းစီ စဉ်းစားပါစေ။ အကွက်များရွှေ့ခြင်းနှင့် ကိန်းများရေးခြင်းကို တစ်ဆင့်ပြီး တစ်ဆင့်ပြုလုပ်ပြီး သူတို့ စိတ်ကူးများကို တစ်တန်းလုံး သို့ တင်ပြပါစေ။

DBE Box – Copyright Protected

၁၅ + ၂၃ ကို ဒေါင်လိုက်ဘယ်လိုတွက်မလဲ။



ညီမျှခြင်း ၁၅ + ၂၃ = ___၃၈___ အဖြေ ___၃၈___ ပွင့်

၁ ဒေါင်လိုက်တွက်ပါ။

(က) ၁၃ + ၁၄

	၁	၃
+	၁	၄
	၂	၇

(ခ) ၂၇ + ၁၂

	၂	၇
+	၁	၂
	၃	၉

၂ ဒေါင်လိုက်တွက်ပါ။

(က) ၁၃ + ၂၁ = ၃၄ (ခ) ၄၇ + ၅၁ = ၉၈ (ဂ) ၅၄ + ၂၀ = ၇၄ (ဃ) ၆၀ + ၂၇ = ၈၇

သင်ပုန်းအသုံးပြုပုံနမူနာ

တွက်နည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အဆင့်ဆင့် ရှင်းပြနိုင်သည်။



သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၅။ အနီရောင် လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သူတို့သိရှိသည့် အချက်များကို မျှဝေပါစေ။ တွက်ချက်မှု အဆင့် (၃) ဆင့်ကို တစ်တန်းလုံးတွင် အတည်ပြုပါစေ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်ရှိ အကွက်ကတ်ပြားများကို ရွှေ့ခြင်းဖြင့် တွက်ချက်မှုအဆင့်အလိုက် အကွက်ကတ်ပြားများနှင့် ဒေါင်လိုက်ပုံစံဖြင့် ကိန်းများကို ချိတ်ဆက်ပါစေ။

၆။ မေးခွန်း(၁)ကို တစ်ဦးချင်းစီဖြေစေပြီး အဖြေကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၇။ မေးခွန်း (၂) ကို လေ့ကျင့်ခန်း စာအုပ်တွင် ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၈။ ဤသင်ခန်းစာတွင် ဒေါင်လိုက်မည်သို့တွက်ရမည်ကို အတည်ပြုပြီး သင်ယူခဲ့သော သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဒေါင်လိုက်ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံး ပါကိန်းကို ဒေါင်လိုက်မည်သို့တွက်ရမည်ကိုမေးပြီး ပြီးခဲ့သော သင်ခန်းစာကို ပြန်လည်စစ်ဆေးပါစေ။
(ဥပမာ၊ ၃၁ + ၂၄)

၂။ အဓိကမေးခွန်း ၂ (က) ကို ကလေးများအား မေးပါ။ ပထမဦးစွာ တစ်ဦးချင်းစီစဉ်းစားစေပြီး နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ထို့နောက် စိတ်ကူးများကို တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆရာက ကလေးများ၏ စိတ်ကူးအချို့ကို သင်ပုန်းပေါ်တွင် ရေးပါ။

➔ မည်သည်က မှန်ကန်သည်ကို ကလေးများ အကျိုးအကြောင်းနှင့်တကွ ရှင်းပြနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၃။ အဓိကမေးခွန်း ၂ (ခ) ကို ဒေါင်လိုက်မည်သို့ တွက်ရမည်ကို ကလေးများ တစ်ဦးချင်းစီ စဉ်းစားပါစေ။ နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ကလေးများ၏ စိတ်ကူးများကို အကွက်ကတ်ပြား သုံးပြီး တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ရှင်းပြရာတွင် အကွက်ကတ်ပြား အသုံးပြုပါစေ။ ကလေးများ အခက်အခဲရှိလျှင် ကတ်ပြားအသုံးပြုပြီး ပံ့ပိုးကူညီပါ။

၄။ မေးခွန်း (၃) ကို ကလေးများ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို နေရာမှန်ကန်စွာရေးပြီး ဒေါင်လိုက် ပေါင်းနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၂ + ၅၆ ကို ဒေါင်လိုက်တွက်ပါ။

(က) ဘယ်သူရေးတာ မှန်သလဲ။





(ခ) ဒေါင်လိုက်ဘယ်လိုတွက်ရမလဲ စဉ်းစားရအောင်။







ဒေါင်လိုက်တွက်ပါ။

(က) ၄ + ၂၃ ၂၇ (ခ) ၆ + ၄၁ ၄၇ (ဂ) ၈၃ + ၅ ၈၈ (ဃ) ၉၁ + ၈ ၉၉

ဖြည့်စွက်လေ့ကျင့်ခန်း (စာသင်ချိန် ၁–၃ အတွက်)

အောက်ပါတို့သည် ဒေါင်လိုက်ပေါင်းခြင်းကို ကလေးများ ပိုမိုလေ့ကျင့်နိုင်ရန် ပေးထားသောပုစ္ဆာများ ဖြစ်သည်။

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၆၂ + ၃၃ ၉၅ (ခ) ၇၂ + ၁၆ ၈၈ (ဂ) ၁၂ + ၃၀ ၄၂ (ဃ) ၂၀ + ၇၀ ၉၀

(င) ၁၀ + ၆၈ ၇၈ (စ) ၁၇ + ၄၀ ၅၇ (ဆ) ၈၅ + ၁၄ ၉၉ (ဇ) ၂၅ + ၄၄ ၆၉

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၇ + ၄၁ ၄၈ (ခ) ၆၂ + ၄ ၆၆ (ဂ) ၂၃ + ၂ ၂၅ (ဃ) ၅၀ + ၉ ၅၉

(င) ၃၆ + ၃ ၃၉ (စ) ၉၂ + ၆ ၉၈ (ဆ) ၅ + ၇၂ ၇၇ (ဇ) ၁ + ၈၃ ၈၄

DHE Box – Copyright Protected

စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုစ္ဆာကိုနားလည်ရန် အဓိကမေးခွန်း(၃)ကို ပထမဦးစွာ ဖတ်ပါစေ။ ပုစ္ဆာအတွက် ညီမျှခြင်းရေးရန် ကွက်လပ်ဖြည့်ပါစေ။

၂။ ကလေးအချို့အား သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်ကတ်ပြားများ ကပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၃၇ သည် ၃၀ နှင့် ၇ ဖြစ်သည်။ ၂၈ သည် ၂၀ နှင့် ၈ ဖြစ်သည်ကို ကလေးများ သတိရပါစေ။

၃။ ၃၇ + ၂၈ ကို ကလေးများ ဒေါင်လိုက်ရေးပါစေ။ ၃၇ + ၂၈ ကို အကွက်များသုံးပြီး ဒေါင်လိုက်မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို ကလေးနှစ်ယောက်တစ်တွဲစီ မျှဝေစေပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဒေါင်လိုက်ပုံစံဖြင့် အကွက်များနှင့် ကိန်းများကို ချိတ်ဆက်ပါစေ။

➔ ယခင်သင်ခန်းစာများနှင့် မတူဘဲ ခုနေရာတွင် အကွက် ၁၅ ကွက်ရှိသည်ကို ကလေးများ နားလည်ပါစေ။

➔ နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များနှင့် ဒေါင်လိုက်ပုံစံကိုအသုံးပြုပြီး စိတ်ကူးများကို ရှင်းပြပါစေ။

၃။ **စာသင်ခန်းတစ်ခန်းမှာ မိန်းကလေး ၃၇ ယောက်နဲ့ ယောကျ်ားလေး ၂၈ ယောက်ရှိတယ်။ ကလေးအားလုံး ဘယ်လောက်ရှိသလဲ။**

ညီမျှခြင်းရေးပါ။ ___၃၇___ + ___၂၈___ = ?

(က) အကွက်တွေသုံးပြီး ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။



(ခ) ဒေါင်လိုက်ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။

	ဆယ်	ခု
	၃	၇
+	၂	၈
	၆	၁၅

သင်ပုန်းအသုံးပြုပုံနမူနာ



အကွက်များကို နေရာလိုက်တန်ဖိုးဇယားတွင် ထားပြီး ကိန်းများကို ဒေါင်လိုက်ပုံစံဖြင့် နေရာချပြီးနောက် ဇယားနှင့် ဒေါင်လိုက်ပုံစံကို ချိတ်ဆက်ခြင်းဖြင့် ၃၇ + ၂၈ အား မည်သို့တွက်ရမည်ကို ကလေးတစ်ဦးချင်းစီ စဉ်းစားပါစေ။

အကွက်များရွှေ့ခြင်းနှင့် ကိန်းများရေးခြင်းကို တစ်ဆင့်ပြီး တစ်ဆင့်ပြုလုပ်ပြီး သူတို့စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

OBE Box – Copyright Protected

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ ကျောင်းသုံးစာအုပ်ရှိ အနီရောင်လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး အကွက်ထဲမှ သူတို့ သင်ယူရရှိသည့် အချက်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၃) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

- သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများ ရွှေ့ခြင်းဖြင့် တွက်ချက်မှုအဆင့်အလိုက် အကွက်ကတ်ပြားများနှင့် ဒေါင်လိုက်ပုံစံဖြင့် ကိန်းများကို ကလေးများ ချိတ်ဆက်ပါစေ။
- ၁၀ သည် ၁ ဆယ် ဖြစ်သဖြင့် ဆယ်နေရာသို့ ပို့ရမည်ကို ကလေးများတွေ့ရှိပါစေ။ (ကလေးများ အခက်အခဲရှိလျှင် အကွက်များကို ခုနေရာမှ ဆယ်နေရာသို့ရွှေ့ပြီး ကလေးများကို ပံ့ပိုးကူညီပါ။)
- ဒေါင်လိုက်ပေါင်းခြင်းတွင် ဆယ်နေရာသို့ ၁ ဆယ်ပို့ခြင်းကိုပြရန် ဆယ်နေရာ၏ အပေါ်ပိုင်း၌ ၁ တင်ပြီးရေးသည်ကို အလေးအနက်ပြုပြောကြားပါ။

၅။ မေးခွန်း (၄) နှင့် (၅) ကို လေ့ကျင့်ခန်းစာအုပ်တွင်ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

- လေ့ကျင့်ရန် လုံလောက်သောပုစ္ဆာများပေးရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။
- ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင် နိဂုံးချုပ်ပါစေ။

(ဂ) အောက်ကဇယားကိုလေ့လာပြီး ၃၇ + ၂၈ ကို ဒေါင်လိုက်ဘယ်လိုတွက်မလဲ ရှင်းပြပါ။



ညီမျှခြင်း ၃၇ + ၂၈ = ___၆၅___

အဖြေ ___၆၅___ ယောက်



၄ ၂၉ + ၄၈ ကို ဒေါင်လိုက်ပေါင်းပါ။

	၂	၉
+	၄	၈
	၇	၇

သင်ပုန်းအသုံးပြုပုံနမူနာပုံ

တွက်နည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အဆင့်ဆင့် ရှင်းပြနိုင်သည်။



DBE Box – Copyright Protected

၅ ဒေါင်လိုက်ပေါင်းပါ။

(က) ၁၆ + ၂၅ = ၄၁ (ခ) ၄၅ + ၄၃ = ၈၂ (ဂ) ၃၆ + ၁၈ = ၅၄ (ဃ) ၅၈ + ၂၃ = ၈၁

၆ **ဒေါင်လိုက်ပေါင်းပါ။**

(က)

	၅	၂
+	၁	၈
	၇	၀

(ခ)

	၄	၅
+		၆
	၅	၁

၇ ဒေါင်လိုက်တွက်ပါ။

(က) ၂၉ + ၁၁ =

	၂	၉
+	၁	၁
	၃	၀

(ခ) ၈ + ၂၂ =

		၈
+	၂	၂
	၃	၀

၈ ဒေါင်လိုက်တွက်ပါ။

(က) ၁၆ + ၂၄ = ၄၀ (ခ) ၅၅ + ၁၅ = ၇၀ (ဂ) ၅၂ + ၂၈ = ၈၀ (ဃ) ၄၇ + ၄၃ = ၉၀

၉ ဒေါင်လိုက်တွက်ပါ။

(က) ၆၃ + ၈ = ၇၁ (ခ) ၅ + ၂၅ = ၃၀ (ဂ) ၉ + ၄၆ = ၅၅ (ဃ) ၇၆ + ၆ = ၈၂

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၅၄ + ၁၉ = ၇၃ (ခ) ၄၅ + ၄၇ = ၉၂ (ဂ) ၅၉ + ၁၇ = ၇၆ (ဃ) ၇၈ + ၁၅ = ၉၃

(င) ၂၂ + ၆၉ = ၉၁ (စ) ၃၇ + ၂၈ = ၆၅ (ဆ) ၆၅ + ၂၇ = ၉၂ (ဇ) ၄၆ + ၃၆ = ၈၂

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၇၂ + ၁၈ = ၉၀ (ခ) ၂၃ + ၅၇ = ၈၀ (ဂ) ၆၈ + ၁၂ = ၈၀ (ဃ) ၄၁ + ၁၉ = ၆၀

(င) ၃ + ၇၉ = ၈၂ (စ) ၈၄ + ၇ = ၉၁ (ဆ) ၃၈ + ၄ = ၄၂ (ဇ) ၅၈ + ၂ = ၆၀

၃။ ကျောင်းစာကြည့်တိုက်တွင် ရုပ်ပြစာအုပ် ၃၅ အုပ်နှင့် ပုံပြင်စာအုပ် ၁၇ အုပ် ရှိသည်။ စာအုပ်အားလုံးပေါင်း မည်မျှရှိသနည်း။

၃၅ + ၁၇ = ၅၂ အဖြေ ၅၂ အုပ်

၄။ စာသင်ခန်း (က) တွင် ကျောင်းသူကျောင်းသား ၂၉ ယောက်နှင့် စာသင်ခန်း (ခ)တွင် ကျောင်းသူကျောင်းသား ၃၆ ယောက်ရှိသည်။ ကျောင်းသားအားလုံး မည်မျှ ရှိသနည်း။ ၂၉ + ၃၆ = ၆၅ အဖြေ ၆၅ ယောက်

စာသင်ချိန် ၆ ၊ ၇

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း ၄ (က) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းပြောင်းဖွဲ့၍ မည်သို့ပေါင်းရမည်ကို အဆင့် (၃) ဆင့်ဖြင့် တစ်တန်းလုံးကို ပြန်လည် လေ့ကျင့်ပါ။

➔ အဖြေဆယ်ပြည့်ကိန်းဖြစ်သည်ကို သတိပြုမိ ပါစေ။

၂။ မေးခွန်း ၆ (က) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးစေပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဓိကမေးခွန်း ၄ (က) အတိုင်း တွက်ရမည်ကို ကလေးများ တွေ့ရှိပါစေ။

၃။ အဓိကမေးခွန်း ၄ (ခ)နှင့် မေးခွန်း ၆ (ခ) ကို တစ်ဦးချင်းစီတွက်ပါစေ။ နှစ်ယောက် တစ်တွဲစီ စစ်ဆေးပြီး မေးခွန်းတစ်ခုစီအတွက် တစ်တန်းလုံး၏ အဖြေများကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအပေါင်းနှစ်ခုလုံးကို နည်းတစ်နည်းတည်း ဖြင့် တွက်ရမည်ကို ကလေးများတွေ့ရှိပါစေ။

၄။ မေးခွန်း ၇ နှင့် ၈ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်း လုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအမျိုးအစား အပေါင်းများကို အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာတွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ် ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၈

သင်ယူမှုဦးတည်ချက်

- အပေါင်းဖလှယ်ရဂုဏ်သတ္တိကို ရှင်းပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်ကတ်ပြား ၇ ခု နှင့် ၁၆ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုစ္ဆာကို ကလေးများ ပထမဦးစွာဖတ်ပြီး နားလည်ပါစေ။ ထို့နောက် ညီမျှခြင်းတစ်ခုစီမှ ပထမကွက်လပ်များကို တစ်ဦးချင်းစီ ဖြည့်ပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၂။ ညီမျှခြင်းတစ်ခုစီအတွက် အဖြေကိုတစ်ဦးချင်းစီ ရှာပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၃။ ပေါင်းလဒ်နှစ်ခုကို နှိုင်းယှဉ်စေခြင်းဖြင့် မည်သည်ကို ရှာရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ ထို့နောက် နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ သူတို့၏တွေ့ရှိချက်များကို တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ညီမျှခြင်းနှစ်ခုကို ရေးပြီး အကွက်များကို သင်ပုန်းပေါ်ကပ်ပါ။ အကွက်များကို အသုံးပြုပြီး ရှင်းပြပါစေ။

၄။ ကျောင်းသုံးစာအုပ်ရှိ အနီရောင်လေးထောင့်ကွက်ကို ကြည့်ပါစေ။ အပေါင်းဆိုင်ရာ ဖလှယ်ရဂုဏ်သတ္တိကို ချုပ်ဆိုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "တည်ကိန်း"၊ "ပေါင်းကိန်း" နှင့် "ပေါင်းလဒ်" စသည့်ဝေါဟာရများကို ဤနေရာတွင် မိတ်ဆက်သင်ကြားပေးပါ။

၅။ မေးခွန်း ၉ ကို ကလေးများ ဖြေရှင်းပါစေ။ အဖြေများကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖလှယ်ရဂုဏ်သတ္တိကို ကလေးများ မှန်ကန်စွာ ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

အပေါင်းဆိုင်ရာစည်းမျဉ်းများ

၅ နွယ်နွယ်မှာ ဘီစကွတ်မုန့် ၁၆ ခုရှိပြီး အောင်အောင်မှာ ဘီစကွတ်မုန့် ၇ ခုရှိတယ်။ ဘီစကွတ်မုန့်အားလုံး ဘယ်လောက်ရှိသလဲ။



ကျွန်မမှာ ဘီစကွတ်မုန့် ၁၆ ခုရှိပြီး အောင်အောင်မှာ ဘီစကွတ်မုန့် ၇ ခုရှိတယ် ဒါကြောင့်

၁၆ + ? = ၂၃



ကျွန်တော့်မှာ ဘီစကွတ်မုန့် ၇ ခုရှိပြီး နွယ်နွယ်မှာ ဘီစကွတ်မုန့် ၁၆ ခုရှိတယ် ဒါကြောင့်

? + ၁၆ = ၂၃



ဒီအဖြေ ၂ ခုကို နှိုင်းယှဉ်ကြည့်ရင် ဘာတွေတွေ့သလဲ

အပေါင်းဆိုင်ရာစည်းမျဉ်း(၁)

ပေါင်းခြင်းတွင် တည်ကိန်းနှင့် ပေါင်းကိန်းကို နေရာလဲ၍ ပေါင်းလျှင်လည်း ပေါင်းလဒ်အတူတူပင် ဖြစ်သည်။

တည်ကိန်း ပေါင်းကိန်း ပေါင်းလဒ်



၆ တွက်ပါ။ အဲဒီနောက်တည်ကိန်းနဲ့ပေါင်းကိန်းကို နေရာလဲပြီး ပြန်တွက်ပါ။ အဖြေများကို စစ်ဆေးပါ။

(က) ၂၆ + ? = ၃၃ (ခ) ၃၂ + ? = ၅၀ (ဂ) ၄၅ + ? = ၇၃

သင်ပုန်းအသုံးပြုပုံနမူနာ



DBH Box - Copyright Protected

စာသင်ချိန် ၉

သင်ယူမှုဦးတည်ချက်

- ဖလှယ်ရုဏ်သတ္တိနှင့် ဖက်စပ်ရုဏ်သတ္တိတို့ကိုအသုံးပြုပြီး လွယ်ကူသောနည်းများဖြင့် ကိန်းသုံးလုံးကို ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် အကွက်ကတ်ပြား ၁၇ ခု၊ ၆ ခုနှင့် ၄ ခု

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပုစ္ဆာကို ကလေးများ ပထမဦးစွာဖတ်ပြီး နားလည်ပါစေ။ ပြီးလျှင်ညီမျှခြင်းကို ကွက်လပ်တွင် အဖြေမပါဘဲ ဖြည့်ပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

၂။ ကျောင်းသုံးစာအုပ်ရှိ စကားပြောကွက် အသီးသီးကို ကလေးများ ဖတ်ပါစေ။ နွယ်နွယ်နှင့် အောင်အောင်တို့ တစ်ဦးစီက မည်သို့တွက်ကြသည်ကို ဦးစွာတွေ့ရှိပါစေ။ သူတို့၏ တွေ့ရှိချက်များကို နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ပြီးနောက်တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၃။ လက်သည်းကွင်းကို တစ်တန်းလုံးအား မိတ်ဆက်ပေးပါ။

၄။ ကျောင်းသုံးစာအုပ်ရှိ အနီရောင်လေးထောင့်ကွက်ကို ကြည့်ပါစေ။ အပေါင်းဆိုင်ရာ ဖက်စပ်ရုဏ်သတ္တိကို တစ်တန်းလုံးနှင့်အတူ ချုပ်ဆိုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကွက်များသုံးပြီး ဖက်စပ်ရုဏ်သတ္တိကို ရှင်းပြပါစေ။

၅။ မေးခွန်း ၁၀ ကို ကလေးများ တွက်ပါစေ။ အဖြေများကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင်နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖက်စပ်ရုဏ်သတ္တိကို ကလေးများမှန်ကန်စွာ ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆ **စာရွက်အနီ ၁၇ ရွက်၊ စာရွက်အပြာ ၆ ရွက်နဲ့ စာရွက်အဝါ ၄ ရွက် ရှိတယ်။ စာရွက်အားလုံးဘယ်လောက်ရှိသလဲ။**

(က) ဒီမေးခွန်းအတွက် ညီမျှခြင်းရေးရအောင်။

၁၇ + ၆ + ၄ = ?

(ခ) ဘယ်လိုတွက်ရမလဲ စဉ်းစားရအောင်။



နွယ်နွယ်ရဲ့ စိတ်ကူး

၁၇ + ၆ ကို အရင်တွက်မယ်
ပြီးတော့ ၄ ပေါင်းမယ်
၁၇ + ၆ = ၂၃
၂၃ + ၄ = ၂၇



အောင်အောင်ရဲ့ စိတ်ကူး

၆ + ၄ = ၁၀ ဖြစ်တဲ့အတွက်
၁၇ ကို ၁၀ ပေါင်းမယ်
၆ + ၄ = ၁၀
၁၇ + ၁၀ = ၂၇

ကွင်း ( ) ကိုသုံးပြီး နွယ်နွယ်ရဲ့ စိတ်ကူးကို ဖော်ပြနိုင်တယ်။

(၁၇ + ၆) + ၄ = ၂၃



ကွင်း ( ) ကိုသုံးပြီး အောင်အောင်ရဲ့စိတ်ကူးကို ဖော်ပြနိုင်တယ်။

၁၇ + (၆ + ၄) = ၂၇

အပေါင်းဆိုင်ရာစည်းမျဉ်း(၂)

ကိန်းသုံးလုံးပေါင်းသောအခါ ယင်းကိန်းသုံးလုံးကို မည်သည့်အစီအစဉ်ဖြင့် ပေါင်းစေကာမူ ပေါင်းလဒ်သည် တူညီသည်။



ဖြည့်စွက်ရှင်းလင်းချက်

ဖက်စပ်ရုဏ်သတ္တိသည် အပေါင်းအတွက်မှန်ကန်သည်။ သို့သော် ထိုဂုဏ်သတ္တိကို ဤအတန်းတွင် အနုတ်အတွက် အသုံးမပြုနိုင်သေးသည်ကို ကလေးများ သတိပြုမိပါစေ။

ဥပမာ၊ ၁၇ − ၆ + ၄ ဆိုကြပါစို့။ ဤကဲ့သို့သော ပုစ္ဆာမျိုးကို အစဉ်အမြဲ ဘယ်ဘက်မှ စတွက်ရမည် ဖြစ်သည်။ သို့သော် အချို့ကလေးများသည် နောက်ဆုံးကိန်းနှစ်လုံးကို ဦးစွာတွက်ရန် ကြိုးစားရင်း အောက်ပါပုံတွင် ပြထားသည့်အတိုင်း အမှားပြုလုပ်တတ်ကြပေသည်။

ထို့ကြောင့် ဤအမှားမျိုးကို ကလေးများ မပြုလုပ်မိကြစေရန် ဆရာကဂရုပြုရန် လိုပါသည်။ ထို့ပြင် ဖလှယ်ရုဏ်သတ္တိသည် အပေါင်းတွင် အသုံးပြု၍ရသော်လည်း ဤအတန်းတွင် အနုတ်လက္ခဏာပါသော ညီမျှခြင်းများ၌ အသုံးပြု၍ မရသေးသည်ကို အဓိကထားပြောကြားပါ။



DBL Box – Copyright Protected

စာသင်ချိန် ၁၀

သင်ယူမှုဦးတည်ချက်

- ဖလှယ်ရုဂ်သတ္တိနှင့် ဖက်စပ်ရုဂ်သတ္တိတို့ကိုအသုံးပြုပြီး လွယ်ကူသော နည်းများဖြင့် ကိန်းသုံးလုံးကို ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဖလှယ်ရန္ဒင့်ဖက်စပ်ရုဂ်သတ္တိများကို တစ်တန်းလုံးတွင် ဥပမာပုစ္ဆာများသုံးပြီး ပြန်လည်လေ့လာပါ။
(ဥပမာ ၅ + ၁၂၊ ၁၂ + ၅၊ ၁၁ + ၈ + ၃)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လက်သည်းကွင်း အသုံးပြုရခြင်း အကြောင်းကို ပြန်လည်လေ့လာပါ။

၂။ အဓိကမေးခွန်း ၇ (က) ကို ကြည့်ရှုစေပြီး မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ ရှာဖွေပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ပြီးနောက်တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မည်သို့တွက်ရမည်၊ အဘယ်ကြောင့်ပို့မိုလွယ်ကူသည်ကို ကလေးများအား ရှင်းပြစေပါ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ပြီးနောက်တစ်တန်းလုံး မျှဝေပါစေ။

၃။ မေးခွန်း (ခ)ကိုကြည့်စေပြီး တစ်ဦးချင်းစီမည်သို့ တွက်ရမည်ကို ရှာဖွေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မည်သို့တွက်ရမည်၊ အဘယ်ကြောင့် ပို့မိုလွယ်ကူသည်ကို ကလေးများအား ရှင်းပြပါစေ။

၄။ ကျောင်းသုံးစာအုပ်ရှိ အနီရောင်လေးထောင့်ကွက်ကို ကြည့်ပါစေ။ ကိန်းသုံးလုံးပေါင်းရာတွင် မည်သည့်ကိန်းနှစ်ခုကိုမဆို ဦးစွာပေါင်းနိုင်သည်ကို ကလေးများ အတည်ပြုပါစေ။

၅။ မေးခွန်း ၁၁ ကို ကလေးများ ဖြေရှင်းပါစေ။ အဖြေများကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက်တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဂုဏ်သတ္တိများသုံးပြီး လွယ်ကူသောနည်းဖြင့် ပေါင်းနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ ကလေးများတွင် ပို့မိုလွယ်ကူသောနည်းတစ်နည်းထက်ပို၍ ရှိနိုင်သည်။ ထိုစိတ်ကူးများကို လည်း တစ်တန်းလုံး မျှဝေပါစေ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၁၀ ပုစ္ဆာတစ်ပုဒ်စီကိုတွက်ပြီး အဖြေများကို နှိုင်းယှဉ်ပါ။

(က) (၁၈ + ၉) + ၂၁ ၄၈ (ခ) ၁၈ + (၉ + ၂၁) ၄၈

၇ **အပေါင်းဆိုင်ရာစည်းမျဉ်းများကိုသုံးပြီး ပုစ္ဆာတွေကို တွက်ရအောင်။**

(က) ၃၆ + ၁၈ + ၂



(ခ) ၂၄ + ၁၉ + ၆



ကိန်း ၃ လုံးပေါင်းခြင်းတွင် မည်သည့် ကိန်း ၂ လုံးကိုမဆို အရင်ပေါင်းနိုင်သည်။



၁၁ လွယ်ကူမယ့်နည်းနဲ့ တွက်ပါ။

(က) ၁၆ + ၁၄ + ၂၁ (ခ) ၂၄ + ၁၃ + ၁၇ (ဂ) ၁၄ + ၂၉ + ၆ (ဃ) ၄၁ + ၃၈ + ၁၉
၅၁ ၅၄ ၄၉ ၉၈

၂၀

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် ဖလှယ်ရုဂ်သတ္တိနှင့် ဖက်စပ်ရုဂ်သတ္တိများကို အသုံးပြုပြီး ပေါင်းခြင်းကို ကလေးများ ပို့မိုလေ့ကျင့်နိုင်ရန် ပေးထားသော မေးခွန်းများ ဖြစ်သည်။ ဤတွက်ချက်မှု အမျိုးအစားကို ကျွမ်းကျင်စွာ တတ်မြောက်ရန် လေ့ကျင့်ခိုန် အလုံအလောက်ရရှိရန် လိုအပ်သည်။

၁။ တွက်ပါ။

(က) ၂၆ + ၅ + ၂၅ (ခ) ၂၃ + ၂၂ + ၁၇ (ဂ) ၂၉ + ၃၂ + ၂၈
၅၆ ၆၂ ၈၉

(ဃ) ၅၄ + ၂၁ + ၁၆ (င) ၁၁ + ၅ + ၄၉ (စ) ၁၉ + ၁၈ + ၁၂
၉၁ ၆၅ ၄၉

(ဆ) ၉ + ၄၄ + ၂၁ (ခ) ၇ + ၃၄ + ၂၆
၇၄ ၆၇

၂။ ပန်းဥယျာဉ်ထဲတွင် အပြာရောင်ပန်းပွင့် ၁၅ ပွင့်၊ အနီရောင်ပန်းပွင့် ၂၂ ပွင့်နှင့် အဝါရောင်ပန်းပွင့် ၈ ပွင့်တို့ ရှိကြသည်။ ပန်းပွင့် အားလုံးပေါင်း မည်မျှရှိသနည်း။

၁၅ + ၂၂ + ၈ = ၄၅ အဖြေ ၄၅ ပွင့်

၃။ ဇင်ဇင်၊ ထွန်းထွန်းနှင့် စုစုတို့သည် သန့်ရှင်းရေးလုပ်ရင်း ဘူးခွံ စုသိမ်းခဲ့ကြသည်။ သူတို့သည် ဘူးခွံ ၁၃ ခု၊ ၂၉ ခု၊ ၁၇ ခု အသီးသီးရရှိကြသည်။ သူတို့အားလုံးပေါင်း ဘူးခွံမည်မျှ စုသိမ်းခဲ့ကြသနည်း။ ၁၃ + ၂၉ + ၁၇ = ၅၉ အဖြေ ၅၉ ခု

DDE Copyright Protect

အခန်း ၄ အနုတ် သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၂။ ဖလှယ်ရဂုဏ်သတ္တိနှင့် ဖက်စပ်ရဂုဏ်သတ္တိစသည့် စည်းမျဉ်းများကို အပေါင်း၊ အနုတ်အသုံးပြု၍ တွက်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၂. ၃. ၁။ ၁၀၀ အတွင်း ကိန်းများကို နုတ်တတ်ရန်၊

၂. ၂. ၅. ၁။ အပေါင်းနှင့်အနုတ် ဆက်သွယ်ချက်ကို အသုံးပြုတတ်ရန်၊

စာသင်ချိန်

- ၁၂ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ကိုပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁-၂	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်ခြင်း၊ ● ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်ခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။
၃	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊ ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊	● အဖြေဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းအချင်းချင်းကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်ခြင်း၊ ● အဖြေဂဏန်းတစ်လုံးရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းအချင်းချင်းကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်ခြင်း၊ ● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဒေါင်လိုက်နုတ်ခြင်း၊ ● အဖြေဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်	● ကလေးများသည် အဖြေဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါ ကိန်းအချင်းချင်းကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် အဖြေဂဏန်းတစ်လုံးရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းအချင်းချင်းကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။

DBE Box - Copyright Protected

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
		လိုက်နုတ်ခြင်း၊	● ကလေးများသည် အဖြေဆယ်ပြည့်ကိန်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်နိုင်မည်။
၄-၅	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊	● တွက်ချက်မှုဖြစ်စဉ်ကို ဖော်ပြနိုင်ရန် ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊	● ကလေးများသည် တွက်ချက်မှုဖြစ်စဉ်ကို ဖော်ပြနိုင်ရန် ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။
၆	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊	● တည်ကိန်းသည် ဆယ်ပြည့်ကိန်းဖြစ်သည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ● အဖြေ ဂဏန်းတစ်လုံးတည်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း တည်ကိန်းကဆယ်ပြည့်ကိန်းဖြစ်သည့် ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် အဖြေဂဏန်းတစ်လုံးတည်းရမည့် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။
၇	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ● ဆယ်ပြည့်ကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် ဆယ်ပြည့်ကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်နိုင်မည်။
၈-၉	အပေါင်းနှင့် အနုတ်အကြား ဆက်သွယ်ချက်ကို ရှင်းပြတတ်ရန် အပေါင်းကိုသုံး၍ အနုတ်၏အဖြေကို ခိုန်ကိုက်တတ်ရန်၊	● အပေါင်းနှင့်အနုတ်အကြား ဆက်သွယ်ချက်ကို ရှာဖွေခြင်း၊ ● ပုံကိုအသုံးမပြုဘဲ ၁၀၀ အတွင်းအပေါင်းကိုသုံး၍ အနုတ်၏အဖြေကို ခိုန်ကိုက်ခြင်း၊	● ကလေးများသည် အပေါင်းနှင့်အနုတ်အကြား ဆက်သွယ်ချက်ကို ရှာဖွေနိုင်မည်။ ● ကလေးများသည် ပုံကိုအသုံးမပြုဘဲ ၁၀၀ အတွင်း အပေါင်းကိုသုံး၍ အနုတ်၏အဖြေကို ခိုန်ကိုက်နိုင်သည်။
၁၀-၁၂	၁၀၀ အတွင်း အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀၀ အတွင်း ဒေါင်လိုက်နုတ်ခြင်း၊ ● ၁၀၀ အတွင်း အနုတ်ဆိုင်ရာ စာသားပုစ္ဆာ အမျိုးမျိုးကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ပုစ္ဆာများကို ဒေါင်လိုက်နုတ်နိုင်မည်။ ● ကလေးများသည် ၁၀၀ အတွင်း အနုတ်ဆိုင်ရာ စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းနိုင်မည်။

DBE Box – Copyright Protected

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသောနုတ်ခြင်းကို ပထမတန်းတွင် သင်ယူကြပြီးဖြစ်သည်။ သို့သော် ဒေါင်လိုက်တွက်ခြင်းကို မပြုလုပ်ကြပေ။ ဒုတိယတန်းရှိ အခန်း ၃ တွင် သင်ယူခဲ့သော ဒေါင်လိုက်ပေါင်းခြင်းကဲ့သို့ ခုနေရာခု၊ ဆယ်နေရာဆယ် စသည်ဖြင့် ဂဏန်းတစ်လုံးချင်းစီ ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်နိုင်သည်ကို ကလေးများနားလည်ရန် အရေးကြီးသည်။

ထို့ပြင် ကလေးများသည် ၁၉ အထိကိန်းများအား ကိန်းပြောင်းဖွဲ့၍နုတ်ခြင်းကို ပထမတန်းတွင် သင်ယူခဲ့ပြီးဖြစ်သည်။ ၁၀၀ အထိ ကိန်းများအား ကိန်းပြောင်းဖွဲ့၍နုတ်ခြင်းကို ကလေးများ စတင်မသင်ယူမီ သိပြီးအသိပညာကို ပြန်လည်မှတ်မိရန် လိုအပ်သည်။

သင်ကြားသင်ယူရမည့်အချက်များ

၁၀၀ အထိ ကိန်းများအား ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်ခြင်း

ဤကဲ့သို့ နုတ်ခြင်းကို ပထမတန်းတွင် ကိုယ်စားပြုပစ္စည်းများဖြင့် သင်ယူခဲ့သည်။ သို့သော် ကလေးများသည် ဤအခန်းတွင် ဒေါင်လိုက်နုတ်ခြင်းကို စတင်အသုံးပြုမည်ဖြစ်သည်။ အဓိကအချက်များမှာ

- ဆယ်နေရာရှိ ဂဏန်းအချင်းချင်း၊ ခုနေရာရှိ ဂဏန်းအချင်းချင်း နုတ်ပါ။
- ခုနေရာတွင် အရင်နုတ်ပြီးမှ ဆယ်နေရာတွင် နုတ်ပါ။
- ခုနေရာမှနုတ်၍ ရသည့်အဖြေကို ခုနေရာတွင် ရေး၍ ဆယ်နေရာမှ နုတ်၍ရသည့်အဖြေကို ဆယ်နေရာတွင် ရေးပါ။

ကိန်းပြောင်းဖွဲ့၍ နုတ်ရာတွင် အရေးကြီးလာမည့် အချက်ဖြစ်သည့်အတွက် ဒုတိယအချက်ကို ဆရာက အလေးထားပြောကြားရမည်ဖြစ်သည်။



၁၀၀ အထိ ကိန်းများအား ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း

ဤကဲ့သို့ နုတ်ခြင်းသည် ကလေးများအတွက် အသစ်ဖြစ်သောကြောင့် ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်ခြင်းနှင့် ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်းတို့၏ ခြားနားချက်ကို သိရှိပါစေ။

အဓိကအချက်များ

- ခုနေရာတွင် တွက်ရမည်ဖြစ်သည့်အတွက် ၁၉ အထိ ကိန်းများအား နုတ်ခြင်းကို ပြန်လည်မှတ်မိပါစေ။
- ခုနေရာတွင် အရင်နုတ်ပြီးမှ ဆယ်နေရာတွင် နုတ်ပါ။
- ဆယ်နေရာမှ ၁၀ အုပ်စုတစ်စုကို ခုနေရာသို့ပို့ရန် လိုသည်ကို ကလေးများသိရှိပါစေ။ ထိုသို့ပို့သည်ကို ၄၇ – ၁၉ ဥပမာ၌ ဆယ်နေရာရှိ ၄ ကို ၃ အဖြစ်ပြောင်းကာ ခုနေရာရှိ ၇ ကို ၁၇ အဖြစ်ပြောင်းကာ ပြသည်။

ကလေးများ ဒေါင်လိုက်နုတ်ခြင်းကို နက်ရှိုင်းစွာ နားလည်စေရန် အကွက်များရွှေ့ပုံနှင့် ဒေါင်လိုက်တွက်ခြင်းကို ဆက်စပ်ခြင်းဖြင့် တွက်ချက်မှုဖြစ်စဉ်ကို ကလေးများရှင်းပြစေရန် အရေးကြီးသည်။



DBE Box - Copyright Protected

အပေါင်းနှင့် အနုတ်ကြား ဆက်သွယ်ချက်

ဤအခန်းတွင် ကလေးများသည် အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်ကို အသုံးပြုကာ အနုတ်၏အဖြေကို ချိန်ကိုက်ကြသည်။ ဤဆက်သွယ်ချက်ကို အောက်တွင်ပြထားသည့်အတိုင်း ကိုယ်စားပြုပစ္စည်းများကိုရွှေ့ခြင်းဖြင့် မြင်သာအောင် ရှင်းပြနိုင်သည်။ ထို့ပြင် ကိုယ်စားပြုပစ္စည်းများနှင့် နောက်ပိုင်းတွင် အသုံးပြုမည့် (Tape Diagram) အလျားပြပုံများကို ချိတ်ဆက်ရန် ဤပုံကို အသုံးပြုသည်။



အနုတ် သင်ခန်းစာ ၁ သင်ခန်းစာဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဂဏန်း ၂ လုံးအတွင်း ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ နုတ်ခြင်း

- ဂဏန်း ၂ လုံး - ဂဏန်း ၂ လုံး (ကိန်းပြောင်းဖွဲ့မှုမပါဘဲ) (ဥပမာ ၃၇ – ၁၄၊ ၂၉ – ၂၀၊ ၃၅ – ၂၅ ၄၈ – ၄၆၊ ၆၀ – ၃၀)

- ဂဏန်း ၂ လုံး - ဂဏန်း ၁ လုံး (ကိန်းပြောင်းဖွဲ့မှုမပါဘဲ) (ဥပမာ ၂၉ – ၇၊ ၄၃ – ၃) ကို ဒေါင်လိုက်နုတ်ခြင်း

၂။ ဂဏန်း ၂ လုံးအတွင်း ကိန်းပြောင်းဖွဲ့၍ ဂဏန်း ၂ လုံးပါကိန်းမှ ဂဏန်း ၁ လုံးပါကိန်းများ နုတ်ခြင်း

- ဂဏန်း ၂ လုံး - ဂဏန်း ၂ လုံး (ကိန်းပြောင်းဖွဲ့၍) (ဥပမာ ၃၆ – ၁၉၊ ၅၀ – ၂၄၊ ၄၅ – ၃၇) ကို ဒေါင်လိုက်နုတ်ခြင်း

- ဂဏန်း ၂ လုံး - ဂဏန်း ၁ လုံး (ကိန်းပြောင်းဖွဲ့၍) (ဥပမာ ၂၅ – ၈၊ ၆၀ – ၆) ကို ဒေါင်လိုက်နုတ်ခြင်း

၃။ အနုတ်၏အဖြေကို အပေါင်းသုံးပြီး စစ်ဆေးခြင်း

အနုတ်၏အဖြေများကို အပေါင်းသုံးပြီး စစ်ဆေးခြင်း

- ၃၆ – ၁၉ = ၁၇
  → ၁၇ + ၁၉ = ၃၆

၄။ အတွက်အချက် ကျွမ်းကျင်မှုများ ခိုင်မာစေခြင်း

ဂဏန်း ၂ လုံးအတွင်း အနုတ်အမျိုးမျိုးကို လေ့ကျင့်ခြင်း

၅။ ပုစ္ဆာဖြေရှင်းခြင်း

စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း (လေ့ကျင့်ခန်းများ)

DBE Box - Copyright Protected

လေ့ကျင့်ခန်း၏ အဖြေများ (စာသင်ချိန် ၁၀၊ ၁၁ နှင့် ၁၂)

၁။ (က) ၁၁ (ခ) ၄၃ (ဂ) ၅၀ (ဃ) ၅၃

၂။ (က) ၂၉ (ခ) ၃၂ (ဂ) ၆ (ဃ) ၇၇

၃။ ၂၆ – ၉
၂၆
– ၉
၁၇
အဖြေ ၁၇ ပွင့်

၄။ ၄၄ – ၂၈
၄၄
– ၂၈
၁၆
အဖြေ ၁၆ ယောက်

၅။ ၈၅ – ၂၉
၈၅
– ၂၉
၅၆
အဖြေ ၅၆ မျက်နှာ

၆။ ၅၀ – ၂၁
၅၀
– ၂၁
၂၉
အဖြေ ၂၉ ယောက်

အောက်ပါဒေါင်လိုက်ပုစ္ဆာများတွင် လိုနေသောကိန်းများကိုရှာပါ။

(က)

	၁	၇
+	၂	၁
	၃	၈

(ခ)

	၅	၆
+	၃	၁
	၈	၇

(ဂ)

	၆	၄
+	၂	၆
	၉	၀

လိုနေသောကိန်းများကိုရှာပါ။

(က) ၅
၃

(ခ) ၂
၈

(ဂ) ၀
၃

DBE Box – Copyright Protected

စာသင်ချိန် ၁ ၊ ၂

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်းကိုနားလည်ရန် အဓိကမေးခွန်းကို ကလေးများဦးစွာဖတ်ပါစေ။ ညီမျှခြင်းရေးပါစေ။

၂။ ကလေးအချို့အား အကွက်ကတ်ပြား ၃၇ ကတ်ကို သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုးဇယားတွင် ကပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကွက်များကို ဇယားတွင် မှန်ကန်စွာနေရာချပါစေ။

➔ ၃၇ သည် ၃၀ နှင့် ၇ ဖြစ်ပြီး ၁၄ သည် ၁၀ နှင့် ၄ ဖြစ်သည်ကို ကလေးများပြန်သတိရပါစေ။

၃။ ဒေါင်လိုက်နုတ်ခြင်းကို မိတ်ဆက်ပေးပါ။ ၃၇ – ၁၄ အား မည်သို့တွက်ရမည်ကို ကလေးများတစ်ဦးချင်းစီစဉ်းစားပါစေ။ သူတို့၏စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပါ။ ပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပထမတန်းရှိ အကွက်များသုံးပြီး တွက်ပုံကို ပြန်လည်သတိရစေပြီး ဒေါင်လိုက်ပုံစံဖြင့် ချိတ်ဆက်ပါစေ။

➔ နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များနှင့် ဒေါင်လိုက်ပုံစံသုံးပြီး စိတ်ကူးများကို ရှင်းပြပါစေ။

၄ အနုတ် သင်ခန်းစာ ၁

၁ စုစုမှာ မူလကသကြားလုံး ၃၇ လုံးရှိတယ်။ ၁၄ လုံးကို တခြားသူများကိုပေးလိုက်ရင် စုစုမှာသကြားလုံး ဘယ်လောက်ကျန်မလဲ။

ညီမျှခြင်းရေးပါ။

၃၇ - ၁၄ = ?





	ဆယ်	ခု
	၃	၇
–	၁	၄
	၂	၃



၂၂

ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် ၁၀၀ အတွင်း ကိန်းပြောင်းဖွဲ့မှုမပါသောနုတ်ခြင်းကို ပထမတန်းတွင် သင်ယူခဲ့ပြီးဖြစ်သည်။ သို့သော် ပထမတန်းအဆင့်တွင် ကလေးများသည် အကွက်များ နေရာလိုက်တန်ဖိုးဇယားကိုသာ အသုံးပြုခဲ့သည်။ အောက်ပါပုံသည် ၃၈ – ၂၆ ဖြစ်ရပုံကို ပြထားသည်။ ယခုကလေးများသည် ဒေါင်လိုက်ပုံစံဖြင့်နုတ်ခြင်းကို သင်ယူကြမည်။ သို့ဖြစ်၍ ဒေါင်လိုက်နုတ်ခြင်းကို သိပြီးအသိပညာနှင့် ချိတ်ဆက်ရန် လိုအပ်သည်။



DBE Box – Copyright Protected

၃၇ – ၁၄ ကို ဒေါင်လိုက်ဘယ်လိုတွက်မလဲ။



ညီမျှခြင်း ၃၇ – ၁၄ = ___၂၃___ အဖြေ ___၂၃___ လုံး

၁ ဒေါင်လိုက်တွက်ပါ။

(က) ၄၈ – ၁၂

	၄	၈
–	၁	၂
	၃	၆

(ခ) ၇၅ – ၆၀

	၇	၅
–	၆	၀
	၁	၅

ဖြည့်စွက်ရှင်းလင်းချက်

အချို့ကလေးများသည် ကိန်းများကို ဒေါင်လိုက်နေရာချရန် အခက်အခဲရှိတတ်ပြီး အမှားများပြုလုပ်လေ့ရှိသည်။ ထိုအခြေအနေမျိုးတွင် အောက်တွင်ပြထားသည့် အတိုင်း လေးထောင့်ကွက်များပါသော စာရွက်ကိုအသုံးပြုလျှင် ကိန်းများကို နေရာမှန်ကန်စွာရေးနိုင်ရန် ကလေးများအတွက် များစွာအထောက်အကူဖြစ်စေမည်။ ကလေးများသည် ဒေါင်လိုက်တွက်ခြင်းနှင့် ရင်းနှီးလာသည့်အခါ လေ့ကျင့်ခန်းစာအုပ်ကို ပြန်လည်အသုံးပြုနိုင်သည်။

							၃	၁၇	
		၃	၇				~~၄~~	~~ဂ~~	
	–	၁	၄			–	၁	၈	
		၂	၃				၂	၉	

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ ကျောင်းသုံးစာအုပ်ရှိ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး ထိုလေးထောင့်ကွက်မှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၃) ဆင့်ကို တစ်တန်းလုံးတွင် အတည်ပြုပါစေ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများ ရွှေ့ခြင်းဖြင့် တွက်ချက်မှုအဆင့်အလိုက် အကွက်ကတ်ပြားများနှင့် ဒေါင်လိုက်ပုံစံဖြင့် ကိန်းများကို ကလေးများခိုက်ဆက်ပါစေ။

၅။ မေးခွန်း (၁) ကို တစ်ဦးချင်းစီဖြေရှင်းစေပြီး အဖြေကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ မေးခွန်း (၂)နှင့် (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် ဖြေပါစေ။ တစ်တန်းလုံး၏အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၇။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊
- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို ချေးယူခြင်းမပြုဘဲ ဒေါင်လိုက်နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဂဏန်း ၂ လုံး – ဂဏန်း ၂ လုံးအား ဒေါင်လိုက်မည်သို့တွက်ရမည်ကိုမေးပြီး ယခင်သင်ခန်းစာကို ကလေးများ ပြန်ကြည့်ပါစေ။ (ဥပမာ ၃၆ – ၁၂)

၂။ အဓိကမေးခွန်း (၂) ကို ကလေးများအား မေးပါ။ တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ (က) ၏ အဖြေသည် ဆယ်ပြည့်ကိန်းဖြစ်ပြီး (ခ) ၏ အဖြေသည် ဂဏန်းတစ်လုံးတည်းဖြစ်သည်ကို ကလေးများသတိပြုမိပါစေ။

၃။ မေးခွန်း (၄) ကို တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ၊ မရှိ စစ်ဆေးပါ။

၄။ အဓိကမေးခွန်း (၃) ကို ကလေးများအား မေးပါ။ တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကိန်းများကို ဒေါင်လိုက်မှန်ကန်စွာထားပါစေ။

၅။ မေးခွန်း (၅) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ဒေါင်လိုက်တွက်ပါ။

(က) ၂၆ – ၁၂ (ခ) ၆၉ – ၂၈ (ဂ) ၇၅ – ၃၁ (ဃ) ၇၆ – ၄၅

၁၄ ၄၁ ၄၄ ၃၁

ဒေါင်လိုက်တွက်ပါ။

(က) ၈၂ – ၅၀ (ခ) ၆၄ – ၁၀ (ဂ) ၇၀ – ၂၀ (ဃ) ၄၀ – ၃၀

၃၂ ၅၄ ၅၀ ၁၀

၂ ဒေါင်လိုက်တွက်ရအောင်။

(က) ၃၈ – ၂၈

	၃	၈
–	၂	၈
	၁	၀

(ခ) ၅၇ – ၅၇

	၅	၇
–	၅	၇
		၀

ဒေါင်လိုက်တွက်ပါ။

(က) ၆၇ – ၄၇ (ခ) ၉၉ – ၂၉ (ဂ) ၄၉ – ၄၃ (ဃ) ၂၆ – ၂၁

၂၀ ၇၀ ၆ ၅

၄ ဒေါင်လိုက်တွက်ရအောင်။

(က) ၄၉ – ၃

	၄	၉
–		၃
	၄	၆

(ခ) ၈၇ – ၇

	၈	၇
–		၇
	၈	၀

ဒေါင်လိုက်တွက်ပါ။

(က) ၂၇ – ၄ (ခ) ၇၈ – ၂ (ဂ) ၆၆ – ၆ (ဃ) ၄၃ – ၃

၂၃ ၇၆ ၆၀ ၄၀

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် ဒေါင်လိုက်နုတ်ခြင်းကို ကလေးများ လေ့ကျင့်နိုင်ရန် ပေးထားသောပုစ္ဆာများ ဖြစ်သည်။ ဒေါင်လိုက်နုတ်ခြင်းကို လေ့ကျင့်ရန် အချိန်လုံလောက်စွာ အသုံးပြုရန်လိုသည်။ ထိုသို့မပြုလုပ်ခဲ့ပါက အတန်းကြီးတွင် ဒေါင်လိုက်နုတ်ရာ၌ အခက်အခဲ ရှိနိုင်ပေသည်။

၁။ တွက်ပါ။

(က) ၄၈ – ၃၅ (ခ) ၈၉ – ၁၆ (ဂ) ၇၃ – ၆၀ (ဃ) ၉၇ – ၂၀

၁၃ ၇၃ ၁၃ ၇၆

(င) ၅၀ – ၃၀ (စ) ၆၇ – ၂၀ (ဆ) ၅၆ – ၃၄ (ဇ) ၉၀ – ၄၀

၂၀ ၄၇ ၂၂ ၅၀

၂။ တွက်ပါ။

(က) ၄၉ – ၄၆ (ခ) ၂၇ – ၁၇ (ဂ) ၆၈ – ၆၂ (ဃ) ၉၃ – ၇၃

၃ ၁၀ ၆ ၂၀

၃။ တွက်ပါ။

(က) ၇၄ – ၄ (ခ) ၅၃ – ၂ (ဂ) ၉၉ – ၃ (ဃ) ၆၅ – ၅

၇၀ ၅၁ ၉၂ ၆၀

DEE Box – Copyright Protected

၄ ဘီစကွတ်မုန့် ၄၇ ခုရှိတယ်။ ၁၉ ခုကိုစားလိုက်ရင် ဘီစကွတ်မုန့် ဘယ်လောက်ကျန်မလဲ။

ညီမျှခြင်းရေးပါ။



(က) အကွက်တွေသုံးပြီး ဘယ်လိုတွက်ရမလဲ စဉ်းစားပါ။



(ခ) ဒေါင်လိုက်ဘယ်လိုတွက်ရမလဲ စဉ်းစားပါ။

	ဆယ်	ခု
	၄	၇
−	၁	၉
	၂	၈



၂၅

ဖြည့်စွက်လေ့ကျင့်ခန်း

အဓိကမေးခွန်း (၄) ကို မဖြေရှင်းမီ ကလေးများသည် ပထမတန်းတွင် သင်ယူခဲ့ပြီးဖြစ်သော ၁၉ အတွင်းနုတ်ခြင်းကို မည်သို့တွက်ရမည်ကို ပြန်လည်သတိရရန် လိုအပ်သည်။ အဆင့် (၄) ဆင့်ဖြင့် မည်သို့နုတ်ရမည်ကို ကလေးများ မမှတ်မိလျှင် ၁၇ − ၉ ဥပမာကိုသုံးပြီး ၁၉ အတွင်းနုတ်ခြင်းကို ပြန်လည်သတိရပါစေ။

(၁) ၁၇ ရှိ ၇ မှ ၉ ကို မနုတ်နိုင်။
(၂) ၁၇ ကို ၁၀ နှင့် ၇ အဖြစ်ခွဲ။
(၃) ၁၀ ထဲက ၉ ကို နုတ်၊ ၁ ရ။
(၄) ၁ နှင့် ၇ ကို အတူတူထားလျှင် ၈ ရသည်။



စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်းကိုနားလည်ရန် အဓိကမေးခွန်း(၄)ကို ကလေးများဦးစွာဖတ်ပါစေ။ ညီမျှခြင်းရေးပါစေ။ ကွက်လပ်ဖြည့်ပြီး ညီမျှခြင်းရေးပါစေ။

၂။ ကလေးအချို့အား အကွက်ကတ်ပြားများကို သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုးဇယားတွင် ကပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၄၇ သည် ၄၀ နှင့် ၇ ဖြစ်ပြီး ၁၉ သည် ၁၀ နှင့် ၉ ဖြစ်သည်ကို ကလေးများ ပြန်သတိရပါစေ။

၃။ ၄၇ − ၁၉ ကို ဒေါင်လိုက်ရေးပါစေ။ ၄၇ − ၁၉ အား ဒေါင်လိုက်မည်သို့တွက်ရမည်ကို ကလေးများ တစ်ဦးချင်းစီ စဉ်းစားပါစေ။ သူတို့၏စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီမျှဝေပါစေ။ ပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကွက်များနှင့် ဒေါင်လိုက်ပုံစံကိန်းများကို ချိတ်ဆက်ပါစေ။

➔ ယခင်သင်ခန်းစာများတွင်ကဲ့သို့မဟုတ်ဘဲ အကွက် ၉ ကွက်ကို ခုနေရာမှ မယူနိုင်သည်ကို ကလေးများ သတိပြုမိပါစေ။

➔ နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များနှင့် ဒေါင်လိုက်ပုံစံသုံးပြီး စိတ်ကူးများကို ရှင်းပြပါစေ။

DBE Box – Copyright Protected

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ ကျောင်းသုံးစာအုပ်ရှိ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး ထိုလေးထောင့်ကွက်မှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၃) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါစေ။ ညီမျှခြင်းနှင့်အဖြေကိုလည်း အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

- သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများ ရွှေ့ခြင်းဖြင့် တွက်ချက်မှုအဆင့်အလိုက် အကွက်ကတ်ပြားများနှင့် ဒေါင်လိုက်ပုံစံဖြင့် ကိန်းများကို ကလေးများချိတ်ဆက်ပါစေ။
- ခုနေရာရှိ ၇ ထဲမှ ၉ ကို မနုတ်နိုင်၊ ထို့ကြောင့် ဆယ်နေရာမှ ၁ ဆယ်ကို ချေးယူရန်လိုသည်ကို ကလေးများ တွေ့ရှိပါစေ။
- လေးထောင့်ကွက်တွင် ပြထားသည့်အတိုင်း ဒေါင်လိုက်ပုံစံနုတ်ခြင်းတွင် ချေးယူခြင်းအား မည်သို့ဆနေသည်ကို အလေးအနက်ပြုပြောကြားပါ။

၅။ မေးခွန်း (၆) နှင့် (၇) ကို လေ့ကျင့်ခန်းစာအုပ်တွင်ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

- လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။
- ကလေးများ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

(၈) အောက်ကပုံကိုလေ့လာပြီး ၄၇ – ၁၉ ကို ဒေါင်လိုက်ဘယ်လိုတွက်ရမလဲ။



ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် ၁၉ အတွင်း မည်သို့နုတ်ရမည်ကို ကိန်းခွဲပုံအသုံးပြုပြီး သင်ယူခဲ့သည်။ အောက်ပါတို့သည် ကိန်းခွဲပုံအသုံးပြုပြီး အဆင့် (၄) ဆင့်ဖြင့် ၁၇ – ၉ အား မည်သို့တွက်ရမည်ကို ဥပမာပေးရှင်းလင်းထားခြင်းဖြစ်သည်။



DBE Box – Copyright Protected

သင်ခန်းစာ ၄၊ ၅

၆ ၄၃ – ၁၆ ကို ဒေါင်လိုက်တွက်ပါ။

	၄	၃
–	၁	၆
	၂	၇

၇ ဒေါင်လိုက်တွက်ပါ။

(က) ၃၃ – ၁၅ (ခ) ၆၁ – ၃၇ (ဂ) ၇၅ – ၂၈ (ဃ) ၈၃ – ၂၄

၁၈ ၂၄ ၄၇ ၅၉

သင်ခန်းစာ ၆

၈ ဒေါင်လိုက်တွက်ရအောင်။

(က) ၅၀ – ၂၈

	၅	၀
–	၂	၈
	၂	၂

(ခ) ၄၆ – ၃၉

	၄	၆
–	၃	၉
		၇

၉ ဒေါင်လိုက်တွက်ပါ။

(က) ၄၀ – ၁၃ (ခ) ၉၀ – ၂၆ (ဂ) ၃၅ – ၂၇ (ဃ) ၈၇ – ၇၈

၂၇ ၆၄ ၈ ၉

သင်ခန်းစာ ၇

၁၀ ဒေါင်လိုက်တွက်ရအောင်။

(က) ၃၄ – ၈

	၃	၄
–		၈
	၂	၆

(ခ) ၉၀ – ၃

	၉	၀
–		၃
	၈	၇

၁၁ ဒေါင်လိုက်တွက်ပါ။

(က) ၄၆ – ၉ (ခ) ၆၂ – ၃ (ဂ) ၃၀ – ၅ (ဃ) ၈၀ – ၈

၃၇ ၅၉ ၂၅ ၇၂

၂၃

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ဂဏန်း ၂ လုံးမှ ဂဏန်း ၂ လုံးကို ဒေါင်လိုက်နုတ်ခြင်းအား မည်သို့တွက်ရမည်ကို မေးပြီး ယခင်သင်ခန်းစာကို ကလေးများ ပြန်ကြည့်ပါစေ။ (ဥပမာ ၃၄ – ၁၈)

၂။ အဓိကမေးခွန်း(၅)ကို ကလေးများအား မေးပါ။ တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တည်ကိန်းသည် ဆယ်ပြည့်ကိန်းဖြစ်သော်လည်း ဤတွက်နည်းအတိုင်း တွက်နိုင်သည်ကို ကလေးများ သတိပြုမိပါစေ။

၃။ မေးခွန်း (၈) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ တွက်ပါ။

(က) ၅၄ – ၂၇ (ခ) ၉၄ – ၄၉ (ဂ) ၃၇ – ၁၈

၂၇ ၄၅ ၁၉

(ဃ) ၆၂ – ၃၈ (င) ၆၁ – ၂၄ (စ) ၅၆ – ၁၉

၂၄ ၃၇ ၃၇

၂။ တွက်ပါ။

(က) ၇၀ – ၁၈ (ခ) ၄၂ – ၃၆ (ဂ) ၈၀ – ၅၃

၅၂ ၆ ၂၇

၃။ တွက်ပါ။

(က) ၉၃ – ၇ (ခ) ၄၀ – ၉ (ဂ) ၅၄ – ၆

၈၆ ၃၁ ၄၈

စာသင်ချိန် ၇

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းများကို ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၆) ကို ကလေးများအား မေးပါ။ တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှန်ကန်စွာတွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၂။ မေးခွန်း (၉) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကိုမေးမြန်းပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင်နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၈ ၊ ၉

သင်ယူမှုဦးတည်ချက်

- အပေါင်းနှင့် အနုတ်ကြား ဆက်သွယ်ချက်ကို ရှင်းပြတတ်ရန်၊
- အပေါင်းကိုသုံး၍ အနုတ်၏အဖြေကို ချိန်ကိုက်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းတွင်ကပ်ရန် အဓိကမေးခွန်း (၇)ပါပုံ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၇) ကို ဖတ်ပြီး နားလည်ပါစေ။ ညီမျှခြင်းရေးပါစေ။ ကွက်လပ်ဖြည့်ပြီး ညီမျှခြင်းရေးပါစေ။ ထို့နောက် မေးခွန်း(က)မှ ပုံတွင် တစ်ဦးချင်းစီ ကွက်လပ်ဖြည့်ပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

၂။ မေးခွန်း(ခ)တွင် ညီမျှခြင်းနှင့်အဖြေကို တစ်ဦးချင်းစီရေးပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "တည်ကိန်း"၊ "နုတ်ကိန်း"နှင့် "နုတ်လဒ်" စသည့်စကားလုံးများကိုဤနေရာတွင် မိတ်ဆက်ပေးပါ။

➔ ကလေးများပုံကို အသုံးပြုပြီး ရှင်းပြပါစေ။

၃။ မေးခွန်း (ဂ) ကို တစ်ဦးချင်းစီ ဦးစွာလုပ်ဆောင်ပါစေ။ ထို့နောက် နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ တွေ့ရှိချက်များကို တစ်တန်းလုံး မျှဝေပါစေ။

၄။ ကျောင်းသုံးစာအုပ်မှ အနီရောင်လေးထောင့်ကွက်ကို ကြည့်ပါစေ။ အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်ကို ပြောပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤဆက်သွယ်ချက်ကို အသုံးပြုပြီး အနုတ်၏ အဖြေအား ချိန်ကိုက်နိုင်သည်ကို သတိပြုမိပါစေ။

အခန်း ၄ အနုတ် သင်ခန်းစာ ၁

၇ မူလက ကြက်ဥ ၂၄ လုံးရှိတယ်။ အဲဒီထဲက ၉ လုံးကို ချက်စားလိုက်တယ်။ ကြက်ဥဘယ်လောက်ကျန်မလဲ။

(က) အောက်ကပုံထဲက ကွက်လပ်ထဲမှာ ကိန်းတွေကိုဖြည့်ပါ။



(ခ) ညီမျှခြင်းရေးပြီး အဖြေရှာရအောင်။



အဖြေ ၁၅ လုံး

(ဂ) နုတ်လဒ်နဲ့နုတ်ကိန်းကိုပေါင်းရင် ဘာရမလဲ။



အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်

နုတ်လဒ်နှင့်နုတ်ကိန်းကို ပေါင်းလျှင် တည်ကိန်းရသည်။







၂၈

ဖြည့်စွက်ရှင်းလင်းချက်

အဓိကမေးခွန်း (၇) တွင် အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်ကို ပုံအသုံးပြုပြီး ရှင်းပြနိုင်သည်။ ပထမတန်းမှစ၍ အောက်ဖော်ပြပါအတိုင်း အနုတ်ကို ဖော်ပြရန် ကိုယ်စားပြုပစ္စည်းများကို အသုံးပြုခဲ့သည်။ ထို့ကြောင့် ဤပုံသည် ၂၄ − ၉ = ၁၅ ကို ဆိုလိုသည်ကို ကလေးများ နားလည်နိုင်သည်။



သို့သော် အောက်ပါပုံတွင် ပြထားသည့်အတိုင်း အဝိုင်း ၉ ဝိုင်းကို ပြန်ထားလိုက်လျှင် ၁၅ + ၉ = ၂၄ ရပြီး ဆက်သွယ်ချက်ကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။



DKBook – Copyright Protected

၁၀ ကွက်လပ်ဖြည့်ပြီး အဖြေများကို ချိန်ကိုက်ပါ။

(က) ၃၅ − ၇ = ၂၈ (ခ) ၆၁ − ၅ = ၅၆

ချိန်ကိုက်လျှင် ၂၈ + ၇ = ၃၅ ချိန်ကိုက်လျှင် ၅၆ + ၅ = ၆၁

(ဂ) ၇၆ − ၁၈ = ၅၈ (ဃ) ၅၄ − ၃၇ = ၁၇

ချိန်ကိုက်လျှင် ၅၈ + ၁၈ = ၇၆ ချိန်ကိုက်လျှင် ၁၇ + ၃၇ = ၅၄

၁၁ ပုစ္ဆာတွက်ပြီး အဖြေကိုချိန်ကိုက်ပါ။

(က) ၄၃ − ၅ (ခ) ၄၂ − ၂၆ (ဂ) ၆၄ − ၁၉ (ဃ) ၇၃ − ၈

၃၈ ၁၆ ၄၅ ၆၅

လေ့ကျင့်ခန်း

၁။ ဒေါင်လိုက်တွက်ပါ။

(က) ၂၆ − ၁၅ (ခ) ၈၃ − ၄၀ (ဂ) ၉၉ − ၄၉ (ဃ) ၅၇ − ၄

၁၁ ၄၃ ၅၀ ၅၃

၂။ ဒေါင်လိုက်တွက်ပါ။

(က) ၅၅ − ၂၆ (ခ) ၆၀ − ၂၈ (ဂ) ၄၃ − ၃၇ (ဃ) ၈၁ − ၄

၂၉ ၃၂ ၆ ၇၇

၃။ ထွန်းထွန်းတွင် မူလကပန်းပွင့် ၂၆ ပွင့်ရှိသည်။ ပန်းပွင့် ၉ ပွင့်ကို ဆရာမအား ပေးလိုက်သော် ထွန်းထွန်းတွင် ပန်းပွင့်မည်မျှကျန်သနည်း။

၂၆ − ၉ = ၁၇ အဖြေ ၁၇ ပွင့်

၄။ ကားပေါ်တွင်ခရီးသည် ၄၄ ယောက်ရှိသည်။ မှတ်တိုင်တစ်ခုတွင် ခရီးသည် ၂၈ ယောက် ဆင်းသွားသည်။ ကားပေါ်တွင်ခရီးသည် မည်မျှကျန်သနည်း။

၄၄ − ၂၈ = ၁၆ အဖြေ ၁၆ ယောက်

ဖြည့်စွက်ရှင်းလင်းချက်

အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်ကို နားလည်ခြင်းအားဖြင့် ကလေးများသည် အနုတ်၏အဖြေကို ချိန်ကိုက်နိုင်မည်ဖြစ်ပြီး နုတ်ခြင်းကို အမှားနည်းစွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် အနုတ်၏အဖြေကို အမြဲချိန်ကိုက်ရန် ဆရာက ကလေးများကို အားပေးသင့်သည်။ နုတ်ပြီးတိုင်း အဖြေကိုချိန်ကိုက်ခြင်းကို အလေ့အကျင့်တစ်ခုအနေဖြင့် ပြုလုပ်သင့်သည်။

ထို့ပြင် အပေါင်း၏အဖြေကို ချိန်ကိုက်ရန်လည်း ဤဆက်သွယ်ချက်ကိုအသုံးပြုနိုင်သည်။ ဥပမာ။ ၁၅ + ၉ ၏ အဖြေ ၂၄ ကို ၂၄ − ၉ = ၁၅ သို့မဟုတ် ၂၄ − ၁၅ = ၉ ဖြင့် ချိန်ကိုက်နိုင်သည်။



သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၅။ မေးခွန်း (၁၀) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အပေါင်းနှင့်အနုတ်ကြား ဆက်သွယ်ချက်ကို ကလေးများ မှန်ကန်စွာနားလည်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ မေးခွန်း (၁၁) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးနောက်တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အနုတ်၏အဖြေကို ကလေးများ မှန်ကန်စွာ ချိန်ကိုက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၇။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box — Copyright Protected

အခန်း ၅ အပေါင်း၊ အနုတ်ကို လွယ်သည့်နည်းဖြင့် တွက်ခြင်း

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၂။ ဖလှယ်ရဂုဏ်သတ္တိနှင့် ဖက်စပ်ရဂုဏ်သတ္တိစသည့် စည်းမျဉ်းများကို အပေါင်း၊ အနုတ်အသုံးပြု၍ တွက်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၂. ၁. ၁။ ၁၀၀ အတွင်း ကိန်းများကို ပေါင်းတတ်ရန်၊

၂. ၂. ၃. ၁။ ၁၀၀ အတွင်း ကိန်းများကို နုတ်တတ်ရန်၊

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ကိုပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် ပေါင်းတတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် ပေါင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် ပေါင်းနိုင်မည်။
၂	၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် နုတ်တတ်ရန်၊	● ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် နုတ်ခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် နုတ်နိုင်မည်။
၃	ဂဏန်း ၁ လုံးပါကိန်း သုံးလုံးကို စိတ်တွက်ဖြင့် ပေါင်းတတ်ရန်၊	● ဂဏန်း ၁ လုံးပါကိန်းသုံးလုံးကို စိတ်တွက်ဖြင့် ပေါင်းခြင်း၊	● ကလေးများသည် ဂဏန်း ၁ လုံးပါကိန်းသုံးလုံးကို စိတ်တွက်ဖြင့် ပေါင်းနိုင်မည်။
၄	၁၀၀ အတွင်း ကိန်းသုံးလုံးကို ဒေါင်လိုက်ပေါင်းတတ်ရန်၊	● ၁၀၀ အတွင်းကိန်းသုံးလုံးကို ဒေါင်လိုက်ပေါင်းခြင်း၊	● ကလေးများသည် ၁၀၀ အတွင်း ကိန်းသုံးလုံးကို ဒေါင်လိုက်ပေါင်းနိုင်မည်။

ဤအခန်းအတွက်သီပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ကိန်းတွဲခြင်းနှင့် ကိန်းခွဲခြင်းသဘောကို အသုံးပြုပြီး ၁၉ အတွင်း အပေါင်း၊ အနုတ်ကို သင်ယူခဲ့ကြသည်။ ထို့အပြင် ကိန်းခွဲ၊ ကိန်းတွဲပုံများ အသုံးပြုခြင်းကိုလည်း ရင်းနှီးကျွမ်းဝင်မှုရရှိပြီးဖြစ်သည်။ ဤအခန်း၏အစပိုင်းတွင် ဤသိပြီးအသိပညာကို ကလေးများ ပြန်လည်မှတ်မိစေရန် လိုအပ်ပါသည်။

DPE Box – Copyright Protected

၅ အပေါင်း၊ အနုတ်ကို လွယ်သည့်နည်းဖြင့်တွက်ခြင်း

အပေါင်းနဲ့အနုတ်ကို စိတ်တွက်တွက်ကြမယ်

၁ ၂၈ + ၇ ကို ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။



စုစုရဲ့ စိတ်ကူး

၂၈ + ၇
၂၀ ၈

(၁) ၈ နဲ့ ၇ ကိုပေါင်း ၁၅ ရတယ်
(၂) ၂၀ နဲ့ ၁၅ ကိုပေါင်း ၃၅ ရတယ်



အောင်အောင်ရဲ့ စိတ်ကူး

၂၈ + ၇
၂ ၅

(၁) ၂၈ နဲ့ ၂ ကိုပေါင်း ၃၀ ရတယ်
(၂) ၃၀ နဲ့ ၅ ကိုပေါင်း ၃၅ ရတယ်

၂ လွယ်ကူတဲ့နည်းနဲ့ တွက်ပါ။

(က) ၃၄ + ၈ (ခ) ၄၉ + ၉ (ဂ) ၇ + ၇၆ (ဃ) ၅ + ၅၅
၄၂ ၅၈ ၈၃ ၆၀

၃ ၃၂ − ၉ ကို ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။



စုစုရဲ့ စိတ်ကူး

၃၂ − ၉
၂၀ ၁၂

(၁) ၁၂ ထဲကနေ ၉ ကို နုတ်တယ် ၃ ရတယ်
(၂) ၂၀ နဲ့ ၃ ပေါင်းတယ် ၂၃ ရတယ်



အောင်အောင်ရဲ့ စိတ်ကူး

၃၂ − ၉
၂ ၃

(၁) ၃၂ ထဲက ၂ နုတ်တယ် ၃၀ ရတယ်
(၂) ၃၀ ထဲက ၇ နုတ်တယ် ၂၃ ရတယ်

၄ လွယ်ကူတဲ့နည်းနဲ့ တွက်ပါ။

(က) ၂၃ − ၇ (ခ) ၄၂ − ၅ (ဂ) ၆၅ − ၈ (ဃ) ၅၀ − ၆
၁၆ ၃၇ ၁၇ ၄၄

၃၀

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ တွက်ပါ။

(က) ၈၇ + ၄ (ခ) ၆၃ + ၇ (ဂ) ၉ + ၂၃ (ဃ) ၅ + ၄၆
၉၁ ၇၀ ၃၂ ၅၁

၂။ တွက်ပါ။

(က) ၇၁ − ၄ (ခ) ၈၃ − ၇ (ဂ) ၄၄ − ၉ (ဃ) ၉၁ − ၆
၆၇ ၇၆ ၃၅ ၈၅

ဖြည့်စွက်ရှင်းလင်းချက်

ကျောင်းသုံးစာအုပ်တွင် ပြထားသောတွက်နည်းများအပြင် အထက်ပါစိတ်တွက်တွက်ခြင်းအတွက် အောက်ပါအတိုင်း အခြားတွက်နည်းများလည်း ရှိသည်။

၂၈ + ၇
၂၅ ၃

- ၃ နဲ့ ၇ ကို ပေါင်း၊ ၁၀ ရတယ်
- ၂၅ နဲ့ ၁၀ ပေါင်း၊ ၃၅ ရတယ်

၃၂ − ၉
၂၂ ၁၀

- ၁၀ ထဲက ၉ ကို နုတ်၊ ၁ ရတယ်
- ၂၂ နဲ့ ၁ ကို ပေါင်း၊ ၂၃ ရတယ်

စာသင်ချိန် ၁ ၊ ၂

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် ပေါင်းတတ်ရန်၊
- ၁၀၀ အတွင်း ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းတို့ကို စိတ်တွက်ဖြင့် နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၂၈ + ၇ ကို စိတ်တွက်ဖြင့် မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေစေပြီး တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တွက်နည်းများစွာ ရှိနိုင်သည် (အောက်ပါလေးထောင့်ကွက်တွင် ကြည့်ပါ)။ သို့သော် တွက်နည်းတစ်ခုစီတွင် အားသာချက်များရှိပြီး ကလေးများ သူတို့အတွက် လွယ်ကူမည့်နည်းကို အသုံးပြုပါစေ။

၂။ မေးခွန်း (၁) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ထို့နောက်တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စိတ်တွက်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

➔ စိတ်တွက်တွက်ခြင်းတွင် ကျွမ်းကျင်လာစေရေး အတွက် လုံလောက်စွာလေ့ကျင့်နိုင်ရန် ဖြည့်စွက်လေ့ကျင့်ခန်းများကို ကလေးများ ပြုလုပ်ပါစေ။

၃။ သင်ကြားခဲ့သည်များကို ပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန်(၂)တွင် ဤသင်ခန်းစာ၏ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပါ။

DBE Box – Copyright Protected

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၁ လုံးပါ ကိန်းသုံးလုံးကို စိတ်တွက်ဖြင့် ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပထမတန်းတွင် သင်ယူခဲ့သော ၁၉ အတွင်း ကိန်းသုံးလုံးပေါင်းခြင်းကို ကလေးများ ပြန်လည် သတိရပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤတွက်ချက်မှုကို ကလေးတိုင်း ပြန်လည် သတိရစေပြီး သင်ခန်းစာအသစ်အတွက် အဆင်သင့်ဖြစ်ပါစေ။

၂။ ၇ + ၉ + ၅ အား စိတ်တွက် မည်သို့တွက်ရ မည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲမျှဝေပါစေ။ ပြီးလျှင်တစ်တန်း လုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤတွက်ချက်မှုတွင် အဆင့် (၂) ဆင့်လိုသည်ကို ကလေးများ သတိပြုမိပါစေ။

- ပထမအဆင့်တွင် ၁၉ အတွင်း ကိန်းသုံးလုံးကို တွက်ခြင်း
- ဒုတိယအဆင့်တွင် စာသင်ချိန် (၁) မှ သင်ယူရရှိသော စိတ်တွက်တွက်ခြင်းတို့ကို အသုံးချရန် လိုအပ်သည်။

၃။ မေးခွန်း (၃) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးလျှင် တစ်တန်းလုံးကို စစ်ဆေးပါ။

➔ စိတ်တွက်တွက်ခြင်းကို ကလေးများမှန်ကန်စွာ ပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ သင်ကြားခဲ့သည်များကိုပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- ၁၀၀ အတွင်း ကိန်းသုံးလုံးကို ဒေါင်လိုက် ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိပါ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ စာသင်ချိန် (၃) တွင် သင်ယူခဲ့သော ကိန်းသုံးလုံးပေါင်းခြင်းကို ကလေးများ ပြန်လည်သတိရပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤသင်ခန်းစာတွင် ဤစိတ်တွက်တွက်ခြင်းကို အသုံးပြုရမည်ဟု ပြောပါ။

➔ ဤတွက်ချက်မှုကို ကလေးတိုင်း ပြန်လည်သတိရပြီး သင်ခန်းစာအသစ်အတွက် အဆင်သင့်ဖြစ်မဖြစ် စစ်ဆေးပါ။

၂။ ကျောင်းသုံးစာအုပ်ကို ကလေးများ ကြည့်စေပြီး ၂၇ + ၁၉ + ၃၅ ကို အဆင့်ဆင့် ဒေါင်လိုက်ပုံစံဖြင့် တစ်တန်းလုံးကို တွက်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာသင်ချိန် (၃) တွင် သင်ယူခဲ့သော စိတ်တွက်တွက်ခြင်းကို ခုနေရာတွင် တွက်ရာ၌ အသုံးချရန် လိုသည်ကို ကလေးများ သတိပြုမိပါစေ။

၃။ မေးခွန်း (၄) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးလျှင်တစ်တန်းလုံးကို စစ်ဆေးပါ။

➔ ကလေးများ အခက်အခဲရှိလျှင် မေးခွန်းအချို့ကို တစ်တန်းလုံး အတူတကွ ဖြေရှင်းပါ။

၄။ သင်ကြားခဲ့သည်များကို ပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ကိန်းသုံးလုံးပေါင်းကြမယ်

ကိန်းသုံးလုံးကို ဘယ်လိုပေါင်းရမလဲ ပြန်စဉ်းစားကြရအောင်။

(က) ၅ + ၁ + ၂ (ခ) ၇ + ၃ + ၆ (ဂ) ၄ + ၅ + ၃ (ဃ) ၈ + ၅ + ၄

၈ ၁၆ ၁၂ ၁၇

၃ ၇ + ၉ + ၅ ကို တွက်ရအောင်။



၄ တွက်ပါ။

(က) ၈ + ၆ + ၉ (ခ) ၉ + ၇ + ၆ (ဂ) ၈ + ၈ + ၈ (ဃ) ၇ + ၅ + ၈

၂၃ ၂၂ ၂၄ ၂၀

၄ ၂၇ + ၁၉ + ၃၅ ကို တွက်ရအောင်။



၅ ဒေါင်လိုက်တွက်ပါ။

(က) ၁၂ + ၁၄ + ၃၂ (ခ) ၁၅ + ၂၄ + ၅၃ (ဂ) ၃၆ + ၂၅ + ၅ (ဃ) ၁၇ + ၆၈ + ၆

၅၈ ၄၂ ၆၆ ၉၁

၃၂

DBE Box — Copyright Protected

အခန်း ၇ အလျားအတိုင်းအတာ သင်ခန်းစာ ၁

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၉။ မီလီမီတာ၊ စင်တီမီတာနှင့် မီတာ စသည့် အလျားတိုင်း ယူနစ်များကို အသုံးပြုတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၉. ၁. ၁။ ပစ္စည်းအမျိုးမျိုး၏ အလျားကို မီလီမီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာရန်အတွက် ပေတံကိုအသုံးပြုတတ်ရန်၊

၂. ၉. ၂. ၁။ မီလီမီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို ပေါင်းတတ်၊ နုတ်တတ်ရန်၊

စာသင်ချိန်

- ၁၀ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	နိုင်ငံတကာသုံးအလျားယူနစ်များ၏ လိုအပ်ချက်ကို ရှင်းပြတတ်ရန်၊	● အလျားတစ်ခုတည်းကို စံမဟုတ်သော ယူနစ်နှစ်ခုသုံးပြီး တိုင်းတာခြင်းဖြင့် နိုင်ငံတကာသုံးအလျားယူနစ်လိုအပ်ပုံကို ရှာဖွေခြင်း၊	● ကလေးများသည် နိုင်ငံတကာသုံး အလျားယူနစ်၏ လိုအပ်ချက်ကို ရှင်းပြနိုင်မည်။
၂	ပစ္စည်းများ၏ အလျားကို တိုင်းတာရန်အတွက် ပေတံကို အသုံးပြုတတ်ရန်နှင့် စင်တီမီတာဖြင့် ဖော်ပြတတ်ရန်၊	● ပတ်ဝန်းကျင်ရှိ ပစ္စည်းများ၏အလျားကို တိုင်းတာရန် ပေတံကို အသုံးပြုခြင်းနှင့် စင်တီမီတာဖြင့် ဖော်ပြခြင်း၊	● ကလေးများသည် ပစ္စည်းများ၏ အလျားကို တိုင်းတာရန် ပေတံကို မှန်ကန်စွာအသုံးပြုနိုင်မည်။ ● ကလေးများသည် ပစ္စည်းများ၏ အလျားကို စင်တီမီတာဖြင့် မှန်ကန်စွာ ဖော်ပြနိုင်မည်။
၃	၁၀ စင်တီမီတာရှိသည့် အလျားကို လက်များသုံးပြီး ခန့်မှန်းတတ်ရန် ပတ်ဝန်းကျင်တွင် ၁၀ စင်တီမီတာရှိသည့် ပစ္စည်းများကို ရှာဖွေတတ်ရန်၊	● ၁၀ စင်တီမီတာ ရှိသည့် အလျားကို ဒုတိယတန်းကလေး၏လက်များသုံးပြီး ခန့်မှန်းခြင်းနှင့် ပေတံဖြင့် စစ်ဆေးခြင်း၊ ● ၁၀ စင်တီမီတာခန့်ရှိသည့် ပစ္စည်းများကို ပတ်ဝန်းကျင်တွင် လက်အသုံးပြု၍ ရှာဖွေခြင်းနှင့် အလျားများကို ပေတံဖြင့် စစ်ဆေးခြင်း၊	● ကလေးများသည် ၁၀ စင်တီမီတာရှိသည့် အလျားကို သူတို့၏လက်များအသုံးပြု၍ ခန့်မှန်းနိုင်မည်။ ● ကလေးများသည် ပတ်ဝန်းကျင်တွင် ၁၀ စင်တီမီတာခန့်ရှိ ပစ္စည်းများကို လက်များအသုံးပြု၍ ခန့်မှန်းနိုင်မည်။
၄-၅	ပစ္စည်းများ၏ အလျားကို တိုင်းတာရန် ပေတံကို အသုံးပြုတတ်ရန်နှင့် စင်တီမီတာ၊ မီလီမီတာဖြင့် ဖော်ပြတတ်ရန်၊	● ပစ္စည်းများ၏အလျားကို တိုင်းတာရန် ပေတံကို အသုံးပြုခြင်းနှင့် စင်တီမီတာ၊ မီလီမီတာဖြင့် ဖော်ပြခြင်း၊	● ကလေးများသည် ပစ္စည်းများ၏ အလျားကို ပေတံကိုသုံး၍ စင်တီမီတာ၊ မီလီမီတာဖြင့် မှန်ကန်စွာ ဖော်ပြနိုင်မည်။

DBE Box – Copyright Protected

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျား ကို ခန့်မှန်းတတ်ရန်နှင့် တိုင်းတာတတ်ရန်၊	● ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျားကို ခန့်မှန်းခြင်း၊ ● ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျားကို ပေတံသုံးပြီး တိုင်းတာခြင်း၊	● ကလေးများသည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျားကို အနီးစပ်ဆုံး ခန့်မှန်းနိုင်မည်။ ● ကလေးများသည် ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျားကို ပေတံသုံးပြီး မှန်ကန်စွာ တိုင်းတာနိုင်မည်။
၇	ပေးထားသော အလျား ရှိသည့် မျဉ်းဖြောင့်တစ် ကြောင်းကို ဆွဲသား တတ်ရန်အတွက် ပေတံ ကို အသုံးပြုတတ်ရန်၊	● ပေးထားသော အလျားများရှိသည့် မျဉ်းဖြောင့် များကို ပေတံသုံးပြီး ဆွဲသားခြင်း၊	● ကလေးများသည် ပေးထားသော အလျားများ ရှိသည့် မျဉ်းဖြောင့်များကို ဆွဲသားရန်အတွက် ပေတံကို အသုံးပြုနိုင်မည်။
၈	စင်တီမီတာနှင့် မီလီမီတာတို့ကြား အပြန်အလှန် ပြောင်းဖွဲ့တတ်ရန်၊	● ပစ္စည်းများ၏ အလျားကို နည်းနှစ်နည်းဖြင့် တိုင်းတာခြင်း၊ (စင်တီမီတာ၊ မီလီမီတာဖြင့်၊ စင်တီမီတာ တစ်မျိုးတည်းဖြင့်) ● စင်တီမီတာနှင့် မီလီမီတာတို့ကြား အပြန်အလှန် ပြောင်းဖွဲ့ခြင်း၊	● ကလေးများသည် ပစ္စည်းများ၏ အလျားကို နည်း နှစ်နည်းဖြင့် တိုင်းတာနိုင်သည်။ (စင်တီမီတာ၊ မီလီမီတာဖြင့်၊ စင်တီမီတာ တစ်မျိုးတည်းဖြင့်) ● ကလေးများသည်စင်တီမီတာနှင့် မီလီမီတာ တို့ကြား အပြန်အလှန်ပြောင်းဖွဲ့နိုင်မည်။
၉	စင်တီမီတာ၊ မီလီမီတာ တို့ဖြင့်တိုင်းသော အလျား တိုင်းများကို မူမတူ ပြောင်းဖွဲ့မှုမပါဘဲ ပေါင်းတတ်၊ နုတ်တတ်ရန်၊	● စင်တီမီတာ၊ မီလီမီတာတို့ဖြင့် တိုင်းသောအလျား တိုင်းဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို မူမတူ ပြောင်းဖွဲ့မှုမပါဘဲ ဖြေရှင်းခြင်း၊	● ကလေးများသည် စင်တီမီတာ၊ မီလီမီတာတို့ ဖြင့်တိုင်းသော အလျားတိုင်းဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို မူမတူ ပြောင်းဖွဲ့မှုမပါဘဲ ဖြေရှင်းနိုင်မည်။
၁၀	စင်တီမီတာ၊ မီလီမီတာ တို့ဖြင့်တိုင်းသော အလျားတိုင်းများကို မူမတူပြောင်းဖွဲ့၍ ပေါင်းတတ်၊ နုတ်တတ်ရန်၊	● စင်တီမီတာ၊ မီလီမီတာတို့ဖြင့်တိုင်းသော အလျားတိုင်းဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို မူမတူပြောင်းဖွဲ့၍ ဖြေရှင်းခြင်း၊	● ကလေးများသည် စင်တီမီတာ၊ မီလီမီတာတို့ ဖြင့်တိုင်းသော အလျားတိုင်းဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို မူမတူပြောင်းဖွဲ့၍ ဖြေရှင်း နိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

တိုင်းတာမှုအမျိုးမျိုးတွင် သမားရိုးကျတိုင်းတာနည်းမှ နိုင်ငံတကာသုံးတိုင်းတာနည်းအထိ အခြေခံအားဖြင့် အဆင့် ၄ ဆင့် ရှိသည်။

(၁) တိုက်ရိုက်နှိုင်းယှဉ်ခြင်း

(၂) သွယ်ဝိုက်နှိုင်းယှဉ်ခြင်း

(၃) စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာခြင်း

(၄) စံယူနစ်များဖြင့် တိုင်းတာခြင်း

ကျောင်းသုံးစာအုပ်တွင် အတိုင်းအတာ သင်ယူရာ၌ ဤသင်ခန်းစာ အစီအစဉ်အတိုင်း သင်ယူရမည်။ ကလေးများသည် ပထမတန်းတွင် ပထမအဆင့် (၃) ဆင့်ကိုသင်ယူခဲ့ပြီး နောက်ဆုံးအဆင့်ကို ဒုတိယတန်းတွင် သင်ယူရမည်။

DBE Box - Copyright Protected

၇ အလျားအတိုင်းအတာ သင်ခန်းစာ ၁

ခဲဖျက်ကိုသုံးပြီး ဖဲကြိုးအနီရဲ့အလျားကို တိုင်းရအောင်။



၁ ဖဲကြိုးရဲ့ အလျားက တူပေမဲ့ အလျားအတိုင်းအတာက ဘာဖြစ်လို့ မတူရတာလဲ။ ခဲဖျက်တွေက မတူလို့



အလျားအတိုင်းအတာကို 'စင်တီမီတာ' သုံးပြီး ဖော်ပြနိုင်သည်။ စင်တီမီတာသည် အလျားကိုတိုင်းရန် သတ်မှတ်ထားသည့် စံယူနစ်တစ်ခု ဖြစ်သည်။



၁ အပေါ်က ဖဲကြိုးအနီရဲ့အလျားကို စင်တီမီတာနဲ့ တိုင်းပါ။

ပေတံမူပုံ နမူနာ

အောက်ဖော်ပြပါပုံတွင် သင်ပုန်းပေါ်မှ အသုံးပြုရန် ပေတံမူပုံတစ်ခုကို ပြသထားသည်။ ဤပေတံမူပုံကို အသုံးပြုပြီး ပေတံကို မည်သို့အသုံးပြုရမည်ကို ဆရာက ကလေးများကို ထိရောက်စွာသင်ကြားပြသနိုင်မည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရရှိနိုင်သော ပစ္စည်းများဖြင့် (ဥပမာ၊ ကတ်ထူစက္ကူ) ဤမူပုံကို အလွယ်တကူပြုလုပ်နိုင်သည်။



စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- နိုင်ငံတကာသုံး အလျားယူနစ်များ၏ လိုအပ်ချက်ကို ရှင်းပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ဆရာအတွက် ပေတံမူပုံ၊ အုပ်စုအသီးသီးအတွက် အောက်ပါပစ္စည်းများ
- အလျားတူသည့် ကြိုး
- အလျားမတူသည့် ခဲဖျက်များ
- စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အလျားတူသည့် ဖဲကြိုးတစ်ချောင်းနှင့် အလျားမတူသည့် ခဲဖျက်တစ်ခုစီကို အုပ်စုအသီးသီးအား ပေးပါ။ အုပ်စုအသီးသီးအား ဖဲကြိုးကို မိမိတို့ရရှိသော ခဲဖျက်နှင့်တိုင်းစေပြီး ရလဒ်များကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဥပမာ၊ အလျားမတူသော ခဲဖျက် ၃ ခုကို အသုံးပြုပါ။

၂။ ကလေးများအား အဓိကမေးခွန်း(၁)ကို ဆွေးနွေးစေပြီး သူတို့၏စိတ်ကူးကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖဲကြိုးအားလုံး အလျားတူသည်ကို တိုက်ရိုက်နှိုင်းယှဉ်ခြင်းဖြင့် စစ်ဆေးပါစေ။

➔ စံယူနစ် လိုအပ်ခြင်းကို ကလေးများကိုယ်တိုင်တွေ့ရှိပါစေ။

၃။ "စင်တီမီတာ"ကို မိတ်ဆက်ပေးပါ။ ပေတံသုံးပြီး "စင်တီမီတာ"ဖြင့် အလျားများ မည်သို့တိုင်းရမည်ကို ပြသပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "စင်တီမီတာ"ကို နိုင်ငံတကာက အသုံးပြုသည်ကို ကလေးများ သိရှိပါစေ။

➔ ပေတံမူပုံကို သုံးပြီး အလျားမည်သို့တိုင်းတာရမည်ကို ပြသပါ။

➔ အစွန်းတစ်ဖက်ကို 0 တွင်ထားပြီး ပေတံကို ဖဲကြိုးနှင့်အပြိုင် ထားရမည်ကို အဓိကပြောပါ။

၄။ ဖဲကြိုးများ၏ အလျားများကို တိုင်းတာစေပြီး ရလဒ်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အုပ်စုအားလုံး ရလဒ်တူညီပါစေ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဘယ်ကြောင့် စင်တီမီတာ လိုအပ်သည်ကို ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အလျားကို တိုင်းတာရန်အတွက် ပေတံကို အသုံးပြုတတ်ရန်နှင့် စင်တီမီတာဖြင့် ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်းများမေးပြီး "စင်တီမီတာ" နှင့် ပေတံမည်သို့အသုံးပြုရမည်ကို ပြန်လည်သတိရပါစေ။ သင်ပုန်းပေါ်တွင် ပေတံမူပုံကို အသုံးပြုပြီး ပေတံမည်သို့ အသုံးပြုရမည်ကို အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ အချက်များကို အလေးအနက်ထားပါ။

- ပစ္စည်းရဲ့ အစွန်းတစ်ဖက်ကို ပေတံပေါ်က 0 တွင် ထားပါ။
- ပစ္စည်းကို ပေတံနှင့်အပြိုင် ထားပါ။

၂။ မေးခွန်း (၂) ကို ကလေးများ ပြုလုပ်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီး တစ်တန်းလုံးကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားများကို ပေတံဖြင့် မှန်ကန်စွာတိုင်းတာနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း (၃) ကို အကြောင်းပြချက်နှင့်တကွ ကလေးတစ်ဦးချင်းစီ ဖြေပါစေ။ သူတို့၏စိတ်ကူးကို နှစ်ယောက်တစ်တွဲစီစစ်ဆေးစေပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါအချက်များဖြင့် ပေတံကို မည်သို့မှန်ကန်စွာအသုံးပြုရမည်ကို ကလေးများရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

- ပစ္စည်းရဲ့အစွန်းတစ်ဖက်ကို ပေတံပေါ်က 0 တွင် ထားပါ။
- ပစ္စည်းကို ပေတံနှင့်အပြိုင် ထားပါ။

၄။ အချိန်ရလျှင် အခြား ပစ္စည်းများကိုလည်း တိုင်းတာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျား အတိုင်းအတာကို ခံစားသိရှိနိုင်ရန် ပေတံသုံးပြီး မတိုင်းတာမီ အလျားများကို ခန့်မှန်းပါစေ။

၅။ အလျားများကို ပေတံသုံးပြီး မည်သို့ မှန်ကန်စွာတိုင်းတာရမည်ကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။



စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ၁၀ စင်တီမီတာ ရှိသည့် အလျားကို လက်မှားသုံးပြီး ခန့်မှန်းတတ်ရန်၊ ပတ်ဝန်းကျင်တွင် ၁၀ စင်တီမီတာရှိသည့် ပစ္စည်းများကို ရှာဖွေတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အလျားများကို ပေတံသုံးပြီး မည်ကဲ့သို့ တိုင်းတာရမည်ကို ကလေးများမှတ်မိပါစေ။ ပစ္စည်းအချို့၏ အလျားများကို တိုင်းတာပါစေ။

၂။ အဓိက မေးခွန်း (၂) ကို ကလေးနှစ်ယောက်တစ်တွဲစီ လုပ်ဆောင်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးတစ်ဦးက ၁၀ စင်တီမီတာကိုခန့်မှန်းပြီး ကျန်တစ်ဦးက အလျားကို ပေတံဖြင့် တိုင်းတာကြည့်ပါစေ။

၃။ မေးခွန်း (၄) ကို ကလေးများလုပ်ဆောင်ပါစေ။ တွေ့ရှိချက်ကို နှစ်ယောက်တစ်တွဲ စီမျှဝေပါစေ။ ထို့နောက် တစ်တန်းလုံး မျှဝေပါစေ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

အခန်း ၇ အလျားအတိုင်းအတာ သင်ခန်းစာ ၁

၃ အောက်ကပုံရဲ့ အလျားကို တိုင်းရအောင်။



အလျားက ၁၂ စင်တီမီတာထက် ပိုရှည်ပြီး ၁၃ စင်တီမီတာအောက်လျော့တယ်

အလျား **၁၂ စင်တီမီတာ ၄ မီလီမီတာ**





ပေတံတွင် မှတ်သားထားသည့် သေးငယ်သော အစိတ်များသည် မီလီမီတာ ဖြစ်သည်။ ဤမီလီမီတာ အစိတ်များသည် ၁ စင်တီမီတာကို အလျားတူသော အစိတ် ၁၀ စိတ် အဖြစ်ပိုင်းခြားထားသည်။ ထိုအစိတ်တစ်ခုစီ၏အလျားကို **၁ မီလီမီတာ** ဟု ခေါ်သည်။ ထို့ကြောင့်

၁ စင်တီမီတာ = ၁၀ မီလီမီတာ

ပုံရဲ့အလျားက ၁၂ စင်တီမီတာ ၄ မီလီမီတာ ဖြစ်တယ်။

၅ ပုံရဲ့ အနံကို ပေတံနဲ့ တိုင်းပါ။ **၆ စင်တီမီတာ ၃ မီလီမီတာ**

၆ သင်္ချာစာအုပ်ရဲ့ အလျားနဲ့ အနံကို ပေတံနဲ့ တိုင်းပါ။
ကလေးများ၏ သင်္ချာစာအုပ်ဖြင့် တိုင်းပြီး စစ်ရန်။

ဖြည့်စွက်ရှင်းလင်းချက်

အလျားကို တိကျစွာတိုင်းတာနိုင်ရန် ပေတံ၏ဖွဲ့စည်းပုံကို နားလည်ရန် လိုအပ်သည်။ ပေတံပေါ်တွင် အစိတ် (၃) မျိုး ရှိသည်။ အတိုဆုံးအစိတ်ကလေးသည် ၁ မီလီမီတာ၊ အလယ်အလတ်ရှည်သော အစိတ်သည် ၅ မီလီမီတာနှင့် အရှည်ဆုံးအစိတ်သည် စင်တီမီတာဖြစ်သည်။ ပေတံ၏ ဖွဲ့စည်းပုံကို အသုံးပြုပြီး ပိုရှည်သော အမှတ်မှ တိုသောအမှတ်အထိဖတ်၍ တိုင်းတာလျှင် လွယ်ကူမည်။



စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အလျားကို တိုင်းတာရန် ပေတံကိုအသုံးပြုတတ်ရန်နှင့် စင်တီမီတာ၊ မီလီမီတာဖြင့် ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပေတံပုံ၊ မီလီမီတာနှင့် စင်တီမီတာပါသည့် ပေတံများ၊

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပေတံတွင် ပါသည့် အလျားတိုင်းယူနစ် "စင်တီမီတာ" ကို ကလေးများ မှတ်မိပါစေ။

၂။ ကျောင်းသုံးစာအုပ်ပါ ပုံ၏အလျားကို သူတို့၏ပေတံဖြင့် တိုင်းတာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံကိုတိုင်းတာရာတွင် အလျားသည် ၁၂ စင်တီမီတာကျော်ပြီး ၁၃ စင်တီမီတာ အောက်တိုသည့်အတွက် အလျားကို အတိအကျမပြောနိုင်သည်ကို ကလေးများ သတိပြုပါစေ။

၃။ "မီလီမီတာ"ယူနစ်ကိုမိတ်ဆက်ပေးပြီး ကလေးများ ပုံ၏အလျားကို စင်တီမီတာ၊ မီလီမီတာတို့ဖြင့် တိုင်းတာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "၁ စင်တီမီတာ = ၁၀ မီလီမီတာ"ဖြစ်သည်ကို ပေတံပုံနှင့် သူတို့၏ ပေတံတို့ကို အသုံးပြုပြီး အတည်ပြုပါစေ။

၄။ မေးခွန်း(၅)နှင့်(၆) ကို ကလေးများ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "အနံ" ဟူသည့် အသုံးအနှုန်းကို ကလေးများ သိစေပြီး ပုံ၏အနံကို တိုင်းတာပါစေ။

➔ ပေတံဖြင့် မတိုင်းမီ အလျားအတိုင်းအတာကို ခန့်မှန်းပါစေ။

➔ စင်တီမီတာ မီလီမီတာဖြင့် အလျားကို မှန်ကန်စွာ တိုင်းတတ်ပါစေ။

DBE Box – Copyright Protected

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၅။ မေးခွန်း (၇) ကို ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပေတံဖြင့် မတိုင်းတာမီအလျားများကို ခန့်မှန်းပါစေ။

➔ အလျားများကို မီလီမီတာ၊ စင်တီမီတာဖြင့် မှန်ကန်စွာ တိုင်းတာနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ မေးခွန်း (၈) ကို ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပေတံဖြင့် မတိုင်းတာမီ အလျားများကို ခန့်မှန်းပါစေ။

➔ အလျားများကို စင်တီမီတာ၊ မီလီမီတာဖြင့် မှန်ကန်စွာ တိုင်းတာနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ အချိန်ရပါက ပတ်ဝန်းကျင်ရှိ ပစ္စည်းများ၏ အလျားများကို စင်တီမီတာ၊ မီလီမီတာဖြင့် တိုင်းတာပါစေ။

၇။ မေးခွန်း (၉) ကိုဖြေပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မည်သည့်မျဉ်းက ပိုရှည်သည်ကို အမြင်ဖြင့် ဦးစွာခန့်မှန်းပါစေ။

➔ ခန့်မှန်းပြီးနောက် ပေတံဖြင့် တိုင်းတာစေပြီး တိကျစွာ တိုင်းတာ၍ရသည့် ရလဒ်သည် အမြင်ဖြင့် ခန့်မှန်း၍ရသည့်ရလဒ်နှင့် မတူသည်ကို ကလေးများ တွေ့ရှိပါစေ။

➔ စင်တီမီတာ၊ မီလီမီတာတို့ဖြင့် အလျားကို မှန်ကန်စွာ တိုင်းတာနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၈။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စင်တီမီတာနှင့် မီလီမီတာတို့အကြား ဆက်သွယ်ချက်ကို ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။



ဖြည့်စွက်ရှင်းလင်းချက်

မေးခွန်း (၉) သည် မျက်စိကိုလှည့်စားထားသော စိတ်ဝင်စားစရာကောင်းသည့် မေးခွန်းဖြစ်သည်။ ညွှန်ကြားထားသည့်အတိုင်း မျဉ်းကြောင်းတစ်ခုစီကို အလျားတူသည်ဟု ကလေးများကို မြင်စေရန် မလိုအပ်ပေ။ သို့သော် အလျားကို အနီးစပ်ဆုံး ခန့်မှန်းနိုင်စွမ်း တိုးတက်လာရန် အရေးကြီးသည်။

အလျားခန့်မှန်းခြင်းကို လက်တွေ့ဘဝတွင် အသုံးပြုသည့်အတွက် ထပ်တလဲလဲ တိုင်းတာစေခြင်းဖြင့် အလျားကို ခန့်မှန်းနိုင်သည့်စွမ်းရည်များ တိုးတက်လာစေသင့်သည်။

စာသင်ချိန် (၃) တွင် ကလေးများသည် လက်ချောင်းများ သို့မဟုတ် လက်များကို အသုံးပြုပြီး ၁၀ စင်တီမီတာ ခန့်မှန်းခြင်းကို သင်ယူခဲ့သည်။ အခြားပစ္စည်းများ၏ အလျားများကို ခန့်မှန်းရန်အတွက်လည်း အသုံးပြုနိုင်သည်။ ပစ္စည်းတစ်ခုကို ပေတံဖြင့် မတိုင်းတာမီ ယင်း၏အလျားကို ခန့်မှန်းရန် ဆရာက ကလေးများကို တိုက်တွန်းသင့်သည်။ ဤနည်းအားဖြင့် အလျားအတိုင်းအတာကို ခံစားသိရှိနိုင်မည်။

DBE Box – Copyright Protected

၄ ပတ်ဝန်းကျင်က ပစ္စည်းတွေရဲ့အလျားတွေကို ခန့်မှန်းပါ။ အဲဒီနောက် အလျားတွေကို ပေတံနဲ့ တိုင်းတာစစ်ဆေးပါ။





၅ ၉ စင်တီမီတာရှည်တဲ့ မျဉ်းဖြောင့်တစ်ကြောင်း ဆွဲပါ။





(၁) ၀ စင်တီမီတာနဲ့ ၉ စင်တီမီတာ တို့မှာ အမှတ် ၂ ခု မှတ်ပါ။

(၂) အမှတ် ၂ ခုကြား မျဉ်းဖြောင့် ၁ ကြောင်း ရေးဆွဲပါ။



မျဉ်းဖြောင့်ဆွဲရင် ပေတံကို မရွေ့အောင် ဂရုစိုက်ပါ

မျဉ်းဖြောင့်ဆွဲတာကို ထပ်တလဲလဲလေ့ကျင့်ပါ



၁၀ ပေးထားတဲ့ အတိုင်းအတာရှိတဲ့ မျဉ်းဖြောင့်တွေဆွဲပါ။

(က) ၇ စင်တီမီတာ

(ခ) ၁၂ စင်တီမီတာ ၆ မီလီမီတာ

(ဂ) ၁၀ စင်တီမီတာ ၃ မီလီမီတာ

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- ပတ်ဝန်းကျင်ရှိ ပစ္စည်းအမျိုးမျိုး၏ အလျားကို ခန့်မှန်းတတ်ရန်နှင့် တိုင်းတာတတ်ရန်၊

သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

- မီလီမီတာနှင့် စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အလျားများကို ပေတံအသုံးပြုပြီး စင်တီမီတာ၊ မီလီမီတာဖြင့် မည်သို့ တိုင်းတာရမည်၊ မီလီမီတာနှင့် စင်တီမီတာ တို့အကြား ဆက်သွယ်ချက်တို့ကို ကလေးများ မှတ်မိပါစေ။

၂။ ကျောင်းသုံးစာအုပ်ရှိ အဓိကမေးခွန်း (၄) ကို ကလေးများကြည့်ပါစေ။ လုပ်ဆောင်ရမည့် လုပ်ငန်းကို ကလေးများအား ရှင်းပြပါ။

၃။ ပတ်ဝန်းကျင်ရှိ ပစ္စည်းများ၏ အလျားကို ခန့်မှန်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ခန့်မှန်းချက်များနှင့် အတိုင်းအတာများအတွက် ဆရာ၏ အကူအညီဖြင့် ဇယားတစ်ခု ပြုလုပ်ပါစေ။

➔ ၁၀ စင်တီမီတာ အလျားကို လက်ဖြင့် ခန့်မှန်းပါစေ။

၄။ ခန့်မှန်းခဲ့သော ပစ္စည်းများ၏ အလျားများကို တိုင်းတာပါစေ။ ဇယားတွင် မှတ်သားထားပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားများကို ပေတံသုံးပြီး မှန်ကန်စွာ တိုင်းတာနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ ကလေးများ၏ ရလဒ်များကို တစ်တန်းလုံးကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ၏ အလျား ခန့်မှန်းချက်များသည် နီးစပ်မှုရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၇

သင်ယူမှုဦးတည်ချက်

- ပေးထားသော အလျားရှိသည့် မျဉ်းဖြောင့် တစ်ကြောင်းကို ဆွဲသားထားရန်အတွက် ပေတံကို အသုံးပြုတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မီလီမီတာနှင့် စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း (၅) ကို ကလေးများ ကြည့်စေပြီး ဆရာက ၉ စင်တီမီတာရှိသည့် မျဉ်းဖြောင့်တစ်ကြောင်းကို မည်သို့ဆွဲရမည်ကို တစ်တန်းလုံးအား ရှင်းပြပြီး ဆွဲပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆရာက သင်ပုန်းပေါ်တွင် ရေးဆွဲပြပါ။

၂။ ကလေးများကို ဆရာနှင့်အတူတကွ သင်ပုန်းပေါ်တွင် ၉ စင်တီမီတာရှိသည့် မျဉ်းဖြောင့် တစ်ကြောင်းကို တစ်ဆင့်ပြီးတစ်ဆင့် ရေးဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျွမ်းကျင်မှန်ကန်စွာ ရေးဆွဲတတ်စေရန် မျဉ်းဖြောင့်များကို ကြိမ်ဖန်များစွာ ရေးဆွဲပါစေ။

၃။ မေးခွန်း (၁၀) ကို လေ့ကျင့်ခန်းစာအုပ်တွင် ကလေးတစ်ဦးချင်းစီ လုပ်ဆောင်ပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် သင်ပုန်းပေါ်တွင် မျဉ်းဖြောင့် တစ်ကြောင်းကို အတူတကွ ဆွဲပါ။

➔ ပေးထားသော အလျားရှိသည့် မျဉ်းဖြောင့်များကို မှန်ကန်စွာဆွဲသားနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၄။ မျဉ်းဖြောင့် တစ်ကြောင်းကို အဆင့်ဆင့် မည်သို့ ဆွဲသားရသည်ကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

EBE Box – Copyright Protected

စာသင်ချိန် ၈

သင်ယူမှုဦးတည်ချက်

- စင်တီမီတာနှင့် မီလီမီတာတို့ကြား အပြန်အလှန် ပြောင်းဖွဲ့တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မီလီမီတာနှင့် စင်တီမီတာပါသည့် ပေတံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မီလီမီတာနှင့် စင်တီမီတာတို့ကြား ဆက်သွယ်ချက်ကို ကလေးများ မှတ်မိပါစေ။

၂။ အဓိကမေးခွန်း(၆)ကို ကလေးများ ကြည့်ပါစေ။ အောက်ပါမေးခွန်းများကို မေးပါ။

- ခဲဖျက်က စင်တီမီတာ၊ မီလီမီတာ ဘယ်လောက် ရှည်သလဲ။
- မီလီမီတာဖြင့် ဘယ်လောက်ရှည်သလဲ။ ဘာကြောင့်လဲ။
- ၃ စင်တီမီတာ ၇ မီလီမီတာကို ၃၇ မီလီမီတာ အဖြစ် ဘယ်လိုပြောင်းဖွဲ့မလဲ။

၃။ မေးခွန်း(၁၁)ကို ကလေး တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မီလီမီတာနှင့် စင်တီမီတာဖြင့် အလျားအတိုင်းအတာများကို မီလီမီတာတစ်ခုတည်းသို့ ပြောင်းဖွဲ့နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ မေးခွန်း (၁၂) ကို ကလေး တစ်ဦးချင်းစီဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်း (၁၂) ကို မဖြေမီ ၃၇ မီလီမီတာမှ ၃ စင်တီမီတာ ၇ မီလီမီတာ သို့ မည်ကဲ့သို့ ပြောင်းဖွဲ့သည်ကို မေးပါ။

➔ မီလီမီတာဖြင့် အလျားအတိုင်းအတာများကို စင်တီမီတာ၊ မီလီမီတာ သို့ ပြောင်းဖွဲ့နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ မီလီမီတာနှင့် စင်တီမီတာ၊ မီလီမီတာတို့အကြား မည်သို့ပြောင်းဖွဲ့ရမည်ကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၆ ခဲဖျက်ရဲ့အလျားကို တိုင်းပါ။ အလျားကို စင်တီမီတာ မီလီမီတာနဲ့ ပြပါ။ အဲဒီနောက် မီလီမီတာ တစ်ခုထဲနဲ့ပြပါ။



ခဲဖျက်က ၃ စင်တီမီတာ ၇ မီလီမီတာ ရှည်တယ်။



၃ စင်တီမီတာ ၇ မီလီမီတာက ၃၇ မီလီမီတာနဲ့ တူတယ်။

၁၁ မီလီမီတာဖွဲ့ပါ။

(က) ၇ စင်တီမီတာ ၇၀ **မီလီမီတာ** (ခ) ၄ စင်တီမီတာ ၄ မီလီမီတာ **၄၄ မီလီမီတာ**

(ဂ) ၈ စင်တီမီတာ ၃ မီလီမီတာ **၈၃ မီလီမီတာ**

၁၂ ၇၅ မီလီမီတာကို စင်တီမီတာ မီလီမီတာ ဖွဲ့ပါ။ **၇ စင်တီမီတာ ၅ မီလီမီတာ**

၇ အောက်မှာ ပြထားတဲ့အတိုင်း ခရုလေးက သစ်ရွက်ဆီရောက်ဖို့ လမ်းနှစ်လမ်းရှိတယ်။



၄၀

ဖြည့်စွက်ရှင်းလင်းချက်

အလျားများပေါင်းခြင်းကို အပြာရောင်နှင့်အနီရောင်ကြိုးသုံးပြီး ရှင်းပြနိုင်သည်။ အပြာရောင်နှင့်အနီရောင်ကြိုးကို လမ်းတစ်လမ်းစီပေါ်တွင် ချပါ။ ထို့နောက် ကြိုးများကို ဖြောင့်တန်းထားပြီး အလျားများကို နှိုင်းယှဉ်ပါ။



DBE Box – Copyright Protected

သင်ခန်းစာ ၉

(က) လမ်း (၁) က ဘယ်လောက်ရှည်သလဲ။

၂ စင်တီမီတာ + ၆ စင်တီမီတာ − ၁ စင်တီမီတာ

(ခ) လမ်း (၂) က ဘယ်လောက်ရှည်သလဲ။

၄ စင်တီမီတာ + ၄ စင်တီမီတာ ၅ မီလီမီတာ

− ၈ စင်တီမီတာ ၅ မီလီမီတာ

(ဂ) ဘယ်လမ်းက ပိုရှည်သလဲ။ ဘယ်လောက်ပိုရှည်သလဲ။

၈ စင်တီမီတာ ၅ မီလီမီတာ − ၈ စင်တီမီတာ = ၅ မီလီမီတာ

၁၃ တွက်ပါ။

(က) ၃ စင်တီမီတာ ၈ မီလီမီတာ + ၅ စင်တီမီတာ

၈ စင်တီမီတာ ၅ မီလီမီတာ

(ခ) ၁၆ စင်တီမီတာ ၇ မီလီမီတာ - ၄ စင်တီမီတာ ၁ မီလီမီတာ

၁၂ စင်တီမီတာ ၆ မီလီမီတာ

(ဂ) ၁၂ စင်တီမီတာ ၅ မီလီမီတာ + ၅ စင်တီမီတာ ၂ မီလီမီတာ

၁၇ စင်တီမီတာ ၇ မီလီမီတာ

(ဃ) ၁၈ စင်တီမီတာ ၄ မီလီမီတာ - ၉ စင်တီမီတာ ၃ မီလီမီတာ

၉ စင်တီမီတာ ၁ မီလီမီတာ

သင်ခန်းစာ ၁၀

တွက်ပါ။

(က) ၂ စင်တီမီတာ ၇ မီလီမီတာ + ၅ မီလီမီတာ

၃ စင်တီမီတာ ၂ မီလီမီတာ

(ခ) ၁၄ စင်တီမီတာ ၈ မီလီမီတာ + ၂ စင်တီမီတာ ၄ မီလီမီတာ

၁၇ စင်တီမီတာ ၂ မီလီမီတာ

(ဂ) ၃ စင်တီမီတာ ၂ မီလီမီတာ − ၆ မီလီမီတာ

၂ စင်တီမီတာ ၆ မီလီမီတာ

(ဃ) ၁၅ စင်တီမီတာ ၁ မီလီမီတာ − ၄ စင်တီမီတာ ၉ မီလီမီတာ

၁၀ စင်တီမီတာ ၂ မီလီမီတာ

စာသင်ချိန် ၉

သင်ယူမှုဦးတည်ချက်

- စင်တီမီတာ၊ မီလီမီတာတို့ဖြင့် တိုင်းသော အလျားတိုင်းများကို မှုမတူပြောင်းဖွဲ့မှုမပါဘဲ ပေါင်းတတ်၊ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

- မရှိ၊

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၇) ရှိ ပုံကို ကလေးများ လေ့လာပါစေ။ လမ်းနှစ်လမ်း၏ အရှည်များ မည်သို့နှိုင်းယှဉ်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ သူတို့၏ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လမ်းတစ်လမ်းစီ၏ အရှည်စုစုပေါင်းကို ပေါင်းခြင်းဖြင့် ရှာဖွေနိုင်သည်ကို ကလေးများ တွေ့ရှိပါစေ။

➔ မီလီမီတာ၊ စင်တီမီတာအသီးသီး ပေါင်းရမည်ကို သတိပြုမိပါစေ။

၂။ မေးခွန်း(က)နှင့် (ခ)ကို ကလေးတစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ၊ ထို့နောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၃။ မေးခွန်း (ဂ) ကို ကလေးတစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ၊ ထို့နောက်တစ်တန်းလုံးကို စစ်ဆေးပါ။

စာသင်ချိန် ၁၀

သင်ယူမှုဦးတည်ချက်

- စင်တီမီတာ၊ မီလီမီတာတို့ဖြင့် တိုင်းသော အလျားတိုင်းများကို မှုမတူပြောင်းဖွဲ့၍ ပေါင်းတတ်၊ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မှုမတူပြောင်းဖွဲ့မှုမပါသော အလျားများ ပေါင်းခြင်းနှင့် နုတ်ခြင်းကို ကလေးများ မှတ်မိပါစေ။

၂။ ခက်ခဲသည့် မေးခွန်း(က)ကို ပေးပါ။ မည်သို့ ပေါင်းရမည်ကို ကလေးတစ်ဦး ချင်းစီစဉ်းစားပါစေ။ သူတို့၏ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှုမတူပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်းနှင့် မတူသည်ကို ကလေးများ သေချာနားလည်ပါစေ။

၃။ မေးခွန်း (ခ)ကို လေ့ကျင့်ခန်းစာအုပ်တွင် ကလေးတစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ထို့နောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၄။ (က) နှင့် (ခ) တွင် တွက်သည့် အတိုင်း (ဂ) နှင့် (ဃ) တွက်ပါစေ။

၅။ မှုမတူပြောင်းဖွဲ့မှုပါသော အလျားများပေါင်းခြင်းနှင့် နုတ်ခြင်းကို ကလေးများ သတိရပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားများ၏ ခြားနားခြင်းကို အနုတ်သုံးပြီး ရှာနိုင်သည်ကို ကလေးများ တွေ့ရှိပါစေ။

၄။ မေးခွန်း (၁၃) ကို ကလေးတစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ၊ ထို့နောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မှုမတူပြောင်းဖွဲ့ခြင်းမပြုဘဲ မှန်ကန်စွာပေါင်းနိုင် နုတ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင်နိဂုံးချုပ်ပါစေ။

DBE BOX – Copyright Protected

အခန်း ၈ တစ်ထောင်အထိကိန်းများ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၁။ ၁၀၀၀ အထိ အပြည့်ကိန်းများကို အသုံးပြုတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၁. ၁. ၁။ ပတ်ဝန်းကျင်ရှိ ၁၀၀၀ အထိ ကိန်းများကို ဖတ်တတ်၊ ရေးတတ်ရန်၊

၂. ၁. ၁. ၂။ ၁၀၀၀ အထိ ကိန်းများကို နှိုင်းယှဉ်တတ်ရန်၊

စာသင်ချိန်

- ၁၂ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကို အခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ဂဏန်း ၃ လုံး အတွင်း ပစ္စည်းများ၏ အရေအတွက်ကို ၁၀ အုပ်စု၊ ၁၀၀ အုပ်စုများဖွဲ့ပြီး ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်၊	● ၁၀၀ ထက်ပိုသော ပစ္စည်းစစ်များ၊ ကိုယ်စားပြု ပစ္စည်းများကို ၁၀ အုပ်စု၊ ၁၀၀ အုပ်စုများဖွဲ့ပြီး ရေတွက်ခြင်း၊ ● ပစ္စည်းများ၏ အရေအတွက်ကို နေရာလိုက်တန်ဖိုး ဇယားသုံးပြီး ဖတ်ခြင်း၊ ရေးခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များ၊ ကိုယ်စားပြု ပစ္စည်းများ၏ အရေအတွက်ကို ၁၀ အုပ်စု၊ ၁၀၀ အုပ်စုများဖွဲ့ပြီး ရေတွက်နိုင်မည်။ ● ကလေးများသည်ပစ္စည်းများ၏ အရေအတွက်ကို နေရာလိုက် တန်ဖိုးဇယားသုံးပြီး ဖတ်နိုင် ရေးနိုင်မည်။
၂-၄	ဂဏန်း ၃ လုံး အတွင်း ပစ္စည်းများ၏ အရေအတွက်ကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်၊	● ပစ္စည်းများ၏ အရေအတွက်ဖြစ်သည့် ဆယ်နေရာတွင် ၀ ပါသည့် ဂဏန်း ၃ လုံးပါ ကိန်းများကို နေရာလိုက်တန်ဖိုးဇယားသုံးပြီး ဖတ်တတ်၊ ရေးတတ်ရန်၊ ● ပစ္စည်းများကို ၁၀ အုပ်စု၊ ၁၀၀ အုပ်စုဖွဲ့ပြီး ရေတွက်ခြင်း၊ ဖတ်ခြင်းနှင့် ရေးခြင်း၊ ● ကိန်းများကို စာဖြင့် ဖတ်ခြင်း၊ ရေးခြင်း၊ ● နေရာလိုက်တန်ဖိုး သဘောကို ပုစ္ဆာဖြေရှင်းရန် အသုံးပြုခြင်း၊	● ကလေးများသည်ပစ္စည်းများ၏ အရေအတွက် ဖြစ်သည့် ဆယ်နေရာတွင် ၀ ပါသည့် ဂဏန်း ၃ လုံးပါ ကိန်းများကို နေရာလိုက်တန်ဖိုး ဇယားသုံးပြီး ဖတ်တတ်၊ ရေးတတ်မည်။ ● ကလေးများသည်ပစ္စည်းများကို ၁၀ အုပ်စု၊ ၁၀၀ အုပ်စု ဖွဲ့ပြီး ရေတွက်နိုင်၊ ရေးနိုင်မည်။ ● ကလေးများသည် ကိန်းများကို စာဖြင့် ဖတ်နိုင်၊ ရေးနိုင်မည်။ ● ကလေးများသည် နေရာလိုက် တန်ဖိုးသဘော ကို ပုစ္ဆာဖြေရှင်းရန် အသုံးပြုနိုင်မည်။

DBE Box - Copyright Protected

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ၁၀ အုပ်စု သုံးပြီး ဖော်ပြခြင်း၊	● ၁၀ အုပ်စု ဖွဲ့ထားသော ကိန်းများကို ဂဏန်း ၃ လုံးပါ ကိန်းများဖြင့် ဖော်ပြခြင်း၊ ● ခုနေရာတွင် ၀ ရှိသော ဂဏန်း ၃ လုံးပါ ကိန်းများကို ၁၀ အုပ်စုဖွဲ့ထားသော ကိန်းများဖြင့် ဖော်ပြခြင်း၊	● ကလေးများသည် ၁၀ အုပ်စု ဖွဲ့ထားသော ကိန်းများကို ဂဏန်း ၃ လုံးပါ ကိန်းများဖြင့် ဖော်ပြနိုင်မည်။ ● ကလေးများသည် ခုနေရာတွင် ၀ ရှိသော ဂဏန်း ၃ လုံးပါ ကိန်းများကို ၁၀ အုပ်စုဖွဲ့ထားသောကိန်းများဖြင့် ဖော်ပြနိုင်မည်။
၆-၇	ဂဏန်း ၃ လုံးအတွင်း ကိန်းများကို နှိုင်းယှဉ်တတ်ရန်၊	● ဂဏန်း ၃ လုံးအတွင်း ကိန်းများကို နေရာလိုက်တန်ဖိုးဇယားနှင့် မညီချက် သင်္ကေတများသုံးပြီး နှိုင်းယှဉ်ခြင်း၊	● ကလေးများသည် ဂဏန်း ၃ လုံး အတွင်း ကိန်းများကို မညီချက် သင်္ကေတများသုံးပြီး နှိုင်းယှဉ်နိုင်မည်။
၈-၉	ဂဏန်း ၃ လုံး အတွင်း ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်တတ်၊ နှိုင်းယှဉ်တတ်၊ စီတတ်ရန်၊	● ကိန်းများကိုကိန်းမျဉ်းသုံးပြီး သတ်မှတ်ခြင်း၊ နှိုင်းယှဉ်ခြင်း၊ စီခြင်း၊ ● ပေးထားချက်ကို အသုံးပြု၍ ကိန်းတစ်ခုကို ရှာခြင်း၊ ● ကိန်းများ စီထားရာတွင် လိုသော ကိန်းများကို ရှာခြင်း၊	● ကလေးများသည် ကိန်းများကို ကိန်းမျဉ်းသုံးပြီး သတ်မှတ်နိုင်၊ နှိုင်းယှဉ်နိုင်၊ စီနိုင်မည်။ ● ကလေးများသည် ပေးထားချက်ကို အသုံးပြု၍ ကိန်းတစ်ခုကို ရှာနိုင်မည်။ ● ကလေးများသည် ကိန်းများ စီထားရာတွင် လိုသောကိန်းများကို ရှာနိုင်မည်။
၁၀	ပစ္စည်းများဖြင့် ၁၀၀၀ အထိ ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများသုံးပြီး ၁၀၀၀ အထိ ရေတွက်ခြင်း၊ ● ၁၀၀၀ အထိ ဖတ်ခြင်း၊ ရေးခြင်း၊ ● ၁၀၀၀ အတွင်း ကိန်းများကို ကိန်းမျဉ်းအသုံးပြုပြီး သတ်မှတ်ခြင်း၊	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများသုံးပြီး ၁၀၀၀ အထိ ရေတွက်နိုင်မည်။ ● ကလေးများသည် ၁၀၀၀ အထိ ဖတ်နိုင် ရေးနိုင်မည်။ ● ကလေးများသည် ၁၀၀၀ အတွင်း ကိန်းများကို ကိန်းမျဉ်းအသုံးပြုပြီး သတ်မှတ်နိုင်မည်။
၁၁-၁၂	၁၀၀၀ အထိ ကိန်းများ ဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀၀၀ အထိ ကိန်းများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀၀၀ အထိ ကိန်းများ ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

သင်ကြားသင်ယူရမည့်အချက်များ

ဆယ်လီစနစ်နှင့် နေရာလိုက်တန်ဖိုးသင်္ကေတ

ကလေးများသည် ပထမတန်းတွင် ၁၀၀ အထိ ကိန်းများကို သင်ယူခဲ့သည်။ ဒုတိယတန်းတွင် ၁၀၀၀ အထိ ကိန်းများကို သင်ယူသည်။ ဤသင်ခန်းစာ၏ အဓိကအချက်များမှာ အောက်ပါတို့ ဖြစ်သည်။

(၁) ကိန်းများကို ၁၀၀ အုပ်စု၊ ၁၀ အုပ်စုနှင့် ၁ များဖြင့် ဖွဲ့ပြီး ရေတွက်နိုင်သည်။ (Decimal system)

(၂) ကိန်းတစ်ခုကို နေရာလိုက်တန်ဖိုးဖြင့် ဖော်ပြနိုင်သည်။ ရာဂဏန်း၊ ဆယ်ဂဏန်း၊ ခုဂဏန်းတို့သည် ၁၀၀ အုပ်စု မည်မျှ၊ ၁၀ အုပ်စု မည်မျှနှင့် ၁ မည်မျှ ရှိသည်ကို ပြသည်။



ကိန်းများကို နှိုင်းယှဉ်ခြင်း

ပထမတန်းတွင် ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်းများကို မည်သို့နှိုင်းယှဉ်ရမည်၊ စီရမည်ကို သင်ယူခဲ့သည်။ ဤအခန်းတွင် အောက်ပါအဆင့်များအတိုင်း နေရာလိုက်တန်ဖိုးကိုအခြေခံ၍ ဂဏန်း ၃ လုံးအထိ ကိန်းများကိုနှိုင်းယှဉ်ရန် သင်ယူကြမည်။

(၁) ရာဂဏန်းများကို ဦးစွာနှိုင်းယှဉ်ပါ။ ရာဂဏန်း ပိုကြီးသောကိန်းသည် ပိုကြီးသောကိန်းဖြစ်သည်။

(၂) ကိန်းနှစ်ခုစလုံး ရာနေရာတွင်တူညီနေလျှင် ဆယ်ဂဏန်းများကိုနှိုင်းယှဉ်ပါ။ ဆယ်ဂဏန်း ပိုကြီးသောကိန်းသည် ပိုကြီးသောကိန်းဖြစ်သည်။

DOE Box - Copyright Protected

(၃) ကိန်းနှစ်ခုစလုံးတွင် ရာဂဏန်းများ၊ ဆယ်ဂဏန်းများတူညီနေလျှင် ခုဂဏန်းကိုနှိုင်းယှဉ်ပါ။ ခုဂဏန်းပိုကြီးသော ကိန်းသည် ပိုကြီးသော ကိန်းဖြစ်သည်။

အထက်ပါ အဆင့်များကို ဆရာ၏ ပံ့ပိုးမှုဖြင့် ကလေးများ ကိုယ်တိုင် တွေ့ရှိရမည်ကို သတိပြုပါ။

ကိန်းများကို (တစ်ဆယ်အုပ်စု)ဆယ်များဖြင့် ဖော်ပြခြင်း

ဤအခန်းတွင် ကလေးများသည် ကိန်းများကို (တစ်ဆယ်အုပ်စု)ဆယ်များဖြင့် ဖော်ပြခြင်းကို သင်ယူကြမည်။

ဥပမာ (၁) ၁၆ ဆယ်သည် ၁၆၀ (၂) ၃၇၀ သည် ၃၇ ဆယ်

နောက်သင်ခန်းစာများတွင် ၁၅၀ + ၃၀ ကဲ့သို့ အပေါင်းနှင့် အနုတ်များတွင် ဤသဘောကို အသုံးပြုမည်ဖြစ်သည်။ ထို့အပြင် အတန်းကြီးများတွင် ၁၅၀၀၀ + ၃၀၀၀ ကဲ့သို့ ကိန်းကြီးများအပေါင်းနှင့် အနုတ်များသင်ယူရာတွင်လည်း ဤသဘောကို ပြန်လည် အသုံးချနိုင်သည်။

၁၀၀၀ ကို သင်ကြားခြင်း



ဤအခန်းတွင် ၁၀၀၀ ကို စတင်သင်ကြားမည်။ ကလေးများသည် ၁၀ အုပ်စု ၁၀ စုသည် ၁၀၀ ဖြစ်သည်ကို ယခင်က သင်ယူခဲ့ပြီးဖြစ်သည်။ ၁၀၀ အုပ်စု ၁၀ စုသည် ၁၀၀၀ ဖြစ်သည်ဟူ၍ အလားတူနည်းအတိုင်း ၁၀၀၀ ကို သင်ကြားနိုင်သည်။ ကလေးများအတွက် ၁၀၀၀ ၏ ပမာဏကို မြင်သာစေရန် ကျောင်းသုံးစာအုပ်တွင် ညာဘက်တွင် ပြထားသောပုံကို ထည့်သွင်းထားသည်။

ပိုမိုနက်ရှိုင်းစွာ နားလည်စေရန် ၁၀၀၀ ကို အောက်ပါအတိုင်း နည်းအမျိုးမျိုးဖြင့် သင်ယူရရှိရန် အရေးကြီးသည်။

(၁) ၁၀၀၀ သည် ၁၀၀ အုပ်စု ၁၀ စု

(၂) ၁၀၀၀ သည် ၉၉၉ ထက် ၁ ပိုကြီး

(၃) ၁၀၀၀ သည် ၉၉၀ ထက် ၁၀ ပိုကြီး

(၄) ၁၀၀၀ သည် ၉၀၀ ထက် ၁၀၀ ပိုကြီး

(၅) ၁၀၀၀ သည် ၁၀ အုပ်စု ၁၀၀ စု

အထက်ပါအချက်များကို ရှင်းပြနိုင်ရန် ကိန်းမျဉ်းကိုလည်း အသုံးပြုထားသည်။



ကိန်းများကို နှိုင်းယှဉ်ခြင်း

ပထမတန်းတွင် ကလေးများသည် ၁၀ အုပ်စုဖွဲ့ပြီး ၁၀၀ အထိ ကိန်းများရေတွက်ပုံကို သင်ယူခဲ့ကြသည်။ ထို့အပြင် ၁၀၀ အထိ ကိန်းများ ဖတ်ခြင်းနှင့် ရေးခြင်းကိုလည်း သင်ယူခဲ့ကြသည်။ ၁၀၀ အထိကိန်းများကို နေရာလိုက်တန်ဖိုးသဘောဖြင့် လေ့လာသင်ယူခဲ့ပြီးဖြစ်သည်။ ထို့အပြင် ၁၀၀ အတွင်း ကိန်းများကို နှိုင်းယှဉ်ပုံနှင့် စီပုံများကိုလည်း သင်ယူခဲ့သည်။

DBE Box – Copyright Protected

အခန်း (၈) ရှိ မေးခွန်းများ၏ အဖြေများ (စာသင်ချိန် ၁ မှ ၁၀ အထိ)

၁ (က) ၁၀ အုပ်စု ၂၄ စု (ခ) ၁၀၀ အုပ်စု ၂ စု (ဂ) ၂၄၅ လုံး

ကွက်လပ်ထဲရှိ အဖြေများ ၂ ၊ ၄ ၊ ၅

၂ (က) ၂၇၃ (ခ) ၃၁၀ (ဂ) ၆၀၈

၃ (က) တစ်ရာ ခြောက်ဆယ့် ခုနစ် (ခ) လေးရာ ကိုးဆယ့် တစ် (ဂ) ခုနစ်ရာ့ နှစ် (ဃ) ငါးရာ့ ခြောက်ဆယ် (င) ရှစ်ရာ

၄ (က) ၁၅၈ (ခ) ၅၀၄ (ဂ) ၆၂၀ (ဃ) ၇၀၀

၅ (က) ၃၂၇ (ခ) ၇၀၉ (ဂ) ၅၄၀ (ဃ) ၆၈၃ (င) ၈၁၀

၆ (က) ၂၊ ၉၊ ၃ (ခ) ၄၅၂ (ဂ) ၉၀၆

၇ (က) တစ်ရာ ရှစ်ဆယ့် သုံး (ခ) ငါးရာ တစ်ဆယ့် ကိုး (ဂ) ခုနစ်ရာ့ သုံး (ဃ) ရှစ်ရာ့ နှစ်ဆယ်

၈ (က) ၅၈၀ (ခ) ၄၀၀

၉ ၃၇

၁၀ (က) ၄၅ ဆယ် (ခ) ၆၀ ဆယ်

၁၁ (က) ၅၂၅ > ၅၁၇ (ခ) ၃၇၈ < ၃၇၉ (ဂ) ၇၇၄ < ၇၇၉ (ဃ) ၈၅၃ > ၈၀၉ (င) ၂၃၉ < ၃၁၂ (စ) ၃၅၁ > ၇၈

၁၂ (က) ၁၀ စိတ် (ခ) ၇၀၊ ၂၄၀၊ ၃၉၀၊ ၅၅၀၊ ၇၁၀၊ ၉၂၀

(ဂ) ၄၆၀ နှင့် ၈၂၀ အတွက် ကိန်းမျဉ်းပေါ်တွင် မြားနှစ်ခု ဆွဲပါ၊ ၈၂၀ > ၄၆၀ ၊ ၄၆၀ < ၈၂၀

(ဃ) ၃၁၀ (င) ၆၈၀

၁၃ (က) ၃၉၈၊ ၄၀၀၊ ၄၀၁၊ ၄၀၄ (ခ) ၈၈၅၊ ၈၉၅၊ ၉၀၀၊ ၉၀၅ (ဂ) ၆၈၄၊ ၆၉၈၊ ၇၀၃၊ ၇၁၆

၁၄ (က) ၁၆၉၊ ၁၇၀၊ ၁၇၁၊ ၁၇၃ (ခ) ၄၈၀၊ ၅၀၀၊ ၅၁၀ (ဂ) ၄၀၀၊ ၆၀၀၊ ၇၀၀၊ ၉၀၀

၁၅ (က) ၁၀၀ (ခ) ၈၀၀ (ဂ) ၉၄၀ (ဃ) ၉၉ (င) ၉၉၃၊ ၉၉၇ (စ) ၁၀၀

လေ့ကျင့်ခန်း (စာသင်ချိန် ၁၁ နှင့် ၁၂)

၁။ (က) ၅၂၃ (ခ) ၄၀၈ (ဂ) ၂၆၀ (ဃ) ၃၀

၂။ (က) ၂၅၆ (ခ) ၈၀၄

၃။ (က) ၁၂၀၊ ၂၉၀၊ ၄၅၀

(ခ) ၉၆၈၊ ၉၈၆၊ ၉၉၉

၄။ (က) ၇ ရာက ၆ ရာထက် ပိုကြီးတယ်၊ ဒါကြောင့် ၇၀၃ က ပိုကြီးတယ်

(ခ) ၃ ရာက အတူတူပဲ၊ ၉ ဆယ်က ၈ ဆယ်ထက် ပိုကြီးတယ်၊ ဒါကြောင့် ၃၉ က ပိုကြီးတယ်

(ဂ) က သူည ဖြစ်ရင် ၆ က ၃ ထက် ကြီးတယ်၊ ဒါကြောင့် ၄ ၆ က ပိုကြီးတယ်

DBE Box - Copyright Protected

အခန်း ၉ အပေါင်း သင်ခန်းစာ ၂

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၂။ ဖလှယ်ရဂုဏ်သတ္တိနှင့် ဖက်စပ်ရဂုဏ်သတ္တိစသည့် စည်းမျဉ်းများကို အပေါင်း၊ အနုတ်အသုံးပြု၍ တွက်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၂. ၂. ၁။ ၁၀၀၀ အထိ ကိန်းများကို ပေါင်းတတ်ရန်၊

စာသင်ချိန်

- ၁၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှု အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း (ဥပမာ ၃၀ + ၅၀) ရာပြည့်ကိန်း + ရာပြည့်ကိန်း (ဥပမာ ၃၀၀ + ၄၀၀) ရာ၊ ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း (ဥပမာ ၄၃၀ + ၂၀) တို့ကိုပြုလုပ်တတ်ရန်၊	● ဒေါင်လိုက်မဟုတ်ဘဲ ပေါင်းခြင်း၊ ➢ ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း ➢ ရာပြည့်ကိန်း + ရာပြည့်ကိန်း ➢ ရာ၊ ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း	● ကလေးများသည် ➢ ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း ➢ ရာပြည့်ကိန်း + ရာပြည့်ကိန်း ➢ ရာ၊ ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်းတို့ကို ဒေါင်လိုက်မဟုတ်ဘဲ ပေါင်းနိုင်မည်။
၂-၃	ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊	● နေရာလိုက်တန်ဖိုးဇယားတွင် ကိုယ်စားပြုပစ္စည်းများအသုံးပြု၍ သို့မဟုတ် အသုံးမပြုဘဲ ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ➢ ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် နေရာလိုက်တန်ဖိုးဇယားတွင် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းနိုင်မည်။
၄-၅	ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများအသုံးပြု၍ သို့မဟုတ် အသုံးမပြုဘဲ ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ➢ ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက် ပေါင်းနိုင်မည်။
၆	ပေါင်းလဒ်၏ ဆယ်နေရာတွင် ၀ ရမည့် ဂဏန်း ၂ လုံးပါကိန်း ၂ ခုကို	● ပေါင်းလဒ်၏ ဆယ်နေရာတွင် ၀ ရမည့် ဒေါင်လိုက်ပေါင်းခြင်း၊ ➢ ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည်ပေါင်းလဒ်၏ ဆယ်နေရာတွင် ၀ ရမည့် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ပေါင်းနိုင်မည်။

DBE Box — Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
	ပေါင်းတတ်ရန်၊ ပေါင်းလဒ်၏ ဆယ်နေရာတွင် ၀ ရမည့် ဂဏန်း၁လုံးပါကိန်းနှင့် ဂဏန်း ၂ လုံးပါ ကိန်းတို့ကို ပေါင်းတတ်ရန်၊	➤ ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် ကိန်းပြောင်းဖွဲ့မှု ၂ ကြိမ်ပါသော ဂဏန်း ၁ လုံးပါကိန်းနှင့် ဂဏန်း ၂ လုံးပါ ကိန်းတို့ကို ပေါင်းနိုင်မည်။
၇-၈	ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ ပေါင်းတတ်ရန်၊ ခုနေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊	● ကိန်းပြောင်းဖွဲ့မှုမပါဘဲ သို့မဟုတ် ခုနေရာတွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ➤ ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး ➤ ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး ➤ ဂဏန်း ၃ လုံး + ဂဏန်း ၁ လုံး	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကိန်းပြောင်းဖွဲ့မှုမပါဘဲ ပေါင်းနိုင်မည်။ ● ကလေးများသည် ခုနေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းနိုင်မည်။
၉	ဂဏန်း ၃ လုံး အတွင်း ကိန်းများကို ဆယ်နေရာတွင်သာကိန်းပြောင်းဖွဲ့၍ပေါင်းတတ်ရန်၊	● ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ➤ ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး ➤ ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး	● ကလေးများသည် ဂဏန်း ၃ လုံးပါကိန်းတို့ကို ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းနိုင်မည်။
၁၀-၁၁	ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ခုနေရာနှင့် ဆယ်နေရာတို့တွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊	● ခုနေရာနှင့် ဆယ်နေရာတို့တွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း၊ ➤ ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး ➤ ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး	● ကလေးများသည် ဂဏန်း ၃ လုံးပါကိန်းများအတွင်း ခုနေရာနှင့်ဆယ်နေရာတို့တွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းနိုင်မည်။
၁၂	အဖြေ၏ ဆယ်နေရာတွင် ၀ ရရှိမည့် ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့မှု နှစ်ကြိမ်ဖြင့် ပေါင်းတတ်ရန်၊	● အဖြေ၏ဆယ်နေရာတွင် ၀ ရရှိမည့် ကိန်းပြောင်းဖွဲ့မှုနှစ်ကြိမ်ဖြင့် ပေါင်းခြင်း၊ ➤ ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး ➤ ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး	● ကလေးများသည် ဂဏန်း ၃ လုံးပါကိန်းများအတွင်း အဖြေ၏ ဆယ်နေရာတွင် ၀ ရရှိမည့် ကိန်းပြောင်းဖွဲ့မှု နှစ်ကြိမ်ဖြင့် ပေါင်းနိုင်မည်။
၁၃	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကျပ်ဆိုင်ရာအပေါင်းပုစ္ဆာများ ဖြေရှင်းတတ်ရန်၊	● ဂဏန်း ၃ လုံးပါကိန်းများအတွင်း ကျပ်ဆိုင်ရာ အပေါင်းပုစ္ဆာများ ဖြေရှင်းရန် လေ့ကျင့်ခြင်း၊	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကျပ်ဆိုင်ရာ အပေါင်းပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၄-၁၆	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အပေါင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အပေါင်းအမျိုးမျိုးကို လေ့ကျင့်ခြင်း၊ ● အပေါင်းပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း၊	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အပေါင်းအမျိုးမျိုးကို တွက်နိုင်မည်။ ● ကလေးများသည် အပေါင်းပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းနိုင်မည်။

DBE Box_Copyright Protected

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ၁၀၀အတွင်း ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်းကို ဒေါင်လိုက်ပုံစံအသုံးမပြုဘဲ သင်ယူခဲ့ကြသည်။ ဤအခန်းတွင် သင်ခန်းစာ ၁ ကို မသင်ကြားမီ ထိုအချက်ကို ကလေးများ ပြန်လည်သတိရရန် လိုအပ်သည်။

ဒေါင်လိုက်ပေါင်းခြင်းနှင့်စပ်လျဉ်း၍ ဒုတိယတန်း အခန်း ၃ တွင် ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်းနှင့် ကိန်းပြောင်းဖွဲ့မှုပါသောပေါင်းခြင်းတို့ကို ဒေါင်လိုက်ပုံစံဖြင့် သင်ယူခဲ့သည်။ ထို့အပြင် ၁၀၀၀ အထိကိန်းများကိုလည်း အခန်း ၈ ၌ သင်ယူခဲ့သည်။ ထိုသိပြီး အသိပညာကို ပြန်လည်မှတ်မိစေခြင်းဖြင့် ကလေးများသည် ဤအခန်းတွင် ဂဏန်း ၃ လုံးပါကိန်းများအတွင်း ပေါင်းခြင်းကို သင်ယူရန် အဆင်သင့် ဖြစ်ပေမည်။

သင်ကြားသင်ယူရမည့်အချက်များ

ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း၊ ရာပြည့်ကိန်း + ရာပြည့်ကိန်း

ကလေးများသည် ပြီးခဲ့သောအခန်းတွင် ၁၆၀ ကို ၁၆ ဆယ်ဟု ယူဆနိုင်ကြောင်း သင်ယူခဲ့သည်။ ယခုအခန်းတွင် ဤသဘောကို အသုံးပြုကြမည်။ ဥပမာ ၉၀ + ၇၀ ကို ၉ ဆယ် + ၇ ဆယ်ဟု ယူဆနိုင်သည်ဖြစ်ရာ အဖြေကို ၁၆ ဆယ် (တစ်နည်းအားဖြင့်) ၁၆၀ အဖြစ် ရှာနိုင်သည်။ ၉ + ၇ = ၁၆ ဟု ဦးစွာတွက်ပြီး ၁၆ တွင် သုည ထပ်ထည့်ကာ အဖြေ ၁၆၀ ပြုလုပ်နိုင်သည့် အတွက် ဤနည်းဖြင့် ပေါင်းခြင်းသည် ပို၍လွယ်ကူသည်။ ထိုနည်းတူစွာ ၆၀၀ + ၂၀၀ ကို ၆ ရာ + ၂ ရာ ဟု မြင်နိုင်သည်။ အတန်းကြီးများတွင် ၆၀၀၀၀ + ၂၀၀၀၀ နှင့် ၀.၀၆ + ၀.၀၂ တို့ကို တွက်ရာတွင် ဤသဘောကို အသုံးပြုနိုင်သည်။

ဤအခန်းတွင် ကလေးများသည် ၁၀၀ အထိ ကိန်းများကို ဒေါင်လိုက်ပုံစံဖြင့် ပေါင်းခြင်းကို သင်ယူကြသည်။ ဒေါင်လိုက်ပုံစံဖြင့် ပေါင်းခြင်းကို ဤအခန်းတွင် အသစ်မိတ်ဆက်သင်ကြားသည်။ ကလေးများသည် အောက်ပါအတိုင်း ပေါင်းခြင်းကို ဖြစ်ရပ်နှစ်မျိုးဖြင့် သီခြားစီ သင်ယူကြသည်။

(၁) ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်း
(၂) ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုပါသော ပေါင်းခြင်း
ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ဒေါင်လိုက်ပေါင်းခြင်း

ဤအခန်းတွင် ဂဏန်း ၃ လုံးပါကိန်းများအထိ ဒေါင်လိုက်ပေါင်းခြင်းကို သင်ယူကြသည်။ ဒေါင်လိုက်ပေါင်းရာတွင် အောက်ပါအဓိကအချက်များကို ကလေးများ ပြန်လည်မှတ်မိရန် အရေးကြီးသည်။

- နေရာအလိုက်ဂဏန်းများ ပေါင်းခြင်း
- ခုနေရာတွင် ပထမ၊ ထို့နောက် ဆယ်နေရာ၊ ထို့နောက် ရာနေရာတွင် ပေါင်းခြင်း
- နေရာအလိုက်ဂဏန်းများ ဒေါင်လိုက်ပေါင်း၍ ရသည့်အဖြေကို သက်ဆိုင်ရာအတိုင်တွင် ရေးခြင်း
- ကိန်းပြောင်းဖွဲ့ခြင်းကို အတိုင်၏ထိပ်တွင် ၁ တင်ပြီး ဖော်ပြသည်။

ဤကျောင်းသုံးစာအုပ်တွင် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ဒေါင်လိုက်ပေါင်းခြင်းကို အခြေခံအားဖြင့် အောက်ပါအတိုင်း အမျိုးအစား ၅ မျိုး ခွဲခြားထားသည်။

- ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်း
- ခုနေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း
- ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း
- ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း
- အဖြေ၏ ဆယ်နေရာတွင် ၀ ရမည့် နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း



အခန်း ၉ ၏ အစပိုင်းတွင် မည်သို့ပေါင်းရမည်ကို ပုံတွင်ပြထားသည့် ဒေါင်လိုက်ပုံစံနှင့် ကိုယ်စားပြုပစ္စည်းများကိုချိတ်ဆက်၍ အဆင့်ဆင့်ရှင်းပြထားသည်။ ကလေးများသည် ဒေါင်လိုက်ပုံစံကို အကျွမ်းဝင်လာပြီဖြစ်သဖြင့် နောက်ပိုင်းအဆင့်များတွင် အောက်တွင် ဖော်ပြထားသော ဒေါင်လိုက်ပုံစံကိုသာ (ကိုယ်စားပြုပစ္စည်းမပါဘဲ)အသုံးပြု၍ တွက်ချက်မှုအဆင့်ဆင့်ကို ရှင်းပြထားသည်။



ဤအပေါင်းအမျိုးအစားကို လုံလောက်စွာလေ့ကျင့်ရန် အရေးကြီးသည့် အတွက် ဆရာက ဆရာလမ်းညွှန်စာအုပ်မှ ဖြည့်စွက်လေ့ကျင့်ခန်းများကို ပေးရမည်။ သို့မှသာ ကလေးများသည် နောက်အပေါင်းအမျိုးအစားကို သင်ယူနိုင်ရန် အဆင်သင့်ဖြစ်ပေမည်။ ဤသို့မပြုလုပ်လျှင် ကလေးအများစုသည် အမှန်တကယ် သဘောပေါက်ပြီး တွက်ချက်မှု ကျွမ်းကျင်မည် မဟုတ်ပေ။

DBE Pilot – Copyright Protected

သင်ကြားသင်ယူရမည့်အချက်များ

အပေါင်းသင်္ခန်းစာ (၂) သင်္ခန်းစာ ဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ပေါင်းလဒ်ဂဏန်း ၃ လုံးရမည့် ဆယ်ပြည့်ကိန်းနှင့် ရာပြည့်ကိန်းများ ပေါင်းခြင်း

- ဒေါင်လိုက်မဟုတ်ဘဲ ဆယ်ပြည့်ကိန်းများနှင့် ရာပြည့်ကိန်းများကို ပေါင်းခြင်း
  - ဆယ်ပြည့်ကိန်းများ + ဆယ်ပြည့်ကိန်းများ (ဥပမာ ၃၀ + ၅၀)
  - ရာပြည့်ကိန်းများ + ရာပြည့်ကိန်းများ (ဥပမာ ၃၀၀ + ၄၀၀)
  - ၄၃၀ + ၂၀ ကဲ့သို့ အပေါင်းများ

၂။ ပေါင်းလဒ်ဂဏန်း ၃ လုံးရမည့် ဂဏန်း ၂ လုံးနှင့် ဂဏန်း ၁ လုံးပေါင်းခြင်း

- ဒေါင်လိုက် ပေါင်းခြင်း
  - ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံး (ရာနေရာထိသာ ကိန်းပြောင်းဖွဲ့၍)
  - ဂဏန်း ၂လုံး + ဂဏန်း ၂ လုံး (ဆယ်နေရာနှင့် ရာနေရာထိ ကိန်းပြောင်းဖွဲ့၍)
- ဒေါင်လိုက်ပေါင်းခြင်း
  - ဂဏန်း ၂ လုံး + ဂဏန်း ၂ လုံး (ဆယ်နေရာနှင့် ရာနေရာထိသာ ကိန်းပြောင်းဖွဲ့ပြီး ဆယ်နေရာတွင် ၀ ရှိသော)
  - ဂဏန်း ၂ လုံး + ဂဏန်း ၁ လုံး (ဆယ်နေရာနှင့် ရာနေရာထိ ကိန်းပြောင်းဖွဲ့၍)

၃။ ပေါင်းလဒ်ဂဏန်း ၃လုံးရမည့်ဂဏန်း ၃ လုံးအတွင်း ပေါင်းခြင်း

- ကိန်းပြောင်းဖွဲ့မှု မပါဘဲ ဒေါင်လိုက် ပေါင်းခြင်း
  - ဂဏန်း ၃လုံး + ဂဏန်း ၃လုံး
  - ဂဏန်း ၃လုံး + ဂဏန်း ၂လုံး
  - ဂဏန်း ၃လုံး + ဂဏန်း ၁လုံး
- တစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း
  - ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး
  - ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး
  - ဂဏန်း ၃ လုံး + ဂဏန်း ၁ လုံး
- နှစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်ပေါင်းခြင်း
  - ဂဏန်း ၃ လုံး + ဂဏန်း ၃ လုံး
  - ဂဏန်း ၃ လုံး + ဂဏန်း ၂ လုံး
  - ဂဏန်း ၃ လုံး + ဂဏန်း ၁ လုံး
- အဖြေ ခုဂဏန်း၊ ဆယ်ဂဏန်း တို့တွင် ၀ ရှိသော ဂဏန်း ၃ လုံးပါ ကိန်းများ ပေါင်းခြင်း (ဥပမာ ၊ ၃၂၇ + ၁၇၈)

၄။ အတွက်အချက် ကျွမ်းကျင်မှုများ ခိုင်မာစေခြင်း

- ဂဏန်း ၃ လုံးအတွင်း အပေါင်း အမျိုးမျိုးကို လေ့ကျင့်ခြင်း

၅။ ပုစ္ဆာ ဖြေရှင်းခြင်း

- စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း (လေ့ကျင့်ခန်းများ)

DBE Book - Copyright Protected

လေ့ကျင့်ခန်း၏အဖြေများ (စာသင်ခိုနိ် ၁၄၊ ၁၅ နှင့် ၁၆)

၁။	(က)	၁၅၀	(ခ)	၇၀၀	(ဂ)	၁၈၀	(ဃ)	၄၇၀
၂။	(က)	၁၃၈	(ခ)	၁၄၆	(ဂ)	၁၀၇	(ဃ)	၁၄၂
	(င)	၁၅၄	(စ)	၁၆၀	(ဆ)	၁၀၆	(ဇ)	၁၀၃
၃။	(က)	၂၅၇	(ခ)	၈၆၃	(ဂ)	၄၂၆	(ဃ)	၆၇၃
	(င)	၅၃၄	(စ)	၇၅၀	(ဆ)	၆၀၅	(ဇ)	၃၀၀

၄။ ၉၇ + ၁၂၅ = ၂၂၂ အဖြေ ၂၂၂ ကြိမ်

၅။ ၂၆၉ + ၂၅၈ = ၅၂၇ အဖြေ ၅၂၇ ဘူး

၆။ ၃၅၀ + ၄၅၀ = ၈၀၀ အဖြေ ၈၀၀ ကျပ်

ခက်ခဲမေးခွန်း

		၁					
	၄	၇			၃	၆	
+	၃	၅		+	၄	၂	
	၈	၂			၇	၈	

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း (ဥပမာ ၇၀ + ၅၀)
- ရာပြည့်ကိန်း + ရာပြည့်ကိန်း (ဥပမာ ၃၀၀ + ၄၀၀)
- ဂဏန်း ၂ လုံးပါဆယ်ပြည့်ကိန်း + ဆယ်ပြည့်ကိန်း (ဥပမာ ၄၃၀ + ၂၀) တို့ကို ပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- စာအုပ် ၁၀ အုပ်ထုပ် ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁) ကို ကလေးများဖတ်စေပြီး စာအုပ် ၁၀ အုပ်ထုပ် ပုံများ ကပ်ပါ။ အောက်ပါ မေးခွန်းများကိုမေးပါ။

- စာအုပ် ၁၀ အုပ်ထုပ် ဘယ်နှထုပ်ရှိသလဲ၊ နောက်ထပ် ဘယ်နှထုပ် ထပ်ဝယ်သလဲ။
- စာအုပ် ၁၀ အုပ်ထုပ် အားလုံး ဘယ်နှထုပ်ရှိသလဲ။
- စာအုပ် အားလုံး ဘယ်နှအုပ် ရှိသလဲ။

တစ်တန်းလုံးကိုတင်ပြပြီး စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာအုပ် ၁၀ အုပ်ထုပ် အပေါ် အခြေခံပြီး ၈ ထုပ် + ၅ ထုပ် = ၁၃ ထုပ်ဖြင့် တွက်လျှင် ပိုလွယ်သည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ မေးခွန်း (၁) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက် တစ်တွဲ စစ်ဆေးပါစေ၊ ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆယ်ပြည့်ကိန်းများကို အခြေခံ၍ တွက်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ အဓိကမေးခွန်း (၂) ကို ကလေးများ ကြည့်ပါစေ။ ၆၀၀ + ၂၀၀ ကို မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၂ ရာ + ၆ ရာ = ၈ ရာဖြင့် တွက်လျှင် ပိုလွယ်သည်ကို တွေ့ရှိပါစေ။

၄။ မေးခွန်း (၂) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါစေ။

၅။ အဓိကမေးခွန်း (၃) ကို အဓိကမေးခွန်း (၂) ပါ အဆင့်များအတိုင်း ဖြေရှင်းပါစေ။

၆။ သင်ကြားခဲ့သည်များကို ပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၉ အပေါင်း သင်ခန်းစာ ၂

၁ ဗလာစာအုပ် အုပ် ၈၀ ရှိတယ်။ နောက်ထပ် ဗလာစာအုပ် အုပ် ၅၀ ထပ်ဝယ်လိုက်တယ်။ ဗလာစာအုပ်အားလုံး ဘယ်လောက်ရှိသလဲ။



ညီမျှခြင်း ၈၀ + ၅၀ = ၁၃၀ အဖြေ ၁၃၀ အုပ်



၂ တွက်ပါ။

(က) ၇၀ + ၄၀ = ၁၁၀ (ခ) ၆၀ + ၆၀ = ၁၂၀ (ဂ) ၅၀ + ၉၀ = ၁၄၀

၃ ၂၀၀ + ၆၀၀ ကို ဘယ်လိုတွက်မလဲ။



၂၀၀ + ၆၀၀ = ၈၀၀

၄ တွက်ပါ။

(က) ၁၀၀ + ၃၀၀ = ၄၀၀ (ခ) ၅၀၀ + ၂၀၀ = ၇၀၀ (ဂ) ၅၀၀ + ၅၀၀ = ၁၀၀၀

၅ တွက်ပါ။

(က) ၁၅၀ + ၃၀ = ၁၈၀ (ခ) ၆၀ + ၃၁၀ = ၃၇၀



၅၂

ဖြည့်စွက်လေ့ကျင့်ခန်း

ဤသင်ခန်းစာတွင် သင်ယူရသော အပေါင်းသည် ဝ ပေါင်းထည့်ခြင်းမှ လွဲ၍ ၁၀၀ အတွင်း ပေါင်းခြင်းနှင့် သဘောတရား အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ကလေးများသည် ဒေါင်လိုက်ပုံစံ အသုံးမပြုဘဲ စိတ်ကူးဖြင့်ပင် တွက်ချက်နိုင်သင့်သည်။ ဤအကြောင်းကြောင့် ဆရာက လေ့ကျင့်ချိန် လုံလောက်စွာ ပေးသင့်သည်။

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၈၀ + ၆၀ = ၁၄၀ (ခ) ၇၀ + ၇၀ = ၁၄၀ (ဂ) ၄၀ + ၉၀ = ၁၃၀ (ဃ) ၃၀ + ၈၀ = ၁၁၀

(င) ၉၀ + ၉၀ = ၁၈၀ (စ) ၇၀ + ၆၀ = ၁၃၀ (ဆ) ၅၀ + ၇၀ = ၁၂၀ (ဇ) ၈၀ + ၈၀ = ၁၆၀

၂။ အောက်ပါတို့ကို တွက်ပါ။

(က) ၄၀၀ + ၃၀၀ = ၇၀၀ (ခ) ၇၀၀ + ၁၀၀ = ၈၀၀ (ဂ) ၄၀၀ + ၄၀၀ = ၈၀၀ (ဃ) ၈၀၀ + ၂၀၀ = ၁၀၀၀

၃။ အောက်ပါတို့ကို တွက်ပါ။

(က) ၁၂၀ + ၄၀ = ၁၆၀ (ခ) ၅၀ + ၁၃၀ = ၁၈၀ (ဂ) ၂၁၀ + ၈၀ = ၂၉၀ (ဃ) ၁၀ + ၃၆၀ = ၃၇၀

(င) ၂၀၀ + ၇၀ = ၂၇၀ (စ) ၆၇၀ + ၂၀ = ၆၉၀ (ဆ) ၅၀ + ၄၂၀ = ၄၇၀ (ဇ) ၇၀ + ၇၀၀ = ၇၇၀

DPU Box - Copyright Protected

၄ **စုစုမှာ ခရေပန်း ၇၄ ပွင့်နဲ့ ထွန်းထွန်းမှာ ခရေပန်း ၅၃ ပွင့် ရှိတယ်။ ခရေပန်းပွင့်အားလုံး ဘယ်လောက်ရှိသလဲ။**

ညီမျှခြင်း ရေးပါ။ ~~၇၄~~ + ~~၅၃~~ = ?

(က) အကွက်တွေသုံးပြီး ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။



(ခ) ဒေါင်လိုက် ဘယ်လိုတွက်မလဲ စဉ်းစားပါ။

ရာ	ဆယ်	ခု
	၇	၄
+	၅	၃
၁	၂	၇

စာသင်ချိန် ၂ ၊ ၃

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ဆယ်နေရာတွင် သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၄) ကို ကလေးများ နားလည်ရန် ဦးစွာ ဖတ်ပါစေ။ ကွက်လပ်ဖြည့်ပြီး ညီမျှခြင်း ရေးပါစေ။

၂။ ကလေးအချို့အား သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုး ဇယားတွင် အကွက်ကတ်ပြားများ ကပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၇၄ သည် ၇၀ နှင့် ၄၊ ၅၃ သည် ၅၀ နှင့် ၃ ဖြစ်သည် ကို ပြန်လည် သတိရပါစေ။

၃။ ၇၄ + ၅၃ ကို ဒေါင်လိုက် ရေးပါစေ။ ၇၄ + ၅၃ ကို ဒေါင်လိုက်မည်သို့ တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲ မျှဝေပါစေ၊ ပြီးနောက် တစ်တန်းလုံးကို မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဒေါင်လိုက်ပုံစံတွင် အကွက်များနှင့် ကိန်းများကို ချိတ်ဆက်ပါ။

➔ ယခင်သင်ခန်းစာနှင့်မတူဘဲ ဆယ်နေရာတွင် ၁၂ ဆယ်ရှိသည်ကို ကလေးများ သတိပြုမိပါစေ။

➔ ဒေါင်လိုက်ပုံစံတွက်ချက်မှုကို နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များ အသုံးပြုပြီး စိတ်ကူးများကို ရှင်းပြပါစေ။

သင်ပုန်းအသုံးပြုပုံနမူနာ



ဤအဆင့်တွင် နောက်တစ်မျက်နှာကို မကြည့်စေဘဲ မည်သို့တွက်ရမည်ကို ကလေးများ စဉ်းစားပါစေ

အကွက်များကို နေရာလိုက်တန်ဖိုးဇယားတွင် ထားပြီး ကိန်းများကို ဒေါင်လိုက်ပုံစံဖြင့် နေရာချပြီးနောက် ဇယားနှင့် ဒေါင်လိုက်ပုံစံ ချိတ်ဆက်ပြီး ၇၄ + ၅၃ အား မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။

အကွက်များ ရွှေ့ခြင်းနှင့် ကိန်းများရေးခြင်းကို အဆင့်ဆင့် ပြုလုပ်ပြီး စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

DBE Box – Copyright Protected

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ ကျောင်းသုံးစာအုပ်မှ အနီရောင်လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၃) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါစေ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

- သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများ ချွေခြင်းဖြင့် တွက်ချက်မှုအဆင့်တိုင်းအတွက် ဒေါင်လိုက်ပုံစံတွင် အကွက်ကတ်ပြားများနှင့် ကိန်းများကို ချိတ်ဆက်ပါ။
- ဆယ်နေရာရှိ ၁၂ ဆယ်ကို ကလေးများ သတိပြုမိစေပြီး ၁၂ ဆယ်သည် ၁၀ ဆယ်နှင့် ၂ ဆယ်ဖြစ်သည်ကို အတည်ပြုပါစေ။
- ၁၀ ဆယ်သည် ၁ ရာ ဖြစ်သည့်အတွက် ရာနေရာသို့ ပို့သည်ကို ကလေးများ တွေ့ရှိပါစေ။

၅။ မေးခွန်း (၃)နှင့် (၄)ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

- လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။
- အဆင့် (၃) ဆင့်ဖြင့် ကလေးများ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၇၄ + ၅၃ ကို ဒေါင်လိုက် ဘယ်လိုတွက်မလဲ။



ညီမျှခြင်း ၇၄ + ၅၃ = ၁၂၇

အဖြေ ၁၂၇ ပွင့်



၃ ၆၂ + ၁၇ ကို ဒေါင်လိုက်တွက်ပါ။

	၁		
	၆	၂	
+	၁	၇	
၁	၀	၉	

၄ ဒေါင်လိုက်တွက်ပါ။

(က) ၇၃ + ၅၆ = ၁၂၉ (ခ) ၇၀ + ၆၈ = ၁၃၈ (ဂ) ၃၄ + ၇၅ = ၁၀၉ (ဃ) ၉၃ + ၄၄ = ၁၃၇

သင်ပုန်းအသုံးပြုပုံနမူနာ

တွက်နည်း အဆင့်ဆင့်ကို အောက်ပါအတိုင်း အဆင့်ဆင့် ရှင်းပြနိုင်သည်။



DBE Box – Copyright Protected

စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကို ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၄၇ + ၈၅ ကို မေးပြီး သင်ပုန်းပေါ်ရှိ နေရာလိုက် တန်ဖိုးဇယားတွင် အကွက်ကတ်ပြားများကို ကလေးများ ကပ်ပါစေ။

၂။ နေရာလိုက် တန်ဖိုးဇယားတွင် အကွက်များ သုံးပြီး ၄၇ + ၈၅ ကို မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲမျှဝေပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအပေါင်းတွင် နှစ်ကြိမ်ကိန်းပြောင်းဖွဲ့ရမည်ကို ကလေးများ သတိပြုမိပါစေ။

၃။ ကျောင်းသုံးစာအုပ်မှ အနီရောင်လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၃) ဆင့်ကို တစ်တန်းလုံးကို အတည်ပြုပါ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများကို ရွှေ့ခြင်းဖြင့် တွက်ချက်မှုအဆင့်တိုင်းအတွက် ဒေါင်လိုက်ပုံစံတွင် အကွက်ပြားများနှင့် ကိန်းများကို ချိတ်ဆက်ပါ။

၄။ မေးခွန်း (၅) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အဆင့် (၃) ဆင့်ဖြင့် ရှင်းပြပါ။

၅။ မေးခွန်း (၆) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၉ အပေါင်း သင်ခန်းစာ ၂

၅။ ၄၇ + ၈၅ ကို ဒေါင်လိုက်တွက်ရအောင်။





၄၇ + ၈၅ ကို ဒေါင်လိုက် ဘယ်လိုတွက်မလဲ။



အဆင့် (၁)
ဆယ်ဂဏန်းနှင့် ခုဂဏန်းများကို ဆယ်နေရာနှင့် ခုနေရာ အသီးသီးမှာ ရေးပါ။

အဆင့် (၂)
ခုနေရာမှ ဂဏန်းများကို ပေါင်းပါ။ ၇ + ၅ = ၁၂
၂ ကို ဆယ်နေရာသို့ ပို့ပါ။

အဆင့် (၃)
ဆယ်နေရာမှ ဂဏန်းများကို ပေါင်းပါ။
၁ + ၄ + ၈ = ၁၃
၁ ကို ရာနေရာသို့ ပို့ပါ။

၁ ၃၅ + ၅၉ ကို ဒေါင်လိုက်တွက်ပါ။



၆ ဒေါင်လိုက်တွက်ပါ။

(က) ၈၆ + ၄၇ = ၁၃၃ (ခ) ၈၇ + ၅၈ = ၁၄၅ (ဂ) ၆၆ + ၄၉ = ၁၁၅ (ဃ) ၆၃ + ၂၇ = ၉၀

ဖြည့်စွက်လေ့ကျင့်ခန်း (စာသင်ချိန် ၂–၅ အတွက်)

အောက်ပါတို့သည် ဒေါင်လိုက်ပေါင်းခြင်းကို ကလေးများ ပိုမိုလေ့ကျင့်နိုင်ရန် ပေးထားသော ပုစ္ဆာများ ဖြစ်သည်။ လုံလောက်စွာ မလေ့ကျင့်ဘဲ ကလေးများသည် ဒေါင်လိုက်ပေါင်းခြင်းကို ကျွမ်းကျင်စွာ ပြုလုပ်နိုင်မည်မဟုတ်။ ကလေးများ လျင်မြန်စွာတွက်နိုင်စေရန် လက်ချိုးမရေတဲ့ တွက်ရန် ဆရာက ကလေးများကို အားပေးထိုက်တွန်း သင့်သည်။

၁။ တွက်ပါ။

(က) ၈၇ + ၉၀ = ၁၇၇ (ခ) ၅၇ + ၈၂ = ၁၃၉ (ဂ) ၄၅ + ၇၂ = ၁၁၇ (ဃ) ၉၅ + ၄၃ = ၁၃၈

(င) ၆၆ + ၆၂ = ၁၂၈ (စ) ၈၆ + ၆၃ = ၁၄၉ (ဆ) ၂၅ + ၈၁ = ၁၀၆ (ဇ) ၇၁ + ၃၅ = ၁၀၆

၂။ တွက်ပါ။

(က) ၆၄ + ၅၉ = ၁၂၃ (ခ) ၉၆ + ၈၅ = ၁၈၁ (ဂ) ၅၆ + ၇၇ = ၁၃၃ (ဃ) ၆၅ + ၉၈ = ၁၆၃

(င) ၄၇ + ၈၆ = ၁၃၃ (စ) ၅၇ + ၆၄ = ၁၂၁ (ဆ) ၃၂ + ၈၈ = ၁၂၀ (ဇ) ၈၃ + ၄၉ = ၁၃၂

DBE Box – Copyright Protected

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- ပေါင်းလဒ်၏ ဆယ်နေရာတွင် ၀ ရမည့် ဂဏန်း ၂ လုံးပါ ကိန်း ၂ ခုကိုပေါင်းတတ်ရန်၊
- ကိန်းပြောင်းဖွဲ့မှု ၂ ကြိမ်ပါ သော ဂဏန်း ၁ လုံးပါ ကိန်းနှင့် ဂဏန်း ၂ လုံးပါ ကိန်းတို့ကို ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၆ (က)နှင့် (ခ) ကို တစ်ဦးချင်းစီတွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး အဆင့် (၃) ဆင့်ဖြင့် တစ်တန်းလုံးသို့ တင်ပြပါစေ။

၂။ မေးခွန်း ၇၊ ၈ နှင့် ၉ ကို တစ်ဦးချင်းစီ ဒေါင်လိုက်တွက်ပါစေ။ နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အပေါင်းပုံစံ နှစ်မျိုးကို အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၇ ၊ ၈

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့မှုမပါဘဲ ခုနေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၇ (က) နှင့် (ခ) ကို တစ်ဦးချင်းစီတွက်ပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါ။ တစ်တန်းလုံးကို အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၂၀၀ အတွင်း အလားတူ အပေါင်းပုံစံကို မည်ကဲ့သို့တွက်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ မေးခွန်း(၁၀)နှင့်(၁၁)ကို တစ်ဦးချင်းစီ ဒေါင်လိုက်တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့်ဆင့်မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၉ အပေါင်း သင်ခန်းစာ ၂

၆ ဒေါင်လိုက်တွက်ရအောင်။

(က)

	၁	၆	၇
+		၃	၅
	၁	၀	၂

(ခ)

		၁	၆
+		၉	၄
	၁	၀	၀

၇ ဒေါင်လိုက်တွက်ပါ။

(က) ၈၅ + ၁၉ (ခ) ၂၈ + ၇၈ (ဂ) ၅၆ + ၄၇ (ဃ) ၃၄ + ၆၆

၁၀၄ ၁၀၆ ၁၀၃ ၁၀၀

၈ ဒေါင်လိုက်တွက်ပါ။

(က) ၉၂ + ၉ (ခ) ၇ + ၉၉ (ဂ) ၉၅ + ၅ (ဃ) ၈ + ၉၇

၁၀၁ ၁၀၆ ၁၀၀ ၁၀၅

၉ မိမိမှာ ကြယ်သီးအနီ ၉၃ လုံးနဲ့ ကြယ်သီးအပြာ ၈ လုံးရှိတယ်။ မိမိမှာ ကြယ်သီးအားလုံး ဘယ်နှလုံးရှိသလဲ။

၉၃ + ၈ = ၁၀၁ အဖြေ ၁၀၁ လုံး

၁၀ ဒေါင်လိုက်တွက်ရအောင်။

(က)

	၃	၅	၆
+	၁	၆	၂
	၄	၁	၈

(ခ)

	၆	၃	၈
+	၂	၃	၆
	၈	၆	၄

၁၁ ဒေါင်လိုက်တွက်ပါ။

(က) ၄၆၃ + ၃၃၅ (ခ) ၅၀၃ + ၁၈၀ (ဂ) ၇၁၆ + ၅၁ (ဃ) ၂၄၁ + ၇

၇၉၈ ၆၈၃ ၇၆၇ ၂၄၈

၅၆

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပုစ္ဆာများသည် အဓိကမေးခွန်း (၇) ပါ ပုစ္ဆာများနှင့် ပုံစံတူဖြစ်သည်။

၁။ တွက်ပါ။

(က) ၃၄၁ + ၁၂၄ (ခ) ၂၆၀ + ၆၁၇

၄၆၅ ၈၇၇

(ဂ) ၄၂၁ + ၂၃၈ (ဃ) ၂၆၃ + ၄၁၅

၆၅၉ ၆၇၈

(င) ၂၃၄ + ၆၂ (စ) ၃၀ + ၂၀၁

၂၉၆ ၂၃၁

(ဆ) ၁၆၉ + ၄၁၆ (ဇ) ၃၂၈ + ၆၁၅

၅၈၅ ၉၄၃

(ဈ) ၅၀၆ + ၂၄၉ (ည) ၃၇၈ + ၄၀၇

၇၅၅ ၇၈၅

(ဋ) ၁၅၇ + ၂၈ (ဌ) ၄၁၈ + ၇၂

၁၈၅ ၄၉၀

DBE Box Copyright Protected

စာသင်ချိန် ၉

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၂၆၅ + ၁၈၃ ကို မေးပြီး ကလေးတစ်ဦးချင်းစီဖြေပါစေ။ မည်သို့ တွက်ရမည်ကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၂၀၀ အတွင်း အလားတူ အပေါင်းပုံစံကို မည်ကဲ့သို့တွက်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး ၂၆၅ + ၁၈၃ ကို မည်သို့တွက်ရမည်ကို တစ်တန်းလုံးကို အတည်ပြုပါ။

၃။ မေးခွန်း ၁၂ ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

တင်ပြပါစေ။

၂။ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး ၄၆၉ + ၃၅၄ ကို မည်သို့တွက်ရမည်ကို တစ်တန်းလုံးအား အတည်ပြုပါ။

၃။ မေခွန်း ၁၃ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၁၀ ၊ ၁၁

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၄၆၉ + ၃၅၄ ကို မေးပြီး ကလေးတစ်ဦးချင်းစီ တွက်ပါစေ။ မည်သို့တွက်ရမည်ကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးသို့

---

၈ ၂၆၅ + ၁၈၃ ကို ဒေါင်လိုက် ဘယ်လိုတွက်ရမလဲ စဉ်းစားရအောင်။

၂၆၅ + ၁၈၃ ကို ဒေါင်လိုက် ဘယ်လိုတွက်ရမလဲ။



၁၂ ဒေါင်လိုက်တွက်ပါ။

(က) ၁၉၀ + ၁၂၄ (ခ) ၆၅၄ + ၂၈၂ (ဂ) ၁၄၆ + ၇၆၃ (ဃ) ၄၃ + ၃၆၄

၃၁၄ ၉၃၆ ၈၀၉ ၄၀၇

၉ ၄၆၉ + ၃၅၄ ကို ဒေါင်လိုက် ဘယ်လိုတွက်ရမလဲ စဉ်းစားရအောင်။

၄၆၉ + ၃၅၄ ကို ဒေါင်လိုက် ဘယ်လိုတွက်ရမလဲ။



၁၃ ဒေါင်လိုက်တွက်ပါ။

(က) ၂၃၈ + ၁၇၅ (ခ) ၁၅၃ + ၃၇၈ (ဂ) ၅၆၄ + ၃၇၆ (ဃ) ၂၈၆ + ၄၃

၄၁၃ ၅၃၁ ၉၄၀ ၃၃၃

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပဟေဠိများသည် အဓိက မေးခွန်း (၈) နှင့် (၉) ပါ ပဟေဠိများနှင့် ပုံစံတူ ဖြစ်သည်။

၁။ တွက်ပါ။

(က) ၂၃၇ + ၃၉၁ = ၆၂၈
(ခ) ၃၅၂ + ၁၉၆ = ၅၄၈
(ဂ) ၂၉၄ + ၂၀၄ = ၄၉၈
(ဃ) ၃၄၀ + ၆၀ = ၄၀၀
(င) ၁၅၆ + ၇၁ = ၂၂၇
(စ) ၈၆၈ + ၉၀ = ၉၅၈
(ဆ) ၄၈၉ + ၂၅၇ = ၇၄၆
(ဇ) ၆၈၉ + ၁၈၉ = ၈၇၈
(ဈ) ၃၄၅ + ၄၇၅ = ၈၂၀
(ည) ၅၂၇ + ၃၄၄ = ၈၂၁
(ဋ) ၄၆၅ + ၂၄၇ = ၇၁၂
(ဌ) ၈၂ + ၃၄၉ = ၄၃၁

DRBox – Copyright Protected

စာသင်ချိန် ၁၂

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါကိန်းများအတွင်း ငွေကြေး "ကျပ်" ဆိုင်ရာအပေါင်းပုစ္ဆာများ ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း (၁၁) ကို ကလေးများ ဖတ်ပြီး နားလည်ပါစေ။ မည်သို့တွက်ရမည်ကိုမေးပါ။ ကလေးတစ်ဦးချင်းတွက်စေပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ တစ်တန်းလုံးကိုတင်ပြပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ပေါင်းခြင်းနှင့်တူပြီး အဖြေတွင် "ကျပ်" ပါသည်ကို အလေး အနက်ပြောပါ။

၂။ မေခွန်း (၁၅)မှ (၁၈) အထိကို တစ်ဦးချင်းစီ တွက်ပါစေ။ အတန်းသို့ တင်ပြပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်က သင်ယူခဲ့သည့် အတိုင်း "ကျပ်"ဖြင့် ပေါင်းခြင်းကို မှန်ကန်စွာပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပုစ္ဆာများသည် အဓိကမေးခွန်း (၁၀)ပါ ပုစ္ဆာများနှင့် ပုံစံတူဖြစ်သည်။

၁။ တွက်ပါ။

(က) ၁၄၅ + ၄၅၇ = ၆၀၂

(ခ) ၆၂၈ + ၂၇၆ = ၉၀၄

(ဂ) ၅၃၄ + ၁၆၆ = ၇၀၀

(ဃ) ၃၉၅ + ၄၀၅ = ၈၀၀

(င) ၅၈ + ၃၄၆ = ၈၀၄

(စ) ၅၁၃ + ၈၇ = ၆၀၀

စာသင်ချိန် ၁၂

သင်ယူမှုဦးတည်ချက်

- အဖြေ၏ဆယ်နေရာတွင် ၀ ရရှိမည့် ဂဏန်း ၃ လုံးအတွင်း ကိန်းများကို ကိန်းပြောင်းဖွဲ့မှုနှစ်ကြိမ်ဖြင့် ပေါင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁၀) ကို ကလေး တစ်ဦးချင်းစီ တွက်စေပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ကလေးအချို့ကို အတန်းသို့ တင်ပြစေပြီး မည်သို့တွက်ရမည်ကို တစ်တန်းလုံးကို အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၂၀၀ အတွင်း အလားတူ အပေါင်းပုံစံကို မည်ကဲ့သို့တွက်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ မေးခွန်း (၁၄) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာတွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၁၂

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါကိန်းများအတွင်း ငွေကြေး "ကျပ်" ဆိုင်ရာအပေါင်းပုစ္ဆာများ ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း (၁၁) ကို ကလေးများ ဖတ်ပြီး နားလည်ပါစေ။ မည်သို့တွက်ရမည်ကိုမေးပါ။ ကလေးတစ်ဦးချင်းတွက်စေပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ တစ်တန်းလုံးကိုတင်ပြပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်က သင်ယူခဲ့သည့် အတိုင်း "ကျပ်"ဖြင့် ပေါင်းခြင်းကို မှန်ကန်စွာပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၂။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၁၀ **၂၆၇ + ၁၃၄ ကို ဒေါင်လိုက် တွက်ပါ။**

	၂	၆	၇
+	၁	၃	၄
	၄	၀	၁

၁၄ ဒေါင်လိုက်တွက်ပါ။

(က) ၄၁၉ + ၂၈၅ (ခ) ၁၄၂ + ၃၅၈ (ဂ) ၃၇၇ + ၂၅ (ဃ) ၈၉၆ + ၉

၇၀၄ ၅၀၀ ၄၀၂ ၉၀၅

"ကျပ်" ပါသောအပေါင်း

၁၁ **လီမွှော်ရည်တစ်ဘူးတန်ဖိုးက ၂၅၀ ကျပ်နဲ့ ပန်းသီးရည်တစ်ဘူးတန်ဖိုးက ၃၀၀ ကျပ်ဖြစ်တယ်။ တန်ဖိုးအားလုံးဘယ်လောက်ဖြစ်သလဲ။**

၂၅၀ + ၃၀၀ = ၅၅၀ အဖြေ ၅၅၀ ကျပ်

၁၅ ခိုင်ခိုင်က အမေ့ဆီက ၂၀၀ ကျပ်ရပြီး အဖေ့ဆီက ၅၅၀ ကျပ်ရတယ်။ ခိုင်ခိုင်မှာ ငွေဘယ်လောက်ရှိသလဲ။

၂၀၀ + ၅၅၀ = ၇၅၀ အဖြေ ၇၅၀ ကျပ်

၁၆ အောင်အောင်က လေ့ကျင့်ခန်းစာအုပ်တွေကို ၄၀၀ ကျပ်၊ ခဲတံတွေကို ၁၀၀ ကျပ်နဲ့ ဝယ်ခဲ့တယ်။ ငွေအားလုံးဘယ်လောက်ပေးခဲ့သလဲ။

၄၀၀ + ၁၀၀ = ၅၀၀ အဖြေ ၅၀၀ ကျပ်

၁၇ ဘီစကွတ်မုန့်တစ်ထုပ်တန်ဖိုးက ၃၅၀ ကျပ်နဲ့ အာလူးကြော်တစ်ထုပ်တန်ဖိုးက ၂၅၀ ကျပ်ကုန်ကျတယ်။ တန်ဖိုးအားလုံးဘယ်လောက်လဲ။

၃၅၀ + ၂၅၀ = ၆၀၀ အဖြေ ၆၀၀ ကျပ်

၁၈ မြမြက ၄၅၀ ကျပ်တန် ပေါင်မုန့်၊ ၂၅၀ ကျပ်တန် သံပရာရည်နဲ့ ၁၀၀ ကျပ်တန် ရေခဲချောင်း၀ယ်ခဲ့တယ်။ မြမြက ငွေအားလုံး ဘယ်လောက်ပေးခဲ့ရသလဲ။

၄၅၀ + ၂၅၀ + ၁၀၀ = ၈၀၀ အဖြေ ၈၀၀ ကျပ်

DBE Box – Copyright Protected

အခန်း ၁၀ အနုတ် သင်ခန်းစာ ၂

ရည်ရွယ်ချက်

ဤအခန်းအတွက် သင်ရိုးညွှန်းတမ်းတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၂။ ဖလှယ်ရုဏ်သတ္တိနှင့် ဖက်စပ်ရုဏ်သတ္တိစသည့် စည်းမျဉ်းများကို အပေါင်း၊ အနုတ်အသုံးပြု၍ တွက်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၂. ၄. ၁။ ၁၀၀၀ အထိ ကိန်းများကို နုတ်တတ်ရန်၊

စာသင်ချိန်

- ၁၈ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ရာ၊ ဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်း(ဥပမာ ၁၂၀ - ၅၀)၊ ရာပြည့်ကိန်း - ရာပြည့်ကိန်း (၈၀၀ - ၅၀၀)၊ ရာ၊ ဆယ်ပြည့် - ဆယ်ပြည့်ကိန်း (၄၆၀ - ၅၀) တို့ကို နုတ်တတ်ရန်၊	● ဒေါင်လိုက်မဟုတ်ဘဲ နုတ်ခြင်း၊ ➢ ရာ၊ဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်း ➢ ရာပြည့်ကိန်း - ရာပြည့်ကိန်း ➢ ရာ၊ ဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်း	● ကလေးများသည် ➢ ရာ၊ ဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်း ➢ ရာပြည့်ကိန်း - ရာပြည့်ကိန်း ➢ ရာ၊ ဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်းတို့ကို ဒေါင်လိုက်မဟုတ်ဘဲ နုတ်နိုင်မည်။
၂-၃	၁၉၉ အတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● နေရာလိုက်တန်ဖိုးဇယားနှင့် ကိုယ်စားပြုပစ္စည်းများကို အသုံးပြုပြီး သို့မဟုတ် အသုံးမပြုဘဲ ၁၉၉ အတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ➢ ဂဏန်း ၃လုံး - ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် ၁၉၉ အတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၄-၅	၁၉၉ အတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● နေရာလိုက်တန်ဖိုးဇယားနှင့် ကိုယ်စားပြုပစ္စည်းများကိုအသုံးပြုပြီး သို့မဟုတ် အသုံးမပြုဘဲ ၂၀၀ အတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ➢ ဂဏန်း ၃ လုံး - ဂဏန်း ၂လုံးပါကိန်း	● ကလေးများသည် ၁၉၉ အတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၆-၇	၁၉၉ အတွင်း ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● နေရာလိုက်တန်ဖိုးဇယားနှင့် ကိုယ်စားပြုပစ္စည်းများကိုအသုံးပြုပြီး သို့မဟုတ် အသုံးမပြုဘဲ ၁၉၉ အတွင်း ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ➢ ဂဏန်း ၃လုံး - ဂဏန်း ၂ လုံးပါကိန်း ➢ ဂဏန်း ၃လုံး - ဂဏန်း ၁ လုံးပါကိန်း	● ကလေးများသည် ၁၉၉ အတွင်း ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။

DBE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၈-၉	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ နုတ်တတ်ရန်၊ ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● ကိန်းပြောင်းဖွဲ့ခြင်း မပြုဘဲ သို့မဟုတ် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက် နုတ်ခြင်း၊ ➢ ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၁ လုံးပါကိန်း	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်နိုင်မည်။ ● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၁၀	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်း ဖွဲ့၍ နုတ်တတ်ရန်၊	● ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက် နုတ်ခြင်း၊ ➢ ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် ဂဏန်း ၃ လုံးပါကိန်းများအတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၁၁-၁၂	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း၊ ➢ ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံးပါကိန်း	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၁၃-၁၄	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊	● ရာနေရာနှင့် ခုနေရာသို့နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက် နုတ်ခြင်း၊ ➢ ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံးပါကိန်း ➢ ဂဏန်း ၃ လုံး - ဂဏန်း ၁ လုံးပါကိန်း	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ နုတ်နိုင်မည်။
၁၅	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ငွေကြေး “ကျပ်” ဆိုင်ရာ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ငွေကြေး “ကျပ်”ဆိုင်ရာ အနုတ်ပုစ္ဆာများကို ဖြေရှင်းရန် လေ့ကျင့်ခြင်း၊	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ငွေကြေး “ကျပ်”ဆိုင်ရာ အနုတ်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၆-၁၈	ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အနုတ်ဆိုင်ရာ ပုစ္ဆာများ ဖြေရှင်းတတ်ရန်၊	● ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အနုတ်အမျိုးမျိုးကို ဖြေရှင်းရန် လေ့ကျင့်ခြင်း၊ ● အနုတ်ဆိုင်ရာ စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း၊	● ကလေးများသည် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း အနုတ်အမျိုးမျိုးကို တွက်နိုင်မည်။ ● ကလေးများသည် အနုတ်ဆိုင်ရာစာသားပုစ္ဆာ အမျိုးမျိုးဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ဒေါင်လိုက်ပုံစံအသုံးမပြုဘဲ ၁၀၀ အတွင်း ဆယ်ကိန်း - ဆယ်ကိန်းကို သင်ယူခဲ့သည်။ ဤအခန်းတွင် သင်ခန်းစာ ၁ ကို မသင်မီ ထိုအချက်ကို ကလေးများ ပြန်လည်မှတ်မိရန် ပြုလုပ်ကြမည်။

ဒေါင်လိုက်နုတ်ခြင်းနှင့်စပ်လျဉ်း၍ ၁၀၀ အထိ ကိန်းပြောင်းဖွဲ့မှုမပါသော ဒေါင်လိုက်နုတ်ခြင်းနှင့် ကိန်းပြောင်းဖွဲ့မှုပါသော ဒေါင်လိုက်နုတ်ခြင်းကို ဒုတိယတန်း အခန်း (၄) တွင် ကလေးများ သင်ယူခဲ့ကြသည်။ ထို့ပြင် ၁၀၀၀ အထိ ကိန်းများကိုလည်း အခန်း (၈) တွင် သင်ယူခဲ့သည်။ ထိုသိပြီး အသိပညာများကို ပြန်လည်မှတ်မိစေခြင်းဖြင့် ဤအခန်းတွင် ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း နုတ်ခြင်းကို သင်ယူရန် အဆင်သင့်ဖြစ်ပေမည်။

DBE Box — Copyright Protected

အနုတ် သင်ခန်းစာ ၂ သင်ခန်းစာ ဖွဲ့စည်းပုံ

ဤအခန်းအတွက် သင်ကြားသင်ယူမှုဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဂဏန်း ၃ လုံးအတွင်း ဆယ်ပြည့်ကိန်းနှင့် ရာပြည့်ကိန်းများ နုတ်ခြင်း

- တည်ကိန်း ၁၀၀၀ အထိရှိသည့် ဂဏန်း ၃ လုံးပါ ကိန်းများနုတ်ခြင်း
  - တစ်ရာနှင့် ဆယ်ပြည့်ကိန်းများ - ဆယ်ပြည့်ကိန်းများ (ဥပမာ ၁၃၀ - ၄၀)
  - ရာပြည့်ကိန်းများ - ရာပြည့်ကိန်းများ (ဥပမာ ၇၀၀ - ၂၀၀)
  - ၃၇၀ - ၅၀ ကဲ့သို့ အနုတ်များ

၂။ ၁၉၉ အတွင်း ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း

၁၉၉ အတွင်း ဒေါင်လိုက်နုတ်ခြင်း

- ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံး (ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့ခြင်း) (ဥပမာ ၁၂၆ - ၅၃)
- ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံး (ဆယ်နေရာနှင့် ခုနေရာတွင် ကိန်းပြောင်းဖွဲ့ခြင်း (ဥပမာ ၁၅၃ - ၆၉)

၁၉၉ အတွင်း ရာနေရာမှ ခုနေရာသို့ ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း

- ၁၀၄ - ၃၇
- ၁၀၃ - ၉
- ၁၀၃ - ၉၄
- ၁၀၀ - ၉၅

၃။ ဂဏန်း ၃ လုံး အတွင်း နုတ်ခြင်း

ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ ဒေါင်လိုက် နုတ်ခြင်း

- ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၁ လုံး

တစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ ဒေါင်လိုက်နုတ်ခြင်း

- ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၁ လုံး

နှစ်ကြိမ်ကိန်းပြောင်းဖွဲ့၍ဒေါင်လိုက် နုတ်ခြင်း (ရာနေရာမှ ခုနေရာသို့ ကိန်းပြောင်းဖွဲ့ခြင်းအပါအဝင်)

- ဂဏန်း ၃ လုံး - ဂဏန်း ၃ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၂ လုံး
- ဂဏန်း ၃ လုံး - ဂဏန်း ၁ လုံး

၄။ အတွက်အချက် ကျွမ်းကျင်မှုများ ခိုင်မာစေခြင်း

ဂဏန်း ၃ လုံးအတွင်း အနုတ် အမျိုးမျိုးကို လေ့ကျင့်ခြင်း

၅။ ပုစ္ဆာ ဖြေရှင်းခြင်း

စာသားပုစ္ဆာအမျိုးမျိုးကို ဖြေရှင်းခြင်း (လေ့ကျင့်ခန်းများ)

လေ့ကျင့်ခန်း၏ အဖြေများ (စာသင်ချိန် ၁၆၊ ၁၇ နှင့် ၁၈)

၁။ (က) ၈၀ (ခ) ၄၀၀ (ဂ) ၃၃၀ (ဃ) ၄၀၀

၂။ (က) ၃၄ (ခ) ၈၀ (ဂ) ၆၅ (ဃ) ၂၇

(င) ၈၈ (စ) ၆၉ (ဆ) ၉၇ (ဇ) ၆

၃။ (က) ၆၁၀ (ခ) ၂၂၆ (ဂ) ၂၅၃ (ဃ) ၁၇၀

(င) ၁၇၅ (စ) ၃၅၃ (ဆ) ၅၅ (ဇ) ၅၂၆

၄။ ၁၅၄ - ၁၀၉ = ၄၅

အဖြေ ၄၅ ကြိမ်

၅။ ၅၅၀ - ၃၇၄ = ၁၇၆

အဖြေ ၁၇၆ ဘူး



	၈	၆
−	၅	၄
	၃	၂

	~~၆~~	~~၁၁~~
+	၄	၈
	၂	၂

နှင့်အလားတူ မှန်သောဖြေရှင်းချက်

DBE PDX – Copyright Protected

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ရာပြည့်ကိန်း - ဆယ်ပြည့်ကိန်း (ဥပမာ ၁၂၀ - ၅၀) ကို နုတ်တတ်ရန်၊
- ရာပြည့်ကိန်း - ရာပြည့်ကိန်း (ဥပမာ ၈၀၀ - ၅၀၀) ကို နုတ်တတ်ရန်၊
- ရာဆယ်ပြည့်ကိန်း - ဆယ်ပြည့်ကိန်း (ဥပမာ ၄၆၀ - ၅၀) ကို နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- စာအုပ် ၁၀ အုပ်ထုပ် ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁) ကို ကလေးများ ဖတ်စေပြီး စာအုပ် ၁၀ အုပ်ထုပ် ပုံများ ကပ်ပါ။ အောက်ပါ မေးခွန်းများကို မေးပါ။

- စာအုပ် ၁၀ အုပ်ထုပ် ဘယ်နှထုပ် ရှိသလဲ။ ရောင်းလိုက်တာ ဘယ်နှထုပ်လဲ။
- စာအုပ် ၁၀အုပ်ထုပ် ဘယ်နှထုပ် ကျန်သလဲ။
- စာအုပ် အားလုံး ဘယ်နှအုပ် ကျန်သလဲ။

အတန်းကိုတင်ပြပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စာအုပ် ၁၀ အုပ်ထုပ်အပေါ် အခြေခံပြီး ၁၂ ထုပ် - ၅ ထုပ် = ၇ ထုပ် ဖြင့် တွက်လျှင် ပိုလွယ်သည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ မေးခွန်း (၁) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပါစေ။ ပြီးနောက် တစ်တန်းလုံးနှင့် စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆယ်ပြည့်ကိန်းများကို အခြေခံ၍ တွက်ခြင်းရှိမရှိ စစ်ဆေးပါ။

၃။ အဓိကမေးခွန်း (၂) ကို ကလေးများကြည့်ပါစေ။ ၇၀၀ - ၃၀၀ ကို မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီစဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲစစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၇ ရာ - ၃ ရာ = ၄ ရာဖြင့် တွက်လျှင် ပိုလွယ်သည်ကို တွေ့ရှိပါစေ။

၄။ မေးခွန်း(၂)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲစစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

၅။ အဓိကမေးခွန်း (၃)ကို အဓိကမေးခွန်း (၂) ပါ အဆင့်များအတိုင်း ဖြေရှင်းပါစေ။

၆။ သင်ကြားခဲ့သည်များကိုပြန်မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၁၀ အနုတ် သင်ခန်းစာ ၂

၁ **ဆိုင်တစ်ဆိုင်မှာ စာအုပ် ၁၂၀ အုပ်ရှိတယ်။ စာအုပ် အုပ် ၅၀ ကို ရောင်းလိုက်တယ်။ စာအုပ်ဘယ်လောက်ကျန်သလဲ။**



ညီမျှခြင်း ၁၂၀ – ၅၀ = ___၇၀___ အဖြေ ___၇၀___ အုပ်



၂ တွက်ပါ။

(က) ၁၇၀ – ၉၀ = ၈၀ (ခ) ၁၃၀ – ၆၀ = ၇၀ (ဂ) ၁၁၀ – ၂၀ = ၉၀

၃ **၇၀၀ – ၃၀၀ ကို ဘယ်လိုတွက်မလဲ။**



၇၀၀ – ၃၀၀ = ___၄၀၀___

၄ တွက်ပါ။

(က) ၈၀၀ – ၅၀၀ = ၃၀၀ (ခ) ၆၀၀ – ၄၀၀ = ၂၀၀ (ဂ) ၉၀၀ – ၂၀၀ = ၇၀၀

၅ **တွက်ပါ။**

(က) ၄၆၀ – ၅၀ = ၄၁၀ (ခ) ၅၈၀ – ၄၀ = ၅၄၀ (ဂ) ၃၉၀ – ၇၀ = ၃၂၀



၆၀

ဖြည့်စွက်လေ့ကျင့်ခန်း

ဤသင်ခန်းစာတွင် သင်ယူခဲ့သော အနုတ်သည် ဝ ပါဝင်ခြင်းမှ လွဲ၍ ၁၀၀ အတွင်း နုတ်ခြင်းနှင့် သဘောတရားအားဖြင့် အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ကလေးများသည် ဒေါင်လိုက်ပုံစံ အသုံးမပြုဘဲ စိတ်တွက်ဖြင့်သာ တွက်နိုင်သင့်သည်။ ဤအကြောင်းကြောင့် ဆရာက လေ့ကျင့်ရန် အချိန်အလုံအလောက်ပေးရန် လိုသည်။

၁။ တွက်ပါ။

(က) ၁၅၀ – ၈၀ = ၇၀ (ခ) ၁၄၀ – ၉၀ = ၅၀ (ဂ) ၁၆၀ – ၇၀ = ၉၀ (ဃ) ၁၁၀ – ၄၀ = ၇၀

(င) ၁၂၀ – ၈၀ = ၄၀ (စ) ၁၈၀ – ၉၀ = ၉၀ (ဆ) ၁၃၀ – ၅၀ = ၈၀ (ဇ) ၁၄၀ – ၇၀ = ၇၀

၂။ တွက်ပါ။

(က) ၅၀၀ – ၁၀၀ = ၄၀၀ (ခ) ၈၀၀ – ၃၀၀ = ၅၀၀ (ဂ) ၇၀၀ – ၅၀၀ = ၂၀၀ (ဃ) ၉၀၀ – ၃၀၀ = ၆၀၀

၃။ တွက်ပါ။

(က) ၂၈၀ – ၃၀ = ၂၅၀ (ခ) ၃၅၀ – ၂၀ = ၃၃၀ (ဂ) ၅၇၀ – ၇၀ = ၅၀၀ (ဃ) ၄၈၀ – ၆၀ = ၄၂၀

(င) ၂၆၀ – ၅၀ = ၂၁၀ (စ) ၈၉၀ – ၅၀ = ၈၄၀ (ဆ) ၇၄၀ – ၂၀ = ၇၂၀ (ဇ) ၆၆၀ – ၆၀ = ၆၀၀

DBE Boy – Copyright Protected

စာသင်ချိန် ၂ ၊ ၃

သင်ယူမှုဦးတည်ချက်

- ၁၉၉ အတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၄) ကို နားလည်ရန် ကလေးများ ဦးစွာဖတ်ပါစေ။ ကွက်လပ်ဖြည့်ပြီး ညီမျှခြင်း ရေးပါစေ။

၂။ ကလေးအချို့က သင်ပုန်းပေါ်ရှိ နေရာလိုက် တန်ဖိုးဇယားတွင် အကွက်ကတ်ပြားများ ကပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၂၆ သည် ၁၀၀၊ ၂၀ နှင့် ၆ ဖြစ်ပြီး ၄၃ သည် ၄၀ နှင့် ၃ ဖြစ်ကြောင်း ကလေးများ ပြန်လည် သတိရပါစေ။

၃။ ၁၂၆ - ၄၃ ကို ဒေါင်လိုက် ရေးပါစေ။ ၁၂၆ - ၄၃ ကို ဒေါင်လိုက် မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲ မျှဝေပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဒေါင်လိုက်ပုံစံဖြင့် အကွက်များနှင့် ကိန်းများကို ချိတ်ဆက်ပါ။

➔ ဆယ်နေရာတွင် အကွက် ၂၀ ရှိပြီး ၄၀ ကို ဆယ်နေရာမှ မနုတ်နိုင်သည်ကို ကလေးများ နားလည်ပါစေ။

➔ နေရာလိုက်တန်ဖိုးဇယားရှိ အကွက်များ သုံးပြီး ဒေါင်လိုက်ပုံစံဖြင့် စိတ်ကူးများကို ရှင်းပြပါစေ။

၄ ဈေးသည် တစ်ယောက်မှာ သစ်တော်သီး ၁၂၆လုံးရှိတယ်။ ၄၃ လုံးကို ရောင်းလိုက်ရင် သစ်တော်သီး ဘယ်လောက်ကျန်မလဲ။



ညီမျှခြင်း ရေးပါ။

၁၂၆ - ၄၃ = ?

(က) အကွက်တွေသုံးပြီး ဘယ်လိုတွက်ရမလဲ စဉ်းစားရအောင်။



(ခ) ဒေါင်လိုက်ဘယ်လိုတွက်ရမလဲ စဉ်းစားပါ။

	ရာ	ဆယ်	ခု
		၁	၆
−		၄	၃
		၇	၃

ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ဒေါင်လိုက်နုတ်ခြင်း

ဤကျောင်းသုံးစာအုပ်တွင် ဂဏန်း ၃လုံးပါ ကိန်းများအတွင်း ဒေါင်လိုက် နုတ်ခြင်းကို အခြေခံအားဖြင့် အောက်ပါအတိုင်း ၅ မျိုး ခွဲခြားထားသည်။

- ➢ ကိန်းပြောင်းဖွဲ့ခြင်းမပြုဘဲ နုတ်ခြင်း
- ➢ ခုနေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း
- ➢ ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း
- ➢ ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း
- ➢ ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်း

ကလေးများသည် ၁၉၉ အတွင်း ဒေါင်လိုက် နုတ်ခြင်းကို ဦးစွာ သင်ယူကြမည်။ ထို့နောက် ဂဏန်း ၃ လုံးပါ ကိန်းများ အတွင်း နုတ်ခြင်းကို အထက်ပါ ၅ မျိုးအတိုင်း တိုး၍ သင်ယူကြမည်။

DBE Box – Copyright Protected

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ ကျောင်းသုံးစာအုပ်မှ လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှု အဆင့် (၃) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါစေ။ ညီမျှခြင်းနှင့် အဖြေကိုလည်း အတည်ပြုပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများကို ရွှေ့ခြင်းဖြင့် ဒေါင်လိုက်ပုံစံတွက်ချက်မှု အဆင့်တိုင်းအတွက် အကွက်ကတ်ပြားများနှင့် ကိန်းများကို ချိတ်ဆက်ပါ။

➔ ၁ ရာကို ရာနေရာမှ ဆယ်နေရာသို့ ရွှေ့ပြီး ၁၀ ဆယ် ဖြစ်လာသည်ကို ကလေးများ တွေ့ရှိပါစေ။

၅။ မေးခွန်း (၃) နှင့် (၄) ကို လေ့ကျင့်ခန်းစာအုပ်တွင် တွက်ပါစေ။ အဖြေကို စစ်ဆေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သောမေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၃) ဆင့်ဖြင့် ကလေးများ မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။



ဖြည့်စွက်ရှင်းလင်းချက်၊ ကျပ်ဖြင့် တွက်ခြင်း

ဤကျောင်းသုံးစာအုပ်တွင် ငွေကြေးကို သီးခြား အခန်းတစ်ခန်းအဖြစ် သင်ကြားခြင်း မပြုတော့ဘဲ ငွေကြေးဆိုင်ရာ သင်ခန်းစာများအတွက် မြန်မာကျပ်ငွေကိုသာ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။

ငွေကြေး ပေါင်းခြင်း၊ နုတ်ခြင်းသည် ကိန်းများ နောက်တွင် ကျပ် ထားခြင်းမှလွဲ၍ ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းနှင့် အတူတူပင် ဖြစ်သည်။ ဤအကြောင်းကြောင့် ငွေကြေး ပေါင်းခြင်း၊ နုတ်ခြင်းကို ကိန်းများ ပေါင်းခြင်း၊ နုတ်ခြင်းဆိုင်ရာ အခန်းများတွင် ထည့်သွင်းထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ ကလေးများသည် ကျပ်များဖြင့် တွက်ခြင်းကို ကိန်းများ တွက်ခြင်းနှင့်ဆက်စပ်၍ သင်ယူနိုင်မည် ဖြစ်သည်။

ထို့အပြင် နေ့စဉ်ဘဝနှင့် ဆက်စပ်မှုရှိစေရန် ကျပ်များဖြင့် တွက်ရာတွင် ၃၅၀ သို့မဟုတ် ၆၀၀ စသည့် လွယ်ကူသော ကိန်းများကို အသုံးပြုထားသည်ကို သတိပြုပါ။ ထို့ကြောင့် ဆရာက ကလေးများကို ကျပ်များဖြင့် တွက်ခြင်းကို စိတ်တွက်တွက်ရန် အားပေးနိုင်သည်။

DBE Box – Copyright Protected

စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- ၁၉၉ အတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

၅ ၁၅၃ – ၆၉ ကို ဒေါင်လိုက် တွက်ရအောင်။



၁၅၃ – ၆၉ ကို ဒေါင်လိုက် ဘယ်လိုတွက်မလဲ။



အဆင့် (၁)
ရာဂဏန်း၊ ဆယ်ဂဏန်းနှင့် ခုဂဏန်းများကို နေရာအသီးသီးတွင် ရေးပါ။

အဆင့် (၂)
ဆယ်နေရာမှ ၁ ဆယ်ကို ခုနေရာသို့ ပို့၍ နုတ်ပါ။
၁၃ – ၉ = ၄

အဆင့် (၃)
ရာနေရာမှ ၁ ရာကို ဆယ်နေရာသို့ ပို့၍ နုတ်ပါ။
၁၄ – ၆ = ၈

၁ ၁၂၁ – ၅၄ ကို ဒေါင်လိုက်တွက်ပါ။



၂ တွက်ပါ။

(က) ၁၁၄ – ၆၅ (ခ) ၁၄၃ – ၉၅ (ဂ) ၁၄၀ – ၈၇ (ဃ) ၁၇၂ – ၇၄
၄၉ ၄၈ ၅၃ ၉၈

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၁၅၃ - ၆၉ ကို မေးပါ။ သင်ပုန်းပေါ်ရှိ နေရာလိုက် တန်ဖိုးဇယားတွင် အကွက်ကတ်ပြားများကို ကလေးများ ကပ်ပါစေ။

၂။ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များ သုံးပြီး ၁၅၃ - ၆၉ ကို မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲမျှဝေပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအနုတ်တွင် ကိန်းပြောင်းဖွဲ့မှု နှစ်ကြိမ်ပြုလုပ်ရမည်ကို ကလေးများ သတိပြုမိပါစေ။

၃။ ကျောင်းသုံးစာအုပ်မှ လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှု အဆင့် (၃) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများကို ရွှေ့ခြင်းဖြင့် ဒေါင်လိုက်ပုံစံတွက်ချက်မှု အဆင့်တိုင်းအတွက် အကွက်ကတ်ပြားများနှင့် ကိန်းများကို ချိတ်ဆက်ပါ။

၄။ မေးခွန်း (၅) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများအခက်အခဲရှိလျှင်အဆင့်(၃)ဆင့်ဖြင့် ရှင်းပြပါ။

၅။ မေးခွန်း (၆) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၃) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် ဒေါင်လိုက်နုတ်ခြင်းကို ကလေးများ လေ့ကျင့်နိုင်ရန် ပေးထားသော ပုစ္ဆာများ ဖြစ်သည်။ ဒေါင်လိုက်နုတ်ခြင်းကို ကျွမ်းကျင်ရန် ကလေးများ လုံလောက်စွာ လေ့ကျင့်ရန် လိုသည်။ အောက်ပါပုစ္ဆာများသည် အဓိကမေးခွန်း (၄) မှ ပုစ္ဆာ အမျိုးအစားနှင့် ပုံစံတူသည်။

၄။ တွက်ပါ။

(က) ၁၃၇ – ၈၄ (ခ) ၁၃၆ – ၇၄ (ဂ) ၁၁၈ – ၉၇ (ဃ) ၁၄၇ – ၆၃
၅၃ ၆၂ ၂၁ ၈၄

(င) ၁၂၆ – ၈၅ (စ) ၁၅၇ – ၉၆ (ဆ) ၁၂၉ – ၇၂ (ဇ) ၁၅၅ – ၆၁
၄၁ ၆၁ ၅၇ ၉၄

အောက်ပါ ပုစ္ဆာများသည် အဓိကမေးခွန်း (၅) မှ ပုစ္ဆာအမျိုးအစားနှင့် ပုံစံတူသည်။

၅။ တွက်ပါ။

(က) ၁၃၆ – ၉၈ (ခ) ၁၆၃ – ၈၆ (ဂ) ၁၅၇ – ၇၉ (ဃ) ၁၅၀ – ၅
၃၈ ၇၇ ၇၈ ၁၄၅

(င) ၁၁၄ – ၆၇ (စ) ၁၇၂ – ၉၄ (ဆ) ၁၂၁ – ၇၃ (ဇ) ၁၇၆ – ၉၈
၄၇ ၇၈ ၄၈ ၇၈

DBE Box – Copyright Protected

စာသင်ချိန် ၆ ၊ ၇

သင်ယူမှုဦးတည်ချက်

- ၁၉၉ အတွင်း ရာနေရာမှ ခုနေရာသို့ ကိန်းပြောင်းဖွဲ့မှု နှစ်ကြိမ်ဖြင့် နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက်ကတ်ပြားများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၁၀၂ - ၆၅ ကို မေးပါ။ သင်ပုန်းပေါ်ရှိ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်ကတ်ပြားများကို ကလေးများ ကပ်ပါစေ။

၂။ နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များ သုံးပြီး ၁၀၂ - ၆၅ ကို မည်သို့တွက်ရမည်ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ စိတ်ကူးများကို နှစ်ယောက်တစ်တွဲမျှဝေပြီးနောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရာနေရာမှ ၁ ရာကို ခုနေရာသို့ ပို့ရမည်ကို ကလေးများ တွေ့ရှိပါစေ။

၃။ ကျောင်းသုံးစာအုပ်မှ လေးထောင့်ကွက်ထဲရှိ ရှင်းလင်းချက်ကို ကလေးများကြည့်စေပြီး လေးထောင့်ကွက်ထဲမှ သင်ယူရရှိသည်များကို မျှဝေပါစေ။ တွက်ချက်မှုအဆင့် (၄) ဆင့်ကို တစ်တန်းလုံးအား အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

သင်ပုန်းပေါ်တွင် အကွက်ကတ်ပြားများကို ရွှေ့ခြင်းဖြင့် ဒေါင်လိုက်ပုံစံတွက်ချက်မှု အဆင့်တိုင်း အတွက် အကွက်ကတ်ပြားများနှင့် ကိန်းများကို ချိတ်ဆက်ပါ။

၄။ မေးခွန်း (၇) ကို တစ်ဦးချင်းစီတွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် အဆင့် (၄) ဆင့်ဖြင့် ရှင်းပြပါ။

၅။ မေးခွန်း (၈) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဆင့် (၄) ဆင့်ဖြင့် အနုတ် နှစ်မျိုးလုံးကို မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၆ ၁၀၂ - ၆၅ ကို ဒေါင်လိုက် ဘယ်လိုတွက်မလဲ ရှင်းပြပါ။



ဖြည့်စွက်လေ့ကျင့်ခန်း

ဤသင်ခန်းစာတွင် ကလေးများသည် ရာနေရာမှ ခုနေရာသို့ နှစ်ကြိမ် ကိန်းပြောင်းဖွဲ့၍ နုတ်ခြင်းကို သင်ယူကြမည်။ ရာနေရာမှ ဆယ်နေရာ၊ ဆယ်နေရာမှ ခုနေရာစသည်ဖြင့် အဆင့်ဆင့်ကိန်းပြောင်းဖွဲ့ရန်လိုသဖြင့် ကလေးများအတွက် ခက်ခဲသော အနုတ်သင်ခန်းစာဖြစ်သည်။

ဥပမာ၊ ၁၀၂ - ၆၅ ပုစ္ဆာတွင် ခုနေရာတွင် နုတ်နိုင်ရန် ရာနေရာမှ ၁ ရာကို ကိန်းပြောင်းဖွဲ့ရန် လိုသည်။ ဤကဲ့သို့ကိန်းပြောင်းဖွဲ့ရာတွင် အဆင့် (၂) ဆင့် ပြုလုပ်ရမည်။ ဤတွက်ချက်မှု ဖြစ်စဉ်သည် ကလေးများအတွက် ရှုပ်ထွေးသည်။

ထို့ကြောင့် ကျောင်းသုံးစာအုပ်မှ လေးထောင့်ကွက်တွင် ပြထားသည့်အတိုင်း နေရာလိုက်တန်ဖိုးဇယားတွင် အကွက်များရွှေ့ခြင်းနှင့် ဒေါင်လိုက်တွက်ခြင်းတို့ကို ချိတ်ဆက်ခြင်းဖြင့် ဤတွက်ချက်မှုကို ကျွမ်းကျင်ရန် ကလေးများသည် အချိန်လုံလောက်စွာ ရရှိရန် လိုသည်။



DBE Box_Copyright Protected

၇ ဒေါင်လိုက်တွက်ပါ။

(က)

	~~၁~~	~~၀~~ ၉	~~၄~~ ၁၄
–			၈
		၉	၆

(ခ)

	~~၁~~	~~၀~~ ၉	~~၃~~ ၁၃
–		၉	၄
			၉

၈ ဒေါင်လိုက်တွက်ပါ။

(က) ၁၀၄ – ၅၉ (ခ) ၁၀၆ – ၈၇ (ဂ) ၁၀၅ – ၆ (ဃ) ၁၀၇ – ၉၉
၄၅ ၁၉ ၉၇ ၈

၇ **ဒေါင်လိုက်တွက်ရအောင်။**

(က)

	၈	၅	၆
–	၅	၃	၂
	၃	၂	၄

(ခ)

	၈	~~၅~~ ၄	~~၂~~ ၁၂
–	၅	၃	၆
	၃	၁	၆

၉ ဒေါင်လိုက်တွက်ပါ။

(က) ၉၈၇ – ၆၅၄ (ခ) ၂၅၈ – ၁၀၅ (ဂ) ၂၈၅ – ၃၃ (ဃ) ၄၈၆ – ၆
၃၃၃ ၁၅၃ ၂၅၂ ၄၈၀

၁၀ ဒေါင်လိုက်တွက်ပါ။

(က) ၃၉၄ – ၂၇၅ (ခ) ၉၈၁ – ၄၇၆ (ဂ) ၄၇၀ – ၆၉ (ဃ) ၄၁၁ – ၂
၁၁၉ ၅၀၅ ၄၀၁ ၄၀၉

စာသင်ချိန် ၈ ၊ ၉

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ကိန်းပြောင်းဖွဲ့မှုမပါဘဲ နုတ်တတ်ရန်၊
- ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၇(က)နှင့် (ခ)ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီး တစ်တန်းလုံးကို အတည်ပြုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၉၉ အတွင်း အလားတူအနုတ်ပုံစံကို မည်ကဲ့သို့ တွက်ခဲ့သည်ကို ကလေးများ ပြန်လည်မှတ်မိပါစေ။

၂။ မေးခွန်း (၉) နှင့် (၁၀) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သောမေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့်ဆင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပုစ္ဆာများသည် အဓိကမေးခွန်း (၆) မှ ပုစ္ဆာအမျိုးအစားနှင့် ပုံစံတူ ဖြစ်သည်။

၆။ တွက်ပါ။

(က) ၁၀၁ – ၇၃ (ခ) ၁၀၃ – ၉၄ (ဂ) ၁၀၈ – ၆၉
၂၈ ၉ ၃၉

(ဃ) ၁၀၂ – ၈၆ (င) ၁၀၆ – ၇၈ (စ) ၁၀၅ – ၇
၁၆ ၂၈ ၉၈

အောက်ပါ ပုစ္ဆာများသည် အဓိကမေးခွန်း (၇) မှ ပုစ္ဆာအမျိုးအစားနှင့် ပုံစံတူသည်။

၇။ တွက်ပါ။

(က) ၇၈၄ – ၂၁၃ (ခ) ၉၆၃ – ၃၃၃ (ဂ) ၆၈၉ – ၇၁ (ဃ) ၅၄၇ – ၃၇
၅၇၁ ၆၃၀ ၆၁၈ ၅၁၀

(င) ၅၅၄ – ၃၃၈ (စ) ၇၄၀ – ၂၁ (ဆ) ၈၃၂ – ၁၄ (ဇ) ၈၉၇ – ၂၈
၂၁၆ ၇၁၉ ၈၁၈ ၈၆၉

DBE Box – Copyright Protected

စာသင်ချိန် ၁၀

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ဆယ်နေရာတွင်သာ ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၃၂၈ - ၁၇၂ ကို မေးပြီး ကလေး တစ်ဦးချင်းစီ ဖြေပါစေ။ မည်သို့ တွက်ရမည်ကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၉၉ အတွင်း အလားတူ အနုတ်ပုံစံကို မည်ကဲ့သို့ တွက်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများ ကြည့်စေပြီး ၃၂၈ - ၁၇၂ အား မည်သို့ တွက်ရမည်ကို တစ်တန်းလုံးတွင် အတည်ပြုပါ။

၃။ မေးခွန်း (၁၁) ကို တစ်ဦးချင်းစီ တွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၁၁ ၊ ၁၂

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ခုနေရာနှင့် ဆယ်နေရာတွင် ကိန်းပြောင်းဖွဲ့၍ နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၆၄၂ - ၂၈၇ ကိုမေးပြီး ကလေး တစ်ဦးချင်းစီ ဖြေပါစေ။ မည်သို့တွက်ရမည်ကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

၂။ လေးထောင့်ကွက်ထဲမှ ရှင်းလင်းချက်ကို ကလေးများ ကြည့်စေပြီး ၆၄၂ - ၂၈၇ ကို မည်သို့ တွက်ရမည်ကို တစ်တန်းလုံးကို အတည်ပြုပါ။

၃။ မေးခွန်း (၁၂) ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲ စစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက် လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။



ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပဟေဠိများသည် အဓိကမေးခွန်း (၈)နှင့် (၉) မှ ပဟေဠိအမျိုးအစားနှင့် ပုံစံတူဖြစ်သည်။

၁။ တွက်ပါ။

(က) ၆၃၄ – ၁၇၂ = ၄၆၂ (ခ) ၄၂၇ – ၂၅၃ = ၁၇၄

(ဂ) ၈၈၇ – ၃၉၄ = ၄၉၃ (ဃ) ၇၃၉ – ၃၈၄ = ၃၅၅

(င) ၃၄၆ – ၅၅ = ၂၉၁ (စ) ၅၄၆ – ၃၃ = ၅၁၃

(ဆ) ၈၆၃ – ၅၇၅ = ၂၈၈ (ဇ) ၆၃၈ – ၃၆၉ = ၂၆၉

(ဈ) ၉၇၆ – ၈၇၈ = ၉၈ (ည) ၆၂၇ – ၅၈၉ = ၃၈

(ဋ) ၇၁၇ – ၃၉ = ၆၇၈ (ဌ) ၅၃၄ – ၆၅ = ၄၆၉

DPE Box – Copyright Protected

၁၀ **၅၀၃ – ၁၇၉ ကို ဒေါင်လိုက်တွက်ပါ။**

	၄	၁၀	၁၃
–	၁	၇	၉
	၃	၃	၄

၁၃ ဒေါင်လိုက်တွက်ပါ။

(က) ၉၀၆ – ၇၅၇ (ခ) ၆၀၃ – ၃၉၆ (ဂ) ၃၀၀ – ၂၄၈ (ဃ) ၂၀၂ – ၁၉၉

၁၄၉ ၂၀၇ ၅၂ ၃

၁၄ ဒေါင်လိုက်တွက်ပါ။

(က) ၅၀၁ – ၅၈ (ခ) ၉၀၀ – ၈၇ (ဂ) ၇၀၅ – ၆ (ဃ) ၄၀၀ – ၅

၄၄၃ ၈၁၃ ၆၉၉ ၃၉၅

"ကျပ်" ပါသောအပေါင်းနှင့်အနုတ်

၁၁ **စုစုက ဘောပင်တစ်ချောင်းကို ၃၀၀ ကျပ်၊ ခဲဖျက်တစ်ခုကို ၁၅၀ ကျပ်နဲ့ ဝယ်ခဲ့တယ်။ စုစုက ငွေ ၅၀၀ ကျပ်ပေးလိုက်ရင် ပြန်အမ်းငွေ ဘယ်လောက်ပြန်ရမလဲ။**

၃၀၀ + ၁၅၀ = ၄၅၀၊ ၅၀၀ – ၄၅၀ = ၅၀ အဖြေ ၅၀ ကျပ်

၁၅ မောင်မောင်က စာအုပ်တစ်အုပ်ကို ၅၅၀ ကျပ်နဲ့ဝယ်ခဲ့တယ်။ ငွေ ၇၀၀ ကျပ် ပေးလိုက်ရင် ငွေဘယ်လောက်ပြန်ရမလဲ။

၇၀၀ – ၅၅၀ = ၁၅၀ အဖြေ ၁၅၀ ကျပ်

၁၆ ဇင်ဇင်က ပန်းသီးတစ်လုံးကို ၅၅၀ ကျပ်၊ သရက်သီးတစ်လုံးကို ၂၅၀ ကျပ်နဲ့ ဝယ်ခဲ့တယ်။ ငွေ ၉၀၀ ကျပ်ပေးလိုက်ရင် ပြန်အမ်းငွေဘယ်လောက်ရမလဲ။

၅၅၀ + ၂၅၀ = ၈၀၀၊ ၉၀၀ – ၈၀၀ = ၁၀၀ အဖြေ ၁၀၀ ကျပ်

၁၇ ထွန်းထွန်းက စာအုပ်တစ်အုပ်ကို ၇၀၀ ကျပ်၊ မျဉ်းတံတစ်ချောင်းကို ၂၅၀ ကျပ်နဲ့ ဝယ်ချင်တယ်။ ဒါပေမဲ့ သူမှာ ၈၀၀ ကျပ်သာရှိတယ်။ ငွေဘယ်လောက် ထပ်လိုမလဲ။

၇၀၀ + ၂၅၀ = ၉၅၀၊ ၉၅၀ – ၈၀၀ = ၁၅၀ အဖြေ ၁၅၀ ကျပ်

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါပုစ္ဆာများသည် အဓိကမေးခွန်း (၁၀) မှ ပုစ္ဆာ အမျိုးအစားနှင့်အတူတူဖြစ်သည်။

၁။ တွက်ပါ။

(က) ၄၀၁ – ၁၂၄ ၂၇၇

(ခ) ၅၀၀ – ၂၀၉ ၂၉၁

(ဂ) ၇၀၄ – ၆၅၆ ၄၈

(ဃ) ၁၀၀ – ၉၇ ၃

(င) ၂၀၈ – ၃၉ ၁၆၉

(စ) ၁၀၀ – ၈ ၉၂

(ဇ) ၃၀၃ – ၁၉၉ ၁၀၄

(ဈ) ၈၀၅ – ၁၂၆ ၆၇၉

စာသင်ချိန် ၁၃ ၊ ၁၄

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးအတွင်း ရာနေရာမှ ခုနေရာထိ ကိန်းပြောင်းဖွဲ့မှု နှစ်ကြိမ်ဖြင့် နုတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁၀) ကို ကလေး တစ်ဦးချင်းစီ တွက်စေပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ကလေးအချို့ကို အတန်းသို့ တင်ပြစေပြီး မည်သို့ တွက်ရမည်ကို တစ်တန်းလုံးကို အတည်ပြုပါ။

စာသင်ချိန် ၁၅

သင်ယူမှုဦးတည်ချက်

- ဂဏန်း ၃ လုံးပါ ကိန်းများအတွင်း ငွေကြေးကျပ်ဆိုင်ရာ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိက မေးခွန်း (၁၀) ကို ကလေးများ ဖတ်ပြီး နားလည်ပါစေ။ မည်သို့ တွက်ရမည်ကို မေးပါ။ ကလေးတစ်ဦးချင်းစီတွက်စေပြီး နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ တစ်တန်းလုံးသို့ တင်ပြပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဂဏန်း ၃လုံးပါ ကိန်းများအတွင်း နုတ်ခြင်းနှင့် တူပြီး အဖြေတွင် 'ကျပ်' ပါသည်ကို အလေးအနက်ပြုပါ။

၂။ မေးခွန်း (၁၅) မှ (၁၇) အထိကို တစ်ဦးချင်းစီ တွက်ပါစေ။ တစ်တန်းလုံးသို့ တင်ပြပြီး စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်က သင်ယူခဲ့သည့်အတိုင်း "ကျပ်"များ နုတ်ခြင်းကို မှန်ကန်စွာပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၉၉ အတွင်း အလားတူအနုတ်ပုံစံကို မည်ကဲ့သို့ တွက်ခဲ့သည်ကို ပြန်လည်မှတ်မိပါစေ။

၂။ မေးခွန်း (၁၃)နှင့် (၁၄)ကို တစ်ဦးချင်းစီတွက်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လုံလောက်သော မေးခွန်းများပေး၍ လေ့ကျင့်ရန် ဖြည့်စွက်လေ့ကျင့်ခန်းကို အသုံးပြုပါ။

➔ အဆင့် (၄) ဆင့်ဖြင့် မှန်ကန်စွာ တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

အခန်း ၁၁ ပုံများကိုအသုံးပြု၍ ပုစ္ဆာဖြေရှင်းခြင်း

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၃။ ၁၀၀၀ အထိ ကိန်းများ၏ အပေါင်းနှင့်အနုတ်ဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၃. ၁. ၁။ အပေါင်းနှင့်အနုတ်၊ အပေါင်း သို့မဟုတ် အနုတ်ဆိုင်ရာ ပုစ္ဆာများကို ပုံများ အသုံးပြုပြီး ဖြေရှင်းတတ်ရန်၊

စာသင်ချိန်

- ၅ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသောစံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ပေးထားသော အပေါင်းနှင့် အနုတ်ပုစ္ဆာတစ်ခုမှ အလျားပြပုံ (tape diagram) ဆွဲသားတတ်ရန်၊ အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းတတ်ရန်၊	• ပေးထားသော အပေါင်းနှင့်အနုတ် ပုစ္ဆာတစ်ခုမှ အလျားပြပုံ ဆွဲသားခြင်း၊ • အလျားပြပုံမှ လိုသောကိန်းကို ရှာရန်အတွက် အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းခြင်း၊	• ကလေးများသည် ပေးထားသော အပေါင်းနှင့် အနုတ် ပုစ္ဆာတစ်ခုမှ အလျားပြပုံ ဆွဲသားတတ်မည်။ • ကလေးများသည် အလျားပြပုံမှ လိုသောကိန်းကို ရှာရန်အတွက် အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းတတ်မည်။
၂	a + ___ = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းတတ်ရန်၊	• a + ___ = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းခြင်း၊	• ကလေးများသည် a + ___ = b ပုံစံ ပုစ္ဆာမှ အလျားပြပုံ ဆွဲသားတတ်မည်။ • ကလေးများသည် အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းပြီး အဖြေရှာတတ်မည်။
၃	___ - a = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းတတ်ရန်၊	• ___ - a = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းခြင်း၊	• ကလေးများသည် ___ - a = b ပုံစံ ပုစ္ဆာမှ အလျားပြပုံ ဆွဲသားတတ်မည်။ • ကလေးများသည် အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းပြီး အဖြေရှာတတ်မည်။
၄	a - ___ = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းတတ်ရန်၊	• a - ___ = b ပုံစံ ပုစ္ဆာများကို အလျားပြပုံ အသုံးပြုပြီး ဖြေရှင်းခြင်း၊	• ကလေးများသည် a - ___ = b ပုံစံ ပုစ္ဆာမှ အလျားပြပုံ ဆွဲသားတတ်မည်။ ကလေးများသည် အလျားပြပုံမှ ညီမျှခြင်းသို့ ပြောင်းပြီး အဖြေရှာတတ်မည်။

DBE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	ပုစ္ဆာများကို အလျားပြုပုံ အသုံးပြုပြီး ဖြေရှင်းတတ်ရန်၊	● ပုစ္ဆာများကို အလျားပြုပုံ အသုံးပြုပြီး ဖြေရှင်းခြင်း၊	● ကလေးများသည် ပုစ္ဆာများကို အလျားပြုပုံ အသုံးပြုပြီး ဖြေရှင်းတတ်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ကိုယ်စားပြုပစ္စည်းပုံများ ရေးဆွဲပြီး ပုစ္ဆာများကို မကြာခဏ ဖြေရှင်းခဲ့သည်။ သို့သော် ကလေးများအသုံးပြုသော ကိန်းများသည် ကြီးလာသောကြောင့် ကိုယ်စားပြုပစ္စည်းပုံများ ရေးဆွဲရန် အဆင်မပြေတော့ပါ။ ထို့ကြောင့် ဤအခန်းမှစ၍ ကလေးများသည် အလျားပြုပုံ (tape diagram) များကို စတင်အသုံးပြုခြင်းဖြစ်သည်။

သင်ကြားသင်ယူရမည့်အချက်များ

အပေါင်းနှင့် အနုတ် မည်သည်ကို အသုံးပြုရမည်နည်း။

ဤအခန်းတွင် ကလေးများသည် အပေါင်းနှင့် အနုတ်ကြား ဆက်သွယ်ချက်များ ပါဝင်သော အောက်ပါပုစ္ဆာများကို ဖြေရှင်းရန် သင်ယူရမည်။

(၁) ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံး ရှိတယ်။ အဲဒီနောက် အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခု ခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံး ရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံး ဘယ်လောက်ပေးသလဲ။

(၂) ဆိုင်မှာ မူလက လေ့ကျင့်ခန်းစာအုပ် တချို့ရှိတယ်။ အဲဒီနောက် ၂၈ အုပ်ရောင်းလိုက်တယ်။ အခု ၉ အုပ်ကျန်တယ်။ မူလက စာအုပ် ဘယ်နှအုပ်ရှိခဲ့သလဲ။

ဤမေးခွန်းပုံစံများသည် ကလေးများအတွက် ရှုပ်ထွေးစေသည်။ ဥပမာအားဖြင့် မေးခွန်း (၁) တွင် ဖော်ပြထားသော ဝါကျ "သကြားလုံးတချို့ကို ပေးလိုက်တယ်"သည် အပေါင်းမေးခွန်းများနှင့် တူဟန်ရှိသည်။ သို့သော် အမှန်တကယ်တွင်မူ ဤမေးခွန်းအတွက် အနုတ်ကို အသုံးပြုရမည်။ မေးခွန်း (၂) တွင် ဖော်ပြထားသောဝါကျများတွင် "ရောင်းလိုက်တယ်"နှင့် "အခု ကျန်တယ်"များသည် အနုတ်မေးခွန်းများနှင့် တူဟန်ရှိသည်။ သို့သော် ဤမေးခွန်းအတွက် အပေါင်းကိုအသုံးပြုရမည်။

ထိုဖြစ်ရပ်များတွင် ပုစ္ဆာမှ ညီမျှခြင်းသို့ ပြောင်းခြင်းသည် အဓိကဖြစ်သည်။ ထို့ကြောင့် ပေးထားသော ပုစ္ဆာ၏အခြေအနေကို နားလည်ရန်နှင့် မှန်ကန်သည့် ညီမျှခြင်းရှာရန်အတွက် ကလေးများကိုကူညီရန် အလျားပြုပုံများကို စတင်အသုံးပြုသည်။

အပေါင်းနှင့်အနုတ် မည်သည်ကို အသုံးပြုရမည်နည်း။

ဤအခန်းတွင် ကလေးများသည် အလျားပြုပုံရေးဆွဲပြီး ပုစ္ဆာတစ်ပုဒ်မှ ညီမျှခြင်းတစ်ခုသို့ပြောင်းရန် သင်ယူကြသည်။ ဥပမာအားဖြင့် အထက်ပါ မေးခွန်း (၁)ဖြစ်ရပ်တွင် ကလေးတိုင်းသည် အလျားပြုပုံကို အောက်ပါအဆင့်များလိုက်နာပြီး ရေးဆွဲကြသည်။

ပုစ္ဆာတစ်ပုဒ်အတွက် အလျားပြုပုံ ရေးဆွဲခြင်း

ဤအခန်းတွင် ကလေးများသည် အလျားပြုပုံရေးဆွဲပြီး ပုစ္ဆာတစ်ပုဒ်မှ ညီမျှခြင်းတစ်ခုသို့ပြောင်းရန် သင်ယူကြသည်။ ဥပမာအားဖြင့် အထက်ပါ မေးခွန်း (၁) ဖြစ်ရပ်တွင် ကလေးတိုင်းသည် အလျားပြုပုံကို အောက်ပါအဆင့်များ လိုက်နာပြီး ရေးဆွဲကြသည်။



ကလေးများ ပေးထားသည့် ပုစ္ဆာအခြေအနေမှ အလျားပြုပုံကို မှန်ကန်စွာ ရေးဆွဲနိုင်အောင် လေ့ကျင့်ရန် ဆရာများက လုံလောက်သော အချိန်ပေးရန် လိုပါသည်။ နောက်တစ်ဆင့်သည် အလျားပြုပုံမှ ညီမျှခြင်းရေးပြီး အဖြေရှာရန်ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည်

DBE Boy - Copyright Protected

ပေးထားသောပုစ္ဆာမှ ညီမျှခြင်း တိုက်ရိုက်ရှာခြင်းနှင့်နှိုင်းယှဉ်လျှင် ကလေးများအတွက် မခက်ခဲပါ။ ဤအချက်များမှ အလျားပြပုံ၏ အသုံးဝင်မှုကို ကလေးများသဘောပေါက်ပါစေ။

ပုစ္ဆာတစ်ပုဒ်အတွက် ပုံအမျိုးမျိုးကို အသုံးပြုခြင်း

ကလေးများအတွက် ပုစ္ဆာတစ်ပုဒ်ကို ပုံတစ်ပုံအသုံးပြုပြီး ဖြေရှင်းနိုင်ဖို့ လေ့ကျင့်ပေးရန် အရေးကြီးသည်။ ပထမတန်းတွင် ကလေးများသည် ပုံတွင်ပြထားသည့်အတိုင်း ကိုယ်စားပြုပစ္စည်းများရေးဆွဲပြီး ပေးထားသော ပုစ္ဆာ၏ အခြေအနေကို ဖော်ပြရန် သင်ယူခဲ့သည်။

ဒုတိယတန်းတွင် ကလေးများသည် ကြီးသောကိန်းများကို အသုံးပြုသောကြောင့် ကိုယ်စားပြုပစ္စည်းများ ရေးဆွဲရန် အဆင်မပြေတော့ပါ။ ထို့ကြောင့် အထက်တွင် ရှင်းပြထားသည့် အတိုင်း ကလေးများသည် အလျားပြပုံရေးဆွဲခြင်းကို စတင်ကြမည် ဖြစ်သည်။ ပုစ္ဆာတစ်ပုဒ်မှ ညီမျှခြင်းတစ်ခုသို့ ပြောင်းရန် ပုံတစ်ပုံဆွဲသည့် ဤစိတ်ကူးကို အတန်းကြီးများတွင်လည်း ဆက်လက်အသုံးပြုမည်။

ဥပမာအားဖြင့် တတိယတန်းတွင် ကလေးများသည် အမြှောက် သို့မဟုတ် အစားဆိုင်ရာ ပုစ္ဆာများကို ညီမျှခြင်းသို့ ပြောင်းရန် ညာဘက်တွင် ဖော်ပြထားသောပုံကဲ့သို့ ပုံတစ်ပုံဆွဲရပေမည်။



ကိုယ်စားပြုပစ္စည်းများ ရေးဆွဲခြင်း (ပထမတန်း)



ကလေးများအတွက် ပုစ္ဆာတစ်ပုဒ်မှ ညီမျှခြင်းတစ်ခုသို့ ပြောင်းရန် ပုံတစ်ပုံရေးဆွဲခြင်းသည် အရေးပါသော သင်္ချာတွေးခေါ်မှုဆိုင်ရာ ကျွမ်းကျင်မှုများအနက်တစ်ခုဖြစ်သည်။ ဆရာသည် ဤအချက်ကို သဘောပေါက်ရန် လိုအပ်ပါသည်။

DBE Box – Copyright Protected

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ပေးထားသော အပေါင်းနှင့် အနုတ်ဖော်ပြချက် တစ်ခုမှ အလျားပြုပုံ (tape diagram) ဆွဲသားတတ်ရန်၊
- အလျားပြုပုံမှ ညီမျှခြင်းသို့ ပြောင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အလျားပြုပုံအတွက် အပြာရောင်နှင့် ပန်းရောင် စာရွက်ရှည်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ရှိ ပန်းသီး အပေါင်း ပဉ္စာကို ဖတ်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ပန်းသီးအစိမ်းအတွက် အဝိုင်းဘယ်နှဝိုင်း ဆွဲရမလဲ။
- ပန်းသီးအနီအတွက် အဝိုင်းဘယ်နှဝိုင်း ဆွဲရမလဲ။
- ပန်းသီးအားလုံး ဘယ်နှလုံးရှိသလဲ။ ကလေးများ ကွက်လပ်ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဝိုင်းများ အသုံးပြုမည့်အစား အလျားပြုပုံကို ဆွဲနိုင်သည်။ ကိန်းကြီးလာသောအခါ အလျားပြုပုံများက ပို၍ အသုံးဝင်သည်ဆိုသည့်အချက်ကို အလေးအနက်ထားပါ။

၂။ အထက်ပါနည်းအတိုင်း ပန်းပွင့်အနုတ်ပဉ္စာတွင် ကွက်လပ်ဖြည့်ပါစေ။

၃။ အဓိကမေးခွန်း ၁ (က)ကို တစ်တန်းလုံးဖတ်ပါစေ။ အလျားပြုပုံကို သင်ပုန်းပေါ် ကပ်ပါ။ အောက်ပါ မေးခွန်းများကို မေးပါ။

- ကလေး ဘယ်နှယောက် ရှိသလဲ။ ပုံမှာ ဘယ်အပိုင်းက ၃၆ ကို ပြသလဲ။
- ယောကျ်ားလေး ဘယ်နှယောက် ရှိသလဲ။ ပုံမှာ ဘယ်အပိုင်းက ၁၇ ကို ပြသလဲ။
- မိန်းကလေး ဘယ်နှယောက် ရှိသလဲ။ ပုံမှာ ဘယ်အပိုင်းက ၁၉ ကို ပြသလဲ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားပြုပုံပေါ်တွင် ပေးထားသောအချက်များ ဖော်ပြနိုင်သည်ကို ကလေးများ နားလည်ပါစေ။

၁၁ ပုံများကိုအသုံးပြု၍ပဉ္စာဖြေရှင်းခြင်း

အပေါင်းနဲ့ အနုတ်ကို ပုံတွေသုံးပြီး ဘယ်လိုဖော်ပြသလဲ ပြန်စဉ်းစားရအောင်။



၁ စာသင်ခန်းထဲမှာ ကလေး ၃၆ ယောက်ရှိတယ်။ ၁၇ ယောက်က ယောကျ်ားလေးဖြစ်ပြီး ၁၉ ယောက်က မိန်းကလေးဖြစ်တယ်။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ပုံတွေသုံးပြီး ဖော်ပြပါ။



ဖြည့်စွက် ရှင်းလင်းချက်

ကလေးအများစုသည် စာသားပုဉ္စာဖြေရှင်းရာတွင် အခက်အခဲရှိကြသည်။ အဓိကအကြောင်းရင်းတစ်ခုမှာ စာသားပုဉ္စာမှ ညီမျှခြင်း မထုတ်တတ်ခြင်း ဖြစ်သည်။ ဤအခန်းတွင် အလျားပြုပုံဆွဲပြီး စာသားပုဉ္စာမှ ညီမျှခြင်းထုတ်ခြင်းကို ကလေးများ သင်ယူကြမည်။ သို့ဖြစ်၍ အလျားပြုပုံဆွဲခြင်းသည် စာသားပုဉ္စာများကို ဖြေရှင်းရန် လွန်စွာအထောက်အကူ ဖြစ်သည်ကို ကလေးများ နားလည်ပေမည်။



DBE Box – Copyright Protected

၄။ အောက်ပါ မေးခွန်းများ မေးပြီး တစ်တန်းလုံးအား မေးခွန်း (ခ) (၁) ကို ဖြေရှင်းပါစေ။

- ဘယ်ကိန်းတွေကိုပေးထားသလဲ၊ ဘာတွေလဲ။ ဘယ်ကိန်းကို မသိဘူးလဲ။
- အားလုံးပေါင်း အရေအတွက်ရှာဖို့ ညီမျှခြင်း ရေးပါ။
- အဖြေရေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားပြုပုံမှ အဘယ်ကြောင့် ညီမျှခြင်းရေးနိုင်သည်ကို ကလေးများ ရှင်းပြနိုင် မနိုင် စစ်ဆေးပါ။

၅။ မေးခွန်း (ခ) (၂) နှင့် (၃) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးသို့ တင်ပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် မေးခွန်း (ခ) (၁) တွင် မေးခဲ့သည့်အတိုင်း မေးပြီး ကလေးများကို ကူညီပံ့ပိုးပါ။

➔ အလျားပြုပုံမှ အဘယ်ကြောင့် ညီမျှခြင်းရေးနိုင်သည်ကို ကလေးများ ရှင်းပြနိုင် မနိုင် စစ်ဆေးပါ။

၆။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။



ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း (က)၊ (ခ)၊ (ဂ) အနက် မည်သည့်မေးခွန်းသည် အောက်ပါ အလျားပြုပုံနှင့် ကိုက်ညီသနည်း။ **အဖြေ (ဂ)**



(က) မူလက ကားပေါ်တွင် ခရီးသည် ၂၄ ယောက်ရှိသည်။ ထို့နောက် ကားပေါ်မှ ၁၂ ယောက် ဆင်းသွားသည်။ ယခု ကားပေါ်တွင် ခရီးသည် မည်မျှရှိသနည်း။

(ခ) မူလက ကားပေါ်တွင် ခရီးသည် ၂၄ ယောက်ရှိသည်။ ထို့နောက် ကားပေါ်မှ ခရီးသည်အချို့ ဆင်းသွားပြီး ၁၂ ယောက် ကားပေါ်တွင်ကျန်ရှိသည်။ ခရီးသည် မည်မျှ ဆင်းသွားသနည်း။

(ဂ) မူလက ကားပေါ်တွင် ခရီးသည်အချို့ ရှိသည်။ ထို့နောက် ကားပေါ်မှ ၂၄ ယောက် ဆင်းသွားပြီး ၁၂ ယောက် ကျန်ရှိသည်။ မူလက ခရီးသည် မည်မျှရှိသနည်း။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- a + ___ = b ပုံစံပုစ္ဆာများကို အလျားပြပုံသုံးပြီး ဖြေရှင်းတတ်ရန်

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၂) ကို ကလေးများ ဖတ်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ကိန်းတွေကို ပေးထားသလဲ။ဘာတွေလဲ
- ဘယ်ကိန်းကို မသိဘူးလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပေးထားသော ကိန်းများနှင့် မသိကိန်းများကို ကလေးများ သေချာပြောနိုင်ပါစေ။

၂။ ဆရာက ကလေးများနှင့်အတူ သင်ပုန်းပေါ်တွင် အလျားပြပုံဆွဲပြီး ကလေးများက လေ့ကျင့်ခန်း စာအုပ်ထဲတွင် အလျားပြပုံ အဆင့်ဆင့်ကို ဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါကဲ့သို့ မေးခွန်းများမေးပြီး ပုံများ ဆွဲပါ။

- အမေကပေးတဲ့ သကြားလုံးအတွက် အလျား ပြပုံကို ဘယ်နေရာမှာ ဆွဲမလဲ။
- ဘယ်အပိုင်းက သကြားလုံး အားလုံးပေါင်း ၃၁ လုံးကို ပြသလဲ။

➔ အလျားပြပုံကို တစ်ဆင့်ပြီးတစ်ဆင့် မှန်ကန်စွာ ရေးဆွဲနိုင် မနိုင် စစ်ဆေးပါ။

၃။ ညီမျှခြင်းနှင့်အဖြေကို ကလေးတစ်ဦးချင်းစီ ရှာဖွေစေပြီး နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံးတွင် စစ်ဆေးပါ။ နောက်ဆုံးတွင် ကျောင်းသုံးစာအုပ်ရှိ ပုံအဆင့်ဆင့်ကို ပြန်လည်ကြည့်ရှုလေ့လာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားပြပုံမှ အဘယ်ကြောင့်ညီမျှခြင်းရေးနိုင် သည်ကို ကလေးများ ရှင်းပြနိုင် မနိုင် စစ်ဆေး ပါ။

➔ မေးခွန်းသည် အပေါင်းဟုထင်ရသော်လည်း အနုတ်အသုံးပြုရသည်ကို ကလေးများ သတိပြု မိပါစေ။

၄။ အထက်ပါအတိုင်း မေးခွန်း(၁)ကို လေ့ကျင့်ခန်း စာအုပ်တွင် အလျားပြပုံများဆွဲပြီး ကလေးတစ်ဦး ချင်းစီဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးကို စစ်ဆေးပါ။

---

၂ **ခိုင်ခိုင်မှာ မူလကသကြားလုံး ၁၄ လုံးရှိတယ်။ အဲဒီနောက် အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခု ခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံးရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံး ဘယ်လောက် ပေးသလဲ။**

ပုံသုံးပြီး ညီမျှခြင်းရေးကာ အဖြေရှာကြမယ်။

(၁) ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံးရှိတယ်။



(၂) အဲဒီနောက် အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။



(၃) အခု ခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံး ရှိတယ်။



ညီမျှခြင်း ၃၁ − ၁၄ = ၁၇ အဖြေ ၁၇ လုံး

၁ ကားတစ်စီးပေါ်မှာ မူလက ခရီးသည် ၁၈ ယောက်ရှိတယ်။ အဲဒီနောက် ခရီးသည်တွေ ထပ်တက်လာတယ်။ ကားပေါ်မှာ ခရီးသည်အားလုံး ၂၅ ယောက် ရှိသွားရင် ကားပေါ်ကို ခရီးသည် ဘယ်နှယောက်ထပ်တက်လာသလဲ။

၂၅ − ၁၈ = ၇ အဖြေ ၇ ယောက်

ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း၊ မူလက အောင်အောင်တွင် သကြားလုံးအချို့ရှိသည်။ ထို့နောက် သူဖခင်က သကြားလုံး ၉ လုံး ထပ်ပေးလိုက်သည်။ ယခုအောင်အောင်တွင် သကြားလုံး ၂၇ လုံး ရှိသည်။ မူလက သူတွင် သကြားလုံး မည်မျှရှိသနည်း။

အဖြေ



၂၇ − ၉ = ၁၈ အဖြေ ၁၈ လုံး

DBE Box – Copyright Protected

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- _____ - a = b ပုံစံပဉ္စာများကို အလျားပြုပုံသုံးပြီး ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၃) ကို ကလေးများ ဖတ်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်ကိန်းတွေကို ပေးထားသလဲ။ဘာတွေလဲ။
- ဘယ်ကိန်းကို မသိဘူးလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပေးထားသောကိန်းများနှင့် မသိကိန်းများကို ကလေးများ သေချာပြောနိုင်ပါစေ။

၂။ ဆရာက ကလေးများနှင့်အတူ သင်ပုန်းပေါ်တွင် အလျားပြုပုံဆွဲပြီး ကလေးများက လေ့ကျင့်ခန်းစာအုပ်ထဲတွင် အလျားပြုပုံ အဆင့်ဆင့်ကိုဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ မေးခွန်းများမေးပြီး ပုံများဆွဲပါ။

- အလျားပြုပုံရဲ့ဘယ်အပိုင်းက မူလရှိစာအုပ်ကို ပြသလဲ။
- ရောင်းလိုက်တဲ့ စာအုပ်အတွက် အလျားပြုပုံကို ဘယ်နေရာမှာ ဆွဲရမလဲ။
- ဘယ်အပိုင်းက ကျန်တဲ့စာအုပ်ကို ပြသလဲ။

➔ အလျားပြုပုံကို တစ်ဆင့်ပြီးတစ်ဆင့် မှန်ကန်စွာ ရေးဆွဲနိုင် မနိုင် စစ်ဆေးပါ။

၃။ ညီမျှခြင်းနှင့်အဖြေကို ကလေး တစ်ဦးချင်းစီ ရှာဖွေစေပြီး နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံးကို စစ်ဆေးပါ။ နောက်ဆုံးတွင် ကျောင်းသုံးစာအုပ်ရှိ ပုံအဆင့်ဆင့်ကို ပြန်လည်ကြည့်ရှုလေ့လာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားပြုပုံမှ အဘယ်ကြောင့်ညီမျှခြင်းရေးနိုင်သည်ကို ကလေးများ ရှင်းပြနိုင် မနိုင်စစ်ဆေးပါ။

➔ မေးခွန်းသည် အနုတ်ဟု ထင်ရသော်လည်း အပေါင်း အသုံးပြုရသည်ကို ကလေးများ သတိပြုမိပါစေ။

၄။ အထက်ပါအတိုင်း မေးခွန်း(၂)ကို လေ့ကျင့်ခန်းစာအုပ်တွင် အလျားပြုပုံများဆွဲပြီး တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို တစ်တန်းလုံးကို စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၁၁ ပုံများကိုအသုံးပြု၍ ပုစ္ဆာဖြေရှင်းခြင်း

၃ ဆိုင်မှာ မူလက လေ့ကျင့်ခန်းစာအုပ်တချို့ရှိတယ်။ အဲဒီနောက် ၂၈ အုပ် ရောင်းလိုက်တယ်။ အခု ၉ အုပ်ကျန်တယ်။ မူလက စာအုပ် ဘယ်နှအုပ်ရှိခဲ့သလဲ။

ပုံအသုံးပြုပြီး ညီမျှခြင်းရေးကာ အဖြေရှာကြမယ်။

(၁) ဆိုင်မှာ မူလက လေ့ကျင့်ခန်းစာအုပ် တချို့ရှိတယ်။



(၂) အဲဒီနောက် ၂၈ အုပ် ရောင်းလိုက်တယ်။



(၃) အခု ၉ အုပ် ကျန်တယ်။



ညီမျှခြင်း ၂၈ + ၉ = ၃၇ အဖြေ ၃၇ အုပ်

၂ ကစားကွင်းမှာ မူလက ကလေးတချို့ရှိတယ်။ အဲဒီနောက် ၈ ယောက် အိမ်ပြန်သွားတယ်။ ကလေး ၁၃ ရောက်သာကျန်တယ်။ ကစားကွင်းမှာ မူလက ကလေး ဘယ်နှယောက်ရှိသလဲ။

၈ + ၁၃ = ၂၁ အဖြေ ၂၁ ယောက်

၃၂

သင်ပုန်းအသုံးပြုပုံ နမူနာ

ဤသင်ခန်းစာအတွက် သင်ပုန်းအသုံးပြုပုံနမူနာကို အောက်တွင် ပြထားသည်။ ဆရာက သင်ပုန်းကို လေးပိုင်းပိုင်းခြားပြီး ထိုအပိုင်းလေးပိုင်းကို နိဒါန်း၊ အဓိကမေးခွန်း၊ အတည်ပြုမေးခွန်းနှင့် နိဂုံးချုပ်ခြင်းတို့အတွက် အသုံးပြုရမည်။



DBE.BJX — Copyright Protected

၄ **တင်တင်မှာ မူလက ၂၄ စင်တီမီတာရှည်တဲ့ ဖဲကြိုးတစ်ချောင်းရှိတယ်။ အဲဒီနောက် တချို့ကိုသုံးခဲ့တယ်။ အခု ၁၇ စင်တီမီတာပဲကျန်တယ်။ ဖဲကြိုး ဘယ်လောက်သုံးခဲ့သလဲ။**



ညီမျှခြင်း ၂၄ − ၁၇ = ၇ အဖြေ ၇ စင်တီမီတာ

၅ ကျော်ကျော်မှာ မူလက ရောင်စုံစာရွက် ၃၂ ရွက်ရှိတယ်။ အဲဒီနောက်တချို့ကို သုံးခဲ့တယ်။ အခု ၁၉ ရွက်ပဲ ကျန်တယ်။ ရောင်စုံစာရွက် ဘယ်နှရွက်သုံးခဲ့သလဲ။

၃၂ − ၁၉ = ၁၃ အဖြေ ၁၃ ရွက်

လေ့ကျင့်ခန်း

၁။ ဇင်ဇင်တွင် စတော်ဘယ်ရီသီး ၂၃ လုံးရှိသည်။ စတော်ဘယ်ရီသီးအချို့ကို စားလိုက်ရာ သူမမှာ ၈ လုံးသာကျန်သည်။ စတော်ဘယ်ရီသီးမည်မျှစားခဲ့သနည်း။

၂၃ − ၈ = ၁၅ အဖြေ ၁၅ လုံး

၂။ သစ်ပင်ပေါ်တွင် ငှက်အချို့ရှိသည်။ ငှက် ၁၂ ကောင်ပျံသွားသည်။ ယခုသစ်ပင်ပေါ်တွင် ငှက် ၁၈ ကောင်သာကျန်သည်။ သစ်ပင်ပေါ်တွင် မူလက ငှက်မည်မျှရှိသနည်း။ ၁၂ + ၁၈ = ၃၀ အဖြေ ၃၀ ကောင်

၃။ ကျောင်းဝင်းအတွင်းတွင် ကလေး ၁၅ ယောက် သန့်ရှင်းရေးလုပ်နေကြသည်။ ကလေးအချို့ထပ်ရောက်လာကြသည်။ ယခု ကလေး ၂၄ ယောက်ရှိလျှင် ကလေး မည်မျှထပ်ရောက်လာသနည်း။

၂၄ − ၁၅ = ၉ အဖြေ ၉ ယောက်

ပုစ္ဆာများ၏အဖြေများ

၁။



၂၃ − ၈ = ၁၅ အဖြေ ၁၅ လုံး

၂။



၁၂ + ၁၈ = ၃၀ အဖြေ ၃၀ ကောင်

၃။



၂၄ − ၁၅ = ၉ အဖြေ ၉ ယောက်

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- a - ____ = b ပုံစံပုစ္ဆာများကို အလျားပြုပုံအသုံးပြုပြီး ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း ၄ ကို ကလေးများ ဖတ်ပါစေ။ အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ကိန်းတွေကို ပေးထားသလဲ။ ဘာတွေလဲ။
- ဘယ်ကိန်းကို မသိဘူးလဲ။

၂။ ဆရာက ကလေးများနှင့်အတူ သင်ပုန်းပေါ်တွင် အလျားပြုပုံဆွဲပြီး ကလေးများက လေ့ကျင့်ခန်းစာအုပ်ထဲတွင် အလျားပြုပုံ အဆင့်ဆင့်ကိုဆွဲပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ယခင်သင်ခန်းစာများတွင်မေးသည့် မေးခွန်းများကဲ့သို့မေးပြီး အလျားပြုပုံများကို ဆွဲပါစေ။

➔ အလျားပြုပုံကို တစ်ဆင့်ပြီးတစ်ဆင့် မှန်ကန်စွာ ရေးဆွဲနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ ညီမျှခြင်းနှင့် အဖြေကို ကလေး တစ်ဦးချင်းစီ ရှာဖွေစေပြီး နှစ်ယောက်တစ်တွဲစီ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံးနှင့် စစ်ဆေးပါ။ နောက်ဆုံးတွင် ကျောင်းသုံးစာအုပ်ရှိ ပုံအဆင့်ဆင့်ကို ပြန်လည်ကြည့်ရှုလေ့လာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလျားပြုပုံမှ အဘယ်ကြောင့် ညီမျှခြင်း ရေးနိုင်သည်ကို ကလေးများ ရှင်းပြနိုင် မနိုင် စစ်ဆေးပါ။

၄။ အထက်ပါအတိုင်း မေးခွန်း ၃ ကို လေ့ကျင့်ခန်းစာအုပ်တွင် အလျားပြုပုံများဆွဲပြီး တစ်ဦးချင်းစီဖြေရှင်းပြီး အဖြေကို တစ်တန်းလုံးကို စစ်ဆေးပါ။

၅။ ဤသင်ခန်းစာတွင် သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင်နိဂုံးချုပ်ပါစေ။

စာသင်ချိန် ၅

သင်ယူမှုဦးတည်ချက်

- ပုစ္ဆာများကို အလျားပြုပုံအသုံးပြုပြီး ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

လေ့ကျင့်ခန်းများတွင် တွက်ပါစေ။ လေးထောင့်ကွက်ထဲတွင် အဖြေများကို ဖော်ပြထားသည်။

DBE Box – Copyright Protected

အခန်း ၁၃ တြိဂံများနှင့်စတုဂံများ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၆။ မျဉ်းဖြောင့်များနှင့် ထောင့်မှန်များကို တည်ဆောက်တတ်ရန်၊
၂. ၇။ တြိဂံများနှင့် ထောင့်မှန်စတုဂံများကို ထောင့်စွန်းများနှင့် အနားများအရေအတွက်ပေါ်အခြေခံ၍ ဖော်ပြတတ်ရန်၊
၂. ၈။ ထောင့်မှန်တြိဂံ၊ စတုရန်းနှင့် စတုဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ရေးဆွဲတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၆. ၁. ၁။ မျဉ်းဖြောင့်တစ်ကြောင်းကို ဆွဲသားတတ်ရန်၊
၂. ၆. ၁. ၂။ ထောင့်မှန်ထောင့်တစ်ခုကို ပြုလုပ်တတ်ရန်၊
၂. ၇. ၁. ၁။ တြိဂံတစ်ခုနှင့် စတုဂံတစ်ခု၏ ထောင့်စွန်းများနှင့် အနားများ၏ အရေအတွက်ကို သတ်မှတ်တတ်ရန်၊
၂. ၈. ၁. ၁။ ထောင့်မှန်တြိဂံများကို သတ်မှတ်တတ်ရန်၊
၂. ၈. ၂. ၁။ ထောင့်မှန်စတုဂံနှင့် စတုရန်းများကို သတ်မှတ်တတ်ရန်၊
၂. ၈. ၃. ၁။ ထောင့်မှန်တြိဂံ၊ စတုရန်းနှင့် ထောင့်မှန်စတုဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားတတ်ရန်၊

စာသင်ချိန်

- ၁၀ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	မျဉ်းဖြောင့်တစ်ကြောင်းကို ဆွဲသားတတ်ရန်၊	● မျဉ်းဖြောင့်များကို သတ်မှတ်ခြင်းနှင့် ဆွဲသားခြင်း၊	● ကလေးများသည် မျဉ်းဖြောင့်များကို သတ်မှတ်နိုင်မည်။ ● ကလေးများသည် မျဉ်းဖြောင့်များကို ဆွဲသားနိုင်မည်။
၂	တြိဂံများနှင့်စတုဂံများကို သတ်မှတ်တတ်ရန်၊	● တြိဂံများနှင့် စတုဂံများကို အဓိပ္ပာယ်သတ်မှတ်ခြင်း၊ ● တြိဂံများနှင့် စတုဂံများကို သတ်မှတ်ခြင်း၊	● ကလေးများသည် တြိဂံများနှင့် စတုဂံများကို အဓိပ္ပာယ် သတ်မှတ်ချက်ပေါ် အခြေခံ၍ သတ်မှတ်နိုင်မည်။
၃	တြိဂံတစ်ခုနှင့် စတုဂံတစ်ခု၏ ထောင့်စွန်းနှင့် အနားအရေအတွက်များကို သတ်မှတ်တတ်ရန်၊	● ထောင့်စွန်းနှင့် အနားအရေအတွက်များဖြင့် တြိဂံများနှင့် စတုဂံများကို သတ်မှတ်ခြင်း၊ ● တြိဂံများနှင့် စတုဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားခြင်း၊	● ကလေးများသည် တြိဂံများနှင့် စတုဂံများကို ထောင့်စွန်းနှင့် အနားအရေအတွက်များဖြင့် သတ်မှတ်နိုင်မည်။ ● ကလေးများသည် တြိဂံများနှင့် စတုဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားနိုင်မည်။

DBE Box - Copyright Protected

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄	ထောင့်မှန်ထောင့်တစ်ခုကိုပြုလုပ်တတ်ရန်၊	● ထောင့်မှန်ထောင့်ပြုလုပ်ရန် စာရွက်ကို အသုံးပြုခြင်း၊ ● ထောင့်မှန်ထောင့်တစ်ခုကို ပြုလုပ်ခြင်း၊ (ဥပမာ၊ ထောင့်ဖြောင့် တစ်ခု၏ တစ်ဝက်) ● ထောင့်မှန်ထောင့်ကို ပတ်ဝန်းကျင်တွင် ရှာဖွေခြင်း၊	● ကလေးများသည် ထောင့်မှန်ထောင့်တစ်ခုကို ပြုလုပ်ရန် စာရွက်ကို အသုံးပြုနိုင်မည်။ ● ကလေးများသည် ထောင့်မှန်ထောင့်ကို ပတ်ဝန်းကျင်တွင် ရှာဖွေနိုင်မည်။
၅-၆	ထောင့်မှန်စတုဂံနှင့် စတုရန်းများကို သတ်မှတ်တတ်ရန်၊	● ထောင့်မှန်စတုဂံတစ်ခုကို ပြုလုပ်ရန် စာရွက်ကိုအသုံးပြုခြင်း၊ ● ထောင့်မှန်စတုဂံတစ်ခုကို အနားများ၊ ထောင့်မှန်ထောင့်များဖြင့် အဓိပ္ပာယ်သတ်မှတ်ခြင်းနှင့် ဂုဏ်သတ္တိများ ရှာဖွေခြင်း၊ ● စတုရန်းတစ်ခုကိုပြုလုပ်ရန် စာရွက်ကို အသုံးပြုခြင်း၊ ● စတုရန်း တစ်ခုကို အနားများ၊ ထောင့်မှန်ထောင့်များဖြင့် အဓိပ္ပာယ်သတ်မှတ်ခြင်းနှင့် ဂုဏ်သတ္တိများ ရှာဖွေခြင်း၊ ● စတုဂံအမျိုးမျိုးမှ ထောင့်မှန်စတုဂံများနှင့် စတုရန်းများကို ဖော်ထုတ်ခြင်း၊	● ကလေးများသည် ထောင့်မှန်စတုဂံတစ်ခုကို ပြုလုပ်ရန် စာရွက်ကို အသုံးပြုနိုင်မည်။ ● ကလေးများသည် ထောင့်မှန်စတုဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ဂုဏ်သတ္တိများကို အနားများ၊ ထောင့်မှန်ထောင့်များဖြင့် ရှင်းပြနိုင်မည်။ ● ကလေးများသည် စတုရန်းတစ်ခုကို ပြုလုပ်ရန် စာရွက်ကို အသုံးပြုနိုင်မည်။ ● ကလေးများသည် စတုရန်း၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ဂုဏ်သတ္တိများကို အနားများ၊ ထောင့်မှန်ထောင့်များဖြင့် ရှင်းပြနိုင်မည်။ ● ကလေးများသည် စတုဂံအမျိုးမျိုးအနက် ထောင့်မှန်စတုဂံများနှင့် စတုရန်းများကို ဖော်ထုတ်နိုင်မည်။
၇	ထောင့်မှန်တြိဂံများကို သတ်မှတ်တတ်ရန်၊	● ထောင့်မှန်တြိဂံတစ်ခုကို ပြုလုပ်ရန် စာရွက်ကို အသုံးပြုခြင်း၊ ● ထောင့်မှန်တြိဂံများကိုအဓိပ္ပာယ်သတ်မှတ်ခြင်း၊ ● တြိဂံအမျိုးမျိုးမှ ထောင့်မှန်တြိဂံများကို သတ်မှတ်ခြင်း၊	● ကလေးများသည် ထောင့်မှန်တြိဂံတစ်ခုကို ပြုလုပ်ရန် စာရွက်ကို အသုံးပြုနိုင်မည်။ ● ကလေးများသည် ထောင့်မှန်တြိဂံများ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ရှင်းပြနိုင်မည်။ ● ကလေးများသည် တြိဂံအမျိုးမျိုးမှ ထောင့်မှန်တြိဂံများကို သတ်မှတ်နိုင်မည်။
၈-၁၀	ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားတတ်ရန်၊ ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများ ဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများကို စတုရန်းပုံဖော် အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားခြင်း၊ ● ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများကို စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ဆွဲသားနိုင်မည်။ ● ကလေးများသည် ပေးထားသောအလျားရှိသည့် ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများကို စတုရန်းကွက်များပါသော စာရွက်ပေါ်တွင် ဆွဲသားနိုင်မည်။ ● ကလေးများသည် ထောင့်မှန်စတုဂံများ၊ စတုရန်းများနှင့် ထောင့်မှန်တြိဂံများဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ပထမတန်းတွင် ကလေးများသည် စတုဂံများနှင့်တြိဂံများကို သင်ယူခဲ့သည်။ သို့သော် စတုဂံနှင့်တြိဂံဟူသည့် ဝေါဟာရများကို မသင်ကြားခဲ့ပေ။ ကလေးများအတွက် နေ့စဉ်သုံးစကားဖြစ်သည့်အတွက် လေးထောင့်ပုံ၊ သုံးထောင့်ပုံစသည့် အသုံးအနှုန်းများကိုသာ မိတ်ဆက်ပေးခဲ့သည်။ ဤအခန်းတွင် စတုဂံနှင့်တြိဂံဟူသည့်ဝေါဟာရများကို အသစ်သင်ကြားသည်။ ထို့အပြင် အနားနှင့်ထောင့်စွန်းဟူသည့် ဝေါဟာရများကိုလည်း ပထမတန်းတွင် မသင်ကြားခဲ့ပေ။

DBBox – Copyright Protected

သင်ကြားသင်ယူရမည့်အချက်များ

တြိဂံများနှင့်စတုဂံများ



ဤအခန်းတွင် တြိဂံကို မျဉ်းဖြောင့်သုံးကြောင်းဖြင့် ဘောင်ခတ်ထားသောပုံဟု အဓိပ္ပာယ်သတ်မှတ်သည်။ ပုံသဏ္ဌာန်၊ အရွယ်အစား၊ တည်နေရာအလိုက် တြိဂံအမျိုးမျိုးရှိသည်ကို ပြရန် အရေးကြီးသည်။ ဤနည်းအားဖြင့် ကလေးများသည် တြိဂံဖြစ်ခြင်းသည် ထိုအချက်များအပေါ် မူတည်ခြင်းမရှိသည်ကို သိရှိနားလည်ပေမည်။



ထို့အပြင် ညာဘက်တွင် ပြထားသည့်ပုံများ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် မကိုက်ညီသည့်အတွက် တြိဂံများ မဟုတ်သည်ကို ကလေးများ သိရှိနားလည်ရမည်။ စတုဂံများကိုလည်း ဤနည်းအတိုင်း သင်ကြားပြသမည်။

ထောင့်မှန်ထောင့်များ

ထောင့်မှန်ထောင့်သဘောကို ဤအခန်းတွင် စာရွက်ခေါက်ခြင်းဖြင့် သင်ကြားသည်။ သို့သော် ထောင့်များသဘောကို ဤနေရာတွင် အသုံးပြုမည်မဟုတ်သည့်အတွက် သင်ကြားခြင်းမပြုပေ။ အတန်းကြီးတွင် ထောင့်တိုင်းစက်ဝိုင်းခြမ်း အသုံးပြုခြင်းဖြင့် ထောင့်၏ အရွယ်အစားကို မိတ်ဆက်သင်ကြားခြင်းနှင့်အတူ ထောင့်သဘောကိုလည်း သင်ကြားမည်ဖြစ်သည်။

ထောင့်မှန်စတုဂံနှင့် စတုရန်းများ



ထောင့်မှန်ထောင့်များကိုသင်ယူပြီးနောက် ကလေးများသည် ထောင့်မှန်ပါသောပုံများကို စတင်သင်ယူကြသည်။ ထောင့်မှန်ထောင့်ကို စာရွက်ခေါက်ပြီး ပြုလုပ်နိုင်သည့်အတွက် ကလေးများသည် ဤပုံများကို သင်ယူရာတွင် စာရွက်ခေါက်ခြင်းကို အသုံးပြုသည်။ ထောင့်မှန်စတုဂံကို ထောင့်မှန်ထောင့် ၄ ထောင့်ပါသော စတုဂံအဖြစ် အဓိပ္ပာယ်သတ်မှတ်သည်။ သို့ဖြစ်၍ ကလေးများသည် ထောင့်မှန်ထောင့်ကို လေးကြိမ် ပြုလုပ်ပြီး ထောင့်မှန်စတုဂံကိုပြုလုပ်နိုင်သည်။ ထို့အပြင် ထောင့်မှန်စတုဂံပုံစာရွက်ကိုခေါက်ပြီး မျက်နှာချင်းဆိုင်အနားများကို အတူတူထားခြင်းဖြင့် ထောင့်မှန်စတုဂံများ၏ဂုဏ်သတ္တိကိုလည်း ကလေးများရှာဖွေကြမည်။ စတုရန်းပုံ သင်ကြားရာတွင်လည်း စတုရန်းများကို ပြုလုပ်ရန်နှင့် သတ်မှတ်ရန် စာရွက်ခေါက်ခြင်းကို ကျယ်ပြန့်စွာအသုံးပြုသည်။

ထောင့်မှန်တြိဂံများ

ထောင့်မှန်စတုဂံပုံစာရွက်ကို ထောင့်ဖြတ်အတိုင်းဖြတ်ခြင်းဖြင့် ထောင့်မှန်တြိဂံပုံပြုလုပ်နိုင်သည်။ သို့ဖြစ်၍ ထောင့်မှန်ထောင့်တစ်ခုပါသည့် တြိဂံတစ်ခုရလာသည်။ ထောင့်မှန်ထောင့်တစ်ခုပါသည့်တြိဂံသည် ထောင့်မှန်တြိဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်ပင် ဖြစ်သည်။

စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ပုံများ ဆွဲသားခြင်း

ကလေးများသည် ပုံများ၏ထူးခြားချက်များအပေါ် နားလည်ခြင်းကို ပုံဆွဲခြင်းအားဖြင့် တိုးတက်စေနိုင်သည့်အတွက် ပုံများဆွဲသားခြင်းသည် မူလတန်းအဆင့်တွင် ဂျီသြမေတြီသင်ယူခြင်း၏ အရေးကြီးသောအပိုင်း ဖြစ်သည်။ သို့သော် ပုံများကို စာရွက်အလွတ်ပေါ်တွင်ဆွဲပါက ကလေးများအတွက် ခက်ခဲနိုင်သည်။ အထူးသဖြင့် စာရွက်အလွတ်ပေါ်တွင် ထောင့်မှန်ထောင့်များကိုဆွဲလျှင် ကလေးများအတွက် ခက်ခဲသည်။ ထို့ကြောင့် ဤအခန်းတွင် စတုရန်းပုံဖော်အစက်များပါသော စာရွက်ပေါ်တွင် ပုံများကို ဆွဲခိုင်းမည်။ ဤနည်းအားဖြင့် ကလေးများသည် ထောင့်မှန်စတုဂံ၊ စတုရန်းနှင့်ထောင့်မှန်တြိဂံ စသည့် ထောင့်မှန်ထောင့်များ ပါသည့်ပုံများကို ဆွဲနိုင်မည်။



DBE Box - Copyright Protected

၁၃ တြိဂံများနှင့်စတုဂံများ

မျဉ်းဖြောင့်များ

၁ **ကလေးတွေ ကစားနေကြတဲ့ပုံကို ကြည့်ပါ။ ဒီပုံထဲမှာ ဘာကစား နည်းတွေ ကစားနေကြသလဲ။**





- ယောကျ်ားလေးနှစ်ယောက်က ကြိုးကိုတင်းနေအောင် ဆွဲထားတယ်။ ဒါကြောင့် ကြိုးက ___ဖြောင့်___ နေတယ်။
- မိန်းကလေးက ကြိုးခုန်နေတယ်။ ဒါကြောင့် ကြိုးက ___ကွေး___ နေတယ်။

ကွေးမနေသော မျဉ်းတစ်ကြောင်းကို **မျဉ်းဖြောင့်** ဟုခေါ်သည်။

၁ မျဉ်းဖြောင့်ကို ဝိုင်းပါ။



၂ လေ့ကျင့်ခန်းစာအုပ်မှာ ပေတံ၊ ကွန်ပါဘူးနဲ့ စာအုပ်လို ပစ္စည်းတွေကိုသုံးပြီး မျဉ်းဖြောင့်တွေ ဆွဲကြမယ်။

ဖြည့်စွက်လေ့ကျင့်ခန်း

အတိုဆုံး မျဉ်းကွေး၊ မျဉ်းသည် မျဉ်းဖြောင့်၏ အဂိါရပ် ဖြစ်သည်။ မျဉ်းဖြောင့်၏ ဂုဏ်သတ္တိကို ဤသင်ခန်းစာတွင် တိုက်ရိုက် ဖော်ပြထားခြင်းမရှိပေ။ ထို့ကြောင့် မေးခွန်းနောက်တစ်ခုမေးပြီး ကလေးများ ပိုမိုနားလည်သဘောပေါက်စေရန် အရေးကြီးသည်။

မေးခွန်း၊ မျဉ်းကြောင်း ၄ ကြောင်းတွင် မည်သည်က အတိုဆုံး ဖြစ်သနည်း။



အဖြေမှန်သည် မျဉ်းဖြောင့်ကို သွယ်ဝိုက်ညွှန်းဆိုသည်။

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- မျဉ်းဖြောင့်တစ်ကြောင်းကို ဆွဲသားတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကစားနည်း အမျိုးမျိုးကို မေးပါ။

၂။ ကျောင်းသုံးစာအုပ်ရှိ ပုံများကို ကြည့်စေပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ကလေးတွေ ဘာကစားနည်းတွေ ကစားနေသလဲ။
- ပုံတစ်ပုံစီက ကြိုးတွေ ဘာနဲ့ တူသလဲ။ "မျဉ်းဖြောင့်" ဟူသည့် စကားလုံးကို တစ်တန်းလုံးနှင့် မိတ်ဆက်ပေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖြောင့်သောကြိုးနှင့် ကွေးသောကြိုးကို ပုံထဲတွင် တွေ့ရှိပါစေ။

၃။ မေးခွန်း (၁) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ကလေးအချို့အား အဖြေမှန်နှင့် အကြောင်းပြချက်ကို တစ်တန်းလုံးသို့တင်ပြပြီး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မျဉ်းဖြောင့်များကို မှန်ကန်စွာ သတ်မှတ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ မေးခွန်း (၂) ကို ကလေးများ ဖြေရှင်းပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မျဉ်းဖြောင့်များကို မှန်ကန်စွာဆွဲနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- တြိဂံများနှင့် စတုဂံများကို သတ်မှတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သစ်သီးပုံ ကားချပ်နှင့် ပေတံ (ဆရာအတွက်)
- ပေတံ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မျဉ်းဖြောင့်များနှင့် မျဉ်းကွေးများ အကြောင်း မေးပြီး သင်ခန်းစာ(၁)ကို ကလေးများ ပြန်သတိရ ပါစေ။

၂။ သစ်သီးပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ ဌက်ပျောသီးပုံမှာ ပုံစံတူအစက်များ ဆက်ထား သည်ကို ပြပါ။ ပုံထဲမှ ဌက်ပျောသီးကဲ့သို့ ပုံစံတူ အစက်များကို မျဉ်းဖြောင့်များဖြင့်ဆက်ပြီး သစ်သီး ပုံတစ်ခုစီကို ကလေးများ ဘောင်ခတ်ပါစေ။ အဖြေကို စစ်ဆေးရန် ကလေးအချို့အား သင်ပုန်း ပေါ်ရှိ သစ်သီးပုံကားချပ်ပေါ်တွင် သစ်သီးများကို ဘောင်ခတ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အစက်များကိုဆက်ရာတွင် ထောင့်ဖြတ်အတိုင်း မဆက်ရန် သေချာပါစေ။

➔ သစ်သီးကို ဘောင်အပြည့် ခတ်ထားခြင်းရှိ မရှိ စစ်ဆေးပါစေ။

၃။ အောက်ပါမေးခွန်းများကို တစ်တန်းလုံးအား မေးပါ။

- ဌက်ပျောသီးကို ဘောင်ခတ်ဖို့ မျဉ်းဖြောင့် ဘယ်နှကြောင်း လိုသလဲ။
- စပျစ်သီးကို ဘောင်ခတ်ဖို့ မျဉ်းဖြောင့် ဘယ်နှကြောင်း လိုသလဲ။

၄။ မေးခွန်း (၃) ကို ကလေးများ တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေများကို တစ်တန်းလုံးသို့ တင်ပြပါစေ။ အဖြေမှန် မမှန်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ တစ်တန်းလုံးတွင် တြိဂံများနှင့် စတုဂံများကို အဓိပ္ပာယ် သတ်မှတ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တြိဂံနှင့်စတုဂံအမျိုးမျိုးရှိသည်ကို နားလည် ပါစေ။

၆။ တြိဂံနှင့်စတုဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများ ကိုယ်တိုင် နိဂုံးချုပ်ပါစေ။

တြိဂံများနှင့်စတုဂံများ

၂ သစ်သီးတစ်မျိုးစီကို ဘောင်ခတ်ဖို့ ပုံတူအစက်တွေကို ဆက်ကြမယ်။ အဲဒီအစက်တွေကို ဆက်တဲ့အခါ မျဉ်းဖြောင့်ဆွဲဖို့ ပေတံကိုသုံးပါ။



အစက်တွေကို ဆက်ပြီး ရလာတဲ့ပုံတွေကို ကြည့်ကြမယ်။

- ဌက်ပျောသီးကို ဘောင်ခတ်ဖို့ မျဉ်းဖြောင့် ဘယ်နှကြောင်းလိုသလဲ။ **၃ ကြောင်း**
- စပျစ်သီးကို ဘောင်ခတ်ဖို့ မျဉ်းဖြောင့် ဘယ်နှကြောင်းလိုသလဲ။ **၄ ကြောင်း**

၃ ဘောင်ခတ်ထားပုံတူတဲ့ အသီးတွေကို အုပ်စု ၂ စု ခွဲကြမယ်။

မျဉ်းဖြောင့် ၃ ကြောင်းနဲ့ ဘောင်ခတ်ထားတဲ့သစ်သီးတွေ	**ဌက်ပျောသီး** ၊ **လိမ္မော်သီး** ၊ **ပန်းသီး** ၊
မျဉ်းဖြောင့် ၄ ကြောင်းနဲ့ ဘောင်ခတ်ထားတဲ့သစ်သီးတွေ	**နာနတ်သီး** ၊ **ဖရဲသီး** ၊ **စပျစ်သီး** ၊

မျဉ်းဖြောင့် ၃ ကြောင်းဖြင့် ဘောင်ခတ်ထားသော ပုံကို တြိဂံ ဟုခေါ်သည်။



မျဉ်းဖြောင့် ၄ ကြောင်းဖြင့် ဘောင်ခတ်ထားသော ပုံကို စတုဂံ ဟုခေါ်သည်။



ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း၊(၁)၊ (၂)၊ (၃)၊ (၄) တွင် ဖော်ပြထားသော ပုံများကို ဤစတုဂံပုံတွင် မျဉ်းတစ်ကြောင်း၊ မျဉ်းများ ဆွဲပြီး ပြုလုပ်ပါ။



(၁) တြိဂံ ၂ ခု **(၁)**



(၂) တြိဂံ ၁ ခုနှင့် စတုဂံ ၁ ခု **(၂)**



(၃) စတုဂံ ၂ ခု **(၃)**



(၄) တြိဂံ ၃ ခု **(၄)**



စသည်ဖြင့်

DBE Box – Copyright Protected

၄ ဖြောင့်နေတဲ့ပေတံ ဒါမှမဟုတ် စာအုပ်လိုပစ္စည်းတွေကိုသုံးပြီး စတုဂံနဲ့ တြိဂံပုံအမျိုးမျိုးကို ဆွဲဖို့ အစက်တွေကို ဆက်ကြမယ်။



တြိဂံ သို့မဟုတ် စတုဂံတစ်ခုတွင်ရှိသော မျဉ်းဖြောင့်တစ်ကြောင်းကို အနား ဟုခေါ်သည်။
တြိဂံ သို့မဟုတ် စတုဂံတစ်ခုတွင်ရှိသော ရွှန်နေသည့်နေရာကို ထောင့်စွန်း ဟုခေါ်သည်။



- တြိဂံတစ်ခုမှာ အနား ___၃___ နားနဲ့ ထောင့်စွန်း ___၃___ ခု ရှိတယ်။
- စတုဂံတစ်ခုမှာ အနား ___၄___ နားနဲ့ ထောင့်စွန်း ___၄___ ခု ရှိတယ်။

၅ ဘယ်ပုံတွေက တြိဂံတွေဖြစ်သလဲ။ ဘယ်ပုံတွေက စတုဂံတွေဖြစ်သလဲ။ ဘာကြောင့်လို့ ထင်သလဲ။



တြိဂံ (စ) (ည) အနား ၃ နားနှင့် ထောင့်စွန်း ၃ ခုရှိသည်။
စတုဂံ (ဃ) (ဇ) အနား ၄ နားနှင့် ထောင့်စွန်း ၄ ခုရှိသည်။

ဖြည့်စွက်ရှင်းလင်းချက်၊ စတုရန်းကွက်ပါ သစ်သားပြားအသုံးပြုပုံ

ကျီသြမေတြီသင်ခန်းစာများအတွက် အောက်ပါပုံတွင် ပြထားသည့်အတိုင်း စတုရန်းကွက်ပုံများပေါ်အောင် သံများရိုက်ထားသော သစ်သားပြားကို ကိုယ်တိုင် အလွယ်တကူပြုလုပ်နိုင်ပြီး အလွန်အသုံးဝင်သည်။ သစ်သားပြားပေါ်တွင် သံများကို စတုရန်းကွက်ပေါ်အောင်ရိုက်ပြီး ပြုလုပ်ထားသည်။ ရောင်စုံသားရေကွင်းများကို အသုံးပြုပြီး စတုရန်းကွက်ပါ သစ်သားပြားပေါ်တွင် ပုံအမျိုးမျိုး ဖော်နိုင်သည်။



စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- တြိဂံတစ်ခုနှင့် စတုဂံတစ်ခု၏ ထောင့်စွန်းနှင့် အနားအရေအတွက်များကို သတ်မှတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ရောင်စုံကတ်ပြားဖြင့် ပြုလုပ်ထားသော တြိဂံများနှင့် စတုဂံများ
- စတုရန်းကွက်ပုံများပေါ်အောင် သံများ ရိုက်ထားသော သစ်သားပြား (Geoboard)
- မေးခွန်း (၅)မှ ပုံများပါသော ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများအား တြိဂံနှင့်စတုဂံပုံကတ်ပြားများ ပြပြီး ခွဲခြားပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တြိဂံများနှင့် စတုဂံများ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြန်လည်သတိရပါစေ။

၂။ တြိဂံအမျိုးမျိုးနှင့် စတုဂံအမျိုးမျိုးကို ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၄) တွင် ဆွဲပါစေ။ သူတို့ဆွဲထားသည့် ပုံများကို Geoboard အသုံးပြုပြီး တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့၏ တြိဂံများနှင့် စတုဂံများကို Geoboard ပေါ်တွင်ပြုလုပ်ရာတွင် လိုအပ်လျှင် ကူညီပေးပါ။

၃။ တြိဂံနှင့်စတုဂံပုံ ကတ်ပြားအချို့ကို သင်ပုန်းပေါ် ကပ်ပြီး အောက်ပါမေးခွန်းများကို တစ်တန်းလုံးအား မေးပါ။

- တြိဂံနဲ့ စတုဂံရဲ့ ထောင့်စွန်း၊ အနားအရေအတွက်နဲ့ပတ်သက်ပြီး ဘာတွေရှာတွေ့နိုင်သလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။

၄။ မေးခွန်း (၅) ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ အဖြေမှန်နှင့်အကြောင်းပြချက်ကို တစ်တန်းလုံးကို မျှဝေရန် ကလေးအချို့ကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တြိဂံများနှင့် စတုဂံများကို မှန်ကန်စွာသတ်မှတ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ တြိဂံနှင့် စတုဂံတို့၏ ထောင့်စွန်းနှင့် အနားအရေအတွက်ကို မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DEE Box – Copyright Protected

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- ထောင့်မှန်ထောင့်တစ်ခုကို ပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အရွယ်အစား မတူသော စာရွက် (ကလေးတစ်ဦးလျှင် တစ်ရွက်စီ)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အရွယ်အစားမတူသော စာရွက်ကို ကလေးတိုင်း အားပေးပြီး ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း ဆရာနှင့်အတူ ခေါက်ပါစေ။ ထို့နောက် "ထောင့်မှန်ထောင့်" နှင့် သင်္ကေတကို မိတ်ဆက်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်ထောင့်တစ်ခုကို အရွယ်အစား အမျိုးမျိုးရှိသည့် စာရွက်ဖြင့် ပြုလုပ်နိုင်သည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ မေးခွန်း (၆) နှင့် (၇)ကို တစ်ဦးချင်းစီ ဖြေစေပြီး နှစ်ယောက်တစ်တွဲစီစစ်ဆေးပါ။ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်ထောင့်များကို စစ်ဆေးရန် သူတို့၏ ထောင့်မှန်စာရွက်ကို အသုံးပြုပါစေ။

➔ စာသင်ခန်းရှိ ပြတင်းပေါက်နှင့် တံခါးများ၊ ကျောင်းရှိထောင့်များကို ထောင့်မှန်များအဖြစ် ဥပမာပေးနိုင်သည်။

၃။ မေးခွန်း(၈)နှင့် (၉) ကို တစ်ဦးချင်းစီဖြေပါစေ။ နှစ်ယောက်တစ်တွဲစီစစ်ဆေးစေပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မေးခွန်းများကို ဖြေရန် သူတို့၏ ထောင့်မှန် စာရွက်များကို အသုံးပြုပါစေ။

၄။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

ထောင့်မှန်များ

ပုံအမျိုးမျိုးရှိတဲ့စက္ကူကို ခေါက်ရအောင်။



ပြုလုပ်ထားသောထောင့်ကို ထောင့်မှန်ထောင့် ဟုခေါ်သည်။

၆ စာအုပ်နဲ့ မှတ်စုစာအုပ်တို့ရဲ့ ထောင့်စွန်းရှိထောင့်တွေဟာ ထောင့်မှန် ၁ ခု ဖြစ်မဖြစ် စစ်ဆေးပါ။



၇ စာသင်ခန်းတွင်းရှိ ထောင့်မှန်ထောင့်တွေကို ရှာပါ။ **ကျောက်သင်ပုန်းထောင့်၊ ပြတင်းပေါက်ထောင့်၊ တံခါးပေါက်ထောင့်၊ စာရေးခုံထောင့်**

၈ စာရွက်တစ်ရွက်ကို အပေါ်ကပုံအတိုင်းခေါက်ပြီး ပြန်ဖွင့်ပါ။ စာရွက်ပေါ်က ခေါက်ရိုးတွေကိုကြည့်ရင် ဘာတွေ့ရသလဲ။ **ထောင့်မှန်ထောင့် ၄ ခု**



၉ အပေါ်ကပြုလုပ်ခဲ့တဲ့ ထောင့်မှန်ထောင့် ၂ ခုကို အတူတူထားပါ။ ဘာကို တွေ့ရသလဲ။



ထောင့်မှန်ထောင့်နှစ်ခုသည် **မျဉ်းဖြောင့်တစ်ခု** ရစေသည်။

၈၀

ဖြည့်စွက်လေ့ကျင့်ခန်း

ထောင့်မှန်ကို ထောင့်ဖြောင့်၏တစ်ဝက် သို့မဟုတ် ၁၈၀° ၏ တစ်ဝက်ဟု အဓိပ္ပာယ် သတ်မှတ်နိုင်သည်။ ထောင့်မှန်ထောင့်တစ်ခုကို ပြုလုပ်သည့်လုပ်ငန်းတွင် ပထမဦးစွာစာရွက်ကို တစ်ကြိမ် ခေါက်ပြီး မျဉ်းဖြောင့် သို့မဟုတ် ၁၈၀° ကို ပြုလုပ်သည်။ ဒုတိယအနေဖြင့် စာရွက်ကို ၁၈၀° ထောင့်၏ တစ်ဝက်ဖြစ်အောင် နောက်တစ်ကြိမ်ခေါက်ပါ။

ဤလုပ်ငန်းသည် ရိုးရှင်းသောလုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် အောက်ပါအတိုင်း ထောင့်မှန်ထောင့်၏အနားသည် ရေညီမျဉ်းမဟုတ်သော ထောင့်မှန်ထောင့်များကို ရှုထောင့်ပေါင်းများစွာမှ ကြည့်ရှုနိုင်သည်ကို ဆရာက ပြောပြနိုင်သည်။



ထို့အပြင် နာရီကြည့်သည့်အခါ ၉ နာရီ၊ ၃ နာရီ အစရှိသည့် အချိန်များတွင် ထောင့်မှန်ထောင့်များ ပေါ်လာသည်ကို ဆရာက ရှင်းပြနိုင်သည်။

DBE Box – Copyright Protected

ထောင့်မှန်စတုဂံများ

စာရွက်ခေါက်ပြီး စတုဂံတွေ ပြုလုပ်ကြမယ်။



၃ စတုဂံရဲ့ ထောင့်တွေကို ကြည့်ပါ။
ဘယ်လိုထောင့်မျိုးတွေ ပြုလုပ်ခဲ့သလဲ။





ထောင့်မှန်ထောင့် ၄ ခုပါသည့် စတုဂံကို **ထောင့်မှန်စတုဂံ** ဟုခေါ်သည်။

၁၀ ထောင့်မှန်စတုဂံ ၁ ခုကို အောက်ကနည်းအတိုင်းခေါက်ပါ။ အနားတွေရဲ့ အလျားကနေ ဘာတွေ့ရှိသလဲ။



● ထောင့်မှန်စတုဂံရဲ့ မျက်နှာချင်းဆိုင် အနားအလျားတွေ ___ကြည့်___ ကြတယ်။

၁၁ ထောင့်မှန်စတုဂံပုံ စာရွက်တစ်ရွက်ကနေ ထောင့်မှန်စတုဂံ ၂ ခုရအောင် ဘယ်လိုလုပ်မလဲ။ ထောင့်မှန်စတုဂံပုံ စာရွက်တစ်ရွက်ကနေ ထောင့်မှန်စတုဂံ ၄ ခု လုပ်နိုင်သလား။





ဖြည့်စွက်လေ့ကျင့်ခန်း

ထောင့်မှန်စတုဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို စာရွက်ခေါက်သည့် လုပ်ငန်းဖြင့် မိတ်ဆက်သင်ကြားပြီး ထောင့်မှန်စတုဂံ၏ ဂုဏ်သတ္တိတစ်ခုကိုပြထားသည်။ ဂုဏ်သတ္တိကို အတည်ပြုရန် အောက်ပါမေးခွန်းသည် ထိရောက်မှုရှိပေမည်။

မေးခွန်း၊ ထောင့်မှန်စတုဂံတစ်ခုကို အောက်တွင် ပြထားသည်။ ကွက်လပ်ဖြည့်ပါ။



စာသင်ချိန် ၅

သင်ယူမှုဦးတည်ချက်

● ထောင့်မှန်စတုဂံများကို သတ်မှတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

● အရွယ်အစားမတူသော စာရွက် (ကလေးတစ်ဦးလျှင် တစ်ရွက်စီ)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ တြိဂံနှင့်စတုဂံများ၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ထူးခြားချက်များကို ပုံများပြခြင်း၊ မေးခွန်းများ မေးခြင်းဖြင့် ကလေးများ ပြန်လည်သတိရပါစေ။

၂။ အရွယ်အစားမတူသော စာရွက်ကို ကလေးတိုင်း အားပေးပြီး ကျောင်းသုံးစာအုပ်တွင် ပြထားသည့် အတိုင်း ဆရာနှင့်အတူ ခေါက်၍ ထောင့်မှန်စတုဂံ တစ်ခု ပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်ထောင့်များကို မှန်ကန်စွာပြုလုပ်ခြင်းဖြင့် ထောင့်မှန်စတုဂံတစ်ခုကို ပြုလုပ်ရန် စာရွက်ခေါက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ ထောင့်မှန်စတုဂံများသည် စတုဂံများဖြစ်ကြောင်း သတိပြုမိပါစေ။

၃။ "ထောင့်မှန်စတုဂံ"၏ အဓိပ္ပာယ်ကို မိတ်ဆက်သင်ကြားပါ။ ထောင့်အားလုံးသည် ထောင့်မှန်ထောင့်များ ဟုတ် မဟုတ် စစ်ဆေးပါစေ။

၄။ အထက်ပါပြုလုပ်ထားသော ထောင့်မှန်စတုဂံကိုအသုံးပြုပြီး မေးခွန်း (၁၀) ကို ကလေးများဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်စတုဂံပုံ စာရွက်ကို မှန်ကန်စွာခေါက်တတ်ပါစေ။

၅။ မေးခွန်း (၁၁) ကို တစ်ဦးချင်းစီဖြေပါစေ။ နှစ်ယောက်တစ်တွဲစီစစ်ဆေးစေပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်စတုဂံပုံ စာရွက်များကို အသုံးပြုပါစေ။

၆။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်စတုဂံ၏ အဓိပ္ပာယ်နှင့် ထူးခြားချက်များကို မှန်ကန်စွာရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

DBE Box – Copyright Protected

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- စတုရန်းများကို သတ်မှတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ထောင့်မှန်စတုဂံပုံစာရွက် (ကလေးတစ်ဦးလျှင် တစ်ရွက်စီ)
- ကတ်ကြေး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ထောင့်မှန်စတုဂံပုံ စာရွက်ကိုပြပြီး အဓိပ္ပာယ် သတ်မှတ်ချက်နှင့် ထူးခြားချက်များကို ပြန်မေးပါ။

၂။ ကျောင်းသုံးစာအုပ်တွင် ပြထားသော စတုရန်းကို မည်သို့ ပြုလုပ်ရမည်ကို တစ်ဦးချင်းစီဦးစွာလေ့လာပါစေ။ နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

၃။ ကလေးတိုင်းအား စာရွက်ခေါက်ပြီး စတုရန်း တစ်ခုပြုလုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စတုရန်းတစ်ခုကို မှန်ကန်စွာ ပြုလုပ်နိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

➔ "စတုရန်း"ဆိုသည့် စကားလုံးကို အသုံးမပြု သေးပါ။

၄။ အဓိကမေးခွန်း (၄) ကို တစ်ဦးချင်းစီ ဦးစွာ လုပ်ဆောင်ပါစေ။ နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး စိတ်ကူးများကို တစ်တန်းလုံး မျှဝေပါစေ။

၅။ "စတုရန်း" ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို မိတ်ဆက် သင်ကြားပေးပါ။

၆။ မေးခွန်း (၁၂) ကို တစ်ဦးချင်းစီ လုပ်ဆောင်ပါစေ။ အဖြေနှင့်အကြောင်းပြချက်ကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

၇။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စတုရန်း၏ အဓိပ္ပာယ်ကို မှန်ကန်စွာရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

စတုရန်းများ

အောက်ကပုံအတိုင်း စာရွက်ကိုခေါက်ပြီး ဖြတ်ရအောင်။



၄ **အပေါ်က အသစ်ရလာတဲ့ ထောင့်မှန်စတုဂံပုံစာရွက်ကို အောက်ပါအတိုင်း ပြုလုပ်မယ်။ ထောင့်တွေနဲ့ အနားအလျားတွေကနေ ဘာတွေ့ရှိသလဲ။**



ထောင့်မှန်ထောင့် ၄ ခုရှိပြီး အနား ၄ နားညီသော စတုဂံကို စတုရန်း ဟုခေါ်သည်။

၁၂ ဘယ်ပုံတွေက ထောင့်မှန်စတုဂံတွေဖြစ်သလဲ။ ဘယ်ပုံတွေက စတုရန်းတွေ ဖြစ်သလဲ။ ဘာကြောင့်လို့ထင်သလဲ။



ထောင့်မှန်စတုဂံ က၊ ဃ၊ ထောင့်မှန်ထောင့် ၄ ခု၊ မျက်နှာချင်းဆိုင်အနားညီ
စတုရန်း ခ၊ စ၊ ထောင့်မှန်ထောင့် ၄ ခု၊ အနား ၄ နားညီ

၈၂

ဖြည့်စွက်ရှင်းလင်းချက်

ထောင့်မှန်စတုဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်အပေါ် အခြေခံလျှင်စတုရန်းကို ထောင့်မှန်စတုဂံ၏ အစိတ်အပိုင်း(subset) အဖြစ် မြင်နိုင်သည်။ သို့သော် မူလတန်းအဆင့်တွင် စတုရန်းနှင့် ထောင့်မှန်စတုဂံကြား ပါဝင်မှု၊ ဆက်နွယ်မှုကို ဆွေးနွေးမည် မဟုတ်ပါ။

ပုံများပြုလုပ်ရန် စေခိုင်းသည့် ပုစ္ဆာမျိုးသည် အခက်ခဲဆုံးပုစ္ဆာများထဲမှ တစ်မျိုးဖြစ်သည်။ ဤအခန်း၏ နောက်ဆုံးစာမျက်နှာရှိ လေ့ကျင့်ခန်းမှမေးခွန်း (၃) သည် ကလေးများအတွက် ခက်ခဲသည်။ ဆရာသည် အောက်ပါအတိုင်း အရေးကြီးသော အချက်များကို ရှင်းပြနိုင်သည်။

(၁) ထောင့်မှန်ထောင့်တစ်ခုနှင့် အနား ၂ နားကို ပေးထားလျှင် မျက်နှာချင်းဆိုင် အနားသည် အလျားတူသည့်အတွက် ထောင့်မှန်စတုဂံကို ဆွဲနိုင်သည်။

(၂) အနား ၁ နားကို ပေးထားလျှင် စတုရန်း တစ်ခုကို ဆွဲနိုင်သည်။ ဤဖြစ်ရပ်တွင် ထောင့်မှန်ထောင့် ၄ ခုနှင့် အလျားတူ အနား ၃ နားကို လိုအပ်မည်။

OBE Box - Copyright Protected

ထောင့်မှန်တြိဂံများ

ထောင့်မှန်စတုဂံပုံစာရွက်နဲ့ စတုရန်းပုံစာရွက်တွေကို ခေါက်ပြီး ဖြတ်ကြမယ်။







ထောင့်မှန်ထောင့် ၁ ခုရှိသော တြိဂံကို ထောင့်မှန်တြိဂံ ဟုခေါ်သည်။

၁၃ ဘယ်ပုံတွေက ထောင့်မှန်တြိဂံတွေဖြစ်သလဲ။ ဘာကြောင့်လို့ထင်သလဲ။



ထောင့်မှန်တြိဂံများ (က)၊ (ဂ)၊ (င)၊ (ဆ)၊ (စ) ထောင့်မှန်ထောင့် ၁ ခုရှိ

ဖြည့်စွက်ရှင်းလင်းချက်

မေးခွန်း၊ အောက်ပါပုံများမှ ထောင့်မှန်တြိဂံများကို ရွေးပါ။ **(ဂ)၊ (ဃ)၊ (င)**



စာသင်ချိန် ၇

သင်ယူမှုဦးတည်ချက်

- ထောင့်မှန်တြိဂံများကို သတ်မှတ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ထောင့်မှန်စတုဂံပုံစာရွက် (ကလေးတိုင်းအတွက်)
- စတုရန်းပုံစာရွက် (ကလေးတိုင်းအတွက်)
- ကတ်ကြေး
- လေ့ကျင့်ခန်း မေးခွန်း (၂) ပါ စာရွက် အရောင် ၃ ရောင် (ကလေးတိုင်းအတွက်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ထောင့်မှန်စတုဂံနှင့် စတုရန်းပုံများပြပြီး အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ထူးခြားချက်များကို မေးပါ။

၂။ ကျောင်းသုံးစာအုပ်တွင် ပြထားသော ထောင့်မှန်တြိဂံတစ်ခု မည်သို့ ပြုလုပ်ရမည်ကို တစ်ဦးချင်းစီဦးစွာလေ့လာပါစေ။ နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး တစ်တန်းလုံးတွင် စစ်ဆေးပါစေ။

၃။ ကလေးတိုင်းအား ထောင့်မှန်စတုဂံနှင့် စတုရန်းများကိုဖြတ်ပြီး ထောင့်မှန်တြိဂံတစ်ခု ပြုလုပ်ပါစေ။ “ထောင့်မှန်တြိဂံ” ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို မိတ်ဆက်သင်ကြားပေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်တြိဂံအမျိုးမျိုးရရှိရန် ထောင့်မှန်စတုဂံနှင့် စတုရန်းပုံအရွယ်အစားအမျိုးမျိုးကို ပေးပါ။

➔ ထောင့်မှန်တြိဂံများသည် ထူးခြားချက်များရှိသော တြိဂံများဖြစ်သည်ကို ကလေးများသတိပြုမိပါစေ။

၄။ မေးခွန်း (၁၃) ကို တစ်ဦးချင်းစီ လုပ်ဆောင်ပါစေ။ အဖြေနှင့် အကြောင်းပြချက်ကို နှစ်ယောက်တစ်တွဲစီစစ်ဆေးစေပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထောင့်မှန်တြိဂံ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို မှန်ကန်စွာ ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

DBE Box – Copyright Protected

လေ့ကျင့်ခန်း၏ အဖြေများ

(စာသင်ချိန် ၈၊ ၉ နှင့် ၁၀)

● မေးခွန်း (၁) ၏ အဖြေများ

ညာဘက် လေးထောင့်ကွက်ထဲမှ ပုံများကို ကြည့်ပါ။

● မေးခွန်း (၂) ၏ အဖြေများ

အောက်ပါတို့သည် ပုံတစ်ခုစီအတွက် ပေးထားသော နမူနာအဖြေ ၃ ခုစီ ဖြစ်သည်။













လေ့ကျင့်ခန်း

၁။ အစက်များကိုဆက်ပြီး စတုရန်းများ၊ ထောင့်မှန်စတုဂံများနှင့် ထောင့်မှန်တြိဂံများကို ဆွဲပါ။



၂။ ပုံအမျိုးမျိုးနှင့် အရောင်အမျိုးမျိုးရှိသည့် စာရွက်များရှိသည်။ ဤစာရွက်များကို အသုံးပြုပြီး အောက်ဆုံးမှ ပုံ ၂ ပုံကို ပြုလုပ်ပါ။



၈၄

မေးခွန်း (၂) အတွက် ဖြည့်စွက်ထားသော ပုံများ

အောက်ပါတို့သည် မတူညီသော ပုံ ၃ မျိုးဖြင့် တည်ဆောက်ရမည့် ပုံတစ်ခုနှင့် နမူနာ အဖြေ ၃ ခုတို့ ဖြစ်သည်။









DBE Box – Copyright Protected

၃။ အကွက်များတွင် အောက်ဖော်ပြပါပုံများကို ဆွဲပါ။
(က) ၆ စင်တီမီတာနှင့် ၄ စင်တီမီတာ အနားများရှိသော ထောင့်မှန်စတုဂံ
(ခ) ၅ စင်တီမီတာ အနားများရှိသော စတုရန်း
(ဂ) ၄ စင်တီမီတာနှင့် ၃ စင်တီမီတာ အနားများရှိပြီး
ထိုအနားနှစ်ခုအကြားတွင် ထောင့်မှန်ထောင့်တစ်ခုရှိသော ထောင့်မှန်တြိဂံ



၄။ ပုံတွင်ပြထားသည့်အတိုင်း စတုရန်းပုံတစ်ခုကို
ဖြတ်ပြီး တြိဂံ ၄ ခု ပြုလုပ်ပါ။
(က) တြိဂံများသည် ထောင့်မှန်တြိဂံများဖြစ်ပါသလား။
(ခ) တြိဂံ၄ခုစလုံးကို အသုံးပြုပြီး ထောင့်မှန်စတုဂံ၊
ထောင့်မှန်တြိဂံနှင့် အခြားပုံများပြုလုပ်ပါ။



ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း ဥာဘက်တွင် ပြထားသည့်အတိုင်း
ပုံစံတူတြိဂံ ၁၆ ခုဖြင့် ပြုလုပ်ထားသော
စတုရန်းတစ်ခုရှိသည်။ ထိုစတုရန်းမှ
ပုံ (၁)၊ (၂)၊ (၃) ကို ပြုလုပ်ရန်
တြိဂံ ၄ ခုကို ရွှေ့ပါ။



(၁)



(၂)



(၃)



- **မေးခွန်း (၃)၏ အဖြေများ**
ဘယ်ဘက် လေးထောင့်ကွက်ထဲမှ
ပုံများကို ကြည့်ပါ။

- **မေးခွန်း (၄)၏ အဖြေများ**
(က) ထောင့်မှန်တြိဂံ ဖြစ်သည်။
(ခ) အောက်ပါတို့သည် ပုံအသီးသီးအတွက်
ဥပမာများဖြစ်သည်။

➤ ထောင့်မှန်စတုဂံ



➤ ထောင့်မှန်တြိဂံ



➤ အခြားပုံများ



DEE Box – Copyright Protected

အခန်း ၁၄ အမြောက်

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၄။ ၁၀ × ၁၀ အထိ အလီဇယားဆိုင်ရာပုစ္ဆာများ ဖြေရှင်းတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၄. ၁. ၁။ ၁ × ၁ အလိမ္မ ၁၀ × ၁၀ အလီအထိ အမြောက်အလီဇယားများကို ပြုလုပ်တတ်ရန်၊

၂. ၄. ၂. ၁။ ဖလှယ်ရလုဏ်သတ္တိကို အသုံးပြုတတ်ရန်၊

စာသင်ချိန်

- ၄၃ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသောစံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	ပစ္စည်းများ၏ အရေအတွက်ကို အုပ်စုဖွဲ့ပြီး ရေတွက်တတ်ရန်၊	● ၂ ခုစီ၊ ၃ ခုစီ၊ ၄ ခုစီနှင့် ၅ ခုစီစသည်ဖြင့် အုပ်စုဖွဲ့၍ ပစ္စည်းများကို ရေတွက်ခြင်း။ (ဥပမာ၊ အုပ်စု ၁ စုမှာ ဖား ၂ ကောင်စီ ရှိပြီး အုပ်စု ၄ စုရှိတယ်။ ဒါကြောင့် ဖားအားလုံးပေါင်း ၈ ကောင် ရှိတယ်။)	● ကလေးများသည် ၂ ခုစီ၊ ၃ ခုစီ၊ ၄ ခုစီနှင့် ၅ ခုစီ စသည်ဖြင့် အုပ်စုဖွဲ့၍ ပစ္စည်းများကို ရေတွက်နိုင်မည်။
၂-၃	ပစ္စည်းများ၏ အရေအတွက်ကို အမြောက်သုံးပြီး ဖော်ပြတတ်ရန်၊	● ပစ္စည်းများ၏ စုစုပေါင်းအရေအတွက်ကို အမြောက်သုံးပြီး အုပ်စုများဖြင့် ဖော်ပြခြင်း (ဥပမာ၊ ဘဲ ၃ ကောင် အုပ်စု ၂ စု → ၃ × ၂ = ၆)	● ကလေးများသည် ပစ္စည်းများ၏ စုစုပေါင်းအရေအတွက်ကို အမြောက်သုံးပြီး အုပ်စုများဖြင့် ဖော်ပြနိုင်မည်။
၄	ပစ္စည်းများ၏ အရေအတွက်ကို အမြောက်သုံးပြီး ဖော်ပြတတ်ရန်၊	● ပစ္စည်းစစ်များနှင့်ကိုယ်စားပြုပစ္စည်းများ၏ စုစုပေါင်းအရေအတွက်ကို အမြောက်သုံးပြီး အုပ်စုများဖြင့် ဖော်ပြခြင်း၊ ● ပေးထားသောအမြောက်ကိုဖော်ပြရန် ကိုယ်စားပြုပစ္စည်းများကို စီခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များနှင့် ကိုယ်စားပြုပစ္စည်းများ၏ စုစုပေါင်းအရေအတွက်ကို အမြောက်သုံးပြီး အုပ်စုများဖြင့် ဖော်ပြနိုင်မည်။ ● ကလေးများသည် ပေးထားသော အမြောက်ကို ဖော်ပြရန် ကိုယ်စားပြုပစ္စည်းများကို စီနိုင်မည်။
၅	ပစ္စည်းများ၏ အရေအတွက်ကို အမြောက် အမျိုးမျိုးသုံးပြီး ဖော်ပြတတ်ရန်၊	● ပစ္စည်းများ၏အရေအတွက်ကို အမြောက်အမျိုးမျိုးသုံးပြီး ဖော်ပြခြင်း၊ ● ပတ်ဝန်းကျင်တွင် အမြောက်အမျိုးမျိုးကို ရှာဖွေခြင်း၊	● ကလေးများသည် ပစ္စည်းများ၏အရေအတွက်ကို အမြောက်အမျိုးမျိုးသုံးပြီး ဖော်ပြနိုင်မည်။ ● ကလေးများသည် ပတ်ဝန်းကျင်တွင် အမြောက်အမျိုးမျိုးကို ရှာဖွေနိုင်မည်။
၆-၈	၂ အလီဇယားကိုပြုလုပ်တတ်ရန်၊ ၂ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၂ အလီဇယားကို အသုံးပြုတတ်ရန်၊	● ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၂ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၂ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၂ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၂ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၂ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၂ အလီဇယားကိုသုံးပြီး အလီပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

DBE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၉-၁၁	၅ အလီဇယားကို ပြုလုပ်တတ်ရန်၊ ၅ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၅ အလီဇယားကို အသုံးပြုတတ်ရန်၊	● ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၅ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၅ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၅ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၅ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၅ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၅ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၂-၁၄	၃ အလီဇယားကိုပြုလုပ်တတ်ရန်၊ ၃ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၃ အလီဇယားကို အသုံးပြုတတ်ရန်၊	● ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၃ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၃ အလီဇယားကိုကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၃ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၃ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၃ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၃ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၅-၁၇	၄ အလီဇယားကိုပြုလုပ်တတ်ရန်၊ ၄ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၄ အလီဇယားကို အသုံးပြုတတ်ရန်၊	● ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၄ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၄ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၄ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများဖြင့် ၄ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၄ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၄ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၈-၁၉	၂၊ ၃၊ ၃ နှင့် ၄ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၂ ၅၊ ၃ နှင့် ၄ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၂၊ ၅၊ ၃ နှင့် ၄ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၂၀-၂၂	၆အလီဇယားကို ပြုလုပ်တတ်ရန်၊ ၆ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၆ အလီဇယားကို အသုံးပြုတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ၆ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၆ အလီဇယားကိုကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၆ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများဖြင့် ၆ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၆ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၆ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၂၃-၂၅	၇ အလီဇယားကိုပြုလုပ်တတ်ရန်၊ ၇ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၇ အလီဇယားကို အသုံးပြုတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ၇ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၇ အလီဇယားကို ကျက်မှတ်ခြင်းနှင့်ရွတ်ဆိုခြင်း၊ ● ၇ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများဖြင့် ၇ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၇ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၇ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၂၆-၂၈	၈ အလီဇယားကိုပြုလုပ်တတ်ရန်၊ ၈ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၈ အလီဇယားကို အသုံးပြုတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ၈ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၈ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၈ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများဖြင့် ၈ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၈ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၈ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၂၉-၃၁	၉ အလီဇယားကိုပြုလုပ်	● ကိုယ်စားပြုပစ္စည်းများဖြင့် ၉ အလီဇယားကို	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများဖြင့်

DBE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
	တတ်ရန်၊ ၉ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၉ အလီဇယားကို အသုံးပြုတတ်ရန်၊	ပြုလုပ်ခြင်း၊ ● ၉ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၉ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	၉ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၉ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၉ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၃၂-၃၃	၁၀ အလီဇယားကို ပြုလုပ်တတ်ရန်၊ ၁၀ အလီဇယားကို ရွတ်ဆိုတတ်ရန်၊ ၁၀ အလီဇယားကို အသုံးပြုတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ၁၀ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၁၀ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊ ● ၁၀ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ကိုယ်စားပြု ပစ္စည်းများဖြင့် ၁၀ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၁၀ အလီဇယားကို ရွတ်ဆိုနိုင်မည်။ ● ကလေးများသည် ၁၀ အလီဇယားကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၃၄-၃၅	၁ အလီဇယားကို ပြုလုပ်တတ်ရန်၊ ၁ အလီဇယားကို ရွတ်ဆိုတတ်ရန်၊	● ကိုယ်စားပြုပစ္စည်းများဖြင့် ၁ အလီဇယားကို ပြုလုပ်ခြင်း၊ ● ၁ အလီဇယားကို ကျက်မှတ်ခြင်းနှင့် ရွတ်ဆိုခြင်း၊	● ကလေးများသည် ကိုယ်စားပြုပစ္စည်းများဖြင့် ၁ အလီဇယားကို ပြုလုပ်နိုင်မည်။ ● ကလေးများသည် ၁ အလီဇယားကို ရွတ်ဆိုနိုင်မည်။
၃၆	၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး ကိန်းတစ်ခု၏ ** ဆ ကို ရှာဖွေတတ်ရန်၊	● ၁၀ × ၁၀ လီ အထိ အလီဇယားသုံးပြီး ကိန်းတစ်ခု၏ ** ဆ ကို ရှာဖွေတတ်ခြင်း၊	● ကလေးများသည် ၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး ကိန်းတစ်ခု၏ ** ဆကို ရှာဖွေနိုင်မည်။
၃၇-၃၈	၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ အလီဇယားများကိုသုံးပြီး အမြောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၃၉	၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး အမြောက်ဆိုင်ရာ စည်းမျဉ်းများကို ရှာဖွေတတ်ရန်၊	● ၁၀ × ၁၀ လီ အထိ အလီဇယားကို ဖြည့်ခြင်း၊ ● ၁၀ × ၁၀ လီ အထိ အလီဇယားသုံးပြီး အမြောက် စည်းမျဉ်းများကို ရှာဖွေတတ်ခြင်း၊	● ကလေးများသည် ၁၀ × ၁၀ လီ အထိ အလီဇယားကို ဖြည့်နိုင်မည်။ ● ကလေးများသည် ၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး အမြောက်ဆိုင်ရာ စည်းမျဉ်းများကို ရှာဖွေနိုင်မည်။
၄၀	၁၀ × ၁၀ လီအထိ အလီဇယားအသီးသီးတွင် မြောက်ကိန်း ၁ ခု တိုးသွားတိုင်း မြောက်လဒ်သည် တည်ကိန်းနှင့် တန်ဖိုးတူ တိုးသွားသည်ကို ရှင်းပြတတ်ရန်၊	● ၁၀ × ၁၀ လီ အထိ အလီဇယား အသီးသီးတွင် မြောက်ကိန်း ၁ ခု တိုးသွားတိုင်း မြောက်လဒ်သည် တည်ကိန်းနှင့် တန်ဖိုးတူတိုးသွားသည်ကို ရှင်းပြခြင်း၊	● ကလေးများသည် ၁၀ × ၁၀ လီအထိ အလီဇယားအသီးသီးတွင် မြောက်ကိန်း ၁ ခု တိုးသွားတိုင်း မြောက်လဒ်သည် တည်ကိန်းနှင့် တန်ဖိုးတူ တိုးသွားသည်ကို ရှင်းပြနိုင်မည်။
၄၁	၁၀ × ၁၀ လီအထိ အမြောက်ဖလှယ်ရသဘောကို ရှင်းပြတတ်ရန်၊	● အမြောက်ဖလှယ်ရသဘောကို ၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး ရှာဖွေခြင်း၊ ● အမြောက်ဖလှယ်ရသဘောကို ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီး ရှင်းပြခြင်း၊	● ကလေးများသည် အမြောက်ဖလှယ်ရသဘောကို ၁၀ × ၁၀ လီအထိ အလီဇယားသုံးပြီး ရှာဖွေနိုင်မည်။ ● ကလေးများသည် အမြောက်ဖလှယ်ရသဘောကို ကိုယ်စားပြုပစ္စည်းများသုံးပြီး ရှင်းပြနိုင်မည်။
၄၂	၁၀ × ၁၀ လီအထိ ဖြန့်ဝေရသဘောကို ရှင်းပြတတ်ရန်၊	● ၁၀ × ၁၀ လီအထိ အလီဇယားရှိ ဖြန့်ဝေရ ဥပမာ အချို့ကို ရှာဖွေခြင်း၊	● ကလေးများသည် ၁၀ × ၁၀ လီဇယားရှိ ဖြန့်ဝေရ ဥပမာ အချို့ကို ရှင်းပြနိုင်မည်။

PDF Box – Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၄၃	အမြှောက်ဆိုင်ရာ စည်းမျဉ်းများကိုသုံးပြီး အမြှောက်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● အမြှောက်ဆိုင်ရာ စည်းမျဉ်းများကိုသုံးပြီး အမြှောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် အမြှောက်ဆိုင်ရာ စည်းမျဉ်းများကိုသုံးပြီး အမြှောက်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် ၂၊ ၄၊ ၆၊ ၈၊ . . . နှင့် ၅၊ ၁၀၊ ၁၅၊ ၂၀၊ . . . စသည်ဖြင့် အုပ်စုဖွဲ့၍ ရေတွက်ခြင်းကို သင်ယူခဲ့ကြသည်။ အလီဇယားများသင်ယူသည့်အခါ အစပျိုးသည့်အနေဖြင့် ဤအသိပညာကို ပြန်လည်အသုံးပြုသင့်သည်။ ဤအကြောင်းကြောင့် ကလေးများသည် ၂ အလီနှင့် ၅ အလီကို အရင်ဆုံးသင်ယူကြရခြင်းဖြစ်သည်။

အမြှောက်၏ အဓိပ္ပာယ်



ဤအခန်းတွင် အမြှောက်ကို အတွက်အချက် လုပ်ထုံးတစ်ခုအဖြစ် ကိုယ်စားပြုပစ္စည်းများသုံးပြီး မိတ်ဆက်သင်ကြားမည်ဖြစ်သည်။ သို့သော် အမြှောက်ကို ထပ်တလဲလဲပေါင်းခြင်းဖြစ်သည်ဟူသော အချက်ကိုမူ အဓိကထားပြောကြားမည် မဟုတ်ပေ။ “အုပ်စုတစ်စုရှိ ပစ္စည်း အရေအတွက်” နှင့် “အုပ်စု အရေအတွက်”တို့၏ လုပ်ထုံးတစ်ခုဟုသာ အမြှောက်ကို အဓိပ္ပာယ်သတ်မှတ်မည်ဖြစ်သည်။



ဥပမာ ပုံတွင်ပြထားသည့်အတိုင်း ငှက်ပျောသီး ၈ လုံး ပုံကို ပထမဦးစွာပေးထားသည်။ ထို့နောက် ကလေးများက ဤဖြစ်ရပ် အခြေအနေကို ပုံတွင်ပြထားသည့်အတိုင်း စာသားဖြင့် ရေးသားဖော်ပြရမည်။ နောက်ဆုံးတွင် ဤဖြစ်ရပ်ကိုဖော်ပြရန် လုပ်ထုံးသင်္ကေတစ်ခု အနေဖြင့် အမြှောက်ကို မိတ်ဆက်ပေးမည် ဖြစ်သည်။



၂ × ၄ = ၂ + ၂ + ၂ + ၂ ဆိုသည့်အချက်သည် အရေးကြီးသောအချက်ဖြစ်သော်လည်း အမြှောက်၏အဓိပ္ပာယ်သတ်မှတ်ချက်အဖြစ် အသုံးမပြုပေ။ အကြောင်းမှာ အစားကိုလည်း “ပစ္စည်းအရေအတွက် စုစုပေါင်း”၊ “အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်”နှင့် “အုပ်စု အရေအတွက်” သုံး၍ အဓိပ္ပာယ်ဖွင့်ဆိုပြီး ကလေးများသည် အမြှောက်နှင့် အစားဆက်သွယ်ချက်ကိုအသုံးပြု၍ အစားကိုသင်ယူရမည်။

အလီဇယားများ

အမြှောက်၏သဘောကို သင်ယူပြီးနောက် ကလေးများသည် အလီဇယားများကို စတင်သင်ယူရမည်ဖြစ်သည်။ ပထမတန်းတွင် ၂ ခုစီ ရေတွက်ခြင်းနှင့် ၅ ခုစီ ရေတွက်ခြင်းကိုသင်ယူခဲ့သောကြောင့် ကလေးများသည် ၂ အလီဇယားနှင့် ၅ အလီဇယားကို ပထမဦးစွာသင်ယူကြသည်။ ကိန်းတစ်ခုစီ၏ အလီဇယားကို အခြေခံအားဖြင့် အဆင့် (၃) ဆင့်ဖြင့် သင်ကြားသည်။

(၁) ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများသုံးပြီး အလီဇယားပြုလုပ်ခြင်း
(၂) အလီဇယားကို အလွတ်ကျက်မှတ်ခြင်း
(၃) ပုစ္ဆာဖြေရှင်းရန် အလီဇယားကိုအသုံးပြုခြင်း

မြှောက်ကိန်း ၁ ခုတိုးသွားတိုင်း မြှောက်လဒ်သည် တည်ကိန်းနှင့် တန်ဖိုးတူတိုးသွားသည် ဆိုသည့်အချက်ကို ကလေးများရှာတွေ့ပြီး ထိုအချက်ကို အသုံးပြု၍ အလီဇယားပြုလုပ်ရန် မျှော်မှန်းသည်။ ဤအချက်ကို ကလေးများရှာတွေ့ပြီး အသုံးပြုတတ်ရန် ပြထားသည့်အတိုင်း သချာ်ညီမျှခြင်း ပါသည့်ပုံများနှင့် အဝိုင်းပုံကဲ့သို့ ကိုယ်စားပြုပစ္စည်းပါသော ပုံများကို အသုံးပြုသည်။



OBE Box - Copyright Protected

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အရေအတွက်ကို အုပ်စုဖွဲ့ပြီး ရေတွက်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါရုပ်ပုံ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်မှ ရုပ်ပုံကို ကလေးများ ကြည့်ရှုစေပြီး အောက်ပါမေးခွန်းများ မေးပါ။

- ပုံထဲမှာ ဘာတွေတွေ့ရသလဲ။
- တစ်မျိုးစီမှာ အရေအတွက် ဘယ်လောက်စီ ရှိသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဖား ၈ ကောင်၊ ပန်းပွင့် ၁၂ ပွင့်စသည်ဖြင့် တင်ပြပါစေ။

➔ (ပူဖောင်းမှလွဲ၍)အမျိုးအစားတူ ပစ္စည်းများကို အရေအတွက်တူသည့် အုပ်စုများဖွဲ့သည်ကို ကလေးများ ရှာတွေ့ပါစေ။

၂။ (က) မှ (ဇ)အထိ ပစ္စည်းများ မည်သို့ရေတွက်ရမည်ကို ကလေးတစ်ဦးချင်းစဉ်းစားစေပြီး နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။ အခြားရေတွက်နည်းကိုလည်းရှာတွေ့ရန် ကလေးများကို အားပေးပါ။ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများထံမှ မျှော်မှန်း ဖြေကြားချက်မှာ

- ၁ ခုပြီး ၁ ခု ရေတွက်ခြင်း
- အုပ်စုဖွဲ့၍ ရေတွက်ခြင်း(ဥပမာ၊ ၂၊ ၄၊ ၆၊ ၈)
- ၂ + ၂ + ၂ + ၂ = ၈

၃။ "ပူဖောင်း ဘယ်နှလုံးရှိသလဲ၊ ဘယ်လိုရေတွက်မလဲ" မေးပါ။ တစ်ဦးချင်းစဉ်းစားစေပြီး စိတ်ကူးများကို နှစ်ယောက်တစ်တွဲ ပြောကြားပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများထံမှ မျှော်မှန်းဖြေကြားချက်မှာ

- ၁ ခုပြီး ၁ ခု ရေတွက်ခြင်း
- ၃ + ၄ + ၅ = ၁၂
- အုပ်စုတစ်စုရှိ ပူဖောင်း ၁ လုံးကို အခြားအုပ်စုသို့ ရွှေ့လိုက်ပြီးနောက် ၄ + ၄ + ၄ = ၁၂

➔ အုပ်စုဖွဲ့ပြီး တွက်ခြင်းသည် လုပ်နေကျ ဖြစ်ပြီး ပိုမိုလွယ်ကူသည်ကို တွေ့ပါစေ။

၁၄ အမြောက်



ဘယ်လောက်ရှိသလဲ။

(က) ဖား ဘယ်နှကောင်ရှိသလဲ။ ၈ ကောင်

(ခ) ပန်းပွင့် ဘယ်နှပွင့်ရှိသလဲ။ ၁၂ ပွင့်

(ဂ) ဘဲ ဘယ်နှကောင်ရှိသလဲ။ ၁၀ ကောင်

(ဃ) ငှက် ဘယ်နှကောင်ရှိသလဲ။ ၉ ကောင်

(င) ပန်းသီး ဘယ်နှလုံးရှိသလဲ။ ၂၀ လုံး

(စ) ယုန် ဘယ်နှကောင်ရှိသလဲ။ ၁၅ ကောင်

(ဆ) ပူဖောင်း ဘယ်နှလုံးရှိသလဲ။ ၁၂ လုံး



ဖြည့်စွက်လေ့ကျင့်ခန်း

ပထမတန်းတွင် ကလေးများသည် ၂၊ ၅ နှင့် ၁၀ တို့ကို အုပ်စုဖွဲ့၍ ရေတွက်ခြင်းကို သင်ယူခဲ့သည်။ ဤအခန်း၏ အစပိုင်းတွင် သိပြီးအသိပညာကို အသုံးပြုနိုင်သည်။ အောက်ဖော်ပြပါတို့သည် နမူနာလေ့ကျင့်ခန်းများဖြစ်သည်။

(၁) ၂ ခုစီ အုပ်စုဖွဲ့ပြီး ၂၀ အထိ ရေတွက်ပါ။



(၂) ၅ ခုစီ အုပ်စုဖွဲ့ပြီး ၅၀ အထိ ရေတွက်ပါ။



၃။ ၁၀ ခုစီအုပ်စုဖွဲ့ပြီး ၁၀၀ အထိ ရေတွက်ပါ။



DPE Box – Copyright Protected



၁ **အုပ်စုဖွဲ့ပြီး ရေတွက်ရအောင်။**

(က) အုပ်စုတစ်စုမှာ ဖား ၂ ကောင်ရှိပြီး အုပ်စု ၄ စု ရှိတယ်။ ဒါကြောင့် ဖားအားလုံးပေါင်း ၈ ကောင် ရှိတယ်။

(ခ) အုပ်စုတစ်စုမှာ ပန်းပွင့် ၄ ပွင့်ရှိပြီး အုပ်စု ၃ စု ရှိတယ်။ ဒါကြောင့် ပန်းပွင့် အားလုံး ၁၂ ပွင့် ရှိတယ်။

(ဂ) အုပ်စုတစ်စုမှာ ဘဲ ၅ ကောင် ရှိပြီး အုပ်စု ၂ စု ရှိတယ်။ ဒါကြောင့် ဘဲအားလုံး ၁၀ ကောင် ရှိတယ်။

၂ ယုန်၊ ငှက်တွေနဲ့ ပန်းသီးတွေကိုလည်း အုပ်စုဖွဲ့ပြီး ရေတွက်ပါ။
အဓိက မေးခွန်း (၁) ကဲ့သို့ ဖြေပါ။

ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း၊ ပေးထားသောပုံများကို ကြည့်၍ ကွက်လပ်များကို ဖြည့်ပါ။

(၁) အုပ်စုတစ်စုမှာ ပန်းသီး ၂ လုံးရှိပြီး



အုပ်စု ၆ စုရှိသည်။ ထို့ကြောင့် ပန်းသီးအားလုံး ၁၂ လုံးရှိသည်။

(၂) အုပ်စုတစ်စုမှာ ကြယ်သီး ၅ လုံးရှိပြီး



အုပ်စု ၃ စုရှိသည်။ ထို့ကြောင့် ကြယ်သီးအားလုံး ၁၅ လုံးရှိသည်။

(၃) အုပ်စုတစ်စုမှာ လိပ် ၆ ကောင်ရှိပြီး



အုပ်စု ၄ စုရှိသည်။ ထို့ကြောင့် လိပ်အားလုံး ၂၄ ကောင်ရှိသည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၄။ အဓိကမေးခွန်း (၁။ က)ရှိ ဖားပုံများကို အုပ်စုဖွဲ့ပြီး ရေတွက်ပါစေ။ ကလေးများ အခက်အခဲရှိပါက တစ်တန်းလုံးကို အောက်ပါမေးခွန်းများမေးပြီး ကွက်လပ်တွင် ဖြည့်ပါစေ။

- ဖား ဘယ်နှကောင်စီ ရှိကြသလဲ။
- ဖားအုပ်စု ဘယ်နှစုရှိသလဲ။
- ဖားအားလုံး ဘယ်နှကောင်ရှိသလဲ။

မေးခွန်း(ခ)နှင့် (ဂ)ကို ကလေးတစ်ဦးချင်းဖြေစေပြီး အဖြေကိုနှစ်ယောက်တစ်တွဲ စစ်ဆေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "အုပ်စု ၁ စုမှာ ဖား ၂ ကောင်ရှိပြီး၊ အုပ်စု ၄ စုရှိတယ်။ ဖားအားလုံး ၈ ကောင်ရှိတယ်။" ပုံစံဖြင့် တင်ပြပါစေ။

➔ ဖားအားလုံးကို ၂ + ၂ + ၂ + ၂ = ၈ သို့မဟုတ် ၂၊ ၄၊ ၆၊ ၈ ဟု ၂ စီတိုးပြီး ၄ ခါ ရေတွက်သည်ကို သေချာတွေ့ရှိပါစေ။

၅။ မေးခွန်း (၁) အုပ်စုဖွဲ့ပြီး ယုန်၊ ငှက်နှင့် ပန်းသီးများကိုလည်း ကလေးတစ်ဦးချင်း ရေတွက်ပါစေ။ ထို့နောက် သူတို့၏ စိတ်ကူးများကို တစ်တန်းလုံးကို စစ်ဆေးပါ။

➔ အောက်ပါတို့ကို ကလေးများတွေ့ရှိခြင်းရှိမရှိ စစ်ဆေးပါ။

- အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်
- အုပ်စုအရေအတွက်
- ပစ္စည်းအရေအတွက် စုစုပေါင်း

၆။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏အရေအတွက်ကို အမြောက်သုံးပြီး ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ငှက်ပျောသီး ၂ လုံးအုပ်စု ၄ စုပုံ၊ ပန်းသီး ၃ လုံး အုပ်စု ၅ စုပုံ ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၂) အတွက် သင်ပုန်းပေါ်တွင် ငှက်ပျောသီးပုံကားချပ်များကပ်၍ တစ်တန်းလုံးကို အုပ်စုဖွဲ့ ရေတွက်ပါစေ။ အောက်ပါမေးခွန်းများကို မေးပါ။

၂။ ညာဘက်ရှိအကွက်ကို ကလေးများအား ဖတ်ရှုစေပြီး အုပ်စုဖွဲ့ရေတွက်သည်မှာ အမြောက်သဘော ဖြစ်ကြောင်း၊ "×" သင်္ကေတနှင့် ညီမျှခြင်းရေးပုံကို ဆရာက ဖြည့်စွက်ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၂ × ၄ ဆိုသည်မှာ ၂ + ၂ + ၂ + ၂ နှင့် တူကြောင်း သိပါစေ။

၃။ မေးခွန်း (ခ) အတွက် သင်ပုန်းပေါ်တွင် ပန်းသီး အုပ်စုပုံ ကားချပ်ကို ခွိတ်ပါ။ ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်တွင် ဖြည့်ပါစေ။ နှစ်ယောက်တစ်တွဲ စစ်ဆေးပြီးနောက် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၃ × ၅ ဆိုတာ ၃ + ၃ + ၃ + ၃ + ၃ နှင့် တူကြောင်း သိပါစေ။

၄။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး ကလေးများကိုယ်တိုင် သင်ခန်းစာကို နိဂုံးချုပ်ပါစေ။

- အုပ်စုတစ်စုမှာ ငှက်ပျောသီးဘယ်လောက်ရှိသလဲ။
- အုပ်စုဘယ်နှစုရှိသလဲ။
- ငှက်ပျောသီးအားလုံး ဘယ်နှလုံးရှိသလဲ။

၂ အားလုံး ဘယ်လောက်ရှိသလဲ။

(က)



အုပ်စုတစ်စုမှာ ငှက်ပျောသီး ၂ လုံးရှိပြီး အုပ်စု ၄ စု ရှိတယ်။
ဒါကြောင့် ငှက်ပျောသီး အားလုံး ၈ လုံး ရှိတယ်။

ဤအချက်ကို ညီမျှခြင်းသုံးပြီး ဖော်ပြနိုင်သည်။

၂ × ၄ = ၈

၂ — အုပ်စုတစ်စုရှိ ပစ္စည်း အရေအတွက်
၄ — အုပ်စုအရေအတွက်
၈ — ပစ္စည်း အရေအတွက် စုစုပေါင်း

၂ × ၄ ကဲ့သို့ အမြောက်သင်္ကေတ "×" သုံးပြီး တွက်ချက်သည်ကို မြောက်ခြင်း ဟုခေါ်သည်။ ၂ × ၄ = ၈ ကို "၂ အမြောက် ၄ အညီ ၈"ဟု ဖတ်သည်။



(ခ)



အုပ်စုတစ်စုမှာ ပန်းသီး ၃ လုံးရှိပြီး အုပ်စု ၅ စု ရှိတယ်။
ဒါကြောင့် ပန်းသီး အားလုံး ၁၅ လုံး ရှိတယ်။
ညီမျှခြင်းနဲ့ ဖော်ပြရင်



၃ — အုပ်စုတစ်စုမှာရှိတဲ့ ပစ္စည်း အရေအတွက်
၅ — အုပ်စု အရေအတွက်
၁၅ — ပစ္စည်း အရေအတွက် စုစုပေါင်း

၃ × ၅ = ၁၅

ကိုရတယ်။



ဆရာများအတွက် မှတ်စု

"အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်"၊ "အုပ်စုအရေအတွက်"နှင့် "ပစ္စည်းအရေအတွက် စုစုပေါင်း"၏ အဓိပ္ပာယ်ကို ကလေးများ ရှင်းလင်းစွာနားလည်ရန် အရေးကြီးသည်။

(က)"ပန်းကန်ပြား ၄ ချပ်ရှိပြီး ငှက်ပျောသီး ၂ လုံးသည် ပန်းကန်အသီးသီးတွင် ရှိသည်။ ငှက်ပျောသီးအားလုံး မည်မျှရှိသနည်း။" မေးခွန်းနှင့် ကွဲလွဲချက်ရှိသော်လည်း ကလေးများသည် မေးခွန်းတွင် ၄ ကို ဦးစွာရေးပြီး ၂ ကို နောက်မှ ရေးမည်။ သချိ်ာကိန်းနှစ်ခု၏ အစီအစဉ်သည် အရေးမကြီးဘဲ ၄ × ၂ = ၂ × ၄ ဟု မြင်သည့်အတိုင်း ကလေးများသည် သင်ယူနိုင်သည်။

သို့သော် သင်ပြနည်းရှုထောင့်မှ ကြည့်လျှင် အမြောက်သင်ခါစတွင် ကလေးများ အမြောက်၏သဘောကို လွယ်ကူစွာနားလည်စေရန် ဆရာသည် "အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်"နှင့် "အုပ်စုအရေအတွက်" အစီအစဉ်ကို ဂရုစိုက်ရပါမည်။

DBE Box – Copyright Protected

၂ အမြောက်သုံးပြီး ဖော်ပြမယ်။

(က)



၃ × ၂ = ၆

(ခ)



၅ × ၅ = ၂၀

(ဂ)



၂ × ၆ = ၁၂

(ဃ)



၆ × ၃ = ၁၈

(င)



၅ × ၄ = ၂၀

ဆရာများအတွက် မှတ်စု

မေးခွန်း၊ ပုံအသီးသီးအတွက် အမြောက်ညီမျှခြင်းနှင့် အပေါင်းညီမျှခြင်းများ ပြုလုပ်ပါ။

(၁)



၂ × ၄ = ၈ ⟷ ၂ + ၂ + ၂ + ၂ = ၈

(၂)



၄ × ၇ = ၂၈ ⟷ ၄ + ၄ + ၄ + ၄ + ၄ + ၄ + ၄ = ၂၈

(၃)



၃ × ၆ = ၁၈ ⟷ ၃ + ၃ + ၃ + ၃ + ၃ + ၃ = ၁၈

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အရေအတွက်ကို အမြောက်သုံးပြီး ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကားချပ်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ မေးခွန်း (က) ရေကန်ထဲရှိ ဘဲပုံကားချပ်ကို သင်ပုန်းတွင်ကပ်ပြီး တစ်တန်းလုံးကို အောက်ပါ မေးခွန်းများ မေးပါ။

- အုပ်စုတစ်စုစီမှာ ဘဲ ဘယ်နှကောင်ရှိသလဲ။
- အုပ်စု ဘယ်နှစုရှိသလဲ။
- ဘဲ အားလုံး ဘယ်နှကောင်ရှိသလဲ။

ကျောင်းသုံးစာအုပ်ပါ ညီမျှခြင်းရှိ ကွက်လပ်ကို ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပထမမေးခွန်းနှစ်ခုအတွက် ကလေးများထံမှ မျှော်မှန်းရလဒ်များမှာ -

- ရေကန်တစ်ကန်စီတွင် ဘဲ ၃ ကောင်ရှိ၍ အုပ်စုတစ်စုတွင် ဘဲ ၃ ကောင်
- ရေကန် ၅ ကန် ဖြစ်၍ အုပ်စု ၅ စု

➔ ပြီးခဲ့သော သင်ခန်းစာတွင် သင်ယူခဲ့သော အမြောက်သဘော၊ ညီမျှခြင်းတို့နှင့် ရုပ်ပုံကို ချိတ်ဆက်ပါ။

၂။ မေးခွန်း (ခ)၊ (ဂ)၊ (ဃ)၊ (င) ကို တစ်ဦးချင်း ဖြေစေပြီး အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို ကလေးများတွေ့ရှိခြင်းရှိ မရှိ စစ်ဆေးပါ။

- အုပ်စုတစ်စုစီရှိ ပစ္စည်းအရေအတွက်
- အုပ်စုအရေအတွက်
- ပစ္စည်းအရေအတွက် စုစုပေါင်း

➔ ပေးထားသောပုံများကို အမြောက် ညီမျှခြင်းသို့ မှန်ကန်စွာ ပြောင်းတတ်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အရေအတွက်ကို အမြောက်သုံးပြီး ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါ ရုပ်ပုံကားချပ်များ
- ကလေးတိုင်းအတွက် အကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၃။ က) အတွက် ကြောင်ရုပ်ပုံကားချပ်များကို သင်ပုန်းပေါ်ကပ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- အုပ်စုတစ်စုစီတွင် ကြောင်ဘယ်နှကောင်ရှိသလဲ။
- အကွက်တွေသုံးပြီး အုပ်စုတွေကို ဘယ်လို ဖော်ပြမလဲ။
- အုပ်စု ဘယ်နှစုရှိသလဲ။
- အကွက်တွေသုံးပြီး အုပ်စုအရေအတွက်ကို ဘယ်လိုဖော်ပြမလဲ။
- ကြောင်အားလုံး ဘယ်နှကောင်ရှိသလဲ။

အကွက်များကို စီစေပြီး ကွက်လပ်ဖြည့်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို သေချာနားလည်ပါစေ။

- ရထားတစ်တွဲတွင် ကြောင် ၅ ကောင် ⟷ အတိုင်တစ်တိုင်တွင် အကွက် ၅ ကွက်
- ရထားတွဲ ၃ တွဲ ⟷ အတိုင် ၃ တိုင်

၂။ အဓိကမေးခွန်း(၃။ ခ)နှင့် (ဂ) ကို တစ်ဦးချင်းစီ ဖြေစေပြီး နှစ်ယောက်တစ်တွဲစစ်ဆေးပါ။

၃။ မေးခွန်း (၃) တွင် ပေးထားသော ၄ × ၃ ကို အကွက်သုံးပြီး ဖော်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို သေချာနားလည်ပါစေ။

- ၄ ⟷ အတိုင်တစ်တိုင်စီရှိ အကွက် ၄ ကွက်
- ၃ ⟷ အတိုင် ၃ တိုင်

၄။ မေးခွန်း (၃) ကို လေ့ကျင့်ခန်းစာအုပ်တွင် အကွက်များဆွဲပြီးဖြေပါစေ။ သင်ပုန်းတွင် အကွက်များဆွဲပြီး တစ်တန်းလုံးသို့ တင်ပြ၍ စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို ချိတ်ဆက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

- ပထမကိန်းနှင့်တိုင်တစ်တိုင်ရှိ အကွက် အရေအတွက်
- ဒုတိယကိန်းနှင့် အတိုင်အရေအတွက်

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၁၄ အမြောက်

၃ အားလုံးဘယ်လောက်ရှိသလဲ။ အကွက်တွေစီပြီး ရှာကြမယ်။ ညီမျှခြင်း ရေးကြမယ်။

(က)





၅ × ၃ = ၁၅

(ခ)





၆ × ၆ = ၃၆

(ဂ)





၃ × ၄ = ၁၂

၄ အမြောက်တွေကို အကွက်တွေသုံးပြီး ဖော်ပြမယ်။

(က) ၃ × ၅ (ခ) ၇ × ၂

(ဂ) ၆ × ၄ (ဃ) ၂ × ၇



၄ × ၃

အကွက်များဆွဲရန်





ဖြည့်စွက်ရှင်းလင်းချက်

ဒုတိယတန်းကလေးများအတွက် သချာ်ညီမျှခြင်း စိတ်ကူးသည် အပေါင်းနှင့်အနုတ်ဖြစ်ရပ်မှာကဲ့သို့ စိတ်ကူးဆန်သည်။ နားလည်လာအောင် ကလေးများကို ကူညီရန်အတွက် ဖြပ်ရိုပစ္စည်းနှင့် ကိုယ်စားပြုပစ္စည်းများကို အတူတူအသုံးပြုသည်။

ဤသင်ခန်းစာတွင် အမြောက်ကို ပြသရန် အကွက်များကို ပထမဆုံးအသုံးပြုသည်။ အတိုင်အသီးသီးတွင် အုပ်စုအသီးသီး ဖော်ပြသည်ကို သတိပြုပါ။ ထို့ကြောင့် အတိုင်အသီးသီးရှိ အကွက်များ၏ အရေအတွက်သည် "အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်"နှင့် အတိုင်အရေအတွက်သည် "အုပ်စုအရေအတွက်"ကို ဖော်ပြသည်။ ဤချဉ်းကပ်နည်းသည် ကလေးများအတွက် နားလည်ရန် ပို၍ လွယ်ကူသောကြောင့် ဤအခန်းတွင် ထိုစိတ်ကူးကို အဝိုင်းပုံဖြစ်ရပ်များတွင်လည်း ဆက်၍ အသုံးပြုသည်။



DBL Box – Copyright Protected

စာသင်ချိန် ၅

သင်ယူမှုဦးတည်ချက်

- ပစ္စည်းများ၏ အရေအတွက်ကို အမြောက်အမျိုးမျိုးဖြင့် ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကလေးတစ်ဦးစီအတွက် ပဲစေ့ ၁၂ စေ့

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၄)ကို ကြည့်စေပြီး အောက်ပါအတိုင်း မေးပါ။

- ပုံက ဘာကြောင့် ၂ × ၆ ကို ပြသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါတို့ကို ပြန်လည်သတိရပါစေ။

- ပထမကိန်းနှင့် တိုင်တစ်တိုင်ရှိ အကွက်အရေအတွက်
- ဒုတိယကိန်းနှင့် အတိုင်အရေအတွက်

၂။ ကလေး တစ်ဦးစီအား ပဲစေ့ ၁၂ စေ့ ပေးပါ။ အဓိကမေးခွန်း (၄)ကို တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ ထို့နောက် ပဲစေ့အစား သင်ပုန်းပေါ်တွင် အဝိုင်းပုံများကပ်ပြီး သို့မဟုတ် အဝိုင်းများဆွဲပြီး အဖြေကို တစ်တန်းလုံးသို့ တင်ပြပါစေ။

➔ ကလေးများထံမှ မျှော်မှန်းအဖြေမှာ ၂ × ၆၊ ၃ × ၄၊ ၄ × ၃ နှင့် ၆ × ၂ တို့ဖြစ်သည်။ ကလေးများသည် ဒုတိယတန်းတွင်၁၀ × ၁၀ အထိသာ သင်ယူကြမည်ဖြစ်၍ ဤအဆင့်တွင် ၁ × ၁၂ နှင့် ၁၂ × ၁ ကို ဖော်ပြရန် မလိုပေ။

၃။ ကလေး တစ်ဦးစီအား ပဲစေ့ ၁၈ စေ့ကို ဝေပေးပြီး မေးခွန်း (၄) ကို ဖြေရှင်းပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လေ့ကျင့်ခန်းစာအုပ်ထဲတွင် စီထားသော အဝိုင်းပုံများနှင့်အတူ ကလေးများတွေ့ရှိသော အမြောက်များဖြင့် ညီမျှခြင်းရေးပါစေ။ တစ်တန်းလုံးသို့ တင်ပြပြီး စစ်ဆေးပါ။

၄။ မေးခွန်း(၅)အတွက် ကလေးများ၏ ပတ်ဝန်းကျင်တွင်ရှိသော အမြောက်အမျိုးမျိုးကို ရှာဖွေတင်ပြပါစေ။

➔ အောက်ပါတို့ကို ခိုက်ဆက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

- ပထမကိန်းနှင့် တိုင်တစ်တိုင်ရှိ အကွက်အရေအတွက်
- ဒုတိယကိန်းနှင့် အတိုင်အရေအတွက်

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

---

၄ **ပဲစေ့ ၁၂ စေ့ ရှိတယ်။ အဲဒီပဲစေ့တွေကိုစီပြီး အမြောက်အမျိုးမျိုး ဖြစ်အောင်လုပ်ကြမယ်။**









၃ × ၄၊ ၄ × ၃၊ ၆ × ၂ ပုံများဆွဲပြီး ဖြေရန်

၅ ပဲစေ့ ၁၈ စေ့ကိုစီပြီး အမြောက်အမျိုးမျိုးဖြစ်အောင် လုပ်ပါ။

၂ × ၉၊ ၃ × ၆၊ ၆ × ၃၊ ၉ × ၂ ပုံများ ဆွဲပြီး ဖြေရန်

၆ ပတ်ဝန်းကျင်က အမြောက်အမျိုးမျိုးကို ရှာကြမယ်။









၂ × ၅

(မေးခွန်း ၅ အတွက်) နမူနာအဖြေများ

အောက်ဖော်ပြပါပုံများသည် ပတ်ဝန်းကျင်ရှိ အမြောက်ဆိုင်ရာ နမူနာပုံများဖြစ်သည်။

(က) ၅ × ၃



(ခ) ၃ × ၂



(ဂ) ၃ × ၃



DBE Box – Copyright Protected

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- ၂ အလီဇယားကို ပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါ စက်ဘီးပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ပါ ပုံများကို သင်ပုန်းတွင် ကပ်ပါ။ အဓိကမေးခွန်း (၅)ကို ကလေးများ ဖတ်ပါစေ။ အောက်ပါမေးခွန်းများ မေးပါ။

- စက်ဘီး ၁ စီးမှာ ဘီးဘယ်နှဘီးပါသလဲ။
- စက်ဘီး ဘယ်နှစီးရှိသလဲ။
- အဖြေရှာဖို့ ဘယ်အမြှောက်ကိုလိုသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ (စက်ဘီး ၁ စီးရှိ ဘီးအရေအတွက် × စက်ဘီး အရေအတွက်)ကို အဓိကထားပါ။

၂။ စက်ဘီး ၁ စီး၊ စက်ဘီး ၂ စီး၊ . . . ၊ စက်ဘီး ၅ စီး၏ ဘီးအရေအတွက်များကို ရှာခြင်းဖြင့် ၂ × ၅ ၏ အဖြေရှာရမည်ကို ကလေးများ နားလည် ပါစေ။ အောက်ပါ မေးခွန်းများကို မေးပါ။

- စက်ဘီး ၁ စီးရဲ့ ဘီးအရေအတွက်ကို ရှာဖို့ ဘယ်အမြှောက်ကို လိုသလဲ။
- စက်ဘီး ၁ စီးမှာ ဘီးဘယ်နှဘီးရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။ စက်ဘီး ၃ စီး၊ ၄ စီးနှင့် ၅ စီး အတွက်လည်း အလားတူ မေးခွန်းများကို မေးပါ။

အောက်ပါ မေးခွန်းကိုလည်း မေးပါ။

- စက်ဘီး ၁ စီး တိုးလာတိုင်း ဘီးဘယ်နှဘီး တိုးလာသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စက်ဘီး ၁ စီး တိုးလာလျှင် ဘီး ၂ ဘီးစီ တိုးလာကြောင်း ကလေးများတွေ့ရှိပါစေ။

၃။ ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။

၂ နှင့် ၅ အလီဇယား

၅ **စက်ဘီး ၁ စီးမှာ ဘီး ၂ ဘီးရှိတယ်။ စက်ဘီး ၅ စီးမှာ ဘီးအားလုံး ဘယ်လောက်ရှိသလဲ။**

(က) စက်ဘီး ၁ စီးရဲ့ ဘီးအရေအတွက်၊ စက်ဘီး ၂ စီးရဲ့ ဘီးအရေအတွက်၊...

စက်ဘီး ၅ စီးရဲ့ ဘီးအရေအတွက်တွေကို ရှာရအောင်။



၂ × ၁ = ၂



၂ × ၂ = ၄



၂ × ၃ = ၆



၂ × ၄ = ၈



၂ × ၅ = ၁၀

၂ × ၅ = ၁၀

အဖြေ ၁၀ ဘီး

ဖြည့်စွက်လေ့ကျင့်ခန်း (စာသင်ချိန် ၆–၁၇ အတွက်)

အောက်ပါမေးခွန်းများသည် ကလေးများအမြှောက်ကို ပိုမိုလေ့ကျင့်ရန်အတွက် ဖြစ်သည်။ အမြှောက်ကို လေ့ကျင့်ရန် ကလေးများသည် အခြိန်လုံလောက်စွာ အသုံးပြုရန် လိုအပ်သည်။ ဤသို့မဟုတ်ပါက အတန်းကြီးလာသောအခါ အမြှောက် တွက်ရန် အခက်အခဲများ ရှိနိုင်ပါသည်။

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၂ × ၇ = ၁၄	(ခ) ၃ × ၅ = ၁၅	(ဂ) ၄ × ၁၀ = ၄၀	(ဃ) ၅ × ၆ = ၃၀
(င) ၄ × ၃ = ၁၂	(စ) ၃ × ၁၀ = ၃၀	(ဆ) ၄ × ၄ = ၁၆	(ဇ) ၂ × ၃ = ၆
(ဈ) ၃ × ၈ = ၂၄	(ည) ၅ × ၂ = ၁၀	(ဋ) ၄ × ၉ = ၃၆	(ဌ) ၅ × ၇ = ၃၅
(ဍ) ၅ × ၄ = ၂၀	(ဎ) ၃ × ၆ = ၁၈	(ဏ) ၄ × ၁ = ၄	(တ) ၄ × ၉ = ၃၆
(ထ) ၃ × ၉ = ၂၇	(ဒ) ၅ × ၅ = ၂၅	(ဓ) ၂ × ၈ = ၁၆	(န) ၃ × ၁၀ = ၃၀
(ပ) ၂ × ၉ = ၁၈	(ဖ) ၃ × ၃ = ၉	(ဗ) ၄ × ၈ = ၃၂	(ဘ) ၅ × ၉ = ၄၅

DBE Box – Copyright Protected

(ခ) စက်ဘီး ၆ စီးရဲ့ ဘီးအရေအတွက်၊ စက်ဘီး ၇ စီးရဲ့ ဘီးအရေအတွက်၊ ...
စက်ဘီး ၁၀ စီးရဲ့ ဘီးအရေအတွက်တွေကို ရှာရအောင်။



၂ × ၆ = ၁၂



၂ × ၇ = ၁၄



၂ × ၈ = ၁၆



၂ × ၉ = ၁၈



၂ × ၁၀ = ၂၀



ဖြည့်စွက်လေ့ကျင့်ခန်း (စာသင်ချိန် ၆–၁၇ အတွက်)

၁။ အောက်ပါပုစ္ဆာများကို ရှင်းပါ။ ညီမျှခြင်းနှင့် အဖြေရေးပါ။

(က) ဖယောင်းတိုင် ၁ ထုပ်တွင် ဖယောင်းတိုင် ၅ တိုင်ရှိသည်။ ဖယောင်းတိုင် ၅ ထုပ်တွင် ဖယောင်းတိုင်မည်မျှရှိသနည်း။

၅ × ၅ = ၂၅ အဖြေ ၂၅ တိုင်

(ခ) ဖယောင်းတိုင် ၁ ထုပ်စီတွင် ဖယောင်းတိုင် ၄ တိုင်ရှိသည်။ ဖယောင်းတိုင် ထုပ် ၆ ထုပ်ရှိလျှင် ဖယောင်းတိုင်အားလုံး မည်မျှရှိသနည်း။

၄ × ၆ = ၂၄ အဖြေ ၂၄ တိုင်

(ဂ) ဘဲ ၁ ကောင်တွင် ခြေထောက် ၂ ချောင်းရှိသည်။ ဘဲ ၈ ကောင်အတွက် ခြေထောက်မည်မျှရှိသနည်း။

၂ × ၈ = ၁၆ အဖြေ ၁၆ ချောင်း

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၃။ ကျောင်းသုံးစာအုပ်ရှိ အဝိုင်းပုံကို ကလေးများကြည့်စေပါ။ ဘီးအရေအတွက်များကို အဝိုင်းများဖြင့် ပြထားကြောင်းပြောပါ။

- စက်ဘီး ၁ ဘီးစီမှာ ဘီး ၂ ဘီးရှိတာကို အဝိုင်းတွေနဲ့ ဘယ်လိုပြမလဲ။
- စက်ဘီး ၆ စီး ရှိတာကို အဝိုင်းပုံနဲ့ ဘယ်လိုပြမလဲ။
- စက်ဘီး ၆ စီးရဲ့ ဘီးအရေအတွက်ကို ရှာဖို့ ဘယ်အမြောက်ကို လိုသလဲ။
  စက်ဘီး ၆ စီးမှာ ဘီးဘယ်နှဘီးရှိသလဲ။

ကျောင်းသုံးစာအုပ်ရှိ ကွက်လပ်များကို ဖြည့်ပါစေ။ စက်ဘီး ၇ စီး၊ ၈ စီး၊ ၉ စီးနှင့် ၁၀ စီး အတွက် အလားတူမေးခွန်းများကို မေးပါ။
အောက်ပါမေးခွန်းကိုလည်း မေးပါ။

- စက်ဘီး ၁ စီး ထပ်တိုးရင် အဝိုင်း ဘယ်နှစ်ဝိုင်း တိုးသွားသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စက်ဘီး ၁ စီး တိုးသွားလျှင် ဘီး ၂ ဘီးစီ တိုးသွားသည်ကို ကလေးများ တွေ့ရှိပါစေ။ ၄။ ၂ အလီဇယားကို ပြန်လည်လေ့လာစေပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၇ ၊ ၈

သင်ယူမှုဦးတည်ချက်

- ၂ အလီဇယားကို ရွတ်ဆိုတတ်ရန်၊
- ၂ အလီကို အသုံးပြုတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ၂ အလီဇယားအကြီး
- ၂ × ၁ မှ ၂ × ၁၀ အထိ ရေးထားသော အမြောက်ကတ်ပြား ၁၀ ချပ် (နှစ်ယောက် ၁ စုံ)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ပါ ၂ အလီဇယားကို သင်ပုန်းပေါ်တွင် ကပ်ပါ။ ဆရာက အလီဇယားကိုရွတ်ဆိုပါ။ ကလေးများအား နောက်မှလိုက်၍ ရွတ်ဆိုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အဖြေသည် ၂ စီတိုးသွားသည်ကို ပြန်လည်မှတ်မိပါစေ။

➔ ကလေးများ မှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၂။ ကလေးနှစ်ယောက်တစ်တွဲကို အမြောက်ကတ်ပြားသုံးကာ ၂ အလီကို လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နှစ်ယောက်တစ်တွဲ လေ့ကျင့်ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

➔ အလီများကို ကျပန်းမေးပြီး ကလေးများ မှန်ကန်စွာဖြေနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း (၇)နှင့် (၈)ကို လေ့ကျင့်ခန်းစာအုပ်တွင် ညီမျှခြင်းရေးပြီးဖြေပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၄ ၂ အလီဇယားကို ကျက်မှတ်ရအောင်။

၂ × ၁ = ၂	၂ တစ်လီ ၂
၂ × ၂ = ၄	၂ နှစ်လီ ၄
၂ × ၃ = ၆	၂ သုံးလီ ၆
၂ × ၄ = ၈	၂ လေးလီ ၈
၂ × ၅ = ၁၀	၂ ငါးလီ ၁၀
၂ × ၆ = ၁၂	၂ ခြောက်လီ ၁၂
၂ × ၇ = ၁၄	၂ ခုနစ်လီ ၁၄
၂ × ၈ = ၁၆	၂ ရှစ်လီ ၁၆
၂ × ၉ = ၁၈	၂ ကိုးလီ ၁၈
၂ × ၁၀ = ၂၀	၂ ဆယ်လီ ၂၀



ကတ်ပြားသုံးပြီး အမြောက်ကို လေ့ကျင့်ရအောင်။

အမြောက်ကတ်ပြား

၂ × ၅	ရှေ့ဘက်
၁၀	နောက်ဘက်



၅ ပန်းကန်ပြား ၁ ချပ်မှာ လိမ္မော်သီး ၂ လုံးရှိတယ်။
ပန်းကန်ပြား ၃ ချပ်မှာ လိမ္မော်သီး အားလုံး ဘယ်နှလုံးရှိသလဲ။
ညီမျှခြင်း ၂ × ၃ = ၆
အဖြေ ၆ လုံး



၆ ကလေး ၁ ယောက်စီမှာ စာအုပ် ၂ အုပ်ရှိတယ်။
ကလေး ၈ ယောက်မှာ စာအုပ် အားလုံးပေါင်း ဘယ်နှအုပ်ရှိသလဲ။
၂ × ၈ = ၁၆ အဖြေ ၁၆ အုပ်

ဖြည့်စွက်လုပ်ငန်း၊ အမြောက်အလီကို ရွတ်ဆိုခြင်း

၁၀ × ၁၀ အတွင်း အမြောက်အလီဇယားအားလုံးကို ကလေးများ မှတ်မိရန် အရေးကြီးသည်။ ထို့ကြောင့် အလီဇယားကို နည်းများစွာဖြင့် ရွတ်ဆိုရန်သည် ကလေးများအတွက် စိတ်ကူးကောင်းဖြစ်သည်။

ဥပမာ၊ ကလေးများသည် ၂ အလီဇယားကို အောက်ဖော်ပြပါနည်းများဖြင့် ရွတ်ဆိုနိုင်သည်။

၁။ ၂ × ၁ မှ ၂ × ၁၀ လီအထိ ရွတ်ဆိုခြင်း၊
(က)တစ်တန်းလုံးရွတ်ဆိုခြင်း
(ခ) တစ်ဦးချင်းရွတ်ဆိုခြင်း
(ဂ) အုပ်စုလိုက်ရွတ်ဆိုခြင်း
(ဃ)နှစ်ယောက်တစ်တွဲရွတ်ဆိုခြင်း

၂။ ၂ × ၁၀ မှ ၂ × ၁ လီအထိ နောက်ပြန်ရွတ်ဆိုခြင်း၊
(က)တစ်တန်းလုံးရွတ်ဆိုခြင်း
(ခ) တစ်ဦးချင်းရွတ်ဆိုခြင်း
(ဂ) အုပ်စုလိုက်ရွတ်ဆိုခြင်း
(ဃ)နှစ်ယောက်တစ်တွဲရွတ်ဆိုခြင်း

DBE Box – Copyright Protected

အခန်း (၁၄) ရှိ ဆရာလမ်းညွှန်မရေးသော စာသင်ချိန်အချို့၏ အဖြေများ

၁၀ ၅ × ၃ = ၁၅ အဖြေ ၁၅ ပွင့် (စာသင်ခြိန် ၉၊ ၁၀ နှင့် ၁၁)

၁၁ ၅ × ၇ = ၃၅ အဖြေ ၃၅ ယောက်

၁၃ ၃ × ၄ = ၁၂ အဖြေ ၁၂ ပေါက် (စာသင်ခြိန် ၁၂၊ ၁၃ နှင့် ၁၄)

၁၄ ၃ × ၆ = ၁၈ အဖြေ ၁၈ ချောင်း

၁၆ ၄ × ၅ = ၂၀ အဖြေ ၂၀ ချောင်း (စာသင်ခြိန် ၁၅၊ ၁၆ နှင့် ၁၇)

၁၇ ၄ × ၈ = ၃၂ အဖြေ ၃၂ လုံး

လေ့ကျင့်ခန်း (၁) (စာသင်ခြိန် ၁၈ နှင့် ၁၉)

၁။ (က) ၃၂ (ခ) ၂၅ (ဂ) ၆ (ဃ) ၁၈ (င) ၁၆
(စ) ၂၀ (ဆ) ၃၅ (ဇ) ၄ (ဈ) ၁၂ (ည) ၂၃

၂။ ၃ × ၄ = ၁၂ အဖြေ ၁၂ လုံး

၃။ ၂ × ၉ = ၁၈ အဖြေ ၁၈ ယောက်

၄။ ၅ × ၅ = ၂၅ အဖြေ ၂၅ ယောက်

၅။ ၄ × ၆ = ၂၄ အဖြေ ၂၄ ခု

၆။ (က) ၄၊ ၃

၄ × ၃ = ၁၂ အဖြေ ၁၂ ကောင်

(ခ) ပန်းကန် ၁ ချပ်တွင် သကြားလုံး ၅ လုံးရှိသည်။ ပန်းကန်ပြား ၆ ချပ်တွင် သကြားလုံးပေါင်းမည်မျှရှိသနည်း။

၂၂ ၇ × ၄ = ၂၈ အဖြေ ၂၈ ရက် (စာသင်ခြိန် ၂၃၊ ၂၄ နှင့် ၂၅)

၂၃



၂၅ ၈ × ၇ = ၅၆ အဖြေ ၅၆ ချောင်း (စာသင်ခြိန် ၂၆၊ ၂၇ နှင့် ၂၈)

၂၆ ၈ × ၂ = ၁၆
၈ × ၅ = ၄၀
၅၆ အဖြေ ၅၆
၈ × ☐ = ၅၆ အဖြေ ၇

၂၈ ၉ × ၆ = ၅၄ အဖြေ ၅၄ ပွင့် (စာသင်ခြိန် ၂၉၊ ၃၀ နှင့် ၃၁)

၂၉ (က) ပန်းအိုး ၁ အိုးစီမှာ ပန်း ၉ ပွင့် ထိုးနိုင်တယ်။
ပန်းအိုး ၈ အိုးရှိရင် ပန်းပွင့်ဘယ်နှပွင့်ထိုးနိုင်မလဲ။

၉ × ၈ = ၇၂ အဖြေ ၇၂ ပွင့်

(ခ) ဘူးတစ်ဘူးမှာ ခဲတံ ၈ ချောင်းစီရှိတယ်။ ဘူး ၉ ဘူးမှာ
ခဲတံပေါင်း ဘယ်နှချောင်းရှိသလဲ။ ၈ × ၉ = ၇၂ အဖြေ ၇၂ ချောင်း

DBE Box – Copyright Protected

စာသင်ချိန် ၂၀

သင်ယူမှုဦးတည်ချက်

- ၆ အလီဇယားပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁၀ × ၁၀ အဝိုင်းပုံကားချပ်၊ စာရွက်လွတ် ၂ ရွက် သို့မဟုတ် L ပုံသဏ္ဌာန် စာရွက် ၁ ရွက်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၁၀ × ၁၀ အဝိုင်းပုံကားချပ်ကို သင်ပုန်းပေါ်ကပ်ပြီး ပုံ (၁) တွင် ပြထားသည့်အတိုင်း စာရွက်လွတ်နှစ်ရွက်ဖြင့် ဖုံးပါ။ ထို့နောက် တစ်တန်းလုံးအား အောက်ပါမေးခွန်းများကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

- ပုံ (၁) မှာ အဝိုင်း ဘယ်နှဝိုင်းရှိသလဲ။
- ပုံမှာ ၆ × ၃ ထဲက ၆ ကို ဘယ်နေရာမှာ တွေ့ရသလဲ။ ၃ ကို ဘယ်နေရာမှာ တွေ့ရသလဲ။
- ပုံ (၁) အတွက် ညီမျှခြင်း ရေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၆ × ၃ မှ ၆ ကို အဝိုင်း ၆ ဝိုင်း စီထားသော အတိုင်တစ်တိုင်အဖြစ်တွေ့ရပြီး ၆ × ၃မှ ၃ သည် အတိုင်အရေအတွက်အဖြစ် တွေ့ရသည်ကို အဓိကပြောကြားပါ။

၂။ ပုံ (၂) တွင် ပြထားသည့်အတိုင်း စာရွက်လွတ်တစ်ရွက်ကိုရွှေ့ပြီး တစ်တန်းလုံးကိုမေးပါ။

- ဒီပုံက ဘာအလီကို ပြသလဲ။
- ပုံ (၂) မှာ အဝိုင်း ဘယ်နှဝိုင်းပါသလဲ။
- ပုံ (၂) အတွက် ညီမျှခြင်းရေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါ အချက်များကို ရှင်းပြတတ်ခြင်း ရှိ မရှိ စစ်ဆေးပါ။

- အတိုင်တစ်တိုင်စီမှာ အဝိုင်း ၆ ဝိုင်းရှိပြီး အတိုင် ၅ တိုင်ရှိတဲ့အတွက် ဒီပုံက ၆ × ၅ ကို ပြတယ်။
- အားလုံး အဝိုင်း ၃၀ ခုရှိတဲ့အတွက် ၆ × ၅ = ၃၀ လို့ မြင်တယ်။

၆ နှင့် ၇ အလီဇယား

အဝိုင်းပုံ ၁၀၀ ပါတဲ့ စာရွက်ပေါ်မှာ အောက်ကအတိုင်း စာရွက် ၂ ရွက်သုံးပြီး ၆ × ၃ ပုံကို ပြုလုပ်ကြမယ်။



ပုံ (၁)

(က) ပုံ (၁) မှာ အဝိုင်း ဘယ်နှခုရှိသလဲ။ ၁၈ ခု

(ခ) ပုံ (၁) အတွက် ညီမျှခြင်းရေးပါ။ ၆ × ၃ = ၁၈ ခု

(ဂ) ပုံ (၂) မှာ အဝိုင်းဘယ်နှခုရှိသလဲ။ ၃၀ ခု

(ဃ) ပုံ (၂) အတွက် ညီမျှခြင်းရေးပါ။ ၆ × ၅ = ၃၀ ခု



ပုံ (၂)

၁၀၂

ဖြည့်စွက်လုပ်ငန်းများ

အမြောက်အလီဇယားကို မှတ်မိရန် ကလေးများအတွက် အမြောက်ကတ်ပြားသည် များစွာအသုံးဝင်သည် အောက်ဖော်ပြပါ နည်းသည် အမြောက်ကတ်ပြားများနှင့် ကစားနည်းများအနက်တစ်ခုဖြစ်သည်။

(၁) ကလေးများကို သင့်တော်သောအရေအတွက်နှင့် အုပ်စုဖွဲ့ပါ။

(၂) အမြောက်ကတ်ပြား၏ နောက်ဘက်တွင် အဖြေရေးပါ။

(၃) ကလေးများအနက် တစ်ယောက်သည် အဖြေပြောသူနေရာမှ အဖြေအတွက် ကိန်းတစ်ခုခုကို ပြောရမည်။

(၄) ကျန်ကလေးများသည် အဖြေပါသော ကတ်ပြားများကို စုရန် ကြိုးစားရမည်။

(၅) အဖြေပြောသူသည် အဖြေအားလုံးကို တစ်ခုပြီးတစ်ခု ပြောရမည်။

(၆) ကတ်ပြားများစွာ စုနိုင်သူသည် နိုင်သူဖြစ်သည်။



DEL Box – Copyright Protected

၉ ၆ အလီဖေယား ပြုလုပ်ကြမယ်။





မြောက်ကိန်း ၁ တိုးသွားတဲ့အခါ မြောက်လဒ် ဘယ်လောက် တိုးသွားသလဲ။





မြောက်ကိန်း ၁ တိုးသွားတိုင်း မြောက်လဒ်က တည်ကိန်းနဲ့တူတဲ့ ကိန်းအတိုင်း တိုးသွားတယ်



အဝိုင်းတွေပါတဲ့ စာရွက်သုံးပြီး ဒီနည်းအတိုင်း ဇယားကို ဖြည့်နိုင်တယ်

၆ × ၁ = ၆
၆ × ၂ = ၁၂
၆ × ၃ = ၁၈
၆ × ၄ = ၂၄
၆ × ၅ = ၃၀
၆ × ၆ = ၃၆
၆ × ၇ = ၄၂
၆ × ၈ = ၄၈
၆ × ၉ = ၅၄
၆ × ၁၀ = ၆၀

ဖြည့်စွက်လေ့ကျင့်ခန်း (စာသင်ချိန် ၂၀–၃၅ အတွက်)

ကလေးများသည် ၁၀ × ၁၀ အတွင်း အမြောက်များအားလုံးကို ဖြေဆိုနိုင်သည်အထိ အမြောက်များကို လုံလောက်စွာ လေ့ကျင့်ရန် လိုအပ်သည်။

၁။ အောက်ပါတို့ကို တွက်ပါ။

(က) ၆ × ၃ = ၁၈ (ခ) ၁ × ၇ = ၇ (ဂ) ၈ × ၂ = ၁၆ (ဃ) ၉ × ၁ = ၉
(င) ၁၀ × ၄ = ၄၀ (စ) ၉ × ၂ = ၁၈ (ဆ) ၈ × ၆ = ၄၈ (ဇ) ၁ × ၁ = ၁
(ဈ) ၇ × ၆ = ၄၂ (ည) ၁ × ၁၀ = ၁၀ (ဋ) ၈ × ၃ = ၂၄ (ဌ) ၉ × ၇ = ၆၃
(ဍ) ၉ × ၅ = ၄၅ (ဎ) ၆ × ၆ = ၃၆ (ဏ) ၁၀ × ၁၀ = ၁၀၀ (တ) ၇ × ၂ = ၁၄
(ထ) ၆ × ၉ = ၅၄ (ဒ) ၁၀ × ၈ = ၈၀ (ဓ) ၇ × ၃ = ၂၁ (န) ၈ × ၉ = ၇၂
(ပ) ၆ × ၇ = ၄၂ (ဖ) ၇ × ၈ = ၅၆ (ဗ) ၈ × ၅ = ၄၀ (ဘ) ၉ × ၆ = ၅၄

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၃။ ကလေးများကို သင့်တော်သလို အုပ်စုခွဲပါ။ ၁၀ × ၁၀ အဝိုင်းပုံများနှင့် စာရွက် နှစ်ရွက်ကို ကလေး အုပ်စုအသီးသီးအား ဝေပေးပါ။ ၆ × ၁ ကို အဝိုင်းပုံ သုံးပြီး ပြပါစေ။ ထို့နောက် အောက်ပါ မေးခွန်းများ မေးပါ။

- ပုံက ၆ × ၁ ကို ဘာကြောင့်ပြသလဲ။
- ပုံကနေ ဘာညီမျှခြင်းရသလဲ။

ကလေးများ ကွက်လပ်ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အတိုင်တစ်တိုင်တွင် အဝိုင်း ၆ ခု ရှိသည်၊ အတိုင် ၁ တိုင်ရှိသည်။ ထို့ကြောင့် အဝိုင်း အားလုံးပေါင်း ၆ ခု ဖြစ်သည့်အတွက် ပုံက ၆ × ၁ = ၆ ပြသည်ကို အလေးအနက် ပြောပါ။

၄။ ၆ × ၁ တွင် ပြုလုပ်ခဲ့သော အဆင့်များ အတိုင်း ၆ × ၂ နှင့် ၆ × ၃ ကို ပြုလုပ်ပါ။

- ၆ × ၃ ရရန် ၆ × ၂ ကို ဘယ်ကိန်း ပေါင်းရမလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၆ × ၂ နှင့် ၆ × ၃ အလီ အဝိုင်းပုံများကို ကျောင်းသုံးစာအုပ်ရှိ ၆ × ၂ နှင့် ၆ × ၃ ပုံနှင့် ချိတ်ဆက်ပါ။

၅။ ၆ × ၂ နှင့် ၆ × ၃ မှ အဆင့်များအတိုင်း ၆ × ၁၀ အထိကို ပြုလုပ်ပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တည်ကိန်းသည် ၆ ဖြစ်သောကြောင့် သို့မဟုတ် ၆ အလီဖြစ်သောကြောင့် မြောက်ကိန်း ၁ တိုး သွားသည့်အခါ မြောက်လဒ် ၆ တိုးသွားသည်ကို ကလေးများ ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ ၆ အလီဇယားကို ပြန်လည်လေ့လာပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၂၁ ၊ ၂၂

သင်ယူမှုဦးတည်ချက်

- ၆ အလီဇယားကို ရွတ်ဆိုတတ်ရန်၊
- ၆ အလီဇယားကို အသုံးပြုတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ၆ အလီဇယား အကြီး ၆ × ၁ မှ ၆ × ၁၀ အထိ ရေးထားသော အမြောက်ကတ်ပြား ၁၀ ချပ်(နှစ်ယောက် ၁ စုံ)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၆ အလီဇယားကို သင်ပုန်းပေါ်တွင် ကပ်ပါ။ ဆရာက အလီဇယားကို ရွတ်ဆိုပါ။ ကလေးများ လိုက်၍ ရွတ်ဆိုပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလီအသီးသီး၏ အဖြေသည် ၆ စီ တိုးသွားသည်ကို ပြန်လည်မှတ်မိပါစေ။

➔ ကလေးများ မှန်ကန်စွာရွတ်ဆိုနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၂။ ကလေး နှစ်ယောက်တစ်တွဲကို အမြောက်ကတ်ပြားသုံးကာ ၆ အလီဇယားကို လေ့ကျင့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ နှစ်ယောက်တစ်တွဲ လေ့ကျင့်ပြီးနောက် တစ်တန်းလုံးကို စစ်ဆေးပါ။

➔ အလီများကို ကျပန်းမေးပြီး ကလေးများ မှန်ကန်စွာဖြေနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း (၁၉)နှင့် (၂၀)ကို လေ့ကျင့်ခန်း စာအုပ်တွင် တွက်စေပြီး အဖြေရေးပါစေ။ အဖြေကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၄။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၁၈ ၆ အလီဇယားကို ကျက်မှတ်ရအောင်။

၆ × ၁ = ၆	၆ တစ်လီ	၆
၆ × ၂ = ၁၂	၆ နှစ်လီ	၁၂
၆ × ၃ = ၁၈	၆ သုံးလီ	၁၈
၆ × ၄ = ၂၄	၆ လေးလီ	၂၄
၆ × ၅ = ၃၀	၆ ငါးလီ	၃၀
၆ × ၆ = ၃၆	၆ ခြောက်လီ	၃၆
၆ × ၇ = ၄၂	၆ ခုနစ်လီ	၄၂
၆ × ၈ = ၄၈	၆ ရှစ်လီ	၄၈
၆ × ၉ = ၅၄	၆ ကိုးလီ	၅၄
၆ × ၁၀ = ၆၀	၆ ဆယ်လီ	၆၀



၁၉ ကတ် ၁ ကတ်မှာ ကြက်ဥ ၆ လုံးပါတယ်။ ကတ် ၄ ကတ်မှာ ကြက်ဥအားလုံး ဘယ်နှလုံးပါသလဲ။



(က) ညီမျှခြင်းရေးပြီး အဖြေ ရှာပါ။ ၆ × ၄ = ၂၄ အဖြေ ၂၄ လုံး

(ခ) ၁ ကတ် ပိုထည့်လိုက်ရင် ကြက်ဥအားလုံး ဘယ်နှလုံးဖြစ်သွားမလဲ။

၆ × ၅ = ၃၀ အဖြေ ၃၀ လုံး

၂၀ ၃ အလီဇယားမှာ ဘယ်နှလီရဲ့ အဖြေက ၆×၂ ရဲ့ အဖြေနဲ့တူသလဲ။



၃ × ၄ = ၁၂

၆ × ၂ = ၁၂

ဖြည့်စွက်လုပ်ငန်းများ (စာသင်ချိန် ၂၀ – ၃၅ အတွက်)

၁။ အောက်ပါ စာသား ပုစ္ဆာများကို ဖြေရှင်းပါ။ ညီမျှခြင်းနှင့် အဖြေ ရေးပါ။

(က) ရေသန့်ကတ်တစ်ကတ်တွင် ရေသန့် ဘူး ၆ ဘူးပါရှိသည်။ ရေသန့်ကတ် ၅ ကတ်တွင် ရေသန့်ဘူး မည်မျှပါရှိသနည်း။

၆ × ၅ = ၃၀ အဖြေ ၃၀ ဘူး

(ခ) ဂေါ်လီလုံး တစ်ထုပ်တွင် ဂေါ်လီလုံး ၈ လုံးပါရှိသည်။ ဂေါ်လီလုံးထုပ် ၇ ထုပ်တွင် ဂေါ်လီလုံး မည်မျှပါရှိသနည်း။

၈ × ၇ = ၅၆ အဖြေ ၅၆ လုံး

(ဂ) သစ်ကိုင်းတစ်ကိုင်းတွင် ငှက် အကောင် ၁၀၀ နားနေသည်။ သစ်ကိုင်း ၂ ကိုင်းတွင် ငှက်မည်မျှ နားနေသနည်း။

၁၀၀ × ၂ = ၂၀၀ အဖြေ ၂၀၀ ကောင်

(ဃ) မိသားစုတစ်စုတွင် လူဦးရေ ၇ ယောက်ရှိသည်။ မိသားစု ၅ စုတွင် လူဦးရေ မည်မျှရှိသနည်း။

၇ × ၅ = ၃၅ အဖြေ ၃၅ ယောက်

(င) သားရေကွင်း ၉ ကွင်းရှိသည်။ သားရေကွင်း အရေအတွက်၏ ၈ ဆရှိလျှင် သားရေကွင်း မည်မျှ ရှိသနည်း။ (ဤမေးခွန်းကို သင်ခန်းစာ ၃၆ ပြီးမှသာ ပေးရန်)

၉ × ၈ = ၇၂ အဖြေ ၇၂ ကွင်း

DBE Box – Copyright Protected

အဆနှင့်အလီ

၁၅ **၃ စင်တီမီတာ ရှည်တဲ့ကြိုးတစ်ချောင်းရှိတယ်။ အရှည်တူကြိုး နှစ်ချောင်း၊ သုံးချောင်းကို အောက်မှာပြထားတဲ့အတိုင်းထားရင် ဘယ်လောက်စီရှည်မလဲ။**

၁ ချောင်း
၂ ချောင်း
၃ ချောင်း

၁ ချောင်း ၃ × ၁ = ၃
၂ ချောင်း ၃ × ၂ = ၆
၃ ချောင်း ၃ × ၃ = ၉

ကြိုး ၁ ချောင်း၊ ၂ ချောင်း၊ ၃ ချောင်းတို့၏ အလျားများကို ကြိုး တစ်ချောင်း အလျား၏ ၁ ဆ၊ ၂ ဆ၊ ၃ ဆဟု ပြောသည်။

၁၆ ၂ စင်တီမီတာ ရှည်တဲ့ ကြိုး ၁ ချောင်းရှိတယ်။ မေးခွန်းတစ်ခုစီမှာ ကြိုးရဲ့ အရှည်ကို ပေးထားတဲ့အဆအတိုင်း အရောင်ခြယ်ရအောင်။ အလီသုံးပြီး အရှည်ကို စင်တီမီတာနဲ့ ရှာရအောင်။

၂ စင်တီမီတာ

(က) ၂ ဆ
(ခ) ၄ ဆ
(ဂ) ၅ ဆ

၁၇ ဘောလုံး ၄ လုံးရှိတယ်။ အဲဒီဘောလုံးအရေအတွက်ရဲ့ ၇ ဆဆိုရင် ဘောလုံးအားလုံး ဘယ်နှလုံးရှိမလဲ။ အလီကိုသုံးပြီး ရှာပါ။

၄ × ၇ = ၂၈ အဖြေ ၂၈ လုံး

ဖြည့်စွက်လုပ်ငန်းများ

အမြောက်အလီဇယားကို မှတ်မိရန် ကလေးများအတွက် အမြောက်ကတ်ပြားများသည် အလွန်အသုံးဝင်ပါသည်။ အောက်ပါကစားနည်းသည် အမြောက်ကတ်ပြား ကစားနည်းများအနက် တစ်ခုဖြစ်သည်။

(၁) ကလေးများကို သင့်တော်သောအရေအတွက်ဖြင့် အုပ်စုဖွဲ့ပါ။
(၂) အမြောက်ကတ်ပြားတွင် တည်ကိန်းနှင့် အမြောက်လက္ခဏာကို ကလေး A က ပြပါ။
(၃) နောက်ထပ် ကလေး B သည် မည်သည့်မြောက်ကိန်းကိုမဆို အသံကျယ်ကျယ်ဖြင့် ပြောပါ။
(၄) ထို့နောက် ကလေး C သည် အဖြေကို အသံကျယ်ကျယ်ဖြင့် ပြောပါ။ အဖြေမှန်လျှင် ကလေး C သည် ၁ မှတ်ရသည်။ မမှန်လျှင် အမှတ်မရပါ။
(၅) အလှည့်ကျလုပ်ငန်းလုပ်ပါ။ အမှတ်အများဆုံးရသောသူသည် နိုင်သူဖြစ်သည်။

၃ × ကလေး A → ၅ = ကလေး B → ၁၅ ကလေး C

ဤကစားနည်းကို တစ်တန်းလုံးပြိုင်ပွဲအတွက် အသုံးပြုနိုင်ပါသည်။

စာသင်ချိန် ၃၆

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အလီအထိ အလီဇယားကိုသုံးပြီး ကိန်းတစ်ခု၏ ** ဆကို ရှာဖွေတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါ ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကျောင်းသုံးစာအုပ်ပါ ပုံများကို ကြည့်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ကြိုးတစ်ချောင်းက ဘယ်လောက်ရှည်သလဲ။
- ကြိုးနှစ်ချောင်းက ဘယ်လောက် ရှည်သလဲ။ ဘယ်လိုရှာမလဲ။
- ကြိုးသုံးချောင်းက ဘယ်လောက် ရှည်သလဲ။ ဘယ်လိုရှာမလဲ။

ဤမေးခွန်းများကို တစ်ဦးချင်း စဉ်းစားစေပြီးမှ နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။

၂။ ကလေးများ၏ စိတ်ကူးကို တစ်တန်းလုံးသို့ တင်ပြပါစေ။ ကြိုးတစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း၏ အလျားများသည် ၁ ဆ၊ ၂ ဆ၊ ၃ ဆ ဟူ၍ ပြောသည်ကို ကလေးများ သိပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ** ဆ ကို အလီဖြင့် ဖော်ပြနိုင်သည်ကို အလေးအနက် ပြောပါ။

၃။ မေးခွန်း (၁၅) နှင့် (၁၆) ကို ကလေးများ တွက်ပါစေ။ အဖြေကို တစ်တန်းလုံးနှင့်စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ** ဆ ကို အလီဖြင့် မှန်ကန်စွာ ဖော်ပြနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၄။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

၃၀ × ၄ = ၄၀ အဖြေ ၄၀ ချောင်း (စာသင်ချိန် ၃၂ နှင့် ၃၃)

၃၁ × ၃ = ၃၀ အဖြေ ၃၀ လုံး

လေ့ကျင့်ခန်း (၂) ၏အဖြေများ (စာသင်ချိန် ၃၇ နှင့် ၃၈)

၁။ (က) ၃၅ (ခ) ၃၂ (ဂ) ၁၈ (ဃ) ၄၉ (င) ၃၂

(စ) ၂၄ (ဆ) ၈၀ (ဇ) ၄၅ (ဈ) ၃၀ (ည) ၃၆

(ဋ) ၂၆ (ဌ) ၉ (ဍ) ၁၀၀ (ဎ) ၂၄ (ဏ) ၄၀

၂။ ၃ × ၆ = ၄၂ အဖြေ ၄၂ လုံး

၃။ ၈ × ၅ = ၄၀ အဖြေ ၄၀ လုံး

၄။ ၉ × ၃ = ၂၇ အဖြေ ၂၇ စင်တီမီတာ

၅။ ၆ × ၅ = ၃၀ အဖြေ ၃၀ လုံး

၆။ (က) ပန်းကန်တစ်ချပ်တွင် ပန်းသီး ၃ လုံးစီရှိသည်။ ပန်းကန် ၈ ချပ်တွင် ပန်းသီးမည်မျှရှိသနည်း။ သို့မဟုတ်
ဗန်းတစ်ချပ်တွင် ပန်းသီး ၆ လုံးစီရှိသည်။ ဗန်း ၄ ချပ်တွင် ပန်းသီးမည်မျှရှိသနည်း။

(ခ) ဘူးတစ်ဘူးတွင် ခဲတံ ၇ ချောင်းစီရှိသည်။ ဘူး ၅ ဘူးတွင် ခဲတံမည်မျှရှိသနည်း။ (အလားတူမေးခွန်းများ)

လေ့ကျင့်ခန်း (၃) ၏အဖြေများ (စာသင်ချိန် ၄၃)

၁။ (က) ၃

(ခ) ၈

၂။



၃။ (က) ၂ × ၄ ၊ ၄ × ၂ ၊ ၁ × ၈ ၊ ၈ × ၁

(ခ) ၂ × ၉ ၊ ၉ × ၂ ၊ ၃ × ၆ ၊ ၆ × ၃

(ဂ) ၃ × ၈ ၊ ၈ × ၃ ၊ ၄ × ၆ ၊ ၆ × ၄

၄။ ၄ × ၅ = ၂၀

၄ × ၃ = ၁၂

၄ × ၈ = ၃၂

၅။ ၃ × ၁၀ = ၃၀

၃ × ၂ = ၆

၃ × ၁၂ = ၃၆

DBE Box - Copyright Protected

စာသင်ချိန် ၃၉

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အလီအထိ အလီဇယားကိုသုံးပြီး အမြှောက်ဆိုင်ရာ စည်းမျဉ်းများကို ရှာဖွေတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သင်ပုန်းပေါ်ကပ်ရန် ၁၀ × ၁၀ အလီဇယား ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ တည်ကိန်း၊ မြှောက်ကိန်းနှင့် မြှောက်လဒ်တို့ကိုပြန်မေးပါ။ အလီဇယားကားချပ်ကို သင်ပုန်းပေါ်ကပ်ပါ။ အောက်ပါအဆင့်များအတိုင်း အလီဇယားကို ဖြည့်ပါစေ။

(၁) ၁ အလီဇယားကို ကားချပ်ပေါ်တွင် တစ်တန်းလုံးနှင့်အတူ ဖြည့်ပါ။

(၂) ၂ မှ ၁၀ အထိ အလီများကို ကျောင်းသုံးစာအုပ်ရှိ အလီဇယားတွင် ကလေးတစ်ဦးချင်းဖြည့်ပါစေ။

(၃) သင်ပုန်းပေါ်ရှိ အလီဇယားတွင် အလီများကို တစ်တန်းလုံးနှင့်အတူ ဖြည့်စွက်ခြင်းဖြင့် ကလေးများ၏အဖြေကို စစ်ဆေးပါ။

၂။ အဓိကမေးခွန်း (၁၆) ကို ကလေးများအားမေးပါ။ စည်းမျဉ်းများကို ကလေးတစ်ဦးချင်းဦးစွာ ရှာဖွေတွေ့ရှိပါစေ။ ထို့နောက် နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။ ကလေးများ အခက်အခဲရှိပါက အောက်ပါတို့ကိုပြန်မေးပါ။

- မြှောက်ကိန်း ၁ တိုးရင် မြှောက်လဒ် ဘာဖြစ်သလဲ။
- မြှောက်လဒ်တွေ ဘာကြောင့်တူသလဲ။

၃။ ကလေးများ၏ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ တင်ပြခြင်းဖြင့် မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့၏ တွေ့ရှိချက်များကို သင်ပုန်းပေါ်ရှိ အလီဇယားကားချပ်ကိုအသုံးပြုပြီး ရှင်းပြပါစေ။

၄။ တွေ့ရှိချက်များကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးပါ။ တစ်တန်းလုံးကို အတည်ပြုပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၁၄ အမြှောက်

အမြှောက်ဆိုင်ရာစည်းမျဉ်းများ

အောက်က အလီဇယားကို ပြည့်စုံအောင်ရေးပါ။

မြှောက်ကိန်း

		၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁ အလီဇယား	၁	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၂ အလီဇယား	၂	၂	၄	၆	၈	၁၀	၁၂	၁၄	၁၆	၁၈	၂၀
၃ အလီဇယား	၃	၃	၆	၉	၁၂	၁၅	၁၈	၂၁	၂၄	၂၇	၃၀
၄ အလီဇယား	၄	၄	၈	၁၂	၁၆	၂၀	၂၄	၂၈	၃၂	၃၆	၄၀
၅ အလီဇယား	၅	၅	၁၀	၁၅	၂၀	၂၅	၃၀	၃၅	၄၀	၄၅	၅၀
၆ အလီဇယား	၆	၆	၁၂	၁၈	၂၄	၃၀	၃၆	၄၂	၄၈	၅၄	၆၀
၇ အလီဇယား	၇	၇	၁၄	၂၁	၂၈	၃၅	၄၂	၄၉	၅၆	၆၃	၇၀
၈ အလီဇယား	၈	၈	၁၆	၂၄	၃၂	၄၀	၄၈	၅၆	၆၄	၇၂	၈၀
၉ အလီဇယား	၉	၉	၁၈	၂၇	၃၆	၄၅	၅၄	၆၃	၇၂	၈၁	၉၀
၁၀ အလီဇယား	၁၀	၁၀	၂၀	၃၀	၄၀	၅၀	၆၀	၇၀	၈၀	၉၀	၁၀၀

တည်ကိန်း

၁၆ အပေါ်က အလီဇယားမှာ ဘာတွေတွေ့ရသလဲ။



၃၅ တွေ့ရှိချက်တွေအားလုံးကို လေ့ကျင့်ခန်းစာအုပ်ထဲမှာ ရေးပါ။

၁၁၅

မေးခွန်း (၃၅) အတွက် ကလေးများ၏ မျှော်မှန်းအဖြေ

အမြှောက်အလီဇယားကို ဖြည့်စွက်ပြီးသောအခါ ကလေးများထံမှ မျှော်မှန်းအဖြေသည် အောက်ပါအတိုင်း ဖြစ်မည်။

(၁) အပေါ်ဘယ်ဘက်အစွန်းမှ အောက်ညာဘက်အစွန်းကို ဆက်ထားသော ထောင့်ဖြတ်မျဉ်း၏ တစ်ဖက်တစ်ချက်တွင် အဖြေများ တူသည်။

(၂) ၅ အလီဇယားရှိ အဖြေများ၏ ခုနေရာသည် ၅ နှင့် ၀ သာဖြစ်သည်။ အထူးသဖြင့် ၅ နှင့် ၀ သည် တစ်လှည့်စီ ဖြစ်လာသည်။

(၃) ၉ အလီဇယားရှိ အဖြေများ၏ ခုနေရာသည် ၁ စီ လျော့သွားစဉ် ဆယ်နေရာသည် ၁ စီ တိုးသွားသည်။

(၄) ၈ အလီဇယားတွင် အဖြေများသည် ၂ အလီဇယားနှင့် ၆ အလီဇယားရှိ အဖြေများ၏ ပေါင်းလဒ်ဖြစ်သည်။

(၅) ၆ အလီဇယားတွင် အဖြေများသည် ၂ အလီဇယားအဖြေများ၏ သုံးဆရှိသည်။

DBE Box – Copyright Protected

စာသင်ချိန် ၄၀

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အတွင်း အလီဇယားတစ်ခုစီတွင် မြောက်ကိန်းနှင့် မြောက်လဒ်တို့ကြား ဆက်သွယ်ချက်ကို ရှင်းပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ပြီးခဲ့သော သင်ခန်းစာတွင် အသုံးပြုခဲ့သော အလီဇယား ကားချပ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ရေးဆွဲထားသော အလီဇယားကားချပ်ကို သင်ပုန်းပေါ်တွင်ကပ်ပြီး အဓိကမေးခွန်း (၁၇။ က) ကို တစ်တန်းလုံးကို မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အလီဇယားကားချပ်ကို သုံးပြီး မြောက်ကိန်းနှင့် မြောက်လဒ်တို့ကြား ဆက်သွယ်ချက်ကို အတည်ပြုပါ။

၂။ မေးခွန်း (ခ) ကို တစ်ဦးချင်းစီ ဖြေပါစေ။ ပြီးလျှင် တွေ့ရှိချက်များကို နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။

၃။ ကလေးများ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ တင်ပြခြင်းဖြင့် မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သူတို့၏ တွေ့ရှိချက်များကို သင်ပုန်းပေါ်ရှိ အလီဇယား ကားချပ်ကို အသုံးပြုပြီး ရှင်းပြပါစေ။

၄။ ကျောင်းသုံးစာအုပ်ရှိ လေးထောင့်ကွက်ကို ကြည့်ပါစေ။ မြောက်ကိန်းနှင့် မြောက်လဒ်တို့ကြား ဆက်သွယ်ချက်ကို တစ်တန်းလုံးနှင့် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁၀ × ၁၀ အတွင်း အလီဇယား အသီးသီးအတွက် မြောက်ကိန်းနှင့် မြောက်လဒ်တို့ကြား ဆက်သွယ်ချက်ကို ကလေးများ ရှင်းပြနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

➔ အချိန်ရလျှင် မြောက်ကိန်းတစ်ခုစီအတွက် တည်ကိန်းနှင့် မြောက်လဒ်တို့ကြား ဆက်သွယ်ချက်ကို စဉ်းစားပါစေ။

၁၇ ၃ အလီဇယားမှာ မြောက်ကိန်း ၁ တိုးသွားတဲ့အခါ မြောက်လဒ်က ၃ တိုးသွားတယ်ဆိုတာ စုစုတွေ့တယ်။



(က) အရင်စာမျက်နှာက အလီဇယားကိုသုံးပြီး ဒီတွေ့ရှိချက်ကို ပြန်စစ်ဆေးကြမယ်။



(ခ) တခြားကိန်းတွေရဲ့ အလီဇယားတွေကိုလည်း ပြန်စစ်ကြည့်ကြမယ်။



အလီဇယားတစ်ခုတွင် မြောက်ကိန်း ၁ တိုးသွားသည့်အခါ မြောက်လဒ်သည် တည်ကိန်းနှင့် တူညီသည့်ကိန်းအတိုင်း တိုးသွားသည်။

၁၁၆

ဖြည့်စွက်လေ့ကျင့်ခန်း

၁။ အောက်ဖော်ပြပါပုံတွင် ကွက်လပ်များကို ဖြည့်ပါ။



၂။ အောက်ဖော်ပြပါ ကွက်လပ်များကို ဖြည့်ပါ။

(က) ၅ အလီဇယားတွင် မြောက်ကိန်းသည် ၁ တိုးသောကြောင့် မြောက်လဒ်သည် ___၅___ တိုးသွားသည်။

(ခ) ၁၀ အလီဇယားတွင် မြောက်ကိန်းသည် ၁ တိုးသောကြောင့် မြောက်လဒ်သည် ___၁၀___ တိုးသွားသည်။

(ဂ) ၇ အလီဇယားတွင် မြောက်ကိန်းသည် ၁ တိုးသောကြောင့် မြောက်လဒ်သည် ___၇___ တိုးသွားသည်။

DBE Box – Copyright Protected

စာသင်ချိန် ၄၁

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အလီအထိမှ အမြောက်ဖလှယ်ရသဘောကို ရှင်းပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- တည်ကိန်းနှင့် မြောက်ကိန်းပါသော အလီဇယားကားချပ်
- သင်ပုန်းပေါ်ကပ်ရန် ၂ × ၆ အဝိုင်းများပါသောပုံ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အလီဇယားကားချပ်ကို သင်ပုန်းပေါ် ကပ်ပါ။ ကျောင်းသုံးစာအုပ်ကို ကြည့်စေပြီး အဓိကမေးခွန်း (၁၈။ က)ကို တစ်တန်းလုံးကို မေးပါ။

၂။ မေးခွန်း (ခ) ကို ကလေးတစ်ဦးချင်း ဦးစွာ ဖြေပါစေ။ ပြီးလျှင် နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ သူတို့၏ စိတ်ကူးများကို တစ်တန်းလုံးသို့ မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ သင်ပုန်းပေါ်ရှိ ၂ × ၆ အလီပြ အဝိုင်းများပါသောပုံ အသုံးပြုပြီး သူတို့၏ စိတ်ကူးများကို ရှင်းပြပါစေ။

၃။ မေးခွန်း (ဂ) ကို တစ်ဦးချင်းစီ ဦးစွာ ဖြေပါစေ။ ပြီးလျှင် နှစ်ယောက်တစ်တွဲ ဆွေးနွေးပါစေ။ သူတို့၏စိတ်ကူးများကို တစ်တန်းလုံးသို့ မျှဝေပါစေ။

၄။ မေးခွန်း(၁၆)ကို ကလေးများ တစ်ဦးချင်းစီ ဖြည့်ပါစေ။

အဖြေများကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးပါစေ။ ပြီးလျှင် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

၅။ ကျောင်းသုံးစာအုပ်ရှိ လေးထောင့်ကွက်ကို ကလေးများ ကြည့်ရှုပါစေ။ သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအဆင့်တွင် "ဖလှယ်ရဂုဏ်သတ္တိ"ဟူသည့် စကားကို ဆရာက အသုံးမပြုသင့်ပေ။

➔ ၁၀ × ၁၀ အတွင်း အမြောက်ဖလှယ်ရဂုဏ်သတ္တိကို သူတို့စကားဖြင့် (တည်ကိန်းနှင့် မြောက်ကိန်း ဖလှယ်၍ မြောက်လျှင် မြောက်လဒ်တူသည်) ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၁၈ **ထွန်းထွန်းက မြောက်လဒ် ၁၂ ရတဲ့ အလီ ၂ ခုကို တွေ့တယ်။**

(က) ထွန်းထွန်း တွေ့တာကို ပြောကြမယ်။



မြောက်ကိန်း

	၁	၂	၃	၄	၅	၆
၁						↓
၂						၁၂
၃						
၄						
၅						
၆	→	၁၂				

တည်ကိန်း

(ခ) အောက်ကပုံကို သုံးပြီး ဘာကြောင့် ၂ × ၆ = ၆ × ၂ ဖြစ်တာကို ရှင်းပြမယ်။



(ဂ) တခြား အလီတွေကိုလည်း ဒီနည်းအတိုင်း စစ်ဆေးကြမယ်။

၁၆ ကွက်လပ်တွေကို ဖြည့်ပါ။

(က) ၃ × ၅ = [၅] × [၃]　(ခ) ၈ × ၉ = [၉] × [၈]

(ဂ) ၇ × ၄ = [၄] × [၇]　(ဃ) ၁၀ × ၆ = [၆] × [၁၀]

အလီတစ်ခုတွင် တည်ကိန်းနှင့် မြောက်ကိန်းတို့ကို နေရာလဲလိုက်သော်လည်း မြောက်လဒ်သည် အတူတူပင်ဖြစ်သည်။

တည်ကိန်း		မြောက်ကိန်း		မြောက်လဒ်
၂	×	၆	=	၁၂
၆	×	၂	=	၁၂

အဓိကမေးခွန်း ၁၈ (ခ) အတွက် ဖြည့်စွက်ရှင်းလင်းချက်

၂ × ၆ = ၆ × ၂ ကို အောက်ပါအတိုင်း ရှင်းပြနိုင်သည်။

(၁) ပထမအဝိုင်းပြုပုံသည် ၂ × ၆ ကို ပြသည်။ အတိုင်အလိုက် အဝိုင်းပုံ ၂ ခုစီရှိပြီး အတိုင်ပေါင်း ၆ တိုင်ရှိသည်။

(၂) ပထမအဝိုင်းပြုပုံကို ဒေါင်လိုက် လှည့်လိုက်လျှင် အဝိုင်းပြုပုံသည် ၆ × ၂ ကို ပြသည်။

(၃) အဝိုင်းအရေအတွက်ပေါင်း မပြောင်းလဲသည်ကို မြင်လွယ်ပါသည်။ ဆိုလိုသည်မှာ ၂ × ၆ = ၆ × ၂ ဖြစ်သည်။



DTE Box – Copyright Protected

စာသင်ချိန် ၄၂

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ လီအထိ ဖြန့်ဝေရသဘောကို ရှင်းပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်တွင် ပြထားသော အလီဇယားများ
- ကျောင်းသုံးစာအုပ်တွင် ပြထားသော အဝိုင်းပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁၉) တွင် ပြထားသော အလီဇယားကို သင်ပုန်းပေါ်ကပ်ပါ။ အဓိကမေးခွန်း (၁၉) ကို တစ်တန်းလုံးအားဖတ်စေပြီး ကျောင်းသုံးစာအုပ်ရှိ အလီဇယားတွင် တစ်ဦးချင်း ဖြည့်ပါစေ။ ထို့နောက် နှစ်ယောက်တစ်တွဲ ဆွေးနွေးပြီး စစ်ဆေးပါစေ။ သင်ပုန်းပေါ်မှ အလီဇယားတွင် ဖြည့်ခြင်းဖြင့် တွေ့ရှိချက်များကို တစ်တန်းလုံးနှင့် မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကွက်လပ်ထဲတွင် ၅ အလီဇယား ရရှိသည်ကို တွေ့ရှိပါစေ။

➔ အဝိုင်းပုံက မည်သည့် အဓိပ္ပာယ်ဖော်ဆောင်သည်ကို ကလေးများအား မေးပါ။ ထို့အပြင် အခြားမြောက်ကိန်းများအတွက်လည်း ပြုလုပ်နိုင်သည်။

၂။ မေးခွန်း (၃၇) ရှိ အလီဇယားတွင် တစ်ဦးချင်းစီ ဖြည့်ပါစေ။ ပြီးလျှင် နှစ်ယောက်တစ်တွဲ စစ်ဆေးပါစေ။ သူတို့၏ တွေ့ရှိချက်များကို တစ်တန်းလုံးသို့ မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကွက်လပ်များတွင် မှန်ကန်စွာ ဖြည့်နိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

➔ ၃ အလီဇယားနှင့် ၅ အလီဇယားကို ပေါင်းခြင်းဖြင့် ၈ အလီဇယား ရရှိသည်ကို တွေ့ရှိခြင်းရှိ မရှိ စစ်ဆေးပါ။

➔ အချိန်ရလျှင် ဖြည့်စွက် လေ့ကျင့်ခန်း ပေးပါ။

၃။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၁၉ ၂ အလီဇယားနဲ့ ၃ အလီဇယားမှာ မြောက်ကိန်းတူတဲ့ မြောက်လဒ် ၂ ခုစီကိုပေါင်းရင် အဖြေတွေက ဘယ်အလီဇယားနဲ့ တူမလဲ။ အောက်က အလီဇယားမှာ ဖြည့်ကြမယ်။



၃၇ ကွက်လပ်ဖြည့်ပြီး တခြားကိန်းတွေရဲ့ အလီဇယားတွေကို စစ်ဆေးပါ။



ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါဇယားမှ ကွက်လပ်များကို ဖြည့်ပါ။

၁။

	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၇	၇	၁၄	၂၁	၂၈	၃၅	၄၂	၄၉	၅၆	၆၃	၇၀
	↓	↓	↓	↓	↓	↓	↓	↓	↓	↓
၈	၈	၁၆	၂၄	၃၂	၄၀	၄၈	၅၆	၆၄	၇၂	၈၀

၂။

	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၄	၄	၈	၁၂	၁၆	၂၀	၂၄	၂၈	၃၂	၃၆	၄၀
၆	၆	၁၂	၁၈	၂၄	၃၀	၃၆	၄၂	၄၈	၅၄	၆၀
	↓	↓	↓	↓	↓	↓	↓	↓	↓	↓
၁၀	၁၀	၂၀	၃၀	၄၀	၅၀	၆၀	၇၀	၈၀	၉၀	၁၀၀

DBE Box – Copyright Protected

အလီဇယားကို သင်ယူရာတွင် အဝိုင်းပုံကားချပ်ကို အသုံးပြုပုံ

အောက်တွင်ဖော်ပြထားသော အဝိုင်းပုံသည် ၁၀ × ၁၀ အထိ အမြှောက်အလီဇယားကို သင်ယူရန် အလွန်အသုံးဝင်သည်။

	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀
၁	●	●	●	●	●	●	●	●	●	●
၂	●	●	●	●	●	●	●	●	●	●
၃	●	●	●	●	●	●	●	●	●	●
၄	●	●	●	●	●	●	●	●	●	●
၅	●	●	●	●	●	●	●	●	●	●
၆	●	●	●	●	●	●	●	●	●	●
၇	●	●	●	●	●	●	●	●	●	●
၈	●	●	●	●	●	●	●	●	●	●
၉	●	●	●	●	●	●	●	●	●	●
၁၀	●	●	●	●	●	●	●	●	●	●

DBE Box – Copyright Protected

၁၀ အထိကိန်းတစ်ခုစီ၏ အမြှောက်အလီဇယားများကို သင်ယူကျက်မှတ်နိုင်ရန် အဝိုင်းပုံကို အသုံးပြုသည်။ အမြှောက်အလီဇယားကို ရွတ်ဆိုသည့်အခါ အောက်ပါပုံကဲ့သို့ အဝိုင်းများကို ပြသည့်စိတ်ကူးသည် အလွန်ထိရောက်မည်။ အောက်ပါပုံသည် ၂ အလီဇယား ဖြစ်ပေါ်လာပုံကို ပြသည်။



အခန်း ၁၆ အလျားအတိုင်းအတာ သင်ခန်းစာ ၂

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၉။ မီလီမီတာ၊ စင်တီမီတာနှင့် မီတာ စသည့် အလျားတိုင်းယူနစ်များကို အသုံးပြုတတ်ရန်၊

၂. ၁၄။ လက်မနှင့်ပေ စသည့် အလျားတိုင်းယူနစ်များကို သိရှိရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၉. ၁. ၂။ ပစ္စည်းအမျိုးမျိုး၏ အလျားကို စင်တီမီတာ၊ မီတာတို့ဖြင့် တိုင်းတာရန်အတွက် ပေတံကို အသုံးပြုတတ်ရန်၊

၂. ၉. ၂. ၂။ စင်တီမီတာ၊ မီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို ပေါင်းတတ်၊ နုတ်တတ်ရန်၊

၂. ၁၄. ၁. ၁။ လက်မ၊ ပေ စသည့် အင်္ဂလိပ်အလျားအတိုင်းအတာ ယူနစ်များကို သိရှိရန်၊

စာသင်ချိန်

- ၈ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်အစီအစဉ်ကို ပြထားသည်။ ဤဇယားတွင် ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	အလျားများကို မီတာ၊ စင်တီမီတာတို့ဖြင့် ပေတံသုံးပြီး တိုင်းတာတတ်ရန်၊	• ကလေးတစ်ယောက်၏ ဆန့်တန်းထားသော လက်နှစ်ဖက်အကျယ်နှင့် အရပ်အမြင့်ကို ပေတံဖြင့် တိုင်းတာခြင်းနှင့် အတိုင်းအတာကို မီတာ၊ စင်တီမီတာတို့ဖြင့် ဖော်ပြခြင်း၊	• ကလေးများသည် အလျားများကို မီတာ၊ စင်တီမီတာတို့ဖြင့် ပေတံသုံးပြီး တိုင်းတာတတ်မည်။
၂	၁ မီတာအရှည်ကို ခန့်မှန်းတတ်ရန်၊ ပတ်ဝန်းကျင်တွင် ၁ မီတာအရှည်ရှိသော ပစ္စည်းများကို ရှာဖွေတတ်ရန်၊	• ၁ မီတာအရှည် လက်များဆန့်တန်းပြီး ခန့်မှန်းခြင်းနှင့် ပတ်ဝန်းကျင်တွင် ၁ မီတာ အရှည်ရှိသော ပစ္စည်းများကို ရှာဖွေခြင်း၊	• ကလေးများသည် ၁ မီတာအရှည်ကို နီးစပ်စွာ ခန့်မှန်းတတ်မည်။ • ကလေးများသည် ပတ်ဝန်းကျင်တွင် ၁ မီတာ အရှည်ရှိသော ပစ္စည်းများကို ရှာဖွေတတ်မည်။
၃	မီတာနှင့် စင်တီမီတာတို့ကြား အပြန်အလှန်ပြောင်းဖွဲ့တတ်ရန်၊	• မီတာနှင့်စင်တီမီတာတို့ကြား အပြန်အလှန်ပြောင်းဖွဲ့ခြင်း၊	• ကလေးများသည် မီတာနှင့်စင်တီမီတာတို့ကြား အပြန်အလှန်ပြောင်းဖွဲ့တတ်မည်။
၄	ပစ္စည်းများ၏ အလျားများကို ခန့်မှန်းတတ်ရန်နှင့် တိုင်းတာတတ်ရန်၊	• လက်ကိုသုံးပြီး ပတ်ဝန်းကျင်ရှိပစ္စည်းများ၏ အလျားများကို ခန့်မှန်းခြင်း၊ • ပတ်ဝန်းကျင်ရှိပစ္စည်းများ၏ အလျားများကို တိုင်းတာခြင်းနှင့် မှတ်သားခြင်း၊	• ကလေးများသည် ပစ္စည်းများ၏ အလျားများကို နီးစပ်စွာ ခန့်မှန်းတတ်မည်။ • ကလေးများသည် ပစ္စည်းများ၏ အလျားများကို မှန်ကန်စွာ တိုင်းတာတတ်မည်။

DBE Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၅	မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကိုမူမတူပြောင်းဖွဲ့မှုမပါဘဲ ပေါင်းတတ်၊ နုတ်တတ်ရန်၊	● မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို မူမတူပြောင်းဖွဲ့မှုမပါဘဲ ပေါင်းခြင်း၊ နုတ်ခြင်း၊	● ကလေးများသည် မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို မူမတူပြောင်းဖွဲ့မှုမပါဘဲ ပေါင်းတတ်၊ နုတ်တတ်မည်။
၆	မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကိုမူမတူပြောင်းဖွဲ့မှုမပါဘဲဖြစ်စေ၊ မူမတူပြောင်းဖွဲ့ပြီးဖြစ်စေ ပေါင်းတတ်၊ နုတ်တတ်ရန်၊	● မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို မူမတူပြောင်းဖွဲ့မှုမပါဘဲဖြစ်စေ၊ မူမတူပြောင်းဖွဲ့ပြီးဖြစ်စေ ပေါင်းတတ်၊ နုတ်တတ်ရန်၊	● ကလေးများသည် မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းများကို မူမတူပြောင်းဖွဲ့မှုမပါဘဲဖြစ်စေ၊ မူမတူပြောင်းဖွဲ့ပြီးဖြစ်စေ ပေါင်းတတ်၊ နုတ်တတ်မည်။
၇	မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် မီတာ၊ စင်တီမီတာတို့ဖြင့် တိုင်းတာသော အလျားတိုင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်မည်။
၈	လက်မနှင့် ပေ စသည့် အင်္ဂလိပ်အလျားအတိုင်းအတာယူနစ်များကို သိရှိရန်၊ ပေ လက်မတို့ဖြင့် ပစ္စည်းများကို တိုင်းတာတတ်ရန်၊	● စင်တီမီတာနှင့်ပေ အစိတ်များရှိသော ပေတံနှစ်ခုကို လေ့လာခြင်းဖြင့် လက်မနှင့် ပေ စသည့် အင်္ဂလိပ်အလျားအတိုင်းအတာယူနစ်များကို သိရှိခြင်း၊ ● ပေ၊ လက်မတို့ဖြင့် ပစ္စည်းများကို တိုင်းတာခြင်း၊	● ကလေးများသည် ၁ လက်မနှင့် ၁ ပေသည် စင်တီမီတာနှင့် မီလီမီတာဖြင့် မည်မျှရှည်သည်ကို ပြောပြတတ်မည်။ ● ကလေးများသည် ပေ၊ လက်မတို့ဖြင့် ပစ္စည်းများကို တိုင်းတာနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ကလေးများသည် ပထမတန်းတွင် အလျားများကို တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊ သွယ်ဝိုက်နှိုင်းယှဉ်ခြင်းနှင့် စံမဟုတ်သောယူနစ်များ အသုံးပြု၍ နှိုင်းယှဉ်ခြင်းတို့ကို သင်ယူခဲ့သည်။ ထို့နောက် ဒုတိယတန်းအစတွင် "စင်တီမီတာ"နှင့် "မီလီမီတာ" စသည့် စံယူနစ်များကို သင်ယူခဲ့ကြသည်

သင်ကြားသင်ယူရမည့်အချက်များ

နိဒါန်းတကာသုံး စံယူနစ် "မီတာ"



ကလေးများသည် အခန်း (၇) တွင် ၃၀ စင်တီမီတာ ပေတံ အသုံးပြုပြီး စင်တီမီတာနှင့် မီလီမီတာတို့ဖြင့် အလျားတိုင်းတာခြင်းကို သင်ယူကြသည်။ ဤအခန်းတွင် ပို၍ရှည်သော အလျားများ တိုင်းတာခြင်းကို ကလေးများ သင်ယူကြရမည်။ ပထမဆုံးလုပ်ငန်းမှာ ကလေးများ၏ ဆန့်တန်းထားသော လက်နှစ်ဖက်အကျယ်ကို တိုင်းတာခြင်း ဖြစ်သည်။ ပုံတွင်ပြထားသည့် အတိုင်း ၃၀ စင်တီမီတာ ပေတံသုံးပြီး ပိုမို၍ရှည်လျားသော အလျားများကို တိုင်းတာရန် ခက်ခဲသည်ကို ကလေးများ တွေ့ရမည်။

ထို့နောက် မီတာတံ (၁ မီတာအရှည်)သုံးပြီး နိဒါန်းတကာသုံး ယူနစ် "မီတာ" ကို မိတ်ဆက်သင်ကြားမည်။ ဤနည်းအားဖြင့် မီတာတံ (၁ မီတာအရှည်) သည် ပိုမို ရှည်လျားသော အလျားများကို တိုင်းတာရန် အသုံးဝင်သည်ကို ကလေးများ တွေ့ရှိပေမည်။ မီတာတံ (၁ မီတာအရှည်) မရရှိနိုင်လျှင် ၁၅၀ စင်တီမီတာ အရှည်ရှိသော ပေကြိုးကိုလည်း အသုံးပြုနိုင်သည်။

PDF Box – Copyright Protected

ရှည်သော အလျားကို ခန့်မှန်းခြင်း

ဤကျောင်းသုံးစာအုပ်တွင် ကလေးများသည် ပထမလုပ်ငန်းအဖြစ် မိမိတို့၏ ဆန့်တန်းထားသော လက်နှစ်ဖက် အကျယ်ကို တိုင်းတာကြသည်။ ထိုသို့တိုင်းတာရခြင်းမှာ ဒုတိယတန်းကလေးများ၏ ဆန့်တန်းထားသည့် လက်နှစ်ဖက် အလျားသည် ၁ မီတာ ခန့်ရှိသောကြောင့် ဖြစ်သည်။ ဤနည်းအားဖြင့် ကလေးများသည် ၁ မီတာ အတိုင်းအတာကို အကြမ်းအားဖြင့် နားလည်ပြီး ဆန့်တန်းထားသော လက်ဖြင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများ၏ အလျားကို ခန့်မှန်းနိုင်မည်။ "အလျားကို ခံစားသိနိုင်ရန်" လိုအပ်သည့်အတွက် အလျားများကို ပေတံဖြင့် မတိုင်းတာမီ ပစ္စည်းများ၏ အလျားကို ခန့်မှန်းရန် အရေးကြီးသည်။

အလျားတိုင်း အင်္ဂလိပ်ယူနစ်များ

ဤအခန်းတွင် အလျားတိုင်း အင်္ဂလိပ်ယူနစ်များ ဖြစ်သည့် "လက်မ"နှင့် "ပေ"ကို မိတ်ဆက်သင်ကြားသည်။ သို့သော် အင်္ဂလိပ်ယူနစ်များကိုကျယ်ပြန့်စွာ အသုံးပြုလျှက်ရှိသော်လည်း ထိုယူနစ်များ အသုံးပြုခြင်းကို အကျယ်တဝင့် သင်ကြားမည်မဟုတ်။ အဓိက အကြောင်းရင်းမှာ အင်္ဂလိပ်ယူနစ်များသည် မက်ထရစ်စနစ်ကဲ့သို့ ဆယ်လီစနစ်ကိုအခြေခံမထားသဖြင့် တွက်ချက်ရာတွင် ရှုပ်ထွေးစေသောကြောင့် ဖြစ်သည်။ ထိုသို့ရှုပ်ထွေးခြင်းသည် ကလေးများ၏ သချိုင်္ဂဆိုင်ရာနားလည်မှုနှင့် ကျွမ်းကျင်မှုကိုတိုးတက်စေရန် အထောက်အကူမပြုပေ။

အခန်း (၁၆) ရှိ မေးခွန်းများ၏ အဖြေများ

(စာသင်ချိန် ၁ မှ ၆ အထိ)

၁

(က) ၁၁၅ စင်တီမီတာ
(ခ) ၁ မီတာ ၁၅ စင်တီမီတာ

၁

(က) လက်တွေ့တိုင်းတာရရှိသော အဖြေ

၃

(က) ၂ မီတာ ၄၀ စင်တီမီတာ
(ခ) ၂၄၀ စင်တီမီတာ

၃

(က) ၃
(ခ) ၇၀၀
(ဂ) ၄၅၀
(ဃ) ၆ ၊ ၇၅
(င) ၈ ၊ ၉

၅

(က) ၈၀ ၊ ၅၀ ၊ ၁၃၀
(ခ) ၁ မီတာ ၃၀ စင်တီမီတာ
(ဂ) ၈၅ စင်တီမီတာ

၄

(က) ၂ မီတာ ၈၅ စင်တီမီတာ
(ခ) ၄ မီတာ ၆၇ စင်တီမီတာ
(ဂ) ၂ မီတာ ၂၅ စင်တီမီတာ
(ဃ) ၃ မီတာ ၂၅ စင်တီမီတာ

(က) ၇ မီတာ ၃၅ စင်တီမီတာ
(ခ) ၄ မီတာ ၁၇ စင်တီမီတာ
(ဂ) ၁ မီတာ ၇၈ စင်တီမီတာ
(ဃ) ၁ မီတာ ၄၄ စင်တီမီတာ

လေ့ကျင့်ခန်း (စာသင်ချိန် ၇)

၁။ (က) ၁၀၀
(ခ) ၁ ၊ ၇၀
(ဂ) ၃၀၉

၂။ (က) မိလီမီတာ
(ခ) မီတာ
(ဂ) စင်တီမီတာ
(ဃ) မီတာ

၃။ (က) ၁ မီတာ ၆၀ စင်တီမီတာ
(ခ) ၄ မီတာ ၂ စင်တီမီတာ
(ဂ) ၆၆ စင်တီမီတာ
(ဃ) ၂ မီတာ ၃၇ စင်တီမီတာ

လက်မနှင့် ပေ မေးခွန်းများ၏ အဖြေများ (စာသင်ချိန် ၈)

DBE Box – Copyright Protected

အခန်း ၁၇ အစား

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၅။ အလီဇယားအသုံးပြုရသည့် အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၅. ၁. ၁။ အစားကို တွက်တတ်ရန်၊

၂. ၅. ၁. ၂။ အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

စာသင်ချိန်

- ၁၆ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁-၂	အညီအမျှခွဲဝေသည့် အစားကို ဖြေပ်ရှိပစ္စည်းများ အသုံးပြုပြီး တွက်တတ်ရန်၊ အညီအမျှခွဲဝေသည့် အစားသဘောကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်၊	• အညီအမျှခွဲဝေသည့် အစားဖြစ်ရပ်မှ အစားကို အဓိပ္ပာယ် သတ်မှတ်ခြင်း၊ • အညီအမျှခွဲဝေသည့်အစားကို ဖြေပ်ရှိပစ္စည်းများ အသုံးပြုပြီး ပြုလုပ်ခြင်းနှင့် ညီမျှခြင်းဖြင့် ဖော်ပြခြင်း၊	• ကလေးများသည် ဖြေပ်ရှိပစ္စည်းများ အသုံးပြုပြီး အညီအမျှခွဲဝေသည့် အစားကို ပြုလုပ်နိုင်မည်။ • ကလေးများသည် အညီအမျှခွဲဝေသည့် အစားကို ညီမျှခြင်းဖြင့် ဖော်ပြနိုင်မည်။
၃	အညီအမျှ ခွဲဝေသည့် အစားကို ကိုယ်စားပြုပစ္စည်းများနှင့် အမြောက်အလိုသုံးပြီး တွက်တတ်ရန်၊	• အညီအမျှခွဲဝေသည့်အစားကို ကိုယ်စားပြုပစ္စည်းများသုံးပြီး ပြုလုပ်ခြင်းနှင့် အမြောက်အလိုသုံးပြီး အဖြေရှာခြင်း၊	• ကလေးများသည် အညီအမျှခွဲဝေသည့် အစားကို ကိုယ်စားပြုပစ္စည်းများနှင့် အမြောက်အလိုသုံးပြီး ပြုလုပ်နိုင်မည်။
၄-၅	အရေအတွက်တူအုပ်စုဖွဲ့သည့်အစားကို ဖြေပ်ရှိပစ္စည်းများသုံးပြီး ပြုလုပ်တတ်ရန်၊ အရေအတွက်တူအုပ်စုဖွဲ့သည့် အစားသဘောကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်၊	• အရေအတွက်တူ အုပ်စုဖွဲ့သည့်အစားကို ဖြေပ်ရှိပစ္စည်းများသုံးပြီး ပြုလုပ်ခြင်းနှင့်ညီမျှခြင်းဖြင့် ဖော်ပြခြင်း၊	• ကလေးများသည် အရေအတွက်တူ အုပ်စုဖွဲ့သည့်အစားကို ဖြေပ်ရှိပစ္စည်းများသုံးပြီး ပြုလုပ်နိုင်မည်။ • ကလေးများသည် အရေအတွက်တူအုပ်စုဖွဲ့သည့်အစားကို ညီမျှခြင်းဖြင့် ဖော်ပြနိုင်မည်။

DRL Box - Copyright Protected

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၆	အရေအတွက်တူအုပ်စုဖွဲ့သည့်အစားကို ကိုယ်စားပြုပစ္စည်းများနှင့် အမြောက်အလီသုံးပြီး ပြုလုပ်တတ်ရန်၊	● အရေအတွက်တူအုပ်စုဖွဲ့သည့်အစားကို ကိုယ်စားပြုပစ္စည်းများသုံးပြီး တွက်ခြင်းနှင့် အမြောက်အလီသုံးပြီး အဖြေရှာခြင်း၊	● ကလေးများသည် အရေအတွက်တူအုပ်စုဖွဲ့သည့်အစားကို ကိုယ်စားပြုပစ္စည်းများနှင့် အမြောက်အလီသုံးပြီး ပြုလုပ်နိုင်မည်။
၇-၉	၁၀ × ၁၀ အတွင်း အမြောက် အလီဇယားကို အသုံးပြုပြီး စားတတ်ရန်၊	● ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး စားခြင်း၊	● ကလေးများသည် ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး စားနိုင်မည်။
၁၀	အစား၏အဖြေကို အမြောက်သုံးပြီး ချိန်ကိုက်တတ်ရန်၊	● အစား၏အဖြေကို အမြောက်သုံးပြီး ချိန်ကိုက်ခြင်း၊	● ကလေးများသည် အစား၏အဖြေကို အမြောက်သုံးပြီး ချိန်ကိုက်နိုင်မည်။
၁၁-၁၂	၁၀ ဖြင့် စားတတ်ရန်၊ ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀ ဖြင့် စားခြင်း ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀ ဖြင့် စားနိုင်မည်။ ● ကလေးများသည် ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၃	အညီအမျှခွဲဝေသည့် အစားနှင့် အရေအတွက်တူအုပ်စုဖွဲ့သည့် အစားမေးခွန်းများ ပြုလုပ်တတ်ရန်၊	● ပေးထားသောအစားကို အသုံးပြု၍ အညီအမျှခွဲဝေသည့် အစားမေးခွန်းနှင့် အရေအတွက်တူအုပ်စုဖွဲ့သည့် အစားမေးခွန်းများ ပြုလုပ်ခြင်း၊	● ကလေးများသည် ပေးထားသောအစားကို အသုံးပြု၍ အညီအမျှခွဲဝေသည့် အစားမေးခွန်း ပြုလုပ်နိုင်မည်။ ● ကလေးများသည် ပေးထားသောအစားကို အသုံးပြု၍ အရေအတွက်တူအုပ်စုဖွဲ့သည့် အစားမေးခွန်း ပြုလုပ်နိုင်မည်။
၁၄	၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကိုအသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းနိုင်မည်။
၁၅-၁၆	၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကိုအသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ကလေးများသည် အစားကို ပထမဆုံးအကြိမ် သင်ယူကြသည်။ အခန်း ၁၄ တွင် သင်ယူရသော ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြု၍ အစားကို သင်ယူကြသည်။

DBE Box — Copyright Protected

အစားကို အမြှောက်၏ပြောင်းပြန်အဖြစ် စတင်သင်ကြားသည်။ သို့ဖြစ်၍ ကလေးများသည် ပုံတွင်ပြထားသည့်အတိုင်း “အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်”၊ “အုပ်စုအရေအတွက်” နှင့် “ပစ္စည်းအရေအတွက် စုစုပေါင်း”တို့နှင့်ဆက်စပ်ကာ အမြှောက်သဘောကို ပြန်လည်မှတ်မိရန် လိုအပ်သည်။



သင်ကြားသင်ယူရမည့်အချက်များ

အစားသဘောကို အညီအမျှခွဲဝေသည့် အစားနှင့် အရေအတွက်တူအုပ်စုဖွဲ့သည့် အစားဟူ၍ နည်း (၂) နည်းဖြင့် စတင်သင်ကြားသည်။

အညီအမျှခွဲဝေသည့်အစား

အညီအမျှခွဲဝေသည့်အစားကို ပုံတွင်ပြထားသည့်အတိုင်း “အုပ်စုအရေအတွက်”နှင့် “ပစ္စည်းအရေအတွက် စုစုပေါင်း” တို့မှ “အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်”ကိုရှာသည့် တွက်ချက်ခြင်းအဖြစ် မှတ်ယူရမည်။ ဤဖြစ်ရပ်ကို ဥပမာအနေဖြင့် အောက်တွင်ပြထားသည်။ ကလေးများက အညီအမျှခွဲဝေသည့် အစားကို “တစ်ယောက် ဘယ်လောက်စီရမလဲ ရှာတဲ့အစား” ဟု ခေါ်ကြသည်။



(ဥပမာ)
ဘီစကွတ်မုန့် ၁၂ ခု ရှိတယ်။ ဘီစကွတ်မုန့်တွေကို ကလေး ၃ ယောက်အညီအမျှ ဝေယူမယ်ဆိုရင် ၁ ယောက်ကို ဘီစကွတ်မုန့် ဘယ်လောက်စီရမလဲ။

ဤဥပမာတွင် ဘီစကွတ်မုန့် စုစုပေါင်း အရေအတွက်ကို ၁၂ ဟု ပေးထားပြီး ကလေး အရေအတွက် (အုပ်စုများ) ကို ၃ ဟု ဖော်ပြထားသည်။ ထို့နောက် ကလေး ၁ ယောက်စီ (တစ်အုပ်စု) ရမည့် ဘီစကွတ်မုန့် အရေအတွက်သည် အဖြေဖြစ်ပြီး ၄ ရသည်။ ဤဖြစ်ရပ်ကို ပုံတွင် လုပ်ဆောင်ချက်ဖြင့် ရှင်းပြထားသည်။ အညီအမျှခွဲဝေသည့် အစားသဘောကိုနားလည်ရန် ကလေးများသည် ပုံပါလုပ်ဆောင်ချက်အတိုင်း ဖြည်ရှိပစ္စည်းများ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများကို ကိုင်တွယ်လုပ်ဆောင်မည်ဆိုလျှင် များစွာအထောက်အကူဖြစ်ပေမည်။



အရေအတွက်တူ အုပ်စုဖွဲ့သည့် အစား

အရေအတွက်တူ အုပ်စုဖွဲ့သည့်အစားကို ပုံတွင်ပြထားသည့်အတိုင်း “ပစ္စည်းအရေအတွက် စုစုပေါင်း”နှင့် “အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်”တို့မှ “အုပ်စုအရေအတွက်” ကိုရှာသည့် တွက်ချက်ခြင်းအဖြစ် မှတ်ယူရမည်။ ဤဖြစ်ရပ်ကို ဥပမာအနေဖြင့် အောက်တွင်ပြထားသည်။ အရေအတွက်တူ အုပ်စုဖွဲ့သည့်အစားကို “လူဘယ်နှယောက်ရမလဲ ရှာတဲ့အစား” ဟု ကလေးများက ခေါ်နိုင်သည်။



(ဥပမာ)
ဘီစကွတ်မုန့် ၁၂ ခု ရှိတယ်။ ကလေး ၁ ယောက်ကို ဘီစကွတ်မုန့် ၃ ခုစီရရင် ကလေး ဘယ်လောက်ကို ပေးလို့ရမလဲ။

DBE Box – Copyright Protected

ဤဥပမာတွင် ဘီစကွတ်မုန့် စုစုပေါင်း အရေအတွက်ကို ၁၂ ဟုပေးထားပြီး လူတစ်ဦး (အုပ်စု)လျှင် ရမည့်ဘီစကွတ်မုန့် အရေအတွက်ကို ၃ ဟု ဖော်ပြထားသည်။ ထို့နောက် လူဦးရေ (အုပ်စု)သည် အဖြေဖြစ်ပြီး ၄ ရသည်။ ဤဖြစ်ရပ်ကို ပုံတွင် လုပ်ဆောင်ချက်ဖြင့် ရှင်းပြထားသည်။ အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားသဘောကို နားလည်ရန် ကလေးများသည် ပုံပါလုပ်ဆောင်ချက် အတိုင်း ပစ္စည်းစစ်များ သို့မဟုတ် ကိုယ်စားပြုပစ္စည်းများကို ကိုင်တွယ်လုပ်ဆောင်မည်ဆိုလျှင် များစွာအထောက်အကူဖြစ်ပေမည်။



အစားကို တွက်ခြင်း

ကလေးများသည် အညီအမျှ ခွဲဝေသည့် အစားနှင့် အရေအတွက်တူ အုပ်စုဖွဲ့သည့် အစား စသည့် အခေါ်အဝေါ်များကို သင်ယူရန် မလိုအပ်ပေ။ အညီအမျှ ခွဲဝေခြင်း ဖြစ်ရပ်နှင့် အရေအတွက်တူ အုပ်စုဖွဲ့ခြင်း ဖြစ်ရပ် နှစ်ခုစလုံးအတွက် အစားအသုံးပြုနိုင်သည်ကို ကလေးများ နားလည်ရန်သာ အရေးကြီးသည်။



မည်သည့်ဖြစ်ရပ်တွင်မဆို အမြောက်နှင့် အစားကြား ဆက်သွယ်ချက်ကိုအသုံးပြုပြီး အစားကို တွက်နိုင်သည်။ ဥပမာ၊ ပုံတွင်ပြထားသည့်အတိုင်း စားကိန်း ၏ အလီဇယား (ဤဖြစ်ရပ်တွင် ၂ အလီဇယား) ကို သုံးပြီး ၁၆÷၂ ကို တွက်နိုင်သည်။ ကလေးများသည် ဤနည်းဖြင့် အစားတွက်ခြင်းကို အချိန်လုံလောက်စွာလေ့ကျင့်ရန် လိုအပ်သည်။

လေ့ကျင့်ခန်း၏ အဖြေများ (စာသင်ချိန် ၁၅ နှင့် ၁၆)

၁။ (က) ၄ (ခ) ၂ (ဂ) ၃ (ဃ) ၃ (င) ၃
(စ) ၄ (ဆ) ၁ (ဇ) ၈ (ဈ) ၈ (ည) ၅

၂။ ၃၂ ÷ ၈ = ၄ အဖြေ ၄ ဖွဲ့

၃။ ၄၅ ÷ ၅ = ၉ အဖြေ ၉ အုပ်

၄။ ၂၈ ÷ ၇ = ၄ အဖြေ ၄ ခု

၅။ ၃၂ ÷ ၈ = ၄ အဖြေ ၄ ဆ

၆။ ၂၄ ÷ ၃ = ၈ အဖြေ ၈ အုပ်

၇။ ၁၈ ÷ ၃ = ၆ အဖြေ ၆ ခု

၈။ ဆီးသီး ၃၂ လုံးရှိတယ်။ ဆီးသီးတွေကို ကလေး ၄ ယောက်က အညီအမျှဝေယူတယ်။ ၁ ယောက်ကို ဆီးသီး ဘယ်နှလုံးစီရမလဲ။
ဆီးသီး ၃၂ လုံးကို အညီအမျှဝေပေးရာ ကလေး ၁ ယောက်ကို ဆီးသီး ၄ လုံးစီ ရတယ်။ ကလေး ဘယ်နှယောက်ကို ဝေပေးနိုင်သလဲ။
(အဖြေအမျိုးမျိုးဖြစ်နိုင်သည်။)

DBE Box – Copyright Protected

၁၇ အစား

တစ်ယောက်ကို ဘယ်လောက်စီရမလဲ တွက်ကြည့်ရအောင်





၁ ဘီစကွတ်မုန့် ၁၂ ခုရှိတယ်။ ဘီစကွတ်မုန့်တွေကို ကလေး ၃ ယောက် အညီအမျှ ဝေယူမယ်ဆိုရင် ၁ ယောက်ကို ဘီစကွတ်မုန့် ဘယ်လောက်စီရမလဲ။

ဘယ်လိုတွက်ရမလဲ စဉ်းစားကြည့်ရအောင်။





အခြားသော အညီအမျှခွဲဝေသည့် ပုစ္ဆာများ

(က) ဘောလုံး ၆ လုံးရှိသည်။ ကလေး ၃ ယောက်ကို အညီအမျှဝေပေးလျှင် ကလေးတစ်ယောက်လျှင် ဘောလုံးမည်မျှ ရမည်နည်း။

၆ + ၃ = ၂ အဖြေ ၂ လုံး



(ခ) ပန်းပွင့် အပွင့် ၄၀ ရှိသည်။ ပန်းအိုး ၁၀ အိုးတွင် အညီအမျှ စိုက်လျှင် ပန်းအိုးတစ်အိုးစီတွင် ပန်းပွင့်မည်မျှ စိုက်နိုင်မည်နည်း။

၄၀ + ၁၀ = ၄ အဖြေ ၄ ပွင့်

(ဂ) ငါး ၆၄ ကောင် ရှိသည်။ သေတ္တာ ၈ ခုတွင် အညီအမျှထည့်လျှင် သေတ္တာတစ်ခုစီတွင် ငါးမည်မျှ ထည့်နိုင်မည်နည်း။

၆၄ + ၈ = ၈ အဖြေ ၈ ကောင်

စာသင်ချိန် ၁ ၊ ၂

သင်ယူမှုဦးတည်ချက်

- အညီအမျှခွဲဝေသည့် အစားကို ဖြေပ်ရှိပစ္စည်းများ အသုံးပြုပြီး တွက်တတ်ရန်၊
- အညီအမျှခွဲဝေသည့် အစားသဘောကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- (အရေအတွက်အပေါ် မူတည်၍) အုပ်စု တစ်စုစီအတွက် အကွက်ကတ်ပြားများ သို့မဟုတ် အခြားပစ္စည်းများ
- သင်ပုန်းတွင် ကပ်ရန် အကွက်ကတ်ပြား အကြီးများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေး ၃ ယောက် တစ်ဖွဲ့စီ ဖွဲ့ပြီး အဓိက မေးခွန်း(၁)ကို သင်ပုန်းပေါ် ကပ်ပါ။ အုပ်စုတိုင်းကို အကွက်ကတ်ပြား ၁၂ ခုစီ ပေးပြီး လူသုံးဦး မည်သို့ အညီအမျှ ခွဲဝေယူရမည်ကို စဉ်းစားပါစေ။ ထို့နောက် အောက်ပါမေးခွန်းများကို မေးပါ။

- ကတ်ပြားတွေကို ဘယ်လိုဝေမလဲ။
- တစ်ယောက်ကို ဘယ်နှခုစီရမလဲ။

စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စိတ်ကူးများကို အကွက်ကတ်ပြားများ သုံးပြီး တင်ပြပါစေ။

၂။ အဓိက မေးခွန်း(၁)ရှိ ပုံကို ကြည့်ပါစေ။ အောက်ပါမေးခွန်းကို မေးပါ။

- ဘီစကွတ်မုန့်တွေကို ဘယ်လိုဝေမလဲ။ အုပ်စုလိုက်ဆွေးနွေးပြီး ဝေမည့်စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဝေသည့်နည်းကို ကလေးများ နားလည်ခြင်း ရှိ မရှိ စစ်ဆေးပါ။

DBE Box – Copyright Protected

၃။ ဤအခြေအနေကို ဖော်ပြရန် လုပ်ထုံးအသစ် တစ်ခုရှိသည်ကို ကလေးများအား ပြောပါ။ အစားပါသော သင်္ချာညီမျှခြင်းကို သင်ပုန်းပေါ်တွင် ရေးပါ။

- ပစ္စည်းအရေအတွက် စုစုပေါင်းက ဘယ်နှခု ရှိသလဲ။
- အုပ်စုအရေအတွက်က ဘယ်နှစုရှိသလဲ။ ဒီလုပ်ထုံးကနေ ဘာရသလဲ။
- အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်က ဘယ်နှခုရှိသလဲ။

၁၂ ÷ ၃ = ၄ ကို မည်သို့ဖတ်ရမည်၊ ရေးရမည်ကို ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းအရေအတွက် စုစုပေါင်း၊ အုပ်စုအရေအတွက်နှင့် အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက် သုံး၍ ၁၂ ÷ ၃ = ၄ ကို ၄ × ၃ = ၁၂ ဖြင့် ချိတ်ဆက်ပါ။

၄။ ကလေးတစ်ဦးစီကို ကတ်ပြား ၁၈ ခုစီပေးပါ။ မေးခွန်း ၁ ကို တစ်ဦးချင်းစီ စဉ်းစားပါစေ။ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။ ကွက်လပ်ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားများရွှေ့ခြင်းဖြင့် အစားကို ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ အဖြေရှာရန် အစားကို မှန်ကန်စွာ ရေးနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

အခန်း ၁၇ အစား

ဘီစကွတ်မုန့် ၁၂ ခုကို ကလေး ၃ ယောက်က အညီအမျှဝေယူလျှင် ကလေး ၁ ယောက်ကို ဘီစကွတ်မုန့် ၄ ခုစီရသည်။ ဤအချက်ကို အောက်ပါအတိုင်း သင်္ချာညီမျှခြင်းသုံးပြီး ဖော်ပြနိုင်သည်။

၁၂ ÷ ၃ = ၄

ပစ္စည်းအရေအတွက် စုစုပေါင်း | အုပ်စုအရေအတွက် | အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်

၁၂ ÷ ၃ ကဲ့သို့ အစားသင်္ကေတ "÷" ဖြင့် တွက်ချက်ခြင်းကို ဝေခြင်း ဟုခေါ်သည်။ ၁၂ ÷ ၃ = ၄ ကို "၁၂ အစား ၃ အညီ ၄" ဟု ဖတ်သည်။



၁ သကြားလုံး ၁၈ လုံးရှိတယ်။ ဒီသကြားလုံးတွေကို ကလေး ၆ ယောက်က အညီအမျှဝေယူရင် ကလေး ၁ ယောက်ကို သကြားလုံး ဘယ်နှလုံးစီရမလဲ။



- ညီမျှခြင်းရေးပြီး တွက်မယ်။





အဖြေ ၃ လုံး

၁၂၈

ဖြည့်စွက်ရှင်းလင်းချက်၊ အညီအမျှခွဲဝေသည့် အစား

ဤကျောင်းသုံးစာအုပ်တွင် အစားကို အညီအမျှခွဲဝေသည့် အစားဖြစ်ရပ်များဖြင့် ဦးစွာသင်ကြားသည်။ အညီအမျှခွဲဝေသည့် အစားကို "ပစ္စည်းအရေအတွက် စုစုပေါင်း" နှင့် "အုပ်စုအရေအတွက်"တို့မှ "အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်" ကို ရှာသည့် တွက်ချက်ခြင်းအဖြစ် မှတ်ယူရမည်။

သို့သော် အညီအမျှခွဲဝေသည့် အစားဟူသည့် ဝေါဟာရသည် ကလေးများအတွက် မသင့်တော်ဘဲ ပညာရပ်ဆန်သော အသုံးအနှုန်းဖြစ်သည်။ သို့ဖြစ်၍ "တစ်ယောက်ကို ဘယ်လောက်စီရမလဲ ရှာဖို့အတွက် အစား"ကဲ့သို့သော စကားကို ဤကျောင်းသုံးစာအုပ်တွင် အသုံးပြုထားသည်။

ပုစ္ဆာတစ်ပုဒ်တွင် မည်သည့်အချက်ကို ပေးထားသည်။ ဤအစားသုံးပြီး မည်သည်ကို ရှာရမည်ကို ကလေးများ ပိုင်းခြားတတ်ရန် အရေးကြီးသည်။

ဥပမာ၊ အဓိက မေးခွန်း (၁) တွင် ပစ္စည်းအရေအတွက် စုစုပေါင်း (ဘီစကွတ်) နှင့် အုပ်စုအရေအတွက် (လူ)ကို ၁၂ နှင့် ၃ ဟူ၍ အသီးသီးပေးထားသည်။ အုပ်စုတစ်ခုရှိ ပစ္စည်းအရေအတွက်ကို ရှာရမည်ဖြစ်သည်။ ဤသင်ခန်းစာတွင် အစား၏ အဖြေကို မရှာမီ ထိုအချက်ကို ဆရာက အမြဲတမ်း စစ်ဆေးအတည်ပြုသင့်သည်။

DBE Box – Copyright Protected

၂ ငှက်ပျောသီး အလုံး ၂၀ ရှိတယ်။ ကလေး ၅ ယောက် အညီအမျှ ဝေယူရင် ကလေး ၁ ယောက်ကို ငှက်ပျောသီး ဘယ်လောက်စီ ရသလဲ။



အဖြေ ဘယ်လိုရှာရမလဲဆိုတာ အမြောက်ကိုသုံးပြီး စဉ်းစားမယ် ဆွေးနွေးကြမယ်

(၁) ကလေး ၁ ယောက်ကို ငှက်ပျောသီး ၁ လုံးစီဝေပေးရင် ငှက်ပျောသီး စုစုပေါင်းမှာ



၁ × ၅ = ၅

(၂) ငှက်ပျောသီး ၂ လုံးစီဝေပေးရင် ငှက်ပျောသီး စုစုပေါင်းမှာ



၂ × ၅ = ၁၀

(၃) ငှက်ပျောသီး ၃ လုံးစီဝေပေးရင် ငှက်ပျောသီး စုစုပေါင်းမှာ



၃ × ၅ = ၁၅

(၄) ငှက်ပျောသီး ၄ လုံးစီဝေပေးရင် ငှက်ပျောသီး စုစုပေါင်းမှာ



၄ × ၅ = ၂၀

အဖြေ ၄ လုံး

၂၀ ÷ ၅ ရဲ့ အဖြေကို ၅ အလီသုံးပြီး ရှာနိုင်တယ်။



၂၀ ÷ ၅ = ၄ ၄ × ၅ = ၂၀

၃ စာရွက် ၄၈ ရွက်ကို ကလေး ၈ ယောက်က အညီအမျှဝေယူရင် ကလေး ၁ ယောက်ကို စာရွက် ဘယ်နှရွက်စီရမလဲ။

၄၈ ÷ ၈ = ၆ အဖြေ ၆ ရွက်

ဖြည့်စွက်ရှင်းလင်းချက်၊ အညီအမျှခွဲဝေသည့်အစားနှင့် အမြောက်

အခန်း (၁၄)တွင် အမြောက်ကို "အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်"နှင့် "အုပ်စုအရေအတွက်"တို့မှ "ပစ္စည်းအရေအတွက် စုစုပေါင်း"ကို ရှာရန် တွက်ချက်မှု အဖြစ် သင်ကြားခဲ့သည်။

အထက်ပါ စကားစု (၃) ခုတွင် ချိတ်ဆက်ခြင်းဖြင့် အမြောက်နှင့် အညီအမျှ ခွဲဝေသည့် အစားအကြား ဆက်သွယ်ချက်ကို တွေ့မြင်နိုင်သည်။ ဥပမာ၊ အဓိက မေးခွန်း (၂)တွင် ပစ္စည်းအရေအတွက် စုစုပေါင်း (ငှက်ပျောသီး)နှင့် အုပ်စု အရေအတွက် (ကလေး)တို့ကို ၂၀ နှင့် ၅ အဖြစ် အသီးသီးပေးထားသည်။ ထို့ကြောင့် အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်ကို ရှာရန် အောက်ပါအညီအမျှခွဲဝေသည့် အစား ၂၀ ÷ ၅ ရှိသည်။

အထက်ပါစကားစုများသုံးပြီး အောက်တွင်ပြထားသည့်အတိုင်း ဤအစားကို အမြောက်နှင့် ဆက်သွယ်နိုင်သည်။ ထို့နောက် အဖြေကို အမြောက်သုံးပြီး ရှာနိုင်သည်။

၂၀ ÷ ၅ = □ ⟷ □ × ၅ = ၂၀

- ၂၀ ÷ ၅ = □ : ပစ္စည်းအရေအတွက် စုစုပေါင်း / အုပ်စုအရေအတွက် / အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်
- □ × ၅ = ၂၀ : အုပ်စုအရေအတွက် / ပစ္စည်းအရေအတွက် စုစုပေါင်း

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- အညီအမျှ ခွဲဝေသည့် အစားကို ကိုယ်စားပြု ပစ္စည်းများနှင့် အမြောက်အလီသုံးပြီး တွက်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အနီဝိုင်းများပါသည့် အဖြူရောင်လေးထောင့်ကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း(၂)ကို ကလေးများ ဖတ်စေပြီး အောက်ပါမေးခွန်းများ မေးပါ။

- ဘယ်လိုလုပ်ထုံးမျိုး သုံးဖို့လိုသလဲ။
- ကိန်းတွေနဲ့ဖော်ပြပါ။ ဘာကြောင့်လဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အညီအမျှခွဲဝေသည့် ပုစ္ဆာများအတွက် အစားအသုံးပြုရသည်ကို ကလေးများ သတိရပါစေ။

➔ ပစ္စည်းအရေအတွက် စုစုပေါင်းသည် ၂၀ နှင့် အုပ်စုအရေအတွက်သည် ၅ ဖြစ်သည့်အတွက် ၂၀ ÷ ၅ ဟု တွက်ရမည်ကို ကလေးများ မှတ်မိပါစေ။

၂။ ၂၀ ÷ ၅ ၏ အဖြေကို လေ့ကျင့်ခန်းစာအုပ်တွင် အဝိုင်းများဆွဲကာ အမြောက်သုံးပြီး ရှာရမည် ဖြစ်ကြောင်း ပြောပါ။ အဆင့် (၁)နှင့် (၂) ကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လေးထောင့်ကွက်ထဲတွင် နမူနာကြည့်ပါ။

၃။ ဆက်လက်ပြီး အဆင့် (၃) နှင့် (၄) ကို တစ်ဦးချင်းစီရေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။ ညီမျှခြင်းနှင့် အဖြေရေးပါစေ။ တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းအရေအတွက် စုစုပေါင်း၊ အုပ်စုအရေအတွက်နှင့် အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက် သုံး၍ ၂၀ ÷ ၅ = ၄ ကို ၄ × ၅ = ၂၀ ဖြင့် ချိတ်ဆက်ပါ။

၄။ မေးခွန်း(၂)ကို အဝိုင်းများဆွဲပြီး တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အဝိုင်းများဆွဲနိုင်ပြီး အစားကို မှန်ကန်စွာ ဖြေဆိုနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DPE Box – Copyright Protected

စာသင်ချိန် ၄ ၊ ၅

သင်ယူမှုဦးတည်ချက်

- အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားကို ဖြည့်ရှိပစ္စည်းများ သုံးပြီး ပြုလုပ်တတ်ရန်၊
- အရေအတွက်တူ အုပ်စုဖွဲ့သည့် အစား သဘောကို ညီမျှခြင်းဖြင့် ဖော်ပြတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- (အရေအတွက်အပေါ် မူတည်၍) အုပ်စုတစ်စုစီအတွက် အကွက်ကတ်ပြားများ သို့မဟုတ် အခြားပစ္စည်းများ
- သင်ပုန်းတွင် ကပ်ရန် အကွက်ကတ်ပြား အကြီးများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေး ၅ ယောက်တစ်ဖွဲ့ အုပ်စုများ ဖွဲ့ပါ။ အဓိကမေးခွန်း(၃)ကို သင်ပုန်းပေါ် ရေးပါ။ တစ်ဖွဲ့လျှင် အကွက် ကတ်ပြား ၁၂ ခုစီ ပေးပြီး လူတစ်ဦးကို ကတ်ပြား ၃ ခုစီ မည်ကဲ့သို့ဝေပေးရမည်ကို စဉ်းစားပါစေ။ ထို့နောက် အောက်ပါ မေးခွန်းများကို မေးပါ။

- ကတ်ပြားတွေကို ဘယ်လိုဝေမလဲ။
- လူဘယ်နှယောက်ကို ကတ်ပြားတွေ ဝေနိုင်မလဲ။

စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စိတ်ကူးများကိုတင်ပြရန် ကတ်ပြားအကြီးများကို အသုံးပြုပါစေ။

၂။ အဓိကမေးခွန်း(၃)မှ ပုံကို ကြည့်ပါစေ။ အောက်ပါမေးခွန်းကို မေးပါ။

- ဘီစကွတ်မုန့်တွေကို ဘယ်လိုဝေမလဲ။ အုပ်စုလိုက်ဆွေးနွေးစေပြီး စိတ်ကူးများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဝေသည့်နည်းကို ကလေးများ နားလည်ခြင်း ရှိ မရှိ စစ်ဆေးပါ။

အခန်း ၁၇ အစား

လူဘယ်နှယောက်ကိုပေးလို့ရသလဲ တွက်ကြည့်ရအောင်



၃ ဘီစကွတ်မုန့် ၁၂ ခု ရှိတယ်။ ကလေး ၁ ယောက်ကို ၃ ခုစီပေးရင် ကလေးဘယ်နှယောက်ကို ပေးလို့ရမလဲ။

ဘယ်လိုတွက်မလဲ စဉ်းစားရအောင်။





၁၃၀

အခြားသော အရေအတွက်တူ အုပ်စုဖွဲ့သည့်အစား

(က) ဘောလုံး ၆ လုံးရှိသည်။ ကလေးတစ်ယောက် ဘောလုံး ၃ လုံးရလျှင် ကလေးမည်မျှ ဘောလုံးရမည်နည်း။ **၆ + ၃ = ၂ အဖြေ ၂ ယောက်**



(ခ) မာလကာသီး အလုံး ၂၀ ရှိသည်။ အိတ်တစ်အိတ်တွင် မာလကာသီး ၄ လုံးစီထည့်သည်။ အိတ်မည်မျှ လိုမည်နည်း။ **၂၀ + ၄ = ၅ အဖြေ ၅ အိတ်**

(ဂ) နှင်းဆီပန်းပွင့် ၄၂ ပင် ရှိသည်။ တစ်ဘောင်လျှင် ၇ ပင်စီ စိုက်လျှင် ဘောင်မည်မျှ လိုမည်နည်း။ **၄၂ + ၇ = ၆ အဖြေ ၆ ဘောင်**

DBE Box – Copyright Protected

ဘီစကွတ်မုန့် ၁၂ ခုကို ကလေး ၁ ယောက်လျှင် ၃ ခုစီဝေပေးသော် ကလေး ၄ ယောက် ကိုဝေနိုင်သည်။ ဤအချက်ကို အောက်ပါအတိုင်း သင်္ချာညီမျှခြင်းသုံးပြီး ဖော်ပြနိုင် သည်။

၁၂ ÷ ၃ = ၄

ပစ္စည်းအရေအတွက် စုစုပေါင်း / အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက် / အုပ်စုအရေအတွက်



၃ သကြားလုံး ၁၈ လုံးရှိတယ်။ ကလေး ၁ ယောက်ကို သကြားလုံး ၆ လုံးစီ ပေးလိုက်တယ်။ ကလေးဘယ်နှယောက်ကို ပေးနိုင်သလဲ။



- ညီမျှခြင်းရေးပြီး တွက်မယ်။



အဖြေ ၃ ယောက်

ဖြည့်စွက်ရှင်းလင်းချက်၊ အညီအမျှခွဲဝေသည့် အစား

ဤကျောင်းသုံးစာအုပ်တွင် အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားကို ဒုတိယ အမျိုးအစား အစားအဖြစ် သင်ကြားသည်။ အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားကို “ပစ္စည်းအရေအတွက် စုစုပေါင်း”နှင့် “အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်”တို့မှ “အုပ်စုအရေအတွက်”ကို ရှာသည့်တွက်ချက်ခြင်းအဖြစ် မှတ်ယူရမည်။

သို့သော် အညီအမျှခွဲဝေသည့် အစားနည်းတူ အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားဟူသည့် ဝေါဟာရသည် ကလေးများအတွက် မသင့်တော်ဘဲ ပညာရပ်ဆန်သော အသုံးအနှုန်းဖြစ်သည်။ သို့ဖြစ်၍ “ဘယ်နှယောက်ကို ပေးလို့ရသလဲ ရှာဖို့တွက်တဲ့ အစား” ကဲ့သို့သော စကားကို ဤကျောင်းသုံးစာအုပ်တွင် အသုံးပြုထားသည်။

ပဏ္ဍာတစ်ပုဒ်တွင် မည်သည့်အချက်ကို ပေးထားသည်၊ ဤအစားသုံးပြီး မည်သည်ကို ရှာရမည်ကို ကလေးများ ပိုင်းခြားတတ်ရန် အရေးကြီးသည်။ ဥပမာ၊ အဓိကမေးခွန်း (၃) တွင် ပစ္စည်းအရေအတွက် စုစုပေါင်း (ဘီစကွတ်) နှင့် အုပ်စုတစ်စုရှိ ပစ္စည်း အရေအတွက် (ကလေးတစ်ဦးစီအတွက် ဘီစကွတ်အရေအတွက်)ကို ၁၂ နှင့် ၃ ဟူ၍ အသီးသီးပေးထားသည်။ အုပ်စုအရေအတွက်(ကလေး)ကို ရှာရမည် ဖြစ်သည်။ ဤသင်ခန်းစာတွင် အစား၏အဖြေကို မရှာမီ ထိုအချက်ကို ဆရာက အမြဲတမ်း စစ်ဆေးအတည်ပြုသင့်သည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၃။ ဤအခြေအနေကိုလည်း စားခြင်းဖြင့် ဖော်ပြ နိုင်ကြောင်း ကလေးများကို ပြောပါ။ အစားပါသော ညီမျှခြင်းကို သင်ပုန်းပေါ်တွင် ရေးပါ။

- ပစ္စည်းအရေအတွက် စုစုပေါင်း ဘယ်နှခု ရှိသလဲ။
- အုပ်စုတစ်စုတွင် ပစ္စည်းအရေအတွက် ဘယ်နှခု ရှိသလဲ။
- ဒီအစားကနေ ဘာရသလဲ။
- အုပ်စုအရေအတွက် ဘယ်နှစု ရှိသလဲ။
- အရင်က သင်ယူခဲ့တဲ့ အစားနဲ့ ဘာကွာသလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းအရေအတွက် စုစုပေါင်း၊ အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်နှင့် အုပ်စုအရေအတွက် သုံး၍ ၁၂ ÷ ၃ = ၄ ကို ၃ × ၄ = ၁၂ ဖြင့် ချိတ်ဆက်ပါ။

➔ ယခင်ဖြစ်ရပ်နှင့် မတူဘဲ ယခုအစားက အုပ်စုအရေအတွက် ရှာခြင်းဖြစ်သည်ကို ကလေးများတွေ့ပါစေ။

၄။ ကလေးတစ်ဦးစီကို ကတ်ပြား ၁၈ ခုစီ ပေးပါ။ မေးခွန်း ၃ ကို တစ်ဦးချင်း စဉ်းစားပါစေ။ အဖြေနှင့် အကြောင်းပြချက်ကို တစ်တန်းလုံးနှင့် စစ်ဆေးပါ။ ကွက်လပ် ဖြည့်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကတ်ပြားများ ရွှေ့ခြင်းဖြင့် အစားကို ရှင်းပြ နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

➔ အဖြေရှာရန် အစားကို မှန်ကန်စွာ ရေးနိုင်ခြင်း ရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ် ပါစေ။

DOE Box – Copyright Protected

စာသင်ချိန် ၆

သင်ယူမှုဦးတည်ချက်

- အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားကို ကိုယ်စားပြုပစ္စည်းများနှင့် အမြှောက်အလိုသုံးပြီး ပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အနီဝိုင်း ၅ ဝိုင်းစီပါသည့် အဖြူရောင် လေးထောင့်ကွက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း(၄)ကို ကလေးများ ဖတ်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ဘာလုပ်ထုံးမျိုး သုံးဖို့လိုသလဲ။
- ကိန်းတွေဖြင့်ဖော်ပြပါ။ ဘာကြောင့်လဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို အရေအတွက်တူ ဝေပေးသည့် ပုစ္ဆာများအတွက် အစားအသုံးပြုရသည်ကို ကလေးများ သတိရပါစေ။

➔ ပစ္စည်းအရေအတွက် စုစုပေါင်းသည် ၂၀၊ အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်သည် ၅ ဖြစ်သည့်အတွက် ၂၀ ÷ ၅ ဟု တွက်ရမည်ကို ကလေးများမှတ်မိပါစေ။

၂။ ၂၀ ÷ ၅ ၏အဖြေကို လေ့ကျင့်ခန်းစာအုပ်တွင် အဝိုင်းများဆွဲကာ အမြှောက်သုံးပြီး ရှာရမည်ကို ပြောပါ။ အဆင့် (၁) နှင့် (၂) ကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လေးထောင့်ကွက်ထဲတွင် နမူနာကြည့်ပါ။

၃။ ဆက်လက်၍ အဆင့် (၃)နှင့် (၄) ကို တစ်ဦးချင်းစီရေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။ ညီမျှခြင်းနှင့် အဖြေရေးပါစေ။ တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းအရေအတွက် စုစုပေါင်း၊ အုပ်စုတစ်စုရှိ ပစ္စည်းအရေအတွက်နှင့် အုပ်စုအရေအတွက် သုံး၍ ၂၀ ÷ ၅ = ၄ ကို ၅ × ၄ = ၂၀ ဖြင့် ချိတ်ဆက်ပါ။

၄။ အဝိုင်းများဆွဲပြီး မေးခွန်း ၄ ကို တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲ စစ်ဆေးပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများသည် အဝိုင်းများဆွဲနိုင်ပြီး အစားကို မှန်ကန်စွာ ဖြေဆိုနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၄ ငှက်ပျောသီး အလုံး ၂၀ ရှိတယ်။ ကလေး ၁ ယောက်ကို ငှက်ပျောသီး ၅ လုံးစီပေးရင် ကလေးဘယ်နှယောက်ကို ပေးနိုင်မလဲ။



ကလေးတစ်ယောက်ကို ငှက်ပျောသီး ၅ လုံးစီပေးရင်

(၁) ကလေး ၁ ယောက်ကို ပေးလိုက်တဲ့ ငှက်ပျောသီးစုစုပေါင်းမှာ



(၂) ကလေး ၂ ယောက်ကို ပေးလိုက်တဲ့ ငှက်ပျောသီးစုစုပေါင်းမှာ



(၃) ကလေး ၃ ယောက်ကို ပေးလိုက်တဲ့ ငှက်ပျောသီး စုစုပေါင်းမှာ



(၄) ကလေး ၄ ယောက်ကို ပေးလိုက်တဲ့ ငှက်ပျောသီး စုစုပေါင်းမှာ



အဖြေ ၄ ယောက်

၂၀ ÷ ၅ ရဲ့ အဖြေကို ၅ အလီသုံးပြီး ရှာနိုင်တယ်။



၅ စာအုပ် ၃၂ အုပ်ကို ဝေပေးရာ လူ ၈ ယောက်ကို စာအုပ် ၈ အုပ်စီရတယ်။ လူဘယ်နှယောက်ကို ဝေပေးနိုင်မလဲ။ ၃၂ ÷ ၈ = ၄ အဖြေ ၄ ယောက်

ဖြည့်စွက်ရှင်းလင်းချက်၊ အရေအတွက်တူအုပ်စုဖွဲ့သည့်အစားနှင့် အမြှောက်

အမြှောက်နှင့်အရေအတွက်တူ အုပ်စုဖွဲ့သည့်အစားကြား ဆက်သွယ်ချက်ကို အညီအမျှခွဲဝေသည့် အစားတွင်ကဲ့သို့ ရှုမြင်နိုင်သည်။

ဥပမာ၊ အဓိကမေးခွန်း (၄) တွင် ပစ္စည်းအရေအတွက် စုစုပေါင်း (ငှက်ပျောသီး) နှင့် အုပ်စုတစ်စုစီရှိ ပစ္စည်းအရေအတွက် (ကလေးတစ်ဦးစီအတွက် ငှက်ပျောသီး အရေအတွက်)တို့ကို ၂၀ နှင့် ၅ အဖြစ် အသီးသီးပေးထားသည်။ ထို့ကြောင့် အုပ်စုအရေအတွက် (ကလေး)ကို ရှာရန် အောက်ပါ အရေအတွက်တူအုပ်စုဖွဲ့သည့် အစား ၂၀ ÷ ၅ ရှိသည်။

အောက်တွင်ပြထားသည့်အတိုင်း စကားစုများသုံးပြီး ဤအစားကို အမြှောက်နှင့် ဆက်သွယ်နိုင်သည်။ ထို့နောက် အဖြေကို အမြှောက်သုံးပြီး ရှာနိုင်သည်။



DBE Box – Copyright Protected

အစားကိုတွက်ကြမယ်

အမြောက်ကိုသုံးပြီး အစားကိုတွက်နိုင်တယ်။



၂ အလီဇယားကို သုံးပြီး အဖြေကို ရှာနိုင်တယ်

၅ **၁၆ ÷ ၂ ကို တွက်ပါ။**

➔ ၂ × ☐ = ၁၆

➔ ၂ × ၈ = ၁၆

➔ ၁၆ ÷ ၂ = ၈



၂ × ၁ = ၂...
၂ × ၈ = ၁၆
အဖြေက ၈ ဖြစ်တယ်

၁၆ ÷ ၂ = ၈ တွင် ၁၆ ကို တည်ကိန်း၊ ၂ ကို စားကိန်း၊ ၈ ကို စားလဒ် ဟု ခေါ်သည်။ စားကိန်း၏အလီဇယားကိုသုံးပြီး စားလဒ် ကိုရှာနိုင်သည်။

၁၆ ÷ ၂ = ☐ ⟷ **၂ × ☐ = ၁၆**

တည်ကိန်း၊ စားကိန်း၊ စားလဒ်

၅ တွက်ပါ။

(က) ၁၂ ÷ ၂ ၆ (ခ) ၁၈ ÷ ၂ ၉ (ဂ) ၂၀ ÷ ၂ ၁၀ (ဃ) ၉ ÷ ၃ ၃
(င) ၃ ÷ ၃ ၁ (စ) ၂၁ ÷ ၃ ၇ (ဆ) ၂၇ ÷ ၃ ၉ (ဇ) ၃ ÷ ၁ ၃

၆ တွက်ပါ။

(က) ၂၀ ÷ ၄ ၅ (ခ) ၄၀ ÷ ၄ ၁၀ (ဂ) ၃၂ ÷ ၄ ၈ (ဃ) ၁၅ ÷ ၅ ၃
(င) ၃၀ ÷ ၅ ၆ (စ) ၁၈ ÷ ၆ ၃ (ဆ) ၄၂ ÷ ၆ ၇ (ဇ) ၅၄ ÷ ၆ ၉

ဖြည့်စွက်လေ့ကျင့်ခန်း

အောက်ပါတို့သည် အစားကို ကလေးများလေ့ကျင့်နိုင်ရန် ပေးထားသောပုစ္ဆာများ ဖြစ်သည်။ အစားကိုလေ့ကျင့်ရန် ကလေးများ အချိန်လုံလောက်စွာ အသုံးပြုရန် လိုသည်။ သို့မဟုတ်လျှင် အတန်းကြီးတွင် အစားကို တွက်ရာ၌ အခက်အခဲ ရှိလိမ့်မည်။

မေးခွန်း (၁)၊ တွက်ပါ။

(က) ၆ ÷ ၁ ၆ (ခ) ၂ ÷ ၂ ၁ (ဂ) ၇ ÷ ၁ ၇ (ဃ) ၁၀ ÷ ၂ ၅
(င) ၁၂ ÷ ၃ ၄ (စ) ၆ ÷ ၃ ၂ (ဆ) ၈ ÷ ၂ ၄ (ဇ) ၁၈ ÷ ၃ ၆

မေးခွန်း (၂)၊ တွက်ပါ။

(က) ၁၆ ÷ ၄ ၄ (ခ) ၄၅ ÷ ၅ ၉ (ဂ) ၃၂ ÷ ၄ ၈ (ဃ) ၁၀ ÷ ၅ ၂
(င) ၆ ÷ ၆ ၁ (စ) ၃၀ ÷ ၆ ၅ (ဆ) ၄၀ ÷ ၅ ၈ (ဇ) ၃၆ ÷ ၄ ၉

စာသင်ချိန် ၇ ၊ ၈ ၊ ၉

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး စားတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အညီအမျှခွဲဝေခြင်း သို့မဟုတ် အရေအတွက်တူ အုပ်စုဖွဲ့ခြင်း စသည့် အစားအမျိုးအစားများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ အမြောက်သုံးပြီး အစားကို မည်သို့တွက်ရမည်ကိုသာ သင်ယူကြမည်ဟု ကလေးများကို ပြောပါ။

၂။ အဓိကမေးခွန်း(၅)ကို ကြည့်စေပြီး အောက်ပါ မေးခွန်းများကို မေးပါ။

- ၁၆ ÷ ၂ ရဲ့ အဖြေကိုရှာဖို့ ဘယ်အလီကို သုံးရမလဲ၊ ဘာကြောင့်လဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ အခက်အခဲရှိလျှင် ယခင် သင်ခန်းစာမှ ၂၀ ÷ ၅ ၏ အဖြေကို ရှာရန် ၅ အလီသုံးခဲ့သည်ကို ကလေးများ ပြန်လည် မှတ်မိစေပါ။

၃။ တည်ကိန်း၊ စားကိန်း နှင့် စားလဒ် ဟူသည့် အသုံးအနှုန်းများကို မိတ်ဆက်ပေးပါ။ စားကိန်း၏ အလီဇယားကို အသုံးပြုပြီး အစားတွက်နိုင်သည် ကို ကလေးများ ရှာတွေ့ပါစေ။

၄။ မေးခွန်း(၅)ကို လေ့ကျင့်ခန်းစာအုပ်တွင် ကလေးတစ်ဦးချင်းစီ ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် တစ်ဦးချင်းစီ မဖြေမီ မေးခွန်း အချို့ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

စာသင်ချိန် (၈)

၅။ မေးခွန်း(၆)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် တစ်ဦးချင်းစီ မဖြေမီ မေးခွန်း အချို့ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

DBE Box – Copyright Protected

စာသင်ချိန် (၉)

၆။ မေးခွန်း(၇)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေပါစေ။ အဖြေကို တစ်တန်းလုံး တွင် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် တစ်ဦးချင်းစီ မဖြေမီ မေးခွန်းအချို့ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

စာသင်ချိန် ၁၀

သင်ယူမှုဦးတည်ချက်

- အစား၏အဖြေကို အမြောက်သုံးပြီး ချိန်ကိုက်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ၅၆ ÷ ၈ = ၆ နှင့် ၅၆ ÷ ၈ = ၇ ကို သင်ပုန်းပေါ်တွင်ရေးပြီး အောက်ပါအတိုင်း မေးပါ။

- ဘယ်အစားက မှန်သလဲ။
  ဘယ်လို ချိန်ကိုက်မလဲ။

ဤမေးခွန်းကို တစ်ဦးချင်းစီ စဉ်းစားစေပြီး စိတ်ကူးများကို နှစ်ယောက်တစ်တွဲ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

၂။ အဓိကမေးခွန်း(၆)ရှိ ရှင်းလင်းချက်ကို ကလေးများ ကြည့်ပါစေ။ ထိုရှင်းလင်းချက်မှ တွေ့ရှိချက်ကို ကလေးအချို့က တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အစား၏အဖြေမှန် မမှန် ချိန်ကိုက်နည်းကို ကလေးများ မှန်ကန်စွာ ရှင်းပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း(၈)ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေရှင်းပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် တစ်ဦးချင်းစီ မဖြေမီ မေးခွန်းအချို့ကို တစ်တန်းလုံးနှင့် အတူ ဖြေရှင်းပါ။

၄။ အစား၏အဖြေမှန် မမှန် ချိန်ကိုက်နည်းကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၇ တွက်ပါ။

(က) ၄၂ ÷ ၇ ၆ (ခ) ၂၈ ÷ ၇ ၄ (ဂ) ၁၄ ÷ ၇ ၂ (ဃ) ၇၂ ÷ ၈ ၉

(င) ၈ ÷ ၈ ၁ (စ) ၄၀ ÷ ၈ ၅ (ဆ) ၂၇ ÷ ၉ ၃ (ဇ) ၈၁ ÷ ၉ ၉

အစား၏အဖြေကိုဘယ်လိုချိန်ကိုက်မလဲ

၆ ဘယ်အဖြေကမှန်သလဲ။

၅၆ ÷ ၈ = ၆	၅၆ ÷ ၈ = ၇

၅၆ ÷ ၈ = ၆ ⟶ ၈ × ၆ = ၄၈ ⟶ မှား

၅၆ ÷ ၈ = ၇ ⟶ ၈ × ၇ = ၅၆ ⟶ မှန်





စားကိန်းနှင့်စားလဒ်ကို မြောက်လျှင် တည်ကိန်းရပါက အဖြေမှန်သည်။

၈ အဖြေ မှန် မမှန် ချိန်ကိုက်ပါ။

(က) ၄၉ ÷ ၇ = ၈ (ခ) ၃၆ ÷ ၄ = ၉ (ဂ) ၄၂ ÷ ၆ = ၇ (ဃ) ၃၂ ÷ ၈ = ၅

၇ × ၈ = ၅၆ မှား ၄ × ၉ = ၃၆ မှန် ၆ × ၇ = ၄၂ မှန် ၈ × ၅ = ၄၀ မှား

ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း (၁) တွက်ပါ။

(က) ၇၀ ÷ ၇ ၁၀ (ခ) ၃၂ ÷ ၈ ၄ (ဂ) ၅၆ ÷ ၇ ၈ (ဃ) ၈၀ ÷ ၈ ၁၀

(င) ၉ ÷ ၉ ၁ (စ) ၅၄ ÷ ၉ ၆ (ဆ) ၄၈ ÷ ၈ ၆ (ဇ) ၃၆ ÷ ၉ ၄

မေးခွန်း (၂) အဖြေမှန်၊ မမှန် စစ်ဆေးပါ။

(က) ၄၅ ÷ ၉ = ၆ (ခ) ၂၄ ÷ ၃ = ၈ (ဂ) ၁၈ ÷ ၂ = ၉

၉ × ၆ = ၅၄ မှား ၃ × ၈ = ၂၄ မှန် ၂ × ၉ = ၁၈ မှန်

(ဃ) ၄၀ ÷ ၅ = ၇ (င) ၁၄ ÷ ၆ = ၈ (စ) ၆၃ ÷ ၇ = ၉

၅ × ၇ = ၃၅ မှား ၆ × ၈ = ၄၈ မှား ၇ × ၉ = ၆၃ မှန်

(ဆ) ၃၂ ÷ ၄ = ၉ (ဇ) ၆၄ ÷ ၈ = ၈

၄ × ၉ = ၃၆ မှား ၈ × ၈ = ၆၄ မှန်

ODL Box – Copyright Protected

၁၀ နဲ့ စားကြမယ်

၇ **ကျောင်းသား အယောက် ၄၀ ကို အုပ်စု ၁၀ စု အညီအမျှခွဲရင် အုပ်စု ၁ စုမှာ ကျောင်းသား ဘယ်နှယောက်စီရှိမလဲ။**

၄၀ ÷ ၁၀ = ၄

အဖြေ ၄ ယောက်

၁၀ × ၄ = ၄၀



၉ တွက်ပါ။

(က) ၂၀ ÷ ၁၀ = ၂ (ခ) ၅၀ ÷ ၁၀ = ၅ (ဂ) ၈၀ ÷ ၁၀ = ၈ (ဃ) ၁၀၀ ÷ ၁၀ = ၁၀

၁၀ တွက်ပါ။

(က) ၃၂ ÷ ၈ = ၄ (ခ) ၄၅ ÷ ၅ = ၉ (ဂ) ၃၀ ÷ ၆ = ၅ (ဃ) ၉၀ ÷ ၉ = ၁၀

၁၁ သရက်သီး ၂၄ လုံးကို လူ ၄ ယောက်က အညီအမျှဝေယူတယ်။ လူ ၁ ယောက်ကို သရက်သီး ဘယ်နှလုံးစီရနိုင်မလဲ။

၂၄ ÷ ၄ = ၆ အဖြေ ၆ လုံး

၁၂ မှတ်စုစာအုပ် အုပ် ၅၀ ကို လူ ၁၀ ယောက်အညီအမျှဝေယူတယ်။ လူ ၁ ယောက်ကို မှတ်စုစာအုပ် ဘယ်နှအုပ်စီရနိုင်မလဲ။

၅၀ ÷ ၁၀ = ၅ အဖြေ ၅ အုပ်

၁၃ ငှက်ပျောသီး ၂၈ လုံးကို ဝေပေးရင် ကျောင်းသား ၁ ယောက်ကို ငှက်ပျောသီး ၄လုံး စီရတယ်။ ကျောင်းသား ဘယ်နှယောက်ကို ဝေပေးနိုင်မလဲ။

၂၈ ÷ ၄ = ၇ အဖြေ ၇ ယောက်

၁၄ ဘီစကွတ်မုန့် အခု ၄၀ ရှိတယ်။ လူ ၁ ယောက်က ဘီစကွတ်မုန့် ၁၀ ခုစီယူရင် လူဘယ်နှယောက်ရနိုင်မလဲ။

၄၀ ÷ ၁၀ = ၄ အဖြေ ၄ ယောက်

ဖြည့်စွက်လေ့ကျင့်ခန်း

မေးခွန်း (၁)၊ တွက်ပါ။

(က) ၇၀ ÷ ၁၀ = ၇ (ခ) ၃၀ ÷ ၁၀ = ၃ (ဂ) ၁၀ ÷ ၁၀ = ၁

(ဃ) ၆၀ ÷ ၁၀ = ၆ (င) ၉၀ ÷ ၁၀ = ၉ (စ) ၄၀ ÷ ၁၀ = ၄

မေးခွန်း (၂)၊ တွက်ပါ။

(က) ၂၈ ÷ ၇ = ၄ (ခ) ၂၇ ÷ ၃ = ၉ (ဂ) ၇၂ ÷ ၈ = ၉

(ဃ) ၅ ÷ ၁ = ၅ (င) ၁၂ ÷ ၆ = ၂ (စ) ၄၅ ÷ ၉ = ၅

မေးခွန်း (၃)၊ မေးခွန်းများကို ဖြေပါ။

(က) ဘောပင် စၥ ချောင်းကို လူ ၉ ယောက် အညီအမျှ ဝေယူသည်။ လူတစ်ယောက်လျှင် ဘောပင် မည်မျှစီရမည်နည်း။

စၥ ÷ ၉ = ၉ အဖြေ ၉ ချောင်း

(ခ) ဇီးသီး ၄၉ လုံးရှိသည်။ ကလေးတစ်ယောက် ဇီးသီး ၇ လုံးရလျှင် ဇီးသီးကို ကလေးမည်မျှရမည်နည်း။

၄၉ ÷ ၇ = ၇ အဖြေ ၇ ယောက်

DBE Box – Copyright Protected

စာသင်ချိန် ၁၁ ၊ ၁၂

သင်ယူမှုဦးတည်ချက်

- ၁၀ ဖြင့် စားတတ်ရန်၊
- ၁၀ × ၁၀ အတွင်း အမြောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း(စ)ကို သင်ပုန်းပေါ်ရေးပြီး ကလေးများ ဖတ်ပါစေ။ အောက်ပါ မေးခွန်းများကို မေးပါ။

- ဘယ်လုပ်ထုံးကိုသုံးမလဲ၊ ကိန်းနဲ့ ဖော်ပြပါ။
- ဘယ်လို တွက်ရမလဲ။
- ဒီအစားကနေ ဘာတွေ့သလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဆယ်ပြည့်ကိန်းများကို ၁၀ ဖြင့် စားသည့်အခါ ထိုဆယ်ဂဏန်းပင်ပြန်ရပြီး "၀"မပါတော့သည်ကို ကလေးများ တွေ့ရှိပါစေ။

၂။ မေးခွန်း(ခ)နှင့် (၁၀) ကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စားကိန်း၏အလိုကို မှန်ကန်စွာအသုံးပြုပြီး အစားကို တွက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၃။ မေးခွန်း (၁၁)မှ (၁၄) အထိကို လေ့ကျင့်ခန်းစာအုပ်တွင် တစ်ဦးချင်းစီ ဖြေပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လိုအပ်လျှင် တစ်ဦးချင်းစီ မဖြေမီ မေးခွန်း အချို့ကို တစ်တန်းလုံးနှင့်အတူ ဖြေရှင်းပါ။

စာသင်ချိန် ၁၃

သင်ယူမှုဦးတည်ချက်

- အညီအမျှခွဲဝေသည့် အစားနှင့် အရေအတွက်တူ အုပ်စုဖွဲ့သည့် အစားမေးခွန်းများ ပြုလုပ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- အကွက် ကတ်ပြား ၁၅ ခု (သို့) အခြားပစ္စည်းများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ "အစားဘယ်နှမျိုးရှိသလဲ"ဟု တစ်တန်းလုံးကို မေးပါ။ကလေးများ တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါကဲ့သို့ အစားနှစ်မျိုးရှိသည်ကို သတိရပါစေ။

- တစ်ယောက်ကို ဘယ်နှခုစီရသလဲ။
- ဘယ်နှယောက် ရသလဲ။

၂။ မေးခွန်း (က) နှင့် ဥပမာကို ကလေးများ ဖတ်ပါစေ။ တစ်ယောက်ကို ဘယ်နှခုစီ ရသလဲ၊ မေးခွန်းအမျိုးအစားဖြစ်သည်ကို နားလည်ပါစေ။

၃။ တစ်ယောက်ကို ဘယ်နှခုစီ ရသလဲ၊ မေးခွန်းအမျိုးအစားကို ကလေးတစ်ဦးချင်းစီ ပြုလုပ်ပါစေ။ သူတို့၏ မေးခွန်းများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ တစ်ယောက်ကို ဘယ်နှခုစီ ရသလဲ၊ အမျိုးအစားမေးခွန်းကို မှန်ကန်စွာ ပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ မေးခွန်း (ခ)နှင့် ဥပမာကို ကလေးများ ဖတ်ပါစေ။ လူဘယ်နှယောက်ရသလဲ၊ မေးခွန်းအမျိုးအစားဖြစ်သည်ကို နားလည်ပါစေ။

၅။ လူဘယ်နှယောက် ရသလဲ၊ မေးခွန်းအမျိုးအစားကို ကလေးတစ်ဦးချင်းစီ ပြုလုပ်ပါစေ။ သူတို့၏ မေးခွန်းများကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လူဘယ်နှစ်ယောက်ရသလဲ မေးခွန်းအမျိုးအစားကို မှန်ကန်စွာ ပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၆။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အောက်ပါကဲ့သို့ အစား မေးခွန်းနှစ်မျိုးပြုလုပ်ခဲ့သည်ကို အတည်ပြုပါ။

- တစ်ယောက်ကို ဘယ်နှခုစီ ရသလဲ။
- ဘယ်နှယောက် ရသလဲ။

၁၅ ÷ ၃ အတွက် သချိုင်းမေးခွန်းတွေ ပြုလုပ်ကြမယ်။



သိပြီးတဲ့ အစား ၂ မျိုးက
- ၁ ယောက်ကို ဘယ်နှခုစီရသလဲ
- လူဘယ်နှယောက်ရသလဲ

(က) ၁ ယောက်ကို ဘယ်နှခုစီရသလဲ။

ဥပမာ

ဘီစကွတ်မုန့် ၁၅ ခု ရှိတယ်။
ဒီဘီစကွတ်မုန့်တွေကို လူ ၃ ယောက်က အညီအမျှဝေယူတယ်။ ၁ ယောက်ကို ဘီစကွတ်မုန့် ဘယ်နှခုစီရမလဲ။



ဘယ်လို သချိုင်းမေးခွန်း ပြုလုပ်မလဲ။

ပန်းသီး ၁၅ လုံးရှိတယ်။ ပန်းသီးတွေကို ကလေး ၃ ယောက်က အညီအမျှ ဝေယူတယ်။ ၁ ယောက်ကို ပန်းသီး ဘယ်နှလုံးစီရမလဲ။
(အဖြေအမျိုးမျိုးဖြစ်နိုင်သည်)

(ခ) လူဘယ်နှယောက်ရသလဲ။

ဥပမာ

ဘီစကွတ်မုန့် ၁၅ ချပ်ကို အညီအမျှ ဝေပေးရာ ကလေး ၁ ယောက်ကို ဘီစကွတ်မုန့် ၃ ချပ်စီရတယ်။ ကလေး ဘယ်နှယောက်ကို ဝေပေးနိုင်သလဲ။



ဘယ်လို သချိုင်းမေးခွန်း ပြုလုပ်မလဲ။

ပန်းသီး ၁၅ လုံးကို အညီအမျှဝေပေးရာ ကလေး ၁ ယောက်ကို ပန်းသီး ၃ လုံးကို ပန်းသီး ၃ လုံးစီရတယ်။ ကလေး ဘယ်နှယောက်ကို ဝေပေးနိုင်မလဲ။
(အဖြေအမျိုးမျိုးဖြစ်နိုင်သည်)

ဖြည့်စွက်လေ့ကျင့်ခန်းနှင့် နမူနာ အဖြေများ

၁။ ၂၀ ÷ ၄ အတွက် မေးခွန်းရေးပါ။

(နမူနာအဖြေများ)

(က) တစ်ယောက်ကို ဘယ်လောက်စီရမလဲ။

- ခဲတံအချောင်း ၂၀ ရှိတယ်။ ဒီခဲတံတွေကို လူ ၄ ယောက်ကို အညီအမျှ ပေးရင် တစ်ယောက် ခဲတံ ဘယ်နှချောင်းစီရမလဲ။
- စင်တီမီတာ ၂၀ ရှည်တဲ့ ကြိုးတစ်ချောင်းရှိတယ်။ ဒီကြိုးကို အညီအမျှ လေးပိုင်းပိုင်းရင် တစ်ပိုင်းစီက ဘယ်လောက်ရှည်မလဲ။

(ခ) လူဘယ်နှယောက်ကို ပေးလို့ရသလဲ။

- ခဲတံအချောင်း ၂၀ ရှိတယ်။ လူတစ်ယောက်ကို ခဲတံ ၄ ချောင်းစီဝေပေးရင် လူဘယ်နှယောက်ကို ဝေနိုင်မလဲ။
- စင်တီမီတာ ၂၀ ရှည်တဲ့ကြိုးတစ်ချောင်းရှိတယ်။ အဲဒီကြိုးကနေ ၄ စင်တီမီတာရှည်တဲ့ ကြိုးပိုင်းလေးတွေလုပ်မယ်ဆိုရင် ကြိုးပိုင်းဘယ်နှပိုင်း ရနိုင်မလဲ။

DBE Box – Copyright Protected

အစားပုစ္ဆာအမျိုးမျိုး

၈ **ငှက်ပျောသီး ၁၂ လုံးနဲ့ ပန်းသီး ၄ လုံးရှိတယ်။ ငှက်ပျောသီးက ပန်းသီးရဲ့ ဘယ်နှဆရှိသလဲ။**





၁၂ + ၄ = ၃

အဖြေ ၃ ဆ

ဒါလည်း အစားပုစ္ဆာပဲ

၁၅ ကလေးတစ်ယောက်က စာမျက်နှာ ၅၄ မျက်နှာရှိတဲ့ စာအုပ်တစ်အုပ်ကို ဖတ်နေတယ်။ ၁ ရက်ကို စာမျက်နှာ ၆ မျက်နှာစီဖတ်ရင် အဲဒီစာအုပ်ကို ဖတ်ပြီးဖို့ ဘယ်နှရက်ကြာမလဲ။ ၅၄ + ၆ = ၉ အဖြေ ၉ ရက်



၁၆ လှလှမှာ ခဲတံ ၄၈ ချောင်းနဲ့ နီလာမှာ ခဲတံ ၈ ချောင်းရှိတယ်။ လှလှမှာရှိတဲ့ ခဲတံက နီလာမှာရှိတဲ့ ခဲတံရဲ့ ဘယ်နှဆရှိသလဲ။

၄၈ + ၈ = ၆ အဖြေ ၆ ဆ

၁၇ အိတ်ထဲမှာ ဘီစကွတ်မုန့် ၅ ခုနဲ့ ဘူးထဲမှာ ဘီစကွတ်မုန့် အခု ၄၀ ရှိတယ်။ ဘူးထဲရှိ ဘီစကွတ်မုန့်က အိတ်ထဲရှိ ဘီစကွတ်မုန့်ရဲ့ ဘယ်နှဆရှိသလဲ။

၄၀ + ၅ = ၈ အဖြေ ၈ ဆ

၁၈ ဘူးတစ်ဘူးမှာ ဘောလုံး ၄ လုံးဆံ့တယ်။ ဘောလုံး ၃၆ လုံးရှိရင် ဘူးဘယ်နှဘူး လိုမလဲ။ ၃၆ + ၄ = ၉ အဖြေ ၉ ဘူး



ပန်းသီး ၁၈ လုံးရှိတယ်။ ၃ လုံးက အစိမ်းရောင်ဖြစ်ပြီး ကျန်တဲ့ ပန်းသီးတွေက အနီရောင်ဖြစ်တယ်။ အနီရောင်ပန်းသီးတွေက အစိမ်းရောင်ပန်းသီးတွေရဲ့ ဘယ်နှဆရှိသလဲ။

ဒီပုစ္ဆာကို စဉ်းစားဖို့ပုံဆွဲကြမယ်



၁၈ − ၃ = ၁၅၊ ၁၅ + ၃ = ၅ အဖြေ ၅ ဆ

ဖြည့်စွက်ရှင်းလင်းချက်

အခန်း (၁၄) တွင် ကလေးများသည် အမြှောက်ကို သုံးပြီး "အဆ"ရှာခြင်းကို သင်ယူခဲ့ကြသည်။ ဥပမာ ၄ စင်တီမီတာ၏ ၃ ဆ သည် ၁၂ ဖြစ်သည်ကို ၄ × ၃ = ၁၂ ကို တွက်ခြင်းဖြင့် ရှာဖွေကြသည်။

ဤအခန်းတွင် ကလေးများသည် အစားကိုသုံးပြီး အဆကို ရှာဖွေတတ်ရန် သင်ယူကြသည်။ အထက်ပါဖြစ်ရပ်ကို အသုံးပြုမည်ဆိုလျှင် မေးခွန်းသည် "၄ စင်တီမီတာ၏အဆ မည်မျှသည် ၁၂ စင်တီမီတာဖြစ်မည်နည်း" ဖြစ်ပေမည်။ ဤအချက်ကို အမြှောက်သုံးပြီး ၄ × □ = ၁၂ ဟု ဖော်ပြနိုင်သည်။

ကလေးများသည် အဓိကမေးခွန်း (၅) တွင် အထက်ပါအမြှောက်မှ ကွက်လပ်ကို အောက်ပါ အစားတွင် တွေ့ရှိနိုင်သည်။

၁၂ + ၄ = □ ⟷ ၄ × □ = ၁၂

အမြှောက်နှင့် အစားကြား ဆက်သွယ်ချက်ကို အသုံးပြုပြီး ဤနည်းအတိုင်း အဆကို ရှာနိုင်မည်။

စာသင်ချိန် ၁၄

သင်ယူမှုဦးတည်ချက်

- ၁၀ × ၁၀ အတွင်း အမြှောက်အလီဇယားကို အသုံးပြုပြီး အစားပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- သစ်သီးများပြသော ရုပ်ပုံကားချပ် သို့မဟုတ် သင်ပုန်းပေါ်တွင် သစ်သီးပုံများ ရေးဆွဲပါ။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း(၈)ကို သင်ပုန်းပေါ်တွင် ရေးပြီး ကလေးများ ဖတ်ပါစေ။ ရုပ်ပုံကားချပ် သို့မဟုတ် ပုံများရေးဆွဲ အသုံးပြုပါ။

- "ဘာကို ရှာရမလဲ"ဟု မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ "ဘယ်နှဆ ရှိသလဲ" ရှာရမည်ကို ကလေးများ သေချာနားလည်ပါစေ။

၂။ အဓိကမေးခွန်း(၈)ကို တစ်ဦးချင်းစီ ဖြေရှင်းစေပြီး စိတ်ကူးများကို နှစ်ယောက်တစ်တွဲ မျှဝေပါစေ။ ထို့နောက် တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၄ ၏ □ ဆ ကို ၄ × □ အလီဖြင့် ဖော်ပြသည်ကို ကလေးများ သတိရပါစေ။

➔ ၄ × □ = ၁၂ တွင် □ ကို ၁၂ ÷ ၄ ဖြင့် ရှာရမည်ကို ကလေးများ တွေ့ရှိပါစေ။

၃။ မေးခွန်း (၁၅) မှ (၁၈) အထိကို အထက်ပါနည်းအတိုင်း ပုံကိုအသုံးပြုပြီး ဖြေရှင်းပါစေ။ တစ်တန်းလုံး၏ အဖြေကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ ပုစ္ဆာဖြေရှင်းရာတွင် အခက်အခဲရှိလျှင် အဓိကမေးခွန်း (၈) ပါ နည်းအတိုင်း 'အဆ' ကို မည်သို့ ရှာရမည်ကို ရှင်းပြပါ။

၄။ ခက်ခဲသော မေးခွန်းကို ကလေးများ ဖြေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပုံဆွဲ၍ စဉ်းစားလျှင် ပို၍လွယ်ကူသည်ကို ကလေးများ တွေ့ရှိပါစေ။

၅။ သင်ယူခဲ့သည်များကို ပြန်လည်မေးမြန်းပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box - Copyright Protected

အခန်း ၁၈ ဘယ်ဟာက ထုထည်ပိုများသလဲ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၁၃။ ထုထည်ယူနစ် လီတာကို အသုံးပြုတတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၁၃. ၁. ၁။ အရည်၏ ထုထည်ကို နှိုင်းယှဉ်တတ်ရန်၊

၂. ၁၃. ၁. ၂။ ထုထည်ယူနစ် လီတာကို အသုံးပြုတတ်ရန်၊

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့် အကဲဖြတ်မှုအစီအစဉ်ကို ပြထားသည်။ ဤဇယားတွင်ပါရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကို ကူညီပံ့ပိုးပေးပြီး ဇယားတွင် ဖော်ပြထားသောစံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှု ဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	အရည်၏ ထုထည်ကို တိုက်ရိုက်နှိုင်းယှဉ်တတ်ရန်နှင့် သွယ်ဝိုက်နှိုင်းယှဉ်တတ်ရန်၊	● အရည်၏ထုထည်ကို တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊ ● ရေဘူးနှစ်ဘူးရှိ အရည်၏ထုထည်ကို ကြားခံပစ္စည်းများသုံးပြီး သွယ်ဝိုက်နှိုင်းယှဉ်ခြင်း၊ အရွယ်တူခွက် တစ်ခွက် သို့မဟုတ် နှစ်ခွက်	● ကလေးများသည်အရည်၏ထုထည်ကို ဘူးနှစ်ဘူးသုံးပြီး တိုက်ရိုက်နှိုင်းယှဉ်နိုင်မည်။ ● ကလေးများသည် ရေဘူးနှစ်ဘူးရှိ အရည်၏ထုထည်ကို ကြားခံပစ္စည်းများသုံးပြီး သွယ်ဝိုက်နှိုင်းယှဉ်နိုင်မည်။ အရွယ်တူ ခွက် တစ်ခွက် သို့မဟုတ် နှစ်ခွက်
၂	အရည်၏ထုထည်ကို စံမဟုတ်သော ယူနစ်ဖြင့် နှိုင်းယှဉ်တတ်ရန်၊	● ရေဘူးနှစ်ဘူးရှိ အရည်၏ထုထည်ကို စံမဟုတ်သော ယူနစ်အဖြစ် ခွက်ကလေးများကို အသုံးပြုပြီး နှိုင်းယှဉ်ခြင်း၊	● ကလေးများသည် ရေဘူးနှစ်ဘူးရှိ အရည်၏ထုထည်ကို စံမဟုတ်သောယူနစ်အဖြစ် ခွက်ကလေးများကို အသုံးပြုပြီး နှိုင်းယှဉ်နိုင်မည်။
၃	အရည်၏ ထုထည်ကို တိုင်းတာရန် ထုထည်ယူနစ်လီတာကို အသုံးပြုတတ်ရန်၊	● အရည်၏ထုထည်ကို တိုင်းတာရန် တစ်လီတာဝင်ရေသန့်ဘူး သို့မဟုတ် ထုထည်ကို လီတာဖြင့် ဖော်ပြထားသည့် အခြားခွက်များကို ယူနစ်အဖြစ် အသုံးပြုခြင်း၊	● ကလေးများသည် အရည်၏ ထုထည်ကို တိုင်းတာရန် တစ်လီတာဝင်ရေသန့်ဘူး သို့မဟုတ် ထုထည်ကို လီတာဖြင့် ဖော်ပြထားသည့် အခြားခွက်များကို ယူနစ်အဖြစ် အသုံးပြုနိုင်မည်။
၄	ထုထည်(လီတာ) ဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	● ထုထည်(လီတာ)ဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို ဖြေရှင်းခြင်း၊	● ကလေးများသည် ထုထည်(လီတာ)ဆိုင်ရာ အပေါင်း၊ အနုတ်ပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

DBE Box - Copyright Protected

ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ကလေးများသည် ထုထည်ကို ပထမဆုံးအကြိမ် သင်ယူကြသည်။ သို့သော် ဤအခန်းမတိုင်မီ အလျားတိုင်းတာခြင်းကို တိုင်းတာမှုတစ်ခုအနေဖြင့် သင်ယူခဲ့သည်။

သင်ကြားသင်ယူရမည့်အချက်များ

အလျားတိုင်းတာခြင်းတွင် ပြုလုပ်ခဲ့သည့်အတိုင်း ကလေးများသည် အရည်၏ထုထည်ကို သင်ယူသည့်အခါ အောက်ပါအတိုင်း အဆင့် (၄) ဆင့်ဖြင့် သင်ယူကြသည်။

(၁) တိုက်ရိုက်နှိုင်းယှဉ်ခြင်း
(၂) သွယ်ဝိုက်နှိုင်းယှဉ်ခြင်း
(၃) စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာခြင်း
(၄) နိုင်ငံတကာသုံး စံယူနစ်များဖြင့် တိုင်းတာခြင်း

တိုက်ရိုက်နှိုင်းယှဉ်ခြင်း



ကလေးများသည် ပထမဦးစွာ ရေဘူးနှစ်ဘူး (က နှင့် ခ) ၏ ဝင်ဆံ့မှုကို အောက်ပါအတိုင်း တိုက်ရိုက်နှိုင်းယှဉ် သင်ယူကြသည်။

(၁) ရေဘူး (က) ကို ရေဖြည့်ပါ။
(၂) ရေဘူး (က) မှ ရေဘူး (ခ) ထဲသို့ ရေလောင်းထည့်ပါ။
(၃) ရေဘူး (ခ) ထဲတွင် ရေပြည့်အောင် မဖြည့်နိုင်ပါက
ရေဘူး (ခ) က ရေပိုဝင်ဆံ့သည်။ ထိုသို့မဟုတ်ဘဲ ရေလျှံကျပါက
ရေဘူး (က)က ရေပိုဝင်ဆံ့သည်။

တတိယအချက်ကို ကလေးများကိုယ်တိုင် တွေ့ရှိပါစေ။

သွယ်ဝိုက်နှိုင်းယှဉ်ခြင်း

ထုထည်ကို သွယ်ဝိုက်နှိုင်းယှဉ်ရာတွင် အောက်တွင် ပြထားသည့်အတိုင်း အခြားခွက်များကို ကြားခံအဖြစ် သုံးသည်။ ဘယ်ဘက်မှပုံသည် ပိုကြီးသော ခွက်တစ်ခုကိုသုံး၍ ထုထည်နှိုင်းယှဉ်ခြင်းကိုပြသည်။ ညာဘက်မှပုံသည် အရွယ်တူခွက်နှစ်ခုကိုသုံး၍ ထုထည်နှိုင်းယှဉ်ခြင်းကို ပြသည်။





စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာခြင်း

ရေဘူးရှိ အရည်၏ထုထည်ကို စံမဟုတ်သော ယူနစ်များဖြင့် တိုင်းတာရန် ခွက်ငယ်တစ်ခုကို သို့မဟုတ် အရွယ်တူ ခွက်ငယ်လေးများ အသုံးပြုသည်။ ဤဖြစ်ရပ်တွင် ထုထည်ကို ကိန်းဖြင့် (ဥပမာ၊ ခွက်ငယ် ၄ ခွက်) ဖော်ပြနိုင်သည်။ ရေဘူး (ခ) သည် ရေဘူး (က) ထက် ခွက်ငယ် တစ်ဝက် ပိုများသည်။



သို့သော် ထုထည်နှစ်ခုကို အရွယ်အစားမတူသော ခွက်များဖြင့် တိုင်းတာ၍ နှိုင်းယှဉ်ရန် မဖြစ်နိုင်ပေ။ ဤအချက်သည် နိုင်ငံတကာသုံး စံယူနစ်များ လိုအပ်ရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်သည်။

DEE BOX - Copyright Protected

နိုင်ငံတကာသုံး စံယူနစ်များဖြင့် တိုင်းတာခြင်း





ဒုတိယတန်းတွင် နိုင်ငံတကာသုံးယူနစ်ဖြစ်သော လီတာကို သင်ကြားသည်။ လီတာဖြင့်တိုင်းတာရန် ပုံတွင်ပြထားသည့် ရေသန့်ဘူးကို အသုံးပြုနိုင်သည်။ ဆရာသည် ကလေးများကို တစ်လီတာဝင်ရေသန့်ဘူးသုံးပြီး ခွက်အမျိုးမျိုး၏ ထုထည်ကို တိုင်းတာစေရမည်။ ထုထည်ကိုမတိုင်းတာမီ ခန့်မှန်း ကြည့်ရန်လည်း အရေးကြီးသည်။ ဤနည်းဖြင့် ကလေးများသည် ထုထည်ကို ခံစားသိနိုင်မည်ဖြစ်သည်။

အရည်၏ထုထည်ကို ပေါင်းခြင်းနှင့် နုတ်ခြင်း

ထုထည်များ ပေါင်းခြင်းနှင့် နုတ်ခြင်းကို အလျားများ ပေါင်းခြင်း၊ နုတ်ခြင်းအတိုင်း ပြုလုပ်နိုင်သည်ကို ကလေးများ ရှာတွေ့နိုင်ပါစေ။ ထုထည်များ ပေါင်းခြင်း၊ နုတ်ခြင်း၏ အဓိပ္ပာယ်ကို ကလေးများနားလည်စေရန် အရေးကြီးသည်။ ဥပမာ ခွက်နှစ်ခွက်ရှိ ရေကို ခွက်တစ်ခွက်ထဲလောင်းထည့်ခြင်းဖြင့် ထုထည်များ ပေါင်းခြင်း၏ အဓိပ္ပာယ်ကို ကလေးများမြင်နိုင်သည်။

DBE Box – Copyright Protected

၁၈ ဘယ်ဟာက ထုထည်ပိုများသလဲ

၁ ဘယ်ရေဘူးကို ရေပိုဖြည့်နိုင်မလဲ။



၁၃၉

ဖြည့်စွက်ရှင်းလင်းချက်

၁။ ထုထည်ကို နှိုင်းယှဉ်သည့် နည်း ၃ နည်းရှိသည်။

(၁) ကျော်ကျော်၏နည်းသည် ရေဘူး ၂ ဘူးကို တိုက်ရိုက်နှိုင်းယှဉ်နည်းဖြစ်သည်။

(၂) ခိုင်ခိုင်၏နည်းသည် ခွက်ကြီးတစ်ခွက်ကို ကြားခံအဖြစ် အသုံးပြုပြီး သွယ်ဝိုက်နှိုင်းယှဉ်နည်းဖြစ်သည်။

(၃) မောင်မောင်၏နည်းသည် ပုံစံတူခွက်ကြီးနှစ်ခွက်ကို အသုံးပြုပြီး သွယ်ဝိုက်နှိုင်းယှဉ်နည်းဖြစ်သည်။

သို့သော် ထိုအသုံးအနှုန်းများသည် ကလေးများအတွက် အလွန်ခက်ခဲပေမည်။ ထို့ကြောင့် ဆရာက သင်ခန်းစာကို နိဂုံးချုပ်ဆိုသည့်အခါ နှိုင်းယှဉ်သည့် နည်းလမ်းများကို အောက်ပါအတိုင်း သင်ပုန်းပေါ်တွင် ရေးချလျှင် ထိရောက်မှုရှိပေမည်။

(က) ရေကို ရွှေ့ပြောင်းပြီးနှိုင်းယှဉ်ခြင်း၊

(ခ) ခွက်ကြီး ၁ ခွက်အသုံးပြုပြီး နှိုင်းယှဉ်ခြင်း၊

(ဂ) ပုံစံတူခွက်ကြီး ၂ ခွက်ကို အသုံးပြုပြီး နှိုင်းယှဉ်ခြင်း၊

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- အရည်၏ထုထည်ကို တိုက်ရိုက်နှိုင်းယှဉ်တတ်ရန်နှင့် သွယ်ဝိုက်နှိုင်းယှဉ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ရေဇလုံ၊ ရေဘူး ၂ဘူး၊ အရွယ်တူခွက်ကြီး ၂ ခွက်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ အဓိကမေးခွန်း (၁) တွင် ပြထားသည့်အတိုင်း ရေဘူးနှစ်ဘူးကိုပြပြီး ဘယ်ဘူးက ရေပိုဝင်ဆံ့သည်ကို ကလေးများခန့်မှန်းပါစေ။ မြင်ရုံဖြင့် မဟုတ်ဘဲ မည်သို့တိကျစွာ နှိုင်းယှဉ်နိုင်မည်ကိုမေးပါ။ အုပ်စုတွင်း ဆွေးနွေးစေပြီး တစ်တန်းလုံးကို ပြုလုပ်ပြစေခြင်းဖြင့် သူတို့၏ စိတ်ကူးများကို တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေဘူး (က) ရှိ ရေကို ရေဘူး (ခ) ထဲသို့ လောင်းထည့်ခြင်း၊ သို့မဟုတ် ရေဘူး (ခ)မှ (က) သို့ လောင်းထည့်ခြင်း စသည့် နှိုင်းယှဉ်သည့် နည်းနှစ်နည်းကို ဖော်ပြပါ။

၂။ ရေဘူး နှစ်ဘူးကို တိုက်ရိုက်နှိုင်းယှဉ်ခြင်းမပြုဘဲ (ခ) နှင့် (ဂ) တွင် ပြထားသည့်အတိုင်း အရွယ်တူခွက်ကြီး တစ်ခွက် သို့မဟုတ် နှစ်ခွက်ကို ပေးထားလျှင် မည်သို့နှိုင်းယှဉ်မည်ကို ကလေးများ အားမေးပါ။ အုပ်စုလိုက် ဆွေးနွေးစေပြီး တစ်တန်းလုံးကို ပြုလုပ်ပြစေခြင်းဖြင့် သူတို့၏ စိတ်ကူးများကို မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ရေဘူး(က)မှ ရေကို ခွက်ကြီးထဲ ထည့်ပြီး ရေအမြင့်ကို မှတ်ပြီး ရေကို သွန်ပါ။ ရေဘူး (ခ) ရှိ ရေကို ခွက်ထဲထည့်ပါ။ အမှတ်အသားထက် ရေပိုမြင့်လျှင် ရေဘူး(ခ)က ရေပိုဝင်ဆံ့သည်။ အမှတ်အသားအောက်နိမ့်လျှင် ရေဘူး (က)က ရေပိုဝင်ဆံ့သည်။

➔ ရေဘူး အသီးသီးမှ ရေကို အရွယ်တူခွက်ကြီး နှစ်ခွက်ထဲသို့ လောင်းထည့်ပါ။ ရေမျက်နှာပြင် ပိုမြင့်သော ခွက်ထဲသို့ လောင်းထည့်ထားသော ရေဘူးသည် ရေပိုဝင်ဆံ့သည်။

အထက်ပါ အချက်များကို ကလေးများ တွေ့ရှိပါစေ။

၃။ ရေ၏ ထုထည်ကို တိုက်ရိုက်၊ သွယ်ဝိုက်ပြီး မည်သို့ နှိုင်းယှဉ်ရမည်ကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

➔ ထုထည်ကို တိုက်ရိုက်၊ သွယ်ဝိုက်ပြီး မည်သို့ နှိုင်းယှဉ်ရမည်ကို ကလေးများ ရှင်းပြနိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- အရည်၏ ထုထည်ကို စံမဟုတ်သော ယူနစ်ဖြင့် နှိုင်းယှဉ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ရေဇလုံ၊ ရေဘူး ၂ ဘူး၊ ပုံစံတူ ခွက်ကြီး ၂ ခွက်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။သင်ခန်းစာ(၁)တွင် အသုံးပြုခဲ့သော ရေဘူးများကိုပြပြီး ရေဘူးနှစ်ဘူးရှိ ရေ၏ထုထည်ကို တိုက်ရိုက်၊ သွယ်ဝိုက်ပြီး မည်သို့နှိုင်းယှဉ်ရမည်ကို ကလေးများ ပြန်မှတ်မိပါစေ။

၂။ ခွက်ငယ်တစ်ခွက် သို့မဟုတ် ခွက်ငယ်များသုံးပြီး မည်သို့ နှိုင်းယှဉ်ရမည်ကို ကလေးများအား မေးပါ။ အုပ်စုလိုက် ဆွေးနွေးစေပြီး တစ်တန်းလုံးကို ပြုလုပ်ပြစေခြင်းဖြင့် သူတို့၏ စိတ်ကူးများကို မျှဝေပါစေ။ အောက်ပါမေးခွန်းများကို မေးပါ။

- ရေဘူး(က)က ခွက်ငယ် ဘယ်နှခွက်ကို ဖြည့်နိုင်သလဲ။
- ရေဘူး(ခ)က ခွက်ငယ် ဘယ်နှခွက်ကို ဖြည့်နိုင်သလဲ။
- ဘယ်ရေဘူးက ရေပိုဝင်ဆံ့သလဲ၊ ဘယ်လောက် ပိုဝင်ဆံ့သလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤဖြစ်ရပ်တွင် ရေမည်မျှပိုဝင်ဆံ့သည်ကို ရှာနိုင်ကြောင်း ကလေးများ နားလည်ပါစေ။

➔ ကလေးများ၏ ရေဘူးနှင့်ရေခွက်များ သုံးပြီး နှိုင်းယှဉ်မည်ဆိုလျှင် အဓိကမေးခွန်း(၂)မှ ရလဒ်အတိုင်း ရရှိနိုင်မည်မဟုတ်သည်ကို သတိပြုပါ။

၃။ အဓိကမေးခွန်း(၂)ကို ကလေးများ ကြည့်စေပြီး တစ်တန်းလုံးတွင် ဖြေရှင်းပါစေ။

၄။ မေးခွန်း (၁) ကို တစ်ဦးချင်းစီ ဦးစွာဖြေစေပြီး နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အကြောင်းပြချက်ကိုလည်း သူတို့ကိုယ်တိုင် စဉ်းစားပြီး ရှင်းပြနိုင်ပါစေ။

၅။ မေးခွန်း (၂) ကို တစ်ဦးချင်းစီ ဦးစွာ ဖြေစေပြီး နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ မည်သည့်ပစ္စည်းက ရေပိုဝင်ဆံ့သည်၊ မည်မျှ ပိုဝင်ဆံ့သည်ကို ကလေးများ ပြောနိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၆။ သင်ယူခဲ့သည်များကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၂ ဘယ်ဘူးကို ရေပိုဖြည့်နိုင်သလဲ။ ဘယ်လောက် ရေပိုဖြည့်နိုင်သလဲ။

စိုးစိုးက အောက်ကပုံအတိုင်း ခွက်ကလေးတွေ သုံးပြီး ဘယ်ဘူးကို ရေပိုဖြည့်နိုင်သလဲဆိုတာ နှိုင်းယှဉ်တယ်။





၃ ဘယ်ခွက်ထဲမှာ ရေပိုများသလဲ။ ဘာကြောင့်လဲ။

၄ ဘယ်ပစ္စည်းထဲကို ရေအများဆုံး ဖြည့်နိုင်သလဲ။ ဘယ်ပစ္စည်းထဲကို ရေအနည်းဆုံး ဖြည့်နိုင်သလဲ။



ဖြည့်စွက်ရှင်းလင်းချက်

ကလေးများသည် ဤသင်ခန်းစာတွင် ရေ၏ထုထည်ကို ပုံစံတူခွက်များဖြင့် နှိုင်းယှဉ်သည့်နည်းကို သင်ယူကြသည်။ ပုံစံတူခွက်များအဖြစ် ဖန်ခွက်များ၊ စက္ကူခွက်စသည်တို့ကို အသုံးပြုနိုင်သည်။ အရွယ်မတူသောခွက်များဖြင့် တိုင်းတာပြီး ထုထည်ကို နှစ်ခုကို မနှိုင်းယှဉ်နိုင်ပေ။ သို့ဖြစ်၍ နောက်သင်ခန်းစာတွင် သင်ကြားမည့်ထုထည်အတွက် စံယူနစ်လိုအပ်ချက်ကို ဆရာက ကလေးများအား စဉ်းစားစေနိုင်သည်။

ကလေးများသည် အလျားအတွက် စံယူနစ်လိုအပ်ချက်ကို သင်ယူခဲ့ပြီး ဖြစ်သည်။ သို့ဖြစ်ရာ ထုထည်အတွက် စံယူနစ်လိုအပ်ချက်ကို ကလေးများကိုယ်တိုင် မှန်းဆနိုင်မည်ဖြစ်သည်။



ခွက်တွေက အရွယ်မတူတဲ့အတွက် ရေခွက် ၅ ခွက်က ပိုများလား၊ ဖန်ခွက် ၄ ခွက်က ပိုများလား မပြောတတ်ဘူး

FREE Box – Copyright Protected

လီတာ



၃ ရေပုံးပြည့်အောင် ရောယ်လောက် ဖြည့်နိုင်မလဲ။ ဖြည့်ကြည့်ရအောင်။

ရေမည်မျှဖြည့်နိုင်သည်ကိုပြရန် စံယူနစ်တစ်ခုရှိသည်။
ယင်းကို **လီတာ** ဟု ခေါ်သည်။ လီတာဖြင့် တိုင်းရန် တစ်လီတာဝင် ပလတ်စတစ်ဘူးတစ်ဘူးကို အသုံးပြုနိုင်သည်။
ဥပမာ တစ်လီတာဘူး ၅ ဘူးရှိ ရေသည် ၅ လီတာ ဖြစ်သည်။







ရေပုံးထဲကို ၁ လီတာဘူး ___၃___ ဘူးနဲ့ ရေဖြည့်တယ်။ ဒါကြောင့် ရေပုံးထဲကို ရေ ___၃___ လီတာ ဖြည့်နိုင်တယ်။

၄ အောက်က ပုံးနဲ့ ဇလုံထဲကို ရေ ဘယ်လောက်စီ ဖြည့်နိုင်သလဲ။





___၅___ လီတာ





___၄___ လီတာ

၅ ပတ်ဝန်းကျင်မှာရှိတဲ့ ပုံးတွေထဲကို ရောယ်လောက်စီ ဖြည့်နိုင်သလဲ။ ၁ လီတာဘူးတွေ အသုံးပြုပြီး ဖြည့်ရအောင်။



ဖြည့်စွက်ရှင်းလင်းချက် – စံယူနစ် “လီတာ”၏ အားသာချက်များ

ကလေးများသည် ဤသင်ခန်းစာတွင် စံယူနစ်လီတာကို ပထမဆုံးထုထည်ယူနစ်အဖြစ် သင်ယူကြသည်။ ထို့နောက် အတန်းကြီးလာလျှင် မီလီမီတာကို သင်ယူကြမည်။ မက်ထရစ်ယူနစ် သခ္ခါသင်ယူရာတွင် အောက်ပါအားသာချက်များ ရှိသောကြောင့် ဤကျောင်းသုံးစာအုပ်တွင် မက်ထရစ်ယူနစ်များကို အလေးထား သင်ကြားသည်။

- ယူနစ်များအကြား ဆက်သွယ်ချက်ကို မက်ထရစ်စနစ်ဖြင့် ဖော်ပြနိုင်သည်။ (ဥပမာ၊ ၁ လီတာ = ၁၀၀၀ မီလီလီတာ)
- ယူနစ်များသည် မက်ထရစ်စနစ်ကို အခြေခံသည့်အတွက် ထုထည်ဖြင့် တွက်ခြင်းသည် ကိန်းများတွက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။
- ကလေးများသည် အလယ်တန်းနှင့် အထက်တန်းတွင် မက်ထရစ်ယူနစ်များကို မကြာခဏ အသုံးပြုကြရမည်ဖြစ်သည်။
- သိပ္ပံနှင့် လူမှုရေးဘာသာကဲ့သို့ အခြားဘာသာရပ်များတွင် မက်ထရစ်စနစ်ကို အသုံးပြုကြသည်။
- ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနီးပါးသည် မက်ထရစ်ယူနစ်များကို နိုင်ငံတကာသုံး အသိအမှတ်ပြု ယူနစ်များအဖြစ် အသုံးပြုကြသည်။

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- အရည်၏ ထုထည်ကို တိုင်းတာရန် ထုထည်ယူနစ် လီတာကို အသုံးပြုတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁ လီတာဝင် ပလတ်စတစ်ဘူး၊ ရေပုံး
- ခွက်အမျိုးမျိုး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများအား ရေပုံးကိုပြပြီး “ပုံးထဲကို ဖြည့်ထားတဲ့ ရေရဲ့ထုထည်ကို အားလုံးသိရှိအောင် ဘယ်လိုဖော်ပြမလဲ”ဟု မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စံယူနစ် လိုအပ်ပုံကို ကလေးများကိုယ်တိုင် ရှာဖွေပါစေ။

၂။ အဓိကမေးခွန်း (၃) ကို ကြည့်စေပြီး “လီတာ” နှင့် ၁ လီတာဝင် ပလတ်စတစ်ဘူးကို မိတ်ဆက်ပေးပါ။ တစ်တန်းလုံး ဖြေရှင်းပါ။ ၁ လီတာဝင် ပလတ်စတစ်ဘူးသုံးပြီး ပြင်ဆင်ထားသော ပုံးထဲမှ ရေ၏ထုထည်ကိုလည်း တိုင်းတာပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁ လီတာဝင် ပလတ်စတစ်ဘူးများသည် တစ်ခုနှင့်တစ်ခု ပုံစံမတူဘဲ ရှိနိုင်သည်ကို ဘူးအသီးသီးရှိ ရေ၏ထုထည်ကို နှိုင်းယှဉ်ခြင်းဖြင့် ကလေးများ နားလည်ပါစေ။

၃။ မေးခွန်း (၃) ကို တစ်ဦးချင်းစီ ဦးစွာဖြေစေပြီး နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထုထည်ကို လီတာဖြင့် မှန်ကန်စွာ ဖော်ပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ ပတ်ဝန်းကျင်ရှိ ခွက်အမျိုးမျိုးတွင် ရေမည်မျှ ဝင်ဆံ့သည်ကို ကလေးများခန့်မှန်းစေပြီး ၁ လီတာဘူးသုံး၍ တိုင်းတာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအဆင့်တွင် “၅ လီတာထက် အနည်းငယ်ပိုသည်” သို့မဟုတ် “၃ လီတာအောက် အနည်းငယ်လျော့သည်” စသည့် ဖော်ပြချက်များကို အသုံးပြုပါ။

၅။ သင်ယူခဲ့သည်များကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၄

သင်ယူမှုဦးတည်ချက်

- ထုထည်(လီတာ) ဆိုင်ရာ အပေါင်း၊ အနုတ် ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- မရှိ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ပြီးခဲ့သော သင်ခန်းစာကို ပြန်လည်မှတ်မိရန် အရည်၏ ထုထည်ကို မည်သည့်စံယူနစ်ဖြင့် တိုင်းတာသည်ကို ကလေးများအား မေးပါ။

၂။ အဓိကမေးခွန်း(၄)ကို တစ်တန်းလုံး ဖတ်စေပြီး ကွက်လပ်များကို တစ်ဦးချင်းစီ ဖြည့်ပါစေ။ အဖြေကို နှစ်ယောက်တစ်တွဲစီ စစ်ဆေးစေပြီး နောက် တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထုထည်များပေါင်းခြင်း၊ နုတ်ခြင်း ပြုလုပ်နိုင်သည်ကို ကလေးများ သတိပြုမိပါစေ။

၃။ လေ့ကျင့်ခန်းစာအုပ်တွင် မေးခွန်း(၅)ကို ဖြေပါစေ။ အဖြေကိုနှစ်ယောက်တစ်တွဲစီ စစ်ဆေးပြီး တစ်တန်းလုံးနှင့် စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လီတာဖြင့် ပေါင်းခြင်း သို့မဟုတ် နုတ်ခြင်းကို မှန်ကန်စွာပြုလုပ်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ ကျောင်းသုံးစာအုပ်ရှိ မေးခွန်း (၆)ကို ဖတ်ပါစေ။ မေးခွန်းကို ကလေးများ သေချာနားလည်စေရန် မေးခွန်း (၆) ပါ အကြောင်းအချက်များကို မေးပါ။ (က) မှ (ဇ) အထိ ဖြေပါစေ။ မေးခွန်းဖြေပြီးတိုင်း အဖြေကို နှစ်ယောက်တစ်တွဲစီစစ်ဆေးပြီး တစ်တန်းလုံးကို စစ်ဆေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ အပေါင်း သို့မဟုတ် အနုတ်ကို သင့်တော်သည့် အတိုင်း ရွေးချယ်တွက်ချက်နိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၄ **၆ လီတာပုံးနဲ့ ၄ လီတာအိုးတို့မှာ ရေအပြည့်ဖြည့်ထားတယ်။**

(က) ရေအားလုံး ဘယ်လောက် ဖြည့်ထားသလဲ။

၆ + ၄ = ၁၀ အဖြေ ၁၀ လီတာ

(ခ) ဘယ်ဟာက ရေဘယ်လောက် ပိုများသလဲ။

၆ − ၄ = ၂ အဖြေ ပုံး က ၂ လီတာပိုများတယ်။

၅ တွက်ပါ။

(က) ၁၇ လီတာ + ၈ လီတာ = ၂၅ လီတာ

(ခ) ၂၃ လီတာ - ၁၆ လီတာ = ၇ လီတာ

၆ မောင်မောင်က ချောင်းကနေ အိမ်ကို ရေအပြည့်ပါတဲ့ ပုံး ၂ ပုံး သယ်ရမယ်။ ပုံး ၁ ပုံးစီကို ရေ ၆ လီတာစီထည့်ထားတယ်။ မောင်မောင်တစ်ယောက်ထဲ ၂ ပုံးသယ်လာရာ အိမ်ရောက်တော့ ၁ ပုံးစီမှာ ရေ ၃ လီတာစီသာကျန်တယ်။ သူညီမနဲ့အတူ ၁ ပုံးစီ သယ်ရင် သူက ရေ ၅ လီတာနဲ့ ညီမက ရေ ၄ လီတာ သယ်နိုင်တယ်။

(က) ချောင်းက သယ်လာတော့ ပုံး ၂ ပုံးထဲမှာ ရေဘယ်လောက်ရှိသလဲ။



(ခ) မောင်မောင်တစ်ယောက်ထဲ သယ်လာရင် အိမ်ရောက်တော့ ရေဘယ်လောက်ပါမလဲ။

(ဂ) မောင်မောင်တစ်ယောက်ထဲ သယ်ရင် လမ်းမှာ ရေဘယ်လောက် လျော့မလဲ။



(ဃ) သူညီမနဲ့အတူတူ သယ်ရင် ရေဘယ်လောက် သယ်နိုင်မလဲ။

(င) သူညီမနဲ့အတူတူ သယ်ရင် ရေဘယ်လောက် ပိုသယ်နိုင်မလဲ။

(က) ၆ + ၆ = ၁၂ အဖြေ ၁၂ လီတာ၊ (ခ) ၃ + ၃ = ၆ အဖြေ ၆ လီတာ
(ဂ) ၁၂ − ၆ = ၆ အဖြေ ၆ လီတာ၊ (ဃ) ၅ + ၄ = ၉ အဖြေ ၉ လီတာ
(င) ၉ − ၆ = ၃ အဖြေ ၃ လီတာ

ဖြည့်စွက်ရှင်းလင်းချက်

အလျားဖြစ်ရပ်တွင်ကဲ့သို့ ထုထည်ကို ရွှေ့ပြောင်းခြင်းဖြင့် အပြောင်းအလဲမရှိနိုင်ကြောင်း၊ ထုထည်ကို နှစ်ခုပေါင်းခြင်း၊ နုတ်ခြင်း ပြုလုပ်နိုင်ကြောင်း ကလေးများ သင်ယူကြသည်။ ခြင်ခွက်များထဲမှ ရေကို အသုံးပြုသည့် အောက်ပါလက်တွေ့ လုပ်ငန်းတွင် စံယူနစ်ဖြင့် ထုထည်ကို ပေါင်းခြင်း၊ နုတ်ခြင်းကို တွေ့နိုင်သည်။

(၁)



၂ လီတာ ၃ လီတာ ၅ လီတာ

၂ လီတာနှင့် ၃ လီတာကို ပေါင်းခြင်းဖြင့် ၅ လီတာရသည်။

(၂)



၅ လီတာ ၃ လီတာ ၂ လီတာ

၅ လီတာမှ ၃ လီတာ နုတ်လျှင် ၂ လီတာ ရသည်။

DBL Box - Copyright Protected

အခန်း ၁၉ ဘယ်ဟာက ပိုလေးသလဲ

ရည်ရွယ်ချက်

သင်ရိုးညွှန်းတမ်းတွင် ဤအခန်းအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ချမှတ်ထားသည်။

အတန်းအလိုက်ရည်ရွယ်ချက်

၂. ၁၀။ အရာဝတ္ထုများ၏ အလေးချိန်ကို နှိုင်းယှဉ်တတ်ရန်၊

အခန်းအလိုက်ရည်ရွယ်ချက်

၂. ၁၀. ၁. ၁။ မည်သည့်ပစ္စည်းက ပိုလေးသည်ကို နှိုင်းယှဉ်တတ်ရန်၊

စာသင်ချိန်

- ၄ ချိန်

သင်ကြားရေးအတွက်လမ်းညွှန်ချက်

အောက်ပါဇယားသည် သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ကိုပြထားသည်။ ဤဇယားတွင် ပါရှိသောလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဆရာများသည် ကလေးများကိုကူညီပံ့ပိုးပေးပြီး ဇယားတွင်ဖော်ပြထားသော စံများကိုအခြေခံ၍ အကဲဖြတ်ရမည်။

သင်ကြားသင်ယူမှုနှင့်အကဲဖြတ်မှုအစီအစဉ်ပြဇယား

စာသင်ချိန်	သင်ယူမှုဦးတည်ချက်	စာသင်ချိန်အသီးသီးရှိလုပ်ငန်းများ	အကဲဖြတ်ရမည့်စံ
၁	၂ မျိုး သို့မဟုတ် ၂ မျိုး ထက်ပိုသော ပစ္စည်းများကို လက်ဖြင့် နှိုင်းယှဉ်တတ်ရန်၊	• ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသော ပစ္စည်းများ လေးခြင်း၊ ပေါ့ခြင်း၊ ညီခြင်းကို လက်ဖြင့် မှန်းဆခြင်း၊	• ကလေးများသည် ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသော ပစ္စည်းများ လေးခြင်း၊ ပေါ့ခြင်း၊ ညီခြင်းကို လက်ဖြင့် မှန်းဆတတ်မည်။
၂	၂ မျိုး သို့မဟုတ် ၂ မျိုး ထက်ပိုသော ပစ္စည်းများကို ချိန်ခွင်ဖြင့် နှိုင်းယှဉ်တတ်ရန်၊	• ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသော ပစ္စည်းများ လေးခြင်း၊ ပေါ့ခြင်း၊ ညီခြင်းကို ချိန်ခွင်အသုံးပြုပြီး နှိုင်းယှဉ်ခြင်း၊	• ကလေးများသည် ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသောပစ္စည်းများ လေးခြင်း၊ ပေါ့ခြင်း၊ ညီခြင်းကို ချိန်ခွင်အသုံးပြုပြီး နှိုင်းယှဉ်တတ်မည်။
၃	၂ မျိုး သို့မဟုတ် ၂ မျိုး ထက်ပိုသော ပစ္စည်းများကို ချိန်ခွင်ဖြင့် နှိုင်းယှဉ်တတ်ရန်၊	• အလေးဆုံးပစ္စည်း၊ အပေါ့ဆုံးပစ္စည်းများကို ချိန်ခွင်ပုံလေ့လာပြီး ရှာခြင်း၊	• ကလေးများသည် အလေးဆုံးပစ္စည်း၊ အပေါ့ဆုံးပစ္စည်းများကို ချိန်ခွင်ပုံလေ့လာပြီး ရှာတတ်မည်။
၄	အလေးချိန်နှိုင်းယှဉ်ခြင်း ဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းတတ်ရန်၊	• အလေးချိန်နှိုင်းယှဉ်ခြင်း ဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း၊	• ကလေးများသည် အလေးချိန်နှိုင်းယှဉ်ခြင်း ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းနိုင်မည်။

ဤအခန်းအတွက်သိပြီးအသိပညာ

ဤအခန်းတွင် ကလေးများသည် အလေးချိန်ကို ပထမဆုံးအကြိမ် သင်ယူခြင်းဖြစ်သည်။ သို့သော် ဤအခန်းမတိုင်မီ အလျားတိုင်းတာခြင်းကို တိုင်းတာမှုတစ်ခုအနေဖြင့် သင်ယူခဲ့သည်။

DBE Box – Copyright Protected

သင်ကြားသင်ယူရမည့်အချက်များ

ပစ္စည်းများ၏အလေးချိန်ကို အမြင်အားဖြင့် ဆုံးဖြတ်၍မရနိုင်သည့်အတွက် အလျား၊ ထုထည်နှင့်နှိုင်းယှဉ်လျှင် အလေးချိန်သည် ဒုတိယတန်း ကလေးများအတွက် ပိုမိုခက်ခဲပုံရသည်။ ဥပမာ၊ ပုံတွင်ပြထားသည့်အတိုင်း ကျောက်ခဲသည် ပေါင်မုန့်အောက် အရွယ်သေးငယ်သော်လည်း အလေးချိန်ပိုနိုင်သည်။ ထို့ကြောင့် ကလေးများ အထက်ပါအချက်ကို သေချာစွာနားလည်စေရန် ဆရာက သင်ကြားရမည်ဖြစ်သည်။



ကျောက်ခဲသည် ပေါင်မုန့်ထက် အရွယ်ငယ်သော်လည်း ပိုမို လေးသည်။

ဤအခန်းတွင် ကလေးများသည် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ပစ္စည်းများ၏ အလေးချိန်ကို နှိုင်းယှဉ်ကြမည် ဖြစ်သည်။

အလေးချိန်ကို ချိန်ခွင်အသုံးပြုပြီး နှိုင်းယှဉ်ခြင်း

ပစ္စည်းများ၏အလေးချိန်ကို နှိုင်းယှဉ်ရန် ချိန်ခွင်ကို အသုံးပြုတတ်ရန် အရေးကြီးလှပေသည်။ သို့သော် ကလေးများအတွက် ချိန်ခွင်ကို လုံလောက်စွာ ပေးရန်အခက်အခဲရှိနိုင်သည်။ ဤကဲ့သို့သော အခြေအနေတွင် ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သော ပစ္စည်းများဖြင့် ရိုးရှင်းသောချိန်ခွင်များကို ပြုလုပ်နိုင်သည်။





အလွယ်တကူရရှိနိုင်သောပစ္စည်းများဖြင့် ပြုလုပ်ထားသော ချိန်ခွင်တစ်ခုကို နမူနာအဖြစ် ပုံတွင်ပြထားသည်။ ဤချိန်ခွင်ကို ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်သော ပလတ်စတစ်ခွက်၊ သစ်သားချောင်း၊ ပလတ်စတစ်ကြိုးနှင့် ကလစ်စသည့်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ ထို့အပြင်၊ ဤအဆင့်တွင် ပစ္စည်းများ၏ အလေးချိန်ကို နှိုင်းယှဉ်ရန် ဤချိန်ခွင်သည် တိကျလုံလောက်မှု ရှိပေသည်။

ဤအဆင့်တွင် ကလေးများအတွက် ပိုအရေးကြီးသည်မှာ ချိန်ခွင်၏ သဘောကို နားလည်ရန် (ဥပမာ၊ ပိုလေးသည့်ဘက်က အောက်သို့ နိမ့်ကျသွားသည်နှင့် ချိန်ခွင်သုံးပြီး အလေးချိန်ကို နှိုင်းယှဉ်တတ်ရန် ဖြစ်သည်။)

လေ့ကျင့်ခန်း၏ အဖြေများ (စာသင်ချိန် ၄)

၁။ အလေးဆုံးသည် အာလူးဖြစ်သည်။
အပေါ့ဆုံးသည် သခွားသီးဖြစ်သည်။

၂။ အလေးဆုံးသည် ခဲဖျက်ဖြစ်သည်။

၃။ ဂေါ်ဖီထုပ်သည် ဘူးသီးထက်ပိုလေးသည်။

DBE Box_Copyright Protected

၁၉ ဘယ်ဟာက ပိုလေးသလဲ



၁ **စာသင်ခန်းထဲက ပစ္စည်းတွေကို ရှာပြီး ပစ္စည်းတစ်ခုစီကို လက်တစ်ဖက်စီပေါ်မှာ တင်ထားကြည့်ပါ။**

(က) ဘယ်ဟာက ပိုလေးသလဲ။

(ခ) စာသင်ခန်းထဲက ဘယ်ပစ္စည်းက အလေးဆုံးဖြစ်သလဲ။

၂ ဘယ်ပစ္စည်းတွေက အလေးချိန်တူတယ် ထင်ရသလဲ။ စာသင်ခန်းထဲမှာတွေ့ရတဲ့ ပစ္စည်းတွေကို နှိုင်းယှဉ်ကြမယ်။

ဖြည့်စွက်ရှင်းလင်းချက်

သင်ခန်းစာ (၁) နှင့် (၂) ပါ အဓိကမေးခွန်း (၁) နှင့် (၂)၏ ရလဒ်များကို အောက်ဖော်ပြပါ ဇယားသုံးပြီး မှတ်တမ်းတင်ထားလျှင် များစွာထိရောက်သည်။ ဤနည်းအားဖြင့် ရလဒ်များနှင့် ကွာဟချက်များကို ကလေးများ အလွယ်တကူ နှိုင်းယှဉ်နိုင်မည်။

နှိုင်းယှဉ်သော ပစ္စည်းများ	လက်အသုံးပြု၍ ခန့်မှန်းလျှင် ပိုလေးသောပစ္စည်း	ချိန်ခွင် အသုံးပြု၍ နှိုင်းယှဉ်လျှင် ပိုလေးသော ပစ္စည်း
ကတ်ကြေးနှင့် ပေတံ	ကတ်ကြေး	ကတ်ကြေး
ဘောပင်နှင့် ကတ်ကြေး	ကတ်ကြေး	ကတ်ကြေး
ခဲဖျက်နှင့် ကတ်ကြေး	ကတ်ကြေး	ခဲဖျက်
ကတ်ကြေးနှင့် လေ့ကျင့်ခန်းစာအုပ်	လေ့ကျင့်ခန်းစာအုပ်	လေ့ကျင့်ခန်းစာအုပ်
ခဲဖျက်နှင့် လေ့ကျင့်ခန်းစာအုပ်	လေ့ကျင့်ခန်းစာအုပ်	လေ့ကျင့်ခန်းစာအုပ်

ထို့ပြင် နှိုင်းယှဉ်ချက်အသီးသီးတွင် တွေ့ရသော အလေးဆုံးပစ္စည်းများကိုလည်း နှိုင်းယှဉ်ပါ။

စာသင်ချိန် ၁

သင်ယူမှုဦးတည်ချက်

- ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသော ပစ္စည်းများ၏ အလေးချိန်ကို နှိုင်းယှဉ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- စာရေးကိရိယာများကတ်ကြေး၊ (စာသင်ခန်းတွင်းရှိ အခြားချိန်ဆရန် လွယ်ကူသော ပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ စာသင်ခန်းအတွင်းရှိ ပစ္စည်း ၂ မျိုးကို လွှေးချယ်ပြီး အောက်ပါမေးခွန်းများကို မေးပါ။

- ဘယ်ဟာက ပိုလေးသလဲ။
- ဘယ်ဟာက ပေါ့သလဲ။
- ဘယ်လို နှိုင်းယှဉ်မလဲ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လက်တစ်ဖက်စီတွင် ပစ္စည်းတစ်ခုစီထားပြီး နှိုင်းယှဉ်လျှင် မည်သည်က လေးသည်၊ ပေါ့သည်ကို မှန်းဆနိုင်ကြောင်း ကလေးများ သိပါစေ။

၂။ ပစ္စည်းများကို လက်နှစ်ဖက်ပေါ်တွင် ထား၍ နှိုင်းယှဉ်ပြီး မည်သည်ကပိုလေးသည်ကို နှစ်ယောက်တစ်တွဲစီပြောပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ကလေးများ၏ ခန့်မှန်းချက်များကို သင်ခန်းစာ (၂) အတွက် မှတ်တမ်းတင်ထားပါ။

➔ "ပိုလေးသည်" အစား "အောက်ပေါ့သည်"ကို သုံးပြီးပြောပါစေ။ (ခဲတံက ပေတံထက် ပိုလေးတယ် သို့မဟုတ် ပေတံက ခဲတံအောက်ပေါ့တယ်)

၃။ မေးခွန်း(၁)အတွက် စာသင်ခန်းရှိ ပစ္စည်းများကို နှိုင်းယှဉ်စေပြီး ဘယ်ပစ္စည်းများက အလေးချိန်တူတယ် ထင်ရသလဲဟု မေးပါ။ (အုပ်စုအသီးသီးရှိ ကလေးများလုပ်ငန်းတွင်ပါဝင်နိုင်ရန် ဆရာက စီစဉ်ရမည်။)

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို ကလေးများ အားလုံး နှိုင်းယှဉ်ပါစေ။

➔ အလေးချိန်တူတယ်ဟုထင်ရသော ပစ္စည်းများကို အုပ်စုအသီးသီးက မှတ်ထားစေပြီး တစ်တန်းလုံး မျှဝေပါစေ။

၄။ သင်ယူခဲ့သည်များကိုမေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

စာသင်ချိန် ၂

သင်ယူမှုဦးတည်ချက်

- ၂ မျိုး သို့မဟုတ် ၂ မျိုးထက်ပိုသော ပစ္စည်းများ၏ အလေးချိန်ကို ချိန်ခွင်ဖြင့် နှိုင်းယှဉ်တတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ချိန်ခွင်၊ စာရေးကိရိယာ၊ ကတ်ကြေး၊ မင်ဖျက်ဆေး (စာသင်ခန်းအတွင်းရှိ အခြားချိန်ဆရန် လွယ်ကူသော ပစ္စည်းများကိုလည်း အသုံးပြုနိုင်သည်။)

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ စာသင်ချိန်(၁)တွင် ပြုလုပ်ခဲ့သော လေးခြင်း၊ ပေါ့ခြင်းများအား ခန့်မှန်းခြင်းကို ကလေးများ ပြန်သတိရပါစေ။

၂။ ချိန်ခွင်ကို မိတ်ဆက်ပေးပြီး ပစ္စည်း ၂ ခု၏လေးခြင်း၊ ပေါ့ခြင်းကို ချိန်ခွင်သုံးပြီး မည်သို့နှိုင်းယှဉ်ရမည်ကို တစ်တန်းလုံးကို ရှင်းပြပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများ၏ လေးခြင်း၊ ပေါ့ခြင်းကို လက်တွေ့ နှိုင်းယှဉ်ပြပြီး ချိန်ခွင်ကို မည်သို့အသုံးပြုရမည်ကို ပြပါ။

၃။အဓိကမေးခွန်း (၂) ကို ဖြေရှင်းပါစေ။ ကလေးအုပ်စု အသီးသီးကို ချိန်ခွင်များပေးပါ။ ယခင်သင်ခန်းစာတွင် အသုံးပြုခဲ့သော ပစ္စည်းများကို ချိန်ခွင်ဖြင့် ချိန်တွယ်ပါစေ။ ကလေးများအား နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ချိန်ခွင်အသုံးပြုမှုသာ ပစ္စည်းများ၏ လေးခြင်း၊ ပေါ့ခြင်းကို အတိအကျ နှိုင်းယှဉ်နိုင်မည်ဆိုသည့် အချက်ကို အလေးအနက်ပြုပါ။

၄။ မေးခွန်း (၂) နှင့် (၃) ကို အုပ်စုလိုက် လုပ်ဆောင်ပါစေ။ တွေ့ရှိချက်ကို တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ လေးခြင်း၊ ပေါ့ခြင်းတူလျှင် ချိန်ခွင်ဘောင်သည် ရေပြင်ညီအနေအထားတွင် ရှိသည်ကို သတိပြုမိပါစေ။

၅။ သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

၂ စာသင်ခန်းထဲမှာတွေ့ရတဲ့ပစ္စည်းတွေကို နှိုင်းယှဉ်ဖို့ ချိန်ခွင်ကိုသုံးကြမယ်။



(က) ဘယ်ပစ္စည်းကပိုလေးသလဲ။

(ခ) စာသင်ခန်းထဲမှာ ဘယ်ပစ္စည်းက အလေးဆုံးလဲ။

(ဂ) ရလာတဲ့အဖြေက ရှေ့စာမျက်နှာမှာ ထင်ခဲ့တဲ့အတိုင်းပဲလား။



ဘယ်ပစ္စည်းတွေက အလေးချိန်တူသလဲ။ စာသင်ခန်းထဲမှာတွေ့ရတဲ့ ပစ္စည်းတွေကိုနှိုင်းယှဉ်ဖို့ ချိန်ခွင်ကိုအသုံးပြုပါ။ ရလာတဲ့အဖြေက ရှေ့စာမျက်နှာမှာ ထင်ခဲ့တဲ့အတိုင်းပဲလား။



အိမ်ကပစ္စည်းတစ်ခုကို ယူလာပြီး ဘယ်သူ့ရဲ့ပစ္စည်းက ပိုလေးတယ်၊ ဘယ်သူတွေရဲ့ပစ္စည်းက အလေးချိန်တူတယ်ဆိုတာ နှိုင်းယှဉ်ဖို့ ချိန်ခွင်ကို အသုံးပြုပါ။

ဖြည့်စွက်လေ့ကျင့်ခန်းများ

မေးခွန်း၊ ပုံတစ်ပုံစီကို ကြည့်ပြီး ကွက်လပ်ဖြည့်ပါ။

(က) ခဲတံနှင့် ရောင်စုံဖယောင်းတောင့်

ဖယောင်း သည် ခဲတံ ထက် ပိုလေးသည်။

ခဲတံ သည် ဖယောင်း အောက် ပေါ့သည်။



(ခ) ခဲတံနှင့် ခဲဖျက်

ခဲဖျက် သည် ခဲတံ ထက် ပိုလေးသည်။

ခဲတံ သည် ခဲဖျက် အောက် ပေါ့သည်။



(ဂ) ခဲဖျက်နှင့် ရောင်စုံဖယောင်း

ဖယောင်း သည် ခဲဖျက် ထက် ပိုလေးသည်။

ခဲဖျက် သည် ဖယောင်း အောက် ပေါ့သည်။



(ဃ) ဖယောင်း သည် အလေးဆုံးနှင့် ခဲတံ သည်အပေါ့ဆုံး ဖြစ်သည်။

DBE Box – Copyright Protected

၁ ခရမ်းချဉ်သီးတစ်လုံး၊ သခွားသီးတစ်လုံးနဲ့ ပန်းသီးတစ်လုံး နှိုင်းယှဉ်ခဲ့တယ်။ အောက်ကပုံတွေကို ကြည့်ရအောင်။ ဘယ်အသီးက အလေးဆုံးလဲ။



၂ အမျိုးအစားမတူတဲ့ အသီး ၄ မျိုးရဲ့ အလေးချိန်ကို နှိုင်းယှဉ်ခဲ့တယ်။ အောက်ကပုံတွေကိုကြည့်ပြီး ဘယ်အသီးက အပေါ့ဆုံးဖြစ်သလဲရှာကြည့်ပါ။



၃ အမျိုးအစားမတူတဲ့ အသီး ၅ မျိုးဖြစ်တဲ့ သရက်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ငှက်ပျောသီးနဲ့ နဂါးမောက်သီးတွေရဲ့ အလေးချိန်ကို နှိုင်းယှဉ်ခဲ့တယ်။ အောက်ကပုံတွေကိုကြည့်ပြီး အသီးတွေကို ပေါ့ရာက လေးရာကို စီပါ။



လိမ္မော်သီး၊ ငှက်ပျောသီး၊ နဂါးမောက်သီး၊ ပန်းသီး၊ သရက်သီး

မေးခွန်း (၄) အား ရှင်းပြပုံ

မေးခွန်း (၄) အား အောက်ဖော်ပြပါအတိုင်း လွယ်ကူသောနည်းဖြင့် ရှင်းပြနိုင်သည်။ ပေါ့သည့်ပစ္စည်းကို ဘယ်ဘက်တွင် ထားခြင်း၊ လေးသည့်ပစ္စည်းကို ညာဘက်တွင် ထားခြင်း စသည့်နည်းကို အသုံးပြုပါ။ အခြားမေးခွန်းများကိုလည်း အလားတူ ရှင်းပြနိုင်သည်။



စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- အလေးဆုံးပစ္စည်းနှင့် အပေါ့ဆုံးပစ္စည်းများကို ရှာတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ကျောင်းသုံးစာအုပ်ပါ ပုံများ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ လေးခြင်း၊ ပေါ့ခြင်းများကို ချိန်ခွင်အသုံးပြုပြီး မည်သို့နှိုင်းယှဉ်ရမည်ကို ကလေးများ ပြန်လည် သတိရပါစေ။

၂။ အဓိကမေးခွန်း(၃)ကို တစ်ဦးချင်းဖတ်စေပြီး ဦးစွာဖြေရှင်းပါစေ။ ထို့နောက် နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို အပေါ့ဆုံးမှ အလေးဆုံးသို့ စီရန် သေချာရှင်းပြပါ။ (အောက်မှ လေးထောင့်ကွက်တွင် ကြည့်ပါ။)

၃။ မေးခွန်း (၄) ကို တစ်ဦးချင်းစီ ဦးစွာလုပ်ဆောင်ပါစေ။ တွေ့ရှိချက်ကို နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို အပေါ့ဆုံးမှ အလေးဆုံးသို့ အထက်ပါနည်းအတိုင်း မှန်ကန်စွာစီနိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၄။ ခက်ခဲသောမေးခွန်းကို တစ်ဦးချင်းစီ ဦးစွာဖြေရှင်းပါစေ။ တွေ့ရှိချက်ကို နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပြီး တစ်တန်းလုံး မျှဝေပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ပစ္စည်းများကို အပေါ့ဆုံးမှ အလေးဆုံးသို့ အထက်ပါနည်းအတိုင်း မှန်ကန်စွာ စီနိုင်ခြင်းရှိမရှိ စစ်ဆေးပါ။

၅။ သင်ယူခဲ့သည်များကို မေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

DBE Box – Copyright Protected

ပြန်လှန်လေ့ကျင့်ခန်းများ၏ အဖြေများ

အခန်း (၆) ပြန်လှန်လေ့ကျင့်ခန်း ၁ ၏ အဖြေများ

၁။ (က) ပထမတန်းတွင် ဝ ၆ လုံး ၊ ဒုတိယတန်း ၅ လုံး ၊ တတိယတန်း ၂ လုံး ၊ စတုတ္ထတန်း ၈ လုံး နှင့် ပဉ္စမတန်း ၃ လုံးဆွဲရန်
(ခ) စတုတ္ထတန်း (ဂ) ၃ ယောက် (ဃ) ပထမတန်း

၂။ ၆ နာရီ ၄၃ မိနစ် ၊ ၇ နာရီ ၁၆ မိနစ်
(က) ၃၃ မိနစ် (ခ) ၆ နာရီ ၅၈ မိနစ် (ဂ) ၄ နာရီ ၁၆ မိနစ်

၃။ (က) ၆၈ (ခ) ၆၂ (ဂ) ၉၇ (ဃ) ၄၂

၄။ ၂၆ + ၂၉ = ၅၅ အဖြေ ၅၅ မိနစ်

၅။ (က) ၂၃ (ခ) ၂၅ (ဂ) ၄၈ (ဃ) ၈၆

၆။ ၃၂ – ၂၃ = ၉ အဖြေ ၉ မျက်နှာ

၇။ (က) ၃၀ (ခ) ၈၃ (ဂ) ၃၈ (ဃ) ၈၉

၈။ (၄၀ + ၃၀) ⟶ (၈၀ – ၁၀) ⟶ (၉၀ – ၂၀) ⟶ (၉၅ – ၂၅) ⟶ (၇၅ – ၅) ⟶ (၃၅ + ၃၅)

အခန်း (၁၂) ပြန်လှန်လေ့ကျင့်ခန်း ၂ ၏ အဖြေများ

၁။ (က) ၇ စင်တီမီတာ ၈ မီလီမီတာ ၊ ၇၈ မီလီမီတာ (ခ) ၆ စင်တီမီတာ ၆ မီလီမီတာ ၊ ၆၆ မီလီမီတာ

၂။ (က) ၁၁ စင်တီမီတာ ၇ မီလီမီတာ မျဉ်း ၊ (ခ) ၁၅ စင်တီမီတာ မျဉ်း

၃။ (က) ၈ စင်တီမီတာ ၄ မီလီမီတာ (ခ) ၂၀ စင်တီမီတာ ၁ မီလီမီတာ (ဂ) ၈ စင်တီမီတာ ၅ မီလီမီတာ (ဃ) ၆ စင်တီမီတာ ၉ မီလီမီတာ

၄။ ၁၅ စင်တီမီတာ ၆ မီလီမီတာ

၅။ ၁၇ စင်တီမီတာ ၇ မီလီမီတာ - ၉ စင်တီမီတာ ၈ မီလီမီတာ = ၇ စင်တီမီတာ ၉ မီလီမီတာ

၆။ (က) တစ်ရာနှစ်ဆယ့်သုံး (ခ) လေးငါးဆယ့်ခြောက် (ဂ) ရှစ်ရာ့တစ်ဆယ် (ဃ) ငါးရာ့ခုနစ် (င) ကိုးရာ

၇။ (က) ၂၃၇ (ခ) ၆၀၅ (ဂ) ၈၁၀ (ဃ) ၅၀၀

၈။ (က) ၃၅၀ (ခ) ၇၂၀ (ဂ) ၅၀၀ (ဃ) ၃၄

၉။ (က) ၉၀ ၊ ၂၂၀ ၊ ၃၆၀ ၊ ၅၉၀ ၊ ၇၄၀ ၊ ၉၁၀ ၊ ၈၉၃ ၊ ၈၉၇ (ခ) ၉၀ ၊ ၂၂၀ ၊ ၃၆၀ (ဂ) ၅၁၀ ၊ ၄၉၀ (ဃ) ၉၀၀

၁၀။ ၆၈၉ ၊ ၇၇၂ ၊ ၈၀၇

၁၁။ (က) ၁၁၇ (ခ) ၆၉၂ (ဂ) ၅၁၆ (ဃ) ၆၄၇ (င) ၇၂၇ (စ) ၆၃၀ (ဆ) ၂၀၀ (ဇ) ၆၀၂

၁၂။ ၃၃၅ + ၂၆၆ = ၆၀၁ အဖြေ ၆၀၁ ယောက်

၁၃။ (က) ၆၆ (ခ) ၉ (ဂ) ၅၁၈ (ဃ) ၃၀၆ (င) ၆၉၆ (စ) ၅၉၁ (ဆ) ၃၇၆ (ဇ) ၇၉၃

၁၄။ ၄၁ – ၁၃ = ၂၈ အဖြေ ၂၈ ခု

၁၅။ ၃၆ – ၂၇ = ၉ အဖြေ ၉ စင်တီမီတာ

(က) ၄ (ခ) ၂၅ (ဂ) ၂၅ (ဃ) ၄၂

အခန်း (၁၅) ပြန်လှန်လေ့ကျင့်ခန်း ၃ ၏ အဖြေများ

၁။ တြိဂံ - (က) (င) ၊ စတုဂံပုံ - (ခ) (ဃ)

၂။ ထောင့်မှန်စတုဂံ - က ၊ ဂ ၊ စတုရန်း - င

၃။ ပေးထားသောအနားများသုံး၍ စတုရန်းပုံများ မှန်ကန်စွာဆွဲသားရန်

၄။ (က) ပေးထားသော ထောင့်မှန်တြိဂံ ၂ ခုကို အသုံးပြု၍ စတုရန်းပုံတစ်ခုပြုလုပ်ရန်



DBE Box - Copyright Protected

(ခ) ပေးထားသော ထောင့်မှန်တြိဂံ ၄ ခုကို အသုံးပြု၍ စတုရန်းပုံတစ်ခုပြုလုပ်ရန်



(ဂ)ပေးထားသောထောင့်မှန်တြိဂံ ၈ ခုကို အသုံးပြု၍ စတုရန်းပုံတစ်ခုပြုလုပ်ရန်



၅။ (က) ၁၂ (ခ) ၁၅ (ဂ) ၅၆ (ဃ) ၆၀ (င) ၉
(စ) ၁၆ (ဆ) ၂၈ (ဇ) ၄၀ (ဈ) ၈ (ည) ၁၄

၆။ (က) ၉ (ခ) ၆

၇။ (က) ၂ × ၈ ၊ ၄ × ၄ ၊ ၈ × ၂ (ခ) ၃ × ၁၀ ၊ ၁၀ × ၃ ၊ ၅ × ၆ ၊ ၆ × ၅

၈။ ၅ × ၃ = ၃၅ အဖြေ ၃၅ ယောက်

၉။ ၆ × ၈ = ၄၈ အဖြေ ၄၈ လုံး

၁၀။ ၄ × ၉ = ၃၆ အဖြေ ၃၆ စင်တီမီတာ

အခန်း (၂၀) ပြန်လှန်လေ့ကျင့်ခန်း ၄ ၏ အဖြေများ

၁။ (က) ၄၀၀ (ခ) ၇ မီတာ (ဂ) ၅၀၆ စင်တီမီတာ (ဃ) ၆ မီတာ ၄၉ စင်တီမီတာ

၂။ ၉၇ စင်တီမီတာ ၊ ၁ မီတာ ၃ စင်တီမီတာ ၊ ၁၀၈ စင်တီမီတာ

၃။ (က) ၁ မီတာ ၁၀ စင်တီမီတာ – ၈၀ စင်တီမီတာ = ၃၀ စင်တီမီတာ
(ခ) အနီရောင်က ပိုရှည်သည်။

၄။ (က) ၂ မီတာ ၈၅ စင်တီမီတာ (ခ) ၆ မီတာ ၂၈ စင်တီမီတာ (ဂ) ၃ မီတာ ၆၀ စင်တီမီတာ (ဃ) ၈၁ စင်တီမီတာ

၅။ ၁၅ ÷ ၃ = ၅ အဖြေ ၅ လုံး

၆။ ၅၆ ÷ ၈ = ၇ အဖြေ ၇ ယောက်

၇။ ၆၃ ÷ ၇ = ၉ အဖြေ ၉ ဆ

၈။ (ခ) ၊ (ဃ)

၉။ (က) ၃ + ၅ = ၈ အဖြေ ၈ လီတာ
(ခ) ရေပုံးက ပိုဝင်ဆံ့သည်။
၅ – ၃ = ၂ အဖြေ ၂ လီတာ

၁၀။ (က) ၃၂ လီတာ (ခ) ၁၉ လီတာ

၁၁။ အလေးဆုံးမှ အပေါ့ဆုံးမှာ - စာအုပ် ၊ ခဲဖျက် ၊ ဘောပင် ၊ ခဲတံ

DBE Box—Copyright Protected

သင်္ချာဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း

ကလေးများအတွက် အကျိုးဖြစ်ထွန်းစေမည့် ထိရောက်သည့် သင်ခန်းစာဖြစ်ရန် ဆရာများသည် သင်ခန်းစာ၏အဆင့်တိုင်းတွင် ကလေးများ၏နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။ ကလေးများ၏နားလည်မှုကိုတိုးမြှင့်ရန်အတွက် သင်ခန်းစာကို ပိုမိုကောင်းမွန်စေရန် ဆရာများသည် အခန်းများ၏ အလယ်နှင့်အဆုံးတွင် ကလေးများ၏ နားလည်မှုကို စစ်ဆေးအကဲဖြတ်ရမည်။ ပိုင်းခြားထားသော စာသင်ကာလနှင့် နှစ်ဆုံးတွင် ကလေးများ၏ပေါက်မြောက်အောင်မြင်မှုကို ဆရာများသည် စစ်ဆေးအကဲဖြတ်၍ ကလေးများကို ပြုပြင်ပေးနိုင်ပြီး သင်ခန်းစာများကိုလည်း ပိုမိုကောင်းမွန်အောင်ပြုပြင်နိုင်မည် ဖြစ်သည်။

ကလေးများ၏နားလည်မှု သို့မဟုတ် ပေါက်မြောက်အောင်မြင်မှုကို အကဲဖြတ်ရန်အတွက် ဆရာက နှုတ်ဖြေစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း စသည့် နည်းလမ်းအမျိုးမျိုးကို အသုံးပြုရန်လိုသည်။ ထိုစစ်ဆေးအကဲဖြတ်ပုံများသည် အောက်ပါဇယားတွင် ပြထားသည့်အတိုင်း "မှတ်မိခြင်း"၊ "နားလည်ခြင်း"နှင့် "အသုံးချခြင်း" စသည့် သိမှုဖြစ်စဉ်အဆင့်များအပေါ် အခြေခံရန်လိုသည်။

သိမှုဖြစ်စဉ် နယ်ပယ်များပြဇယား

သိမှုဖြစ်စဉ်		
မှတ်မိခြင်း	**နားလည်ခြင်း**	**အသုံးချခြင်း**
မှတ်မိသည်	အနက်အဓိပ္ပာယ်ဖွင့်ဆိုသည်	အဆင့်ဆင့်တွက်ချက်သည်
ဥပမာပေးသည်	အကောင်အထည်ဖော်သည်	
ပြန်မှတ်မိသည်	အမျိုးအစားခွဲသည်	
	အကျဉ်းချုပ်သည်	
	သွယ်ဝိုက်ညွှန်းဆိုသည်	
	နှိုင်းယှဉ်သည်	
	ရှင်းပြသည်	

ရည်ညွှန်းကိုးကားချက်၊ Anderson and Krathwohl (2001), "A Taxonomy for Learning, Teaching, and Assessing: A Revision of Bloom's Taxonomy of Educational Objectives"

သိမှုဖြစ်စဉ်အသီးသီးရှိ ကြိယာများနှင့်သက်ဆိုင်သော နမူနာမေးခွန်းများကို အောက်တွင်ဖော်ပြထားသည်။

၁။ မှတ်မိခြင်း

ကြိယာ	မေးခွန်းနမူနာ
မှတ်မိသည်	မည်သည့်ပုံသည် တြိဂံဖြစ်သနည်း။ (က) (ခ) (ဂ) 
မှတ်မိရန်ပြန်တွေးသည်	တစ်နာရီတွင် မိနစ်မည်မျှရှိသနည်း။ ("... က ဘာလဲ"ဟု ရေးထားသော မေးခွန်းများသည် ဤအမျိုးအစားထဲတွင် ပါဝင်သည်)

၂။ နားလည်ခြင်း

ကြိယာ	မေးခွန်းနမူနာ

အနက်အဓိပ္ပာယ်ဖော်သည်

စိုးစိုးခြံဝင်းထဲရှိ အပင်အရေအတွက်ကို အောက်ကဇယားမှာ ပြထားသည်။
မည်သည့်အပင်က အများဆုံးဖြစ်သနည်း။

အပင်	ပဲပင်	ကြက်သွန်ပင်	ချဉ်ပေါင်ပင်	ခရမ်းပင်
အရေအတွက်	၆	၄	၃	၅

ဥပမာပေးသည်

၃ × ၄ အတွက် မေးခွန်းပြုလုပ်ပါ။

အမျိုးအစားခွဲသည်

အောက်ပါပုံများကို အနားအရေအတွက်ပေါ်မူတည်၍ အမျိုးအစားခွဲခြားပါ။



အကျဉ်းချုပ်သည်

(မူလတန်းအဆင့်တွင် ဤအမျိုးအစားမေးခွန်း အနည်းငယ်သာ ရှိသည်)

ဆုံးဖြတ်ချက်ချသည်

ကွက်လပ်တွင် ကိန်းတစ်လုံးဖြည့်ပါ။

၅ ၊ ၁၀ ၊ ၁၅ ၊ ၂၀ ၊ ၂၅ ၊ ၃၀ ၊ ၃၅ ၊_____၊ ၄၅ ၊ ၅၀

နှိုင်းယှဉ်သည်

ကိန်းနှစ်ခုကို > သို့မဟုတ် < ထည့်ပြီး နှိုင်းယှဉ်ပါ။

၄၆၈ ◯ ၄၅၃

ရှင်းပြသည်

ညာဘက်ရှိပုံကို အသုံးပြုပြီး ၄ × ၅ နှင့်
၄ × ၃ တို့ကိုပေါင်းပြီး
၄ × ၈ ကို ရှာနိုင်ကြောင်း ရှင်းပြပါ။



၃။ အသုံးချခြင်း

ကြိယာ	မေးခွန်းနမူနာ

အဆင့်ဆင့်ဆောင်ရွက်ခြင်း

အောက်ပါတို့ကိုတွက်ပါ။
၁၂ စင်တီမီတာ ၆ မီလီမီတာ + ၅ စင်တီမီတာ ၂ မီလီမီတာ
(*ဖြေရှင်းဖူးသည့် ပုစ္ဆာများကို လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ရသောအခါ ထိုမေးခွန်းသည် အဆင့်ဆင့်ဆောင်ရွက်ခြင်း အမျိုးအစား ဖြစ်သည်)

အကောင်အထည်ဖော်ခြင်း

ဒုတိယတန်းတွင် ယောကျ်ားလေး ၁၅ ယောက်ရှိသည်။ ထိုအတန်းတွင် ယောကျ်ားလေးထက် မိန်းကလေးက ၁၉ ယောက်ပိုများသည်။ ကလေးစုစုပေါင်း မည်မျှရှိသနည်း။
(* ယခင်က မတွေ့ဖူးသည့်ပုစ္ဆာများကို လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ရသောအခါ ထိုမေးခွန်းသည် အကောင်အထည်ဖော်ခြင်း အမျိုးအစားဖြစ်သည်။)

အချပ်ဆိုရသော် ဆရာက ကလေးများ၏ နားလည်မှုနှင့် ပေါက်မြောက်အောင်မြင်မှုကို ကဏ္ဍတိုင်းတွင် အဆင့်အမျိုးမျိုးဖြင့် စစ်ဆေးအကဲဖြတ်ရန် လိုသည်။ ထို့ကြောင့် အထက်ပါအတိုင်း မေးခွန်းပုံစံအမျိုးမျိုးကိုအသုံးချရန် လိုသည်။ ဤနည်းဖြင့် ဆရာသည် ကလေးများ၏ အားသာချက်၊ အားနည်းချက်များကို ရှာဖွေနိုင်ပြီး နောင်တွင် ကလေးများ၏လုပ်ဆောင်မှုကိုတိုးမြှင့်ရန် ဆရာက ထိုအချက်များကို အသုံးပြုနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သင်္ချာ
ဒုတိယတန်း
ဆရာလမ်းညွှန်



DBE Box — Copyright Protected

၂၀၁၈– ၂၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သင်္ချာ
ဒုတိယတန်း
ဆရာလမ်းညွှန်

DBE Box – Copyright Protected

၂၀၁၈–၂၀၁၉

DBE Box – Copyright Protected







မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	အမှာစာ	၁
၂	ကျောင်းသုံးစာအုပ်၏ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ	၂
၃	ဆရာလမ်းညွှန်စာအုပ်၏ ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ	၄
၄	ဒုတိယတန်း သချိၤဘာသာ သင်ကြားချိန် ခွဲဝေဇယား(နမူနာ)	၆
၅	သချိၤဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း	၈
၆	သချိၤသင်ပြနည်း	၁၀
၇	ကျောင်းသုံးစာအုပ်ရှိ လိုအပ်သောအခန်းများအလိုက်လမ်းညွှန်ချက်များ	
၇. ၁	အခန်း ၁။ ဇယားနှင့်ဂရပ်များ	၁၇
၇. ၂	အခန်း ၂။ အချိန်နှင့် ကြာသောအချိန်	၂၄
၇. ၃	အခန်း ၃။ အပေါင်း သင်ခန်းစာ ၁	၂၈
၇. ၄	အခန်း ၄။ အနုတ် သင်ခန်းစာ ၁	၄၁
၇. ၅	အခန်း ၅။ အပေါင်း၊ အနုတ်ကို လွယ်သည့်နည်းဖြင့် တွက်ခြင်း	၅၄
၇. ၆	အခန်း ၆။ အလျားအတိုင်းအတာ သင်ခန်းစာ ၁	၅၇
၇. ၇	အခန်း ၈။ တစ်ထောင်အထိကိန်းများ	၆၆
၇. ၈	အခန်း ၉။ အပေါင်း သင်ခန်းစာ ၂	၇၀
၇. ၉	အခန်း ၁၀။ အနုတ် သင်ခန်းစာ ၂	၈၁
၇. ၁၀	အခန်း ၁၁။ ပုံများကိုအသုံးပြု၍ ပုစ္ဆာဖြေရှင်းခြင်း	၉၂
၇. ၁၁	အခန်း ၁၃။ တြိဂံများနှင့် စတုဂံများ	၁၀၀
၇. ၁၂	အခန်း ၁၄။ အမြောက်	၁၁၂
၇. ၁၃	အခန်း ၁၆။ အလျားအတိုင်းအတာ သင်ခန်းစာ ၂	၁၃၆
၇. ၁၄	အခန်း ၁၇။ အစား	၁၃၉
၇. ၁၅	အခန်း ၁၈။ ဘယ်ဟာက ထူထည်ပိုများသလဲ	၁၅၄
၇. ၁၆	အခန်း ၁၉။ ဘယ်ဟာက ပိုလေးသလဲ	၁၆၁
၇. ၁၇	ပြန်လှန်လေ့ကျင့်ခန်းများ၏ အဖြေများ	၁၆၆
၇. ၁၈	အထွေထွေလေ့ကျင့်ခန်း	၁၆၈

DBE Box – Copyright Protected

အမှာစာ

ဒုတိယတန်းသင်္ချာဘာသာ ကျောင်းသုံးစာအုပ်ပို့ချရာ၌ အထောက်အကူဖြစ်စေရန် ဤဆရာလမ်းညွှန်စာအုပ်ကို ဒုတိယတန်းသင်္ချာဘာသာ သင်ပြပို့ချသော ဆရာများအတွက် ပြုစုထားခြင်းဖြစ်ပါသည်။

ဆရာများသည် သင်ခန်းစာမသင်ကြားမီ သင်ကြားရမည့်သင်ခန်းစာနှင့် ဆက်စပ်သောခေါင်းစဉ်များအားလုံးကို အကျွမ်းတဝင်သိရှိရန် လိုအပ်ပါသည်။ ထို့ပြင် သင်ကြားမည့် သင်ခန်းစာတစ်ခုလုံးကို ခြုံငုံသုံးသပ်ရန် လိုအပ်ပါသည်။ ဆရာသည် သင်ခန်းစာသင်ကြားရေးအတွက် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ ပြင်ဆင်ရန်လည်း လိုအပ်ပါသည်။ ဤအချက်များကို ဆရာလမ်းညွှန်စာအုပ်တွင် ညွှန်ပြထားပါသည်။ အခက်အခဲရှိပါက သင်ပြသူဆရာအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။ မိမိတို့ ကျောင်း၏ အခြေအနေပေါ်မူတည်၍ ကလေးအရေအတွက်နှင့် သင်ထောက်ကူပစ္စည်း မျှတမှုရှိ မရှိကို ပြင်ဆင်ညှိနှိုင်းရန်လည်း လိုအပ်ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် ပါဝင်သောသင်ပြနည်းပုံစံများသည် ကလေးများကို သင်္ချာဆိုင်ရာ အယူအဆသဘောများ ပိုမိုနိုးကြွစေရန် လှုံ့ဆော်ပေးပါလိမ့်မည်။ သင်္ချာအမြင်၊ စာတွေ့လက်တွေ့ နှစ်ရပ်ကိုလည်း ပေါင်းစည်းသရုပ်ဖော်ထားပါသည်။

သင်္ချာဘာသာရပ်ဒုတိယတန်းကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်မူကြမ်းကို အခြေခံပညာမူလတန်းအဆင့် Curriculum Reform And Teacher Education (CREATE)၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးညွှန်းတမ်းဌာနခွဲ)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်္ချာဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီနှင့် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့တို့က အဆင့်ဆင့်တည်းဖြတ်ခဲ့ပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက နောက်ဆုံးအနေဖြင့် တည်းဖြတ်အတည်ပြုခဲ့ပါသည်။

ဤဆရာလမ်းညွှန်စာအုပ်သည် ပညာရေးကောလိပ်မှ သင်တန်းပို့ချသူများနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် အကျိုးပြုပါလိမ့်မည်။ အမှန်စင်စစ် ဤစာအုပ်သည် ပညာရေးနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအားလုံးအတွက် ရည်ညွှန်းပါသည်။

သင်္ချာဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီ

DBE Box – Copyright Protected

အတွေ့တွေ့လေ့ကျင့်ခန်း

၁။ (က) ၈၇ ဆယ်သည် မည်သည့်ကိန်း ဖြစ်သနည်း။ ၈၇၀

(ခ) ၁၀၀၀ အောက် ၁၀ လျော့သော ကိန်းသည် မည်သည့်ကိန်းဖြစ်သနည်း။ ၉၇၀

၂။ ၂၅၆၊ ၁၉၈၊ ၃၀၂၊ ၁၃၃ ကိန်းများ ပေးထားသည်။

(က) အကြီးဆုံးကိန်းမှ အငယ်ဆုံးကိန်းကို နုတ်ပါ။ ၃၀၂ − ၁၃၃ = ၁၆၉ အဖြေ ၁၆၉

(ခ) အကြီးဆုံးကိန်း၊ ဒုတိယအကြီးဆုံးကိန်းနှင့် တတိယအကြီးဆုံးကိန်းများကို ပေါင်းပါ။

၃၀၂ + ၂၅၆ + ၁၉၈ = ၇၅၆ အဖြေ ၇၅၆

၃။ ကွက်လပ်ဖြည့်ပါ။

(က)



(ခ)



၄။ အောက်ပါပုံများမှ ထောင့်မှန်တြိဂံပုံကို ရှာပါ။ (က)၊ (ဂ)၊ (ဃ)



DBE Box – Copyright Protected

၅။ ပုံ (က)နှင့် (ခ) တို့တွင် အနီရောင် အစက်မည်မျှရှိသနည်း။ ညီမျှခြင်းရေးပြီးဖြေပါ။

(က)



၄ × ၅ = ၂၀
၂ × ၁၀ = ၂၀
အဖြေ ၂၀

(ခ)



၅ × ၆ = ၃၀
သို့မဟုတ်
၆ × ၅ = ၃၀
အဖြေ ၃၀

၆။ အောက်ဖော်ပြပါ ရုပ်ပုံကားချပ် ၂ ခုကို ဆရာက သင်ပုန်းပေါ်တွင် ကပ်လိုသည်။ ဒေါင်လိုက် သို့မဟုတ် အလျားလိုက် မည်သည့်နည်းဖြင့် သင်ပုန်းပေါ်တွင် ကပ်နိုင်သနည်း။ အဘယ်ကြောင့်နည်း။



၇။ သကြားလုံး ၄၂ လုံးရှိသည်။ ကိုကိုက ပန်းကန်ပြား ၆ ချပ်တွင် သကြားလုံး အညီအမျှထည့်သည်။ ပန်းကန်ပြားတစ်ချပ်စီတွင် သကြားလုံး မည်မျှရှိမည်နည်း။

၄၂ ÷ ၆ = ၇ အဖြေ ၇ လုံး

၈။ ဘီစကွတ်မုန့် ၅၆ ခုရှိသည်။ ဆွေဆွေက သူငယ်ချင်းများကို ဘီစကွတ်မုန့် ၇ ခု စီပေးလိုသည်။ သူငယ်ချင်း မည်မျှရရှိမည်နည်း။

၅၆ ÷ ၇ = ၈ အဖြေ ၈ ယောက်

DBE Box - Copyright Protected

သချိ်ာသင်ပြနည်း

သချိ်ာသင်ပြနည်းသည် သင်ခန်းစာကောင်းများဖြစ်စေရန် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဤအပိုင်းတွင် သချိ်ာသင်ပြနည်း၏ ယေဘုယျ သဘောတရားအချို့နှင့် ဥပမာအချို့ကို ဖော်ပြထားသည်။ ဤအပိုင်းတွင် အောက်ပါအကြောင်းအရာများကို ထည့်သွင်းဆွေးနွေးမည်။

- မူလတန်းသချိ်ာပညာရေး စိတ်ပညာ
- မူလတန်းသချိ်ာသင်ကြားသင်ယူမှုအစီအစဉ်
- မေးခွန်းအမျိုးမျိုးကို အသုံးပြုခြင်း
- သင့်လျော်သောသင်ခန်းစာသင်ယူမှုပုံစံကို အသုံးပြုခြင်း
- သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း

မူလတန်းသချိ်ာပညာရေးစိတ်ပညာ

ကလေးများသည် အသက် (၆)နှစ်အရွယ်ရှိသောအခါ ပထမတန်းတွင် တက်ရောက်ပညာသင်ယူကြသည်။ ပီယာဂျေး (Piaget) ၏ အသိဉာဏ်ဖွံ့ဖြိုးမှုစိတ်ပညာတွင် ဤအသက်ဝန်းကျင်ရှိ ကလေးများသည် ရှေ့ပြေးသိမှု ဉာဏ်ရည်ဖွံ့ဖြိုးစအရွယ် (pre-operational stage) (အသက် ၂နှစ်မှ ၇နှစ်) မှ (အသက် ၇နှစ်မှ ၁၁နှစ်) ဒြပ်ရှိ လုပ်ဆောင်မှု ပြုနိုင်သော အရွယ် (concrete operational stage)သို့ ကူးပြောင်းကာလတွင်ရှိပြီး၊ ဒြပ်ရှိပစ္စည်းများ၏ အကူအညီဖြင့် လက်တွေ့လုပ်ဆောင်ရာမှ ကျိုးကြောင်းဆက်စပ် တွေးတောခြင်းကိုစတင်ပြီဟု ယူဆရသည်။ ရှေ့ပြေးသိမှု ဉာဏ်ရည်ဖွံ့ဖြိုးစအရွယ်ရှိ ကလေးများအတွက် အရာဝတ္ထုတစ်ခု၏ပုံစံကို ပြောင်းလဲခြင်းသည် အရာဝတ္ထု ပမာဏ၊ ထုထည် (သို့) ဒြပ်ထုကို ပြောင်းလဲခြင်းမဟုတ် ဟူသောအချက်ကိုနားလည်လက်ခံရန် အခက်အခဲများစွာရှိနေသည်။

ဒြပ်ရှိလုပ်ဆောင်နိုင်မှုပြုနိုင်သောအရွယ် ကလေးများသည်တဖြည်းဖြည်းစိတ်ကူးဖြင့်လုပ်ကိုင်ရမည့် လုပ်ဆောင်ချက်များကို လုပ်နိုင်လာသည်။ အသက် ၁၁ နှစ်ဝန်းကျင်တွင်မူ ပုံစံကျ-လုပ်ဆောင်မှုပြုနိုင်သော အရွယ် (formal operational stage) သို့ရောက်ရှိပြီး ဒြပ်ရှိပစ္စည်းများဖြင့် စိတ်ကူးပုံဖော်စရာအလျဉ်းမလိုဘဲ စိတ်ကူးသက်သက်ဖြင့် စဉ်းစားနိုင်လာသည်။

အထက်ပါအကြောင်းကြောင့် ကိန်းများပေါင်းခြင်း၊ နုတ်ခြင်း၊ ဂျီသြမေတြီပုံများ စသည်တို့ကိုစတင်သင်ကြားရာတွင် ဆရာသည် ပထမတန်းကလေးများကို ပစ္စည်းစစ်များဖြင့်ကိုင်တွယ်လုပ်ဆောင်ရန် အားပေးဖို့လိုသည်။ ထို့နောက် စတုရန်းပုံအကွက်ကတ်ပြားများကဲ့သို့သော ကိုယ်စားပြုပစ္စည်းများအသုံးပြုပြီးနောက်ပိုင်းတွင် ကျောင်းသုံးစာအုပ်တွင်ဖော်ပြထားသောပုံများကို အသုံးပြုမည်။ ဥပမာ၊ ဆရာသည် ပထမတန်းမှ ပေါင်းခြင်းသင်ခန်းစာ (ဥပမာ၊ ၃ + ၂ = ၅) ကို အောက်ပါလုပ်ထုံးလုပ်နည်းဖြင့် သင်ကြားနိုင်သည်။ ဤဖြစ်စဉ်သည် ကလေးများ ကျိုးကြောင်းဆက်စပ်တွေးတောမှုစွမ်းရည်များရရှိရန် များစွာအထောက်အကူဖြစ်သည်။



သချိ်ာဆိုင်ရာစိတ်ကူးကို လှုပ်ရှားမှုဖြင့် ခိုက်ဆက်ရန် ပစ္စည်းစစ်များဖြင့် ကိုင်တွယ်လုပ်ဆောင်ခြင်း	ပစ္စည်းစစ်များအစား ကိုယ်စားပြု ပစ္စည်းများဖြင့် ကိုင်တွယ် လုပ်ဆောင်ခြင်း	ကျောင်းသုံးစာအုပ်မှ ရုပ်ပုံများနှင့် ကိုယ်စားပြုပစ္စည်းပုံများကို အသုံးပြုခြင်း

ကလေးများ၏ကျွမ်းကျင်မှုအဆင့်မြင့်မားလာသည့်အခါ၊ ကလေးများ၏စိတ်တွက်စွမ်းရည်တိုးတက်လာရန်အတွက် အထက်ပါပုံ(၁)နှင့် (၂) ကဲ့သို့ ရုပ်ဝတ္ထုပါဝင်သောလှုပ်ရှားမှုများကို တဖြည်းဖြည်းခြင်းလျော့၍ အသုံးပြုသွားရမည်။ ဒြပ်ရှိလုပ်ဆောင်မှုပြုနိုင်သော အရွယ်ဟူသည် ဒြပ်ရှိပစ္စည်းများကို အသုံးပြုသောအဆင့်ဟုဆိုလိုခြင်းမဟုတ်ကြောင်း သတိပြုသင့်သည်။ ဒုတိယတန်းသို့ ရောက်သောအခါ ကလေးများသည် လက်ချိုးမရေတဲ့၊ ပစ္စည်းစစ်များမသုံးဘဲ၊ တုတ်ချောင်းများမဆွဲဘဲ လွယ်ကူသောပေါင်းခြင်း၊ နုတ်ခြင်းကို စိတ်တွက်ဖြင့် လုပ်ဆောင်နိုင်မည့်အဆင့်သို့ ရောက်ရှိမည်ဟု ယူဆထားသည်။

DBE Box – Copyright Protected

မူလတန်းသချာသင်ကြားသင်ယူမှု အစီအစဉ်

မူလတန်းကလေးများအား သချာသင်ကြားရာတွင် အရေးကြီးသောအချက်တစ်ခုမှာ ကလေးများ၏ပတ်ဝန်းကျင်တွင် တွေ့မြင်နိုင်သော ဒြပ်ရှိဥပမာများပေး၍ အသိသညာကို မိတ်ဆက်ပေးရန်ဖြစ်သည်။ သို့ဖြင့် ကလေးများသည် အသိသညာကို သူတို့၏ အတွေ့အကြုံနှင့် ဆက်စပ်ကာ နားလည်မည်။

အသိသညာကိုသင်ယူပြီးနောက် ကလေးများသည် ထပ်တလဲလဲလေ့ကျင့်ခြင်းအားဖြင့် အသိနှင့်ကျွမ်းကျင်မှုများ ရရှိသည့်အဆင့်သို့ ရောက်ရှိလာမည်။ အတွေ့အကြုံနှုန်းသော ဆရာအသစ်အများစုက ဤဖြစ်စဉ်ကို ခပ်ပေါ့ပေါ့ယူဆပြီး ကလေးများတွက်ချက်မှုအနည်းငယ်ကို မှန်ကန်စွာပြုလုပ်နိုင်လျှင် “ကျွမ်းကျင်ပြီ”ဟု တွေးလေ့ရှိသည်။ သို့သော် မူလတန်းသချာပညာရေး၏ အစောပိုင်းအဆင့်၌ပင်လျှင် ကလေးများသည် ဂဏန်းတစ်လုံးပါ ကိန်းများပေါင်းခြင်း၊ နုတ်ခြင်းကို စိတ်ကူးသက်သက်ဖြင့် (လက်ချိုးရေခြင်း၊ တုတ်ချောင်းခွဲခြင်းမဟုတ်ဘဲ) တွက်နိုင်သောအဆင့်သို့ ရောက်ရှိရန်လိုအပ်သည်။ စိတ်ကူးတွင် အဖြေရုတ်တရက်ပေါ်လာသည်အထိ ကလေးများသည် ပေါင်းခြင်း၊ နုတ်ခြင်း အမြောက်အမြားကို ထပ်တလဲလဲတွက်ချက်လုပ်ဆောင်ရမည်။

ဤအသိနှင့်ကျွမ်းကျင်မှုရရှိအောင် ဆောင်ရွက်သည့်အဆင့်ပြီးလျှင် စာသားပုစ္ဆာများ၊ နေ့စဉ်ဘဝနှင့်ဆက်စပ်သောပုစ္ဆာများ ဖြေရှင်းရမည့် အသုံးချနိုင်ခြင်းအဆင့်သို့ ရောက်မည်။ ဤအဆင့်တွင် ကလေးများ၏စာသားပုစ္ဆာများမှ သချာညီမျှခြင်းသို့ပြောင်းလဲနိုင်စွမ်းကို တိုးတက်လာစေသည်။ ဤအဆင့်သည်တွက်ချက်ခြင်းထက် စကားလုံးမှသချာညီမျှခြင်းသို့ပြောင်းလဲခြင်းဖြစ်စဉ်ကို ပို၍အာရုံထားသည်ကို ဆရာများအနေနှင့် သတိချပ်သင့်သည်။ သို့ဖြစ်၍ ကလေးများသည်အတွက်အချက်အပိုင်း၌ အမှားများမကြာခဏပြုလုပ်နေလျှင် တွက်ချက်မှုစွမ်းရည်များ အားကောင်းလာရန် ယခင်အဆင့်ကိုပြန်သွားရန် လိုအပ်သည်။

အထက်ပါအကြောင်းအရာများကို ပုံ(၁)တွင် ၁၀ အထိကိန်းများပေါင်းခြင်းကို ဥပမာအဖြစ်သုံးကာ ဖော်ပြထားသည်။



ပုံ (၁) မူလတန်းသချာအတွက် သင်ကြားသင်ယူမှုအဆင့်ဆင့်

DBE, Box – Copyright Protected

မေးခွန်းအမျိုးမျိုးကိုအသုံးပြုခြင်း

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ဆရာ၏ "မေးခွန်းများ"နှင့် ကလေး၏"မေးခွန်းများ"သည် သဘောအားဖြင့် မတူညီကြပေ။ ကလေးများက မေးခွန်း၏ "အဖြေ"ကို သိလို၍၊ အဖြေကို အတည်ပြုလို၍ မေးခြင်းဖြစ်သော်လည်း ဆရာက မေးခွန်း၏ "အဖြေ"ကို မသိ၍ မေးခြင်း မဟုတ်ချေ။

ဆရာက သင်ခန်းစာများတွင် မေးခွန်းများ မေးရခြင်း၏ရည်ရွယ်ချက်များမှာ -

(က) ကလေးများ သိပြီးအသိပညာကို ပြန်လည်တွေးတောမှတ်မိစေရန်
(ခ) ကလေးများ၏နားလည်မှုကို အကဲဖြတ်ရန်
(ဂ) ကလေးများ၏နားလည်မှုကို ဖြည့်ဆည်းပေးရန်
(ဃ) ကလေးများ၏ နားလည်မှုကိုတိုးမြှင့်ပေးရန် သို့မဟုတ် ကလေးများ၏ စဉ်းစားတွေးခေါ်မှုကို နှိုးဆွပေးရန်
(င) တက်ကြွပြီးစိတ်ဝင်စားစွာ သင်ယူနိုင်မည့်သင်ခန်းစာများ ဖန်တီးရန်
(စ) ကလေးများ၏ တင်ပြမှုစွမ်းရည်များနှင့် မိမိကိုယ်ကိုယုံကြည်မှုများတိုးလာစေရန် စသည်တို့ ဖြစ်သည်။

ဥပမာအားဖြင့် သင်ခန်းစာကိုနိဒါန်းပျိုးသည့်အပိုင်းတွင် ကလေးများ သူတို့၏သိပြီးအသိပညာကို ပြန်လည်တွေးတောမှတ်မိစေရန်နှင့် ထိုသိပြီးအသိပညာအပေါ် ကလေးများ၏နားလည်မှုကို အကဲဖြတ်ရန် မေးခွန်းများမေးသည်။ သင်ခန်းစာကို အစပျိုးပြီးနောက် သင်ခန်းစာ၏ဦးတည်ချက်ကို ကလေးများသိစေရန် ဆရာကသင်ခန်းစာ၏အဓိကမေးခွန်းကိုမေးမည်။ ထိုသို့မေးခြင်းက သင်ခန်းစာတစ်လျှောက်လုံး ကလေးများ၏ နားလည်မှုကိုတိုးမြှင့်ပေးလိမ့်မည်။ သင်ခန်းစာ၏နိဂုံးပိုင်းတွင် သင်ခန်းစာ၏ဦးတည်ချက်အပေါ် ကလေးများ၏နားလည်မှုအားဖြည့်ဆည်းပေးရန် ဆရာက မေးခွန်းများမေးသည်။ ထို့အပြင် ကလေးများသင်ခန်းစာကို နားလည်ခြင်း ရှိ၊ မရှိ အကဲဖြတ်ရန် ဆရာက သင်ခန်းစာ၏အဆင့်တိုင်းတွင် မေးခွန်းများမေးရမည်။

အထက်ပါရည်ရွယ်ချက်များအောင်မြင်ရန် ဆရာက မေးခွန်းများမေးရန် အသုံးပြုရမည့်နည်းလမ်းများမှာ -

(က) ခက်ခဲသောမေးခွန်းကို မေးခွန်းငယ်များအဖြစ် အဆင့်ဆင့်ခွဲထုတ်ခြင်း
(ခ) စိတ်ကူးဆန်သောမေးခွန်းကို လက်တွေ့မြင်သာထင်သာဖြစ်သောမေးခွန်းသို့ ပြောင်းလဲခြင်း
(ဂ) မေးခွန်းတစ်ခုကို နည်းအမျိုးမျိုးသုံး၍မေးခြင်း
(ဃ) အမှား၊ အမှန် ဝေခွဲရခက်သည့်မေးခွန်းမေးခြင်း
(င) ဆွေးနွေးရန်အတွက် အဖွင့်မေးခွန်းမေးခြင်းတို့ ဖြစ်သည်။

ဥပမာ၊ "၁၉ အတွင်းကိန်းပြောင်းဖွဲ့၍ ပေါင်းခြင်း"အတွက် ပထမသင်ခန်းစာတွင် မေးရမည့်အဓိကမေးခွန်းမှာ "၉ + ၃ ကို ဘယ်လိုတွက်မလဲ" ဖြစ်သည်။ ဤနည်းအားဖြင့် နောက်ဆုံးတွင် ကလေးများ၏နားလည်မှုကိုတိုးမြှင့်စေမည်။ သို့သော် ထိုသို့မေးခြင်းက ယေဘုယျကျလွန်းပြီး ကလေးများဖြေရန် အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် ဆရာကမေးခွန်းကို မေးခွန်းငယ်များအဖြစ် အောက်ပါကဲ့သို့အဆင့်ဆင့်ခွဲထုတ်ရန် လိုသည်။

(၁) ၉ + ၃ ပဿာရဲ့ အဖြေက ၁၀ ကျော်မယ်ထင်သလား။ (ထင်တယ်)
(၂) ဒါပေမဲ့ ၁၀ အုပ်စု မရှိဘူး။ ဒါဆိုရင်ဘာလုပ်ရမလဲ။ (၁၀ အုပ်စု လုပ်ရမယ်)
(၃) ၁၀ အုပ်စု ဘယ်လိုလုပ်မလဲ။ (၉ ကို ၁ ပေါင်းမယ်)
(၄) ၁ ဘယ်လိုရမလဲ။ (၁ ရဖို့ ၃ ကို ၁ နဲ့ ၂ သို့ ခွဲမယ်)
(၅) ဒါဆို အခု ၁၀ အုပ်စုနဲ့ ဘာရှိသလဲ။ (၁၀ နဲ့အတူ ၂ ရှိတယ်)
(၆) ဒါဆို အဖြေက ဘာလဲ။ (၁၂)

"တြိဂံများရဲ့ သွင်ပြင်လက္ခဏာတွေက ဘာလဲ"ဆိုသည့်မေးခွန်းသည် ကလေးများအတွက်အလွန်စိတ်ကူးဆန်ပြီး အလွန်ခက်ခဲမည်။ ဤကိစ္စရပ်မျိုးတွင် ဆရာက "တြိဂံတစ်ခုမှာ အနားဘယ်လောက်၊ ထောင့်စွန်းဘယ်လောက်ရှိသလဲ"ဆိုသည့် လက်တွေ့ဆန်သောထင်သာမြင်သာရှိသောမေးခွန်းသို့ ပြောင်းလဲမေးမြန်းနိုင်သည်။ အနားအရေအတွက်နှင့် ထောင့်စွန်းအရေအတွက်ကို ကလေးများအားသိရှိစေခြင်းသည် အဓိကအချက်ဖြစ်သည်။

တခြားဥပမာတစ်ခုက "တြိဂံနှင့်စတုဂံတို့၏ ကွာခြားချက်က ဘာလဲ"ဆိုသည့်မေးခွန်းကို စတုဂံတစ်ခုပြလျက် "ဒီဟာက ဘာကြောင့် တြိဂံတစ်ခုမဟုတ်တာလဲ"ဟု ပြင်ဆင်မေးမြန်းလျှင် ကလေးများအတွက် ပိုမိုလွယ်ကူမည်။

DBE Box – Copyright Protected

အမှား၊ အမှန် ဝေခွဲရခက်သည့်မေးခွန်းမေးခြင်းသည် အောက်ပါဥပမာအတိုင်း သခ်ၤာအသိသညာတစ်ခုကို ကလေးများနက်ရှိုင်းစွာ နားလည်စေသည်။

ဥပမာ



"ဖော်ပြပါပုံနှစ်ပုံသည် ဧရိယာတူသလား"ဟုမေးလျှင် ကလေးများ၏အဖြေသည် နားလည်မှုအပေါ်လိုက်၍ "တူသည်" သို့မဟုတ် "မတူပါ"ဟု ဖြေကြမည်။ အကယ်၍ ကလေးများက "မတူပါ"ဟု ဖြေခဲ့လျှင် ဆရာက ၃ + ၃ = ၆၊ ၄ + ၂ = ၆ ဖြစ်သည်။ သို့ဖြစ်၍ "ဧရိယာတူသည်ဟု ပြောနိုင်သလား"ဟု ထပ်မေးပါ။ ထိုမေးခွန်းသည် ကလေးများအတွက် ဝေခွဲရခက်စေမည့်မေးခွန်းဖြစ်သည်။ ထိုသို့မေးခြင်းဖြင့် ဧရိယာရှာရန်မှာ ပေါင်းရမည်မဟုတ်ဘဲ မြှောက်ရမည်ဖြစ်ကြောင်း ထင်ရှားစေသည်။

ကလေးများထံမှ မတူညီသောစိတ်ကူးများ ရယူလိုသောအခါ ဆရာက "အဖွင့်မေးခွန်း"ကို မေးသင့်သည်။ ဥပမာ၊ ဆရာက "၁၂ + ၂၆ + ၈ ကို ဘယ်လိုတွက်မလဲ"မေးလျှင် ကလေးများက အောက်ပါအတိုင်းမတူညီသောစိတ်ကူးများကို ပြောမည်။

(၁) ၁၂ + ၂၆ + ၈ = ၃၈ + ၈ = ၄၆

(၂) ၁၂ + ၂၆ + ၈ = ၁၂ + ၃၄ = ၄၆

(၃) ၁၂ + ၂၆ + ၈ = ၂၆ + ၁၂ + ၈ = ၂၆ + ၂၀ = ၄၆

ထို့နောက် ကလေးများသည်ဆွေးနွေးကြပြီး မည်သည့်နည်းကအကောင်းဆုံးဖြစ်သည်ကို တွေ့ရှိမည်။

အထက်ပါမေးခွန်းမေးနည်းများအပြင် ဆရာများမှတ်သားထားရမည်မှာ ကလေးများကိုမေးခွန်းဖြေရန် စဉ်းစားချိန်လုံလောက်စွာပေးရန်နှင့် ကလေးများအဖြေရရန် ဆရာကစိတ်ရှည်စွာစောင့်ဆိုင်းပေးရန် ဖြစ်ပါသည်။ သင်ယူမှုနှေးကွေးသော ကလေးများကို ရိုးရှင်းလွယ်ကူသော မေးခွန်းများမေးခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုရရှိစေနိုင်မည်ဖြစ်သည်။ သင်ယူမှုမြန်ဆန်သော ကလေးများကို အမှား၊ အမှန် ဝေခွဲရခက်သည့် မေးခွန်းများမေးခြင်းဖြင့် သခ်ၤာဘာသာရပ်အပေါ် သူတို့၏နားလည်သဘောပေါက်မှုနှင့် စိတ်ဝင်စားမှုများကို နှိုးဆွပေးနိုင်မည် ဖြစ်ပါသည်။

သင့်လျော်သောသင်ခန်းစာသင်ယူမှုပုံစံကိုအသုံးပြုခြင်း

စာသင်ခန်းတွင် သင်ခန်းစာသင်ယူမှု(သင်ကြားမှု)ပုံစံများတွင် အခြေခံအားဖြင့် အောက်ပါနည်း(၃)နည်း ပါဝင်သည်။

(က) တစ်တန်းလုံးသင်ယူမှု

(ခ) တစ်ဦးချင်းသင်ယူမှု

(ဂ) အုပ်စုလိုက်သင်ယူမှု (နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့်)

တစ်တန်းလုံးသင်ယူမှုသည် သမားရိုးကျပုံစံဟုလည်း ပြောနိုင်ပါသည်။ တစ်တန်းလုံးသင်ယူမှု၏ အားသာချက်မှာ ဆရာက ကလေးအားလုံးအား ညွှန်ကြားချက်တစ်ခုတည်းကိုထိရောက်စွာပေးနိုင်ပြီး ကလေးများက ထိုအချက်အလက်ကို တစ်တန်းလုံးနှင့်မျှဝေနိုင်သည်။ ထို့အပြင် ဆရာက သင်ကြားမှုဖြစ်စဉ်ကို အလွယ်တကူထိန်းသိမ်းနိုင်မည်။ သို့သော် ထိုသင်ယူမှု၏အားနည်းချက်များမှာ ကလေးများက တက်ကြွစွာပါဝင်မှုအားနည်းလာပြီး ဆရာအတွက် ကလေးတစ်ဦးချင်းစီ၏နားလည်မှုကို သိရှိရန် ခက်ခဲပေလိမ့်မည်။ သို့ဖြစ်၍ ကလေးအများအပြားမှာ သင်ခန်းစာများကို လိုက်နိုင်မည်မဟုတ်ပေ။

ထိုအားသာချက်၊ အားနည်းချက်များကိုမှတ်သားပြီး ဆရာက အောက်ပါတို့အတွက်သင်ယူမှုပုံစံကို အသုံးပြုသင့်သည်။

- ကလေးများ၏ သိပြီးအသိပညာကို အကဲဖြတ်ခြင်း
- တစ်တန်းလုံးကို ညွှန်ကြားချက်ပေးခြင်း
- ယနေ့သင်ယူရမည့်အဓိကမေးခွန်း သို့မဟုတ် အဓိကအလုပ်ကို မေးခြင်းနှင့်အတည်ပြုခြင်း
- ကလေးများ၏စိတ်ကူးများကို တစ်တန်းလုံးနှင့်မျှဝေခြင်း
- ကလေးများသင်ယူခဲ့သည်များကို တစ်တန်းလုံးတွင် နိဂုံးချုပ်ခြင်း

တစ်ဦးချင်းစီသင်ယူမှု၏အားသာချက်များမှာ ကလေးတစ်ဦးစီက အလုပ်ကိုပို၍စွဲစွဲမြဲမြဲလုပ်ဆောင်ရပြီး မိမိ၏လေ့လာနှုန်းအတိုင်း မိမိကိုယ်တိုင် အရာရာကိုဖြေရှင်းရခြင်းဖြစ်သည်။ သို့ဖြစ်၍ တစ်ဦးချင်းစီသင်ယူမှုဖြင့် ကလေးများအသိပညာနှင့် ကျွမ်းကျင်မှုများရရှိသည့်အတွက် ထိရောက်သောသင်ယူမှုပုံစံဖြစ်သည်။ ထိုသင်ယူမှု၏အားနည်းချက်မှာ ကလေးများအခက်အခဲရှိသည့်အခါ ကလေးများအားလုံးကို ဆရာကနှံ့စပ်အောင် မကူညီနိုင်ပါ။ ထို့ကြောင့် ကလေးတချို့သည် တစ်ခုခုကိုဖြေရှင်းနေစဉ် ခက်ခဲသည့်နေရာတွင်ရပ်တန့်ပြီး ဆက်လက်မဖြေရှင်းနိုင်တော့ဘဲနေမည်။

DRE Box - Copyright Protected

ထိုအချက်များကိုထည့်သွင်းစဉ်းစားပြီး ဆရာကအောက်ပါတို့အတွက် တစ်ဦးချင်းသင်ယူမှုပုံစံကို အသုံးပြုသင့်သည်။

- တစ်တန်းလုံးတွင်မျှဝေခြင်းမပြုမီ သင်ခန်းစာတစ်ခု၏ အဓိကမေးခွန်းကို တစ်ဦးချင်းစီဖြေရှင်းလုပ်ဆောင်ခြင်း
- အခြေခံကျွမ်းကျင်မှုများကိုပိုင်နိုင်ရန်လုပ်ဆောင်ခြင်း
- ကလေးများ၏နားလည်မှုတိုးမြှင့်ရန် လေ့ကျင့်ခန်းများကို လုပ်ဆောင်ခြင်း

အုပ်စုလိုက်သင်ယူမှု၏အားသာချက်များမှာ ကလေးများသည် သူတို့၏သူငယ်ချင်းများနှင့်အတူတကွ လုပ်ဆောင်နိုင်ခြင်းနှင့် ပိုမိုခက်ခဲရှုပ်ထွေးသောပဟေဠာများကို တစ်ဦးချင်းဖြေရှင်းခြင်းနှင့်နှိုင်းယှဉ်ပါက ပိုမိုလွယ်ကူစွာလုပ်ဆောင်နိုင်သည်။ ထို့ပြင် တစ်တန်းလုံးသင်ယူမှုနှင့်နှိုင်းယှဉ်ပါက ကလေးများသည် ကိုယ်တိုင်လုပ်ဆောင်ခွင့်ပိုမိုရရှိပြီး မိမိစိတ်ကူးများကို ဖော်ပြခွင့်ပိုမိုရရှိမည်။ သူတို့၏အလုပ်ကို အပြုသဘောဆောင်ပြီး စွဲစွဲမြဲမြဲလုပ်ကိုင်နိုင်မည်။ အုပ်စုလိုက်သင်ယူမှု၏အားနည်းချက်များမှာ အဖွဲ့တစ်ခုစီမှ ကလေးများသည် လုပ်ငန်းကိုညီတူညီမျှမလုပ်ကြဘဲ အချို့က အလုပ်ပိုလုပ်၍ အချို့ကအနည်းငယ်သာလုပ်မည်။ ထို့အပြင် ကလေးများသည် သူတို့၏အလုပ်ကို ကိုယ်တိုင်ပြုလုပ်ကြရသည့်အတွက် သင်ခန်းစာ၏ဦးတည်ချက်မှ သွေဖည်သွားနိုင်သည်။

ထို့ကြောင့် ဆရာသည် အောက်ပါတို့အတွက် ဤသင်ယူမှုပုံစံကိုအသုံးပြုသင့်သည်။

- အခြားမေးခွန်းများနှင့် နှိုင်းယှဉ်လျှင် ခက်ခဲသောမေးခွန်းများကို ဖြေရှင်းခြင်း
- လုပ်ငန်းကို ပူးပေါင်းလုပ်ဆောင်ခြင်း

ထို့အပြင် အုပ်စုလိုက်သင်ယူမှုအား အတန်းငယ်များတွင်အသုံးပြုသောအခါ ကလေးများသည်စကားများသောကြောင့် အတန်းသည် ဆူညံသွားနိုင်သည်။ ထို့ကြောင့် အတန်းငယ်များတွင် အုပ်စုလိုက်သင်ယူနည်းကို မကြာခဏအသုံးမပြုသင့်သည်ကိုသတိပြုရမည်။ ကလေးများသည် မူလတန်းစာသင်နှစ်များ တောက်လျှောက် အဖွဲ့လိုက်သင်ယူမှုကို မည်သို့လုပ်ရမည်ကို လေ့လာသင်ယူရမည်။

အချုပ်ဆိုရသော် အထက်တွင်ဖော်ပြခဲ့သည့် သင်ယူမှုပုံစံတစ်ခုစီ၏ အားသာချက်နှင့်အားနည်းချက်များကိုချင့်ချိန်ပြီး ဆရာက သင်ယူမှုပုံစံ(၃)ခုကို သင့်တော်သောအခြေအနေများနှင့်လျော်ညီစွာ အသုံးပြုသင့်သည်။ ထို့အပြင် ရွေးချယ်အသုံးပြုသောသင်ယူမှုပုံစံများသည် သင်ခန်းစာ၏ဦးတည်ချက်ကိုရောက်ရှိစေမည့် အကောင်းဆုံးရွေးချယ်မှုဖြစ်ရမည်။

သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း

သင်ပုန်းသည် မရှိမဖြစ်လိုအပ်သော သင်ထောက်ကူပစ္စည်းဖြစ်သည်။ ဆရာသည် သင်ခန်းစာနှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ ရုပ်ပုံများ၊ မှတ်စုမှတ်ရာများ၊ ကလေးများ၏ စိတ်ကူးများစသည်တို့ကို သင်ပုန်းပေါ်တွင် မှတ်တမ်းတင်ကြသည်။ ကလေးများသည် သင်ပုန်း၏အကူအညီဖြင့် သင်ခန်းစာကိုသင်ယူကြသည်။ သင်ပုန်းကို ထိရောက်စွာအသုံးပြုခြင်းသည် အောင်မြင်သောသင်ခန်းစာများသင်ကြားရန် အဓိကသော့ချက်တစ်ခု ဖြစ်သည်။ သို့သော်လက်တွေ့တွင်ဆရာများသည် သင်ပုန်းကိုထိရောက်စွာအသုံးပြုခြင်း၏ အရေးပါမှုကိုမသိရှိကြဘဲ သင်ပုန်းအသုံးပြုပုံကို သင်ခန်းစာမသင်မီ ဂရုတစိုက်ကြိုတင်စီစဉ်ခြင်းမရှိပေ။

အောက်ပါတို့သည် ထိရောက်သောသင်ပုန်းအသုံးပြုပုံနမူနာများဖြစ်သည်။ သင်ပုန်းကို (၃) ပိုင်းခွဲခြားသည်။ ဘယ်ဘက်အပိုင်းက သင်ခန်းစာ၏အစပိုင်းအတွက်အသုံးပြုပြီး အလယ်ပိုင်းနှင့်ညာဘက်ပိုင်းက သင်ခန်းစာ၏အဓိကအပိုင်းနှင့် နိဂုံးချုပ်အပိုင်းအတွက် အသုံးပြုသည်။



DBE Box – Copyright Protected

သင်ပုန်းကို အထက်ပါကဲ့သို့အသုံးပြုခြင်းသည် ထိရောက်သောသင်ကြားသင်ယူမှုလုပ်ငန်းကို ဖြစ်ထွန်းစေသည်။ တစ်နည်းအားဖြင့် ကလေးများသည် သင်ခန်းစာတောက်လျှောက်ပြောဆိုဆွေးနွေးနေသည်များကို ဆောင်ရွက်နိုင်ပေမည်။ သင်ခန်းစာအပြီးတွင် ကလေးများသည် သင်ခန်းစာတစ်ခုလုံးကို သင်ပုန်းပေါ်တွင်ခြုံပြီးမြင်နိုင်ပြီး သူတို့ကောင်းစွာနားမလည်ခဲ့သောအချက်များကိုရှာဖွေနိုင်သည်။ ထို့ကြောင့် သင်ပုန်းက အရွယ်အစားကြီးလျှင် အထက်တွင်ရှင်းပြခဲ့သည့်အတိုင်း သင်ပုန်းကိုစနစ်တကျနှင့်ထိရောက်စွာအသုံးပြုရန် အကြံပြုအပ်သည်။

ဒုတိယတန်းရှိ သင်ခန်းစာအတွက် သင်ပုန်းအသုံးပြုပုံအသေးစိတ်ကို ဥပမာအနေဖြင့် အောက်ပါအတိုင်းဖော်ပြထားသည်။

အဆင့်(၁) သိပြီး အသိပညာကို ဖြန်လည်မှတ်မိရန် နိဒါန်းဖျိုးခြင်း

စာသင်ခန်းထဲမှာ
ကလေး ၃၆ ယောက်ရှိတယ်။
၁၇ ယောက်က ယောကျ်ားလေးဖြစ်ပြီး
၁၉ ယောက်က မိန်းကလေးဖြစ်တယ်။



အဆင့် (၂) သင်ခန်းစာအတွက် အဓိကမေးခွန်းကို ပြောကြားခြင်း

စာသင်ခန်းထဲမှာ
ကလေး ၃၆ ယောက်ရှိတယ်။
၁၇ ယောက်က ယောကျ်ားလေးဖြစ်ပြီး
၁၉ ယောက်က မိန်းကလေးဖြစ်တယ်။



⚠ ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံးရှိတယ်။ အဲဒီနောက်အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခုခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံးရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံး ဘယ်လောက်ပေးသလဲ။

DBE Box – Copyright Protected

အဆင့် (၃) အဓိကမေးခွန်းကို ဖြေရှင်းခြင်း

စာသင်ခန်းထဲမှာ
ကလေး ၃၆ ယောက်ရှိတယ်။
၁၇ ယောက်က ယောက်ျားလေးဖြစ်ပြီး
၁၉ ယောက်က မိန်းကလေးဖြစ်တယ်။



ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံးရှိတယ်။ အဲဒီနောက်အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခုခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံးရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံး ဘယ်လောက်ပေးသလဲ။

ပုစ္ဆာမှ အလျားပြပုံကို ဆွဲကြမယ်



၃၁ − ၁၄ = ၁၇

အလျားပြပုံမှ ညီမျှခြင်းရေးကြမယ်

အဖြေ ၁၇ လုံး

အဆင့်(၄) နားလည်မှုကို တိုးတက်စေမည့်မေးခွန်းကို ဖြေရှင်းခြင်း

စာသင်ခန်းထဲမှာ
ကလေး ၃၆ ယောက်ရှိတယ်။
၁၇ ယောက်က ယောက်ျားလေးဖြစ်ပြီး
၁၉ ယောက်က မိန်းကလေးဖြစ်တယ်။



ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံးရှိတယ်။ အဲဒီနောက်အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခုခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံးရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံး ဘယ်လောက်ပေးသလဲ။

ပုစ္ဆာမှ အလျားပြပုံကို ဆွဲကြမယ်



၃၁ − ၁၄ = ၁၇

အလျားပြပုံမှ ညီမျှခြင်းရေးကြမယ်

အဖြေ ၁၇ လုံး

ကားတစ်စီးပေါ်မှာ မူလက ခရီးသည် ၁၈ ယောက် ရှိတယ်။ အဲဒီနောက် ခရီးသည်တွေ ထပ်တက်လာတယ်။ ကားပေါ်မှာ ခရီးသည်အားလုံး ၂၅ ယောက် ရှိသွားရင် ကားပေါ်ကိုခရီးသည် ဘယ်နှယောက်ထပ်တက်လာသလဲ။



၂၅ − ၁၈ = ၇
အဖြေ ၇ ယောက်

အဆင့် (၅) သင်ခန်းစာကို နိဂုံးချုပ်ခြင်း

သင်ခန်းစာကို နိဂုံးချုပ်ရန် ဆရာက မေးခွန်းများမေးသည်။ ကလေးများ၏ဖြေကြားချက်များကိုအသုံးပြုပြီး ဆရာကနိဂုံးချုပ်ဆိုခြင်းကို သင်ပုန်းပေါ်ရေးသည်။

စာသင်ခန်းထဲမှာ
ကလေး ၃၆ ယောက်ရှိတယ်။
၁၇ ယောက်က ယောက်ျားလေးဖြစ်ပြီး
၁၉ ယောက်က မိန်းကလေးဖြစ်တယ်။



ခိုင်ခိုင်မှာ မူလက သကြားလုံး ၁၄ လုံးရှိတယ်။ အဲဒီနောက်အမေက သကြားလုံးတချို့ကို ပေးလိုက်တယ်။ အခုခိုင်ခိုင်မှာ သကြားလုံး ၃၁ လုံးရှိတယ်။ အမေက ခိုင်ခိုင်ကို သကြားလုံးဘယ်လောက်ပေးသလဲ။

ပုစ္ဆာမှ အလျားပြပုံကို ဆွဲကြမယ်



၃၁ − ၁၄ = ၁၇

အလျားပြပုံမှ ညီမျှခြင်းရေးကြမယ်

အဖြေ ၁၇ လုံး

ကားတစ်စီးပေါ်မှာ မူလက ခရီးသည် ၁၈ ယောက် ရှိတယ်။ အဲဒီနောက် ခရီးသည်တွေ ထပ်တက်လာတယ်။ ကားပေါ်မှာ ခရီးသည်အားလုံး ၂၅ ယောက် ရှိသွားရင် ကားပေါ်ကိုခရီးသည် ဘယ်နှယောက်ထပ်တက်လာသလဲ။



၂၅ − ၁၈ = ၇
အဖြေ ၇ ယောက်

နိဂုံးချုပ်ခြင်း
- ပေးသောအချက်နှင့် မေးသောအချက်ကို ဦးစွာရှာပါ။
- ပုစ္ဆာမှ အလျားပြပုံကို ဆွဲပါ။
- အလျားပြပုံမှ ညီမျှခြင်းရေးပါ။
(ပေါင်းရမည် သို့မဟုတ် နုတ်ရမည်ကို ဆုံးဖြတ်ပါ)

DBE Box – Copyright Protected

ဆရာလမ်းညွှန်စာအုပ်၏ ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ

၁။ ဆရာလမ်းညွှန်စာအုပ်တွင် အောက်ပါ အစိတ်အပိုင်းများ ပါဝင်သည်။

- ကျောင်းသုံးစာအုပ်ဖွဲ့စည်းပုံနှင့် အသုံးပြုပုံ
- ဆရာလမ်းညွှန်စာအုပ် ဖွဲ့စည်းပုံနှင့် အသုံးပြုပုံ
- သချိၤဘာသာ သင်ကြားချိန် ခွဲဝေဇယား
- သချိၤဘာသာရပ်အတွက် စစ်ဆေးအကဲဖြတ်ခြင်း
- သချိၤသင်ပြနည်း
- ကျောင်းသုံးစာအုပ်ရှိ အခန်းအလိုက် လမ်းညွှန်ချက်များ

၂။ "သချိၤသင်ပြနည်း"တွင် မူလတန်းသချိၤသင်ပြနည်း၏ အထွေထွေသိအိုရီများကို ရှင်းပြထားသည်။ ဤအခန်းတွင် သချိၤသင်ကြားရေးအတွက် အရေးပါသောနောက်ခံသီအိုရီကို ဖော်ပြထားသည်။

ဤအခန်းတွင် သင်ခန်းစာ ၄ ခုရှိပြီး ယခု သင်ခန်းစာသည် အခန်း၏ ဒုတိယ မြောက် သင်ခန်းစာဖြစ်သည်ဟု ဆိုလိုသည်။

ဤသင်ခန်းစာအတွက် သင်ခန်းစာ၏ ဦးတည်ချက်ဖြစ်သည်။

ကလေးများအတွက် သင်ယူမှုအထောက်အကူပစ္စည်းနှင့်ဆရာများအတွက် သင်ကြားမှုအထောက်အကူပစ္စည်းများကို ဤနေရာတွင် ဖော်ပြထားသည်။ သို့သော် ကျောင်းအခြေအနေပေါ်မူတည်ကာ ယင်းသင်ထောက်ကူပစ္စည်းများကို အပြောင်းအလဲ ပြုလုပ်နိုင်သည်။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို သင်ကြားသင်ယူရမည့် အချက်များဖြင့် အတူတကွဖော်ပြထားသည်။ အဆင့်အသီးသီးတွင် ဆရာပြုလုပ်ရမည့် အရာများကို နမူနာမေးခွန်းများနှင့် လုပ်ငန်းဆောင်ရွက်ပုံ စသည်တို့ဖြင့် ရှင်းလင်းရေးသားထားသည်။

သင်ခန်းစာ၏အဆုံးပိုင်းတွင် ကလေးများ သင်ခန်းစာ၌ မည်သည်တို့ သင်ယူခဲ့သည်ကို ဆရာကမေးမြန်းပြီး သင်ခန်းစာကို အမြဲနိဂုံးချုပ်သင့်သည်။



DPE Box - Copyright Protected

၃။ “ကျောင်းသုံးစာအုပ်ရှိ အခန်းအလိုက်လမ်းညွှန်ချက်များ”တွင် အခန်းတစ်ခုစီအတွက် အပိုင်းနှစ်ပိုင်းပါဝင်သည်။ ပထမအပိုင်းတွင် “ရည်ရွယ်ချက်၊ စာသင်ချိန်၊ သင်ကြားရေးအတွက် လမ်းညွှန်ချက်၊ သိပြီးအသိပညာများနှင့် ဤအခန်းအတွက် သင်ကြားသင်ယူရမည့် အချက်များကို ရှင်းလင်းဖော်ပြထားပါသည်။

ဒုတိယအပိုင်းတွင် သင်ခန်းစာအသီးသီးအတွက် လမ်းညွှန်ချက်များကို အောက်ပါပုံတွင် ဖော်ပြထားသည့်အတိုင်း သင်ယူမှုဦးတည်ချက်၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ၊ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်၊ သင်ကြားသင်ယူရမည့်အချက်များ၊ ဖြည့်စွက်လေ့ကျင့်ခန်းများ၊ ဖြည့်စွက်ရှင်းလင်းချက်၊ သင်ပုန်းအသုံးပြုပုံနမူနာစသည့် အစိတ်အပိုင်းများပါဝင်ပါသည်။ ထို့ကြောင့် သင်ခန်းစာတစ်ခုကို မသင်ကြားမီ ဆရာများသည် အထက်ပါအချက်များကို လေ့လာရန် အရေးကြီးသည်။



ဖြည့်စွက်ရှင်းလင်းချက် – စံယူနစ် “လီတာ”၏ အားသာချက်များ

ကလေးများသည် ဤသင်ခန်းစာတွင် စံယူနစ်လီတာကို ပထမဆုံးထုထည်ယူနစ်အဖြစ် သင်ယူကြသည်။ ထို့နောက် အတန်းကြီးလာလျှင် မီလီမီတာကို သင်ယူကြမည်။ မက်ထရစ်ယူနစ် သန်းသင်ယူရာတွင် အောက်ပါအားသာချက်များ ရှိသောကြောင့် ဤကျောင်းသုံးစာအုပ်တွင် မက်ထရစ်ယူနစ်များကို အလေးထားသင်ကြားသည်။

- ယူနစ်များအကြား ဆက်သွယ်ချက်ကို မက်ထရစ်စနစ်ဖြင့် ဖော်ပြနိုင်သည်။ (ဥပမာ၊ ၁ လီတာ = ၁၀၀၀ မီလီလီတာ)
- ယူနစ်များသည် မက်ထရစ်စနစ်ကို အခြေခံသည့်အတွက် ထုထည်ဖြင့် တွက်ခြင်းသည် ကိန်းများတွက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။
- ကလေးများသည် အလယ်တန်းနှင့် အထက်တန်းတွင် မက်ထရစ်ယူနစ်များကို မကြာခဏ အသုံးပြုကြရမည်ဖြစ်သည်။
- သိပ္ပံနှင့် လူမှုရေးဘာသာကဲ့သို့ အခြားဘာသာရပ်များတွင် မက်ထရစ်စနစ်ကို အသုံးပြုကြသည်။
- ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနီးပါးသည် မက်ထရစ်ယူနစ်များကို နိုင်ငံတကာသုံး အသိအမှတ်ပြု ယူနစ်များအဖြစ် အသုံးပြုကြသည်။

စာသင်ချိန် ၃

သင်ယူမှုဦးတည်ချက်

- အရည်၏ထူထဲမှုကိုတိုင်းတာရန် ထုထည်ယူနစ် လီတာကို အသုံးပြုတတ်ရန်၊

သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

- ၁ လီတာဝင် ပလတ်စတစ်ဘူး၊ ရေပုံး
- ခွက်အမျိုးမျိုး

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ ကလေးများအား ရေပုံးကိုပြပြီး “ပုံးထဲကို ဖြည့်ထားတဲ့ ရေရဲ့ထုထည်ကို အားလုံးသိရှိအောင် ဘယ်လိုဖော်ပြမလဲ”ဟု မေးပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ စံယူနစ် လိုအပ်ပုံကို ကလေးများကိုယ်တိုင် ရှာဖွေပါစေ။

၂။ အဓိကမေးခွန်း (၃) ကို ကြည့်စေပြီး “လီတာ” နှင့် ၁ လီတာဝင် ပလတ်စတစ်ဘူးကို မိတ်ဆက်ပေးပါ။ တစ်တန်းလုံး ဖြေရှင်းပါ။ ၁ လီတာဝင် ပလတ်စတစ်ဘူးသုံးပြီး ပြင်ဆင်ထားသော ပုံးထဲမှ ရေ၏ထုထည်ကိုလည်း တိုင်းတာပါ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ၁ လီတာဝင် ပလတ်စတစ်ဘူးများသည် တစ်ခုနှင့်တစ်ခု ပုံစံမတူဘဲ ရှိနိုင်သည်ကို ဘူးအသီးသီးရှိ ရေ၏ထုထည်ကို နှိုင်းယှဉ်ခြင်းဖြင့် ကလေးများ နားလည်ပါစေ။

၃။ မေးခွန်း (၃) ကို တစ်ဦးချင်းစီ ဦးစွာဖြေစေပြီး နှစ်ယောက်တစ်တွဲစီ ဆွေးနွေးပါစေ။ ထို့နောက် တစ်တန်းလုံးသို့ တင်ပြပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ထုထည်ကို လီတာဖြင့် မှန်ကန်စွာ ဖော်ပြနိုင်ခြင်းရှိ မရှိ စစ်ဆေးပါ။

၄။ ပတ်ဝန်းကျင်ရှိ ခွက်အမျိုးမျိုးတွင် ရေမည်မျှ ဝင်ဆံ့သည်ကို ကလေးများခန့်မှန်းစေပြီး ၁ လီတာဘူးဖြင့် တိုင်းတာပါစေ။

[သင်ကြားသင်ယူရမည့်အချက်များ]

➔ ဤအဆင့်တွင် “၅ လီတာထက် အနည်းငယ်ပိုသည်” သို့မဟုတ် “၃ လီတာအောက် အနည်းငယ်လျော့သည်” စသည့် ဖော်ပြချက်များကို အသုံးပြုပါ။

၅။ သင်ယူခဲ့သည်များကိုပေးပြီး သင်ခန်းစာကို ကလေးများကိုယ်တိုင် နိဂုံးချုပ်ပါစေ။

မြားအနီက ဖတ်စာအုပ်၏ မည်သည့် အစိတ်အပိုင်းသည် မည်သည့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အဆင့်နှင့် ဆက်စပ်သည်ကို ညွှန်ပြသည်။

မေးခွန်းအသီးသီးအတွက်အဖြေကို အနီရောင်ဖြင့်ရေးသားထားသည်။ မေးခွန်းများအတွက် အရေးကြီးသည့်သတိပြုရမည့် အချက်များကိုလည်း အချို့နေရာတွင် ထည့်သွင်းထားသည်။

ဤလေးထောင့်ကွက်ထဲတွင် သင်ခန်းစာနှင့်ပတ်သက်၍ ဖြည့်စွက်အသိပေးချက်ကို ဖော်ပြထားသည်။ ထိုဖြည့်စွက်အသိပေးချက်တွင် အောက်ပါတို့ ပါဝင်သည်။

- သင်ခန်းစာအတွက် ဖြည့်စွက်ရှင်းလင်းချက်
- သင်ခန်းစာအကြောင်းအရာနှင့် စပ်လျဉ်း၍ ဖြည့်စွက်အသိပေးခြင်း
- သင်ပုန်းအသုံးပြုပုံနမူနာ

မေးခွန်းများအတွက်နမူနာအဖြေများ

- ဖြည့်စွက်လုပ်ငန်း
- ဖြည့်စွက်ဥပမာများ
- ဖြည့်စွက်လေ့ကျင့်ခန်းများ

DMF Box – Copyright Protected

ကျောင်းသုံးစာအုပ်၏ ဖွဲ့စည်းပုံနှင့်အသုံးပြုပုံ

၁။ ကျောင်းသုံးစာအုပ်ဖွဲ့စည်းပုံသည် ကလေးများ၏ သင်ယူမှုနှင့် ဆရာများ၏ သင်ကြားမှု နှစ်ရပ်စလုံးကိုဦးတည်သော ပြဿနာဖြေရှင်းခြင်းပုံစံ သင်ခန်းစာဖွဲ့စည်းပုံပေါ် အခြေခံသည်။

- သင်ခန်းစာများအားလုံးကို အခြေခံအားဖြင့် အောက်တွင်ဖော်ပြထားသည့် အဆင့် ၄ ဆင့်ပါသော ပုစ္ဆာဖြေရှင်းခြင်းပုံစံဖြင့် ရေးဆွဲထားသည်။
  (သို့သော် မူလတန်းအောက်ဆင့် အတန်းများတွင် ဤပုံစံသင်ခန်းစာ အနည်းငယ်သာ တွေ့ရမည်)
  ၁။ အဓိက မေးခွန်းကို တင်ပြခြင်း
  ၂။ တစ်ဦးချင်းစီ၊ အုပ်စုလိုက် (သို့မဟုတ်) နှစ်ယောက်တစ်တွဲဖြေရှင်းခြင်း
  ၃။ စိတ်ကူးများကို တစ်တန်းလုံးနှင့်မျှဝေခြင်း (တင်ပြခြင်းဖြင့်)
  ၄။ နိဂုံးချုပ်ဆိုခြင်းနှင့် တတ်မြောက်မှုအကဲဖြတ်မေးခွန်းများ မေးခြင်း



- သင်ခန်းစာ၏အစတွင် အဓိကမေးခွန်းကိုမမေးမီ လိုအပ်လျှင် ကလေးများ၏ သိပြီးအသိပညာတို့ကို ပြန်လည်မှတ်မိစေသည့် ဥပမာအချို့ကို ပေးရမည်။
- သင်ခန်းစာအတွက် အဓိကမေးခွန်းကို စာသားပုံစံဖြင့် ရှင်းလင်းစွာဖော်ပြသည်။
- ကလေးများ၏ သင်ယူမှုလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းစွာဖော်ပြသည်။
- ကလေးများထံမှ မျှော်မှန်းထားသော တုံ့ပြန်မှုနှင့် ဆရာများ၏လိုအပ်သောညွှန်ကြားချက်များကို ဆရာနှင့် ကျောင်းသား၊ ကျောင်းသူ ရုပ်ပုံများသုံး၍ စကားပြောကွက်များဖြင့် ရေးသားသည်။
- ကလေးများ သင်ခန်းစာ၏ဦးတည်ချက်ကို ပေါက်မြောက်မှုရှိ မရှိ သိနိုင်ရန် သင်ခန်းစာများ၏အဆုံးတွင် တတ်မြောက်မှုအကဲဖြတ်သည့် မေးခွန်းများကို ထည့်သွင်းထားသည်။
- ကလေးများ သချာဆိုင်ရာတွေးခေါ်မှုတိုးတက်စေရန် ခက်ခဲသောမေးခွန်းများကိုလည်း ထည့်သွင်းထားပါသည်။

ဤစာအုပ်တွင် အသုံးပြုသော သင်္ကေတများ


. . . သိပြီးသည်များကို မေးမြန်းခြင်း


. . . သင်ခန်းစာအသီးသီးတွင် အသစ်သင်ယူမှုအတွက် မေးခွန်း သို့မဟုတ် လုပ်ငန်းများ


. . . နားလည်မှုကို တိုးတက်စေသည့် မေးခွန်း


. . . ခက်ခဲသည့် မေးခွန်း

DPE Box – Copyright Protected

၂။ အခန်းအသီးသီးတွင် ပြဿနာဖြေရှင်းသည့် သင်ယူမှုချဉ်းကပ်နည်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။

- သင်ယူရမည့်သင်ခန်းစာတွင် သချိၤအသိသညာ (concepts) အသစ်များ၏ မရှိမဖြစ်လိုအပ်ချက်ကို ကလေးများတွေ့ရှိလာစေရန်အတွက် သင်ခန်းစာ၏အစပိုင်းတွင် နေ့စဉ်ဘဝနှင့်ဆက်စပ်သော ပြဿနာများကို အသုံးပြုသည်။
- သင်ခန်းစာ၏အလယ်တွင်မူ သချိၤအသိသညာအသစ်အား ပိုမိုနားလည်ရန်နှင့်ကျွမ်းကျင်မှုများရရှိရန် ပြဿနာများကို နေ့စဉ်ဘဝ အခြေအနေများ မထည့်သွင်းဘဲ ပေးထားသည်။
- နေ့စဉ်ဘဝ ပြဿနာများတွင် သချိၤအသိသညာအသစ်ကို အသုံးချမှုနှင့်ကျွမ်းကျင်မှုများအတွက် သင်ခန်းစာ၏ နောက်ပိုင်းတွင် ပုစ္ဆာဖြေရှင်းခြင်းကို အဓိကဦးတည်သည်။
- အတန်းကြီးအဆင့်တွင် အချို့ပုစ္ဆာများကိုဖြေရှင်းရန် သိပြီးအသိပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချရန်လိုသည်။

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများဖြင့် ကလေးများ၏သချိၤဆိုင်ရာတွေးခေါ်မှုနှင့် ဖော်ပြချက်အမျိုးမျိုးကို ကျွမ်းကျင်လာရန် ကျောင်းသုံးစာအုပ်ကို ရေးဆွဲထားသည်။

- သင်ယူမှုလုပ်ငန်းများသည် သချိၤဆိုင်ရာတွေးခေါ်မှု တိုးတက်စေရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။ (ဥပမာ၊ စမ်းသပ်ခြင်းနှင့် အမှားကို ရှာဖွေခြင်း၊ ပုံများဆွဲသားခြင်း၊ အဆင့်ပုံစံကိုရှာခြင်း)
- ပြဿနာများကို နက်ရှိုင်းစွာနားလည်ရန်နှင့် ပိုင်းခြားစိတ်ဖြာကြည့်ရှုနိုင်ရန် ဘာသာစကား၊ သင်္ကေတများ၊ သရုပ်ဖော်ပုံများ၊ ကိုယ်စားပြုပစ္စည်းများနှင့် ဒြပ်ရှိပစ္စည်းများ စသည့်ဖော်ပြချက်အမျိုးမျိုးကို အသုံးပြုထားသည်။
- ပြဿနာဖြေရှင်းရာတွင် လိုအပ်သောတွက်ချက်မှုများဖြင့် အဖြေထုတ်ရန် သာမကဘဲ သချိၤဆိုင်ရာတွေးခေါ်မှုနှင့် ဖော်ပြချက်အမျိုးမျိုးကိုသုံး၍ ဖြေရှင်းနည်းဗျူဟာကို ရှာဖွေတွေ့ရှိရန်အတွက်လည်း ကလေးများထံမှ မျှော်လင့်ထားသည်။
  ("သချိၤပုစ္ဆာဖြေရှင်းခြင်း"တွင် ကြည့်ပါ)
- သင်ယူမှုလုပ်ငန်းများတွင် ကလေးများစာသင်ခန်းရှေ့တွင် တင်ပြသည့် ကျွမ်းကျင်မှုများ တိုးတက်လာမည့် အခွင့်အလမ်းများ ဖန်တီးပေးသည်။ (ဥပမာ၊ ဖော်ပြချက်အမျိုးမျိုးကို သုံး၍ တစ်တန်းလုံးကို တင်ပြခြင်း)



အလျားပြဝုံဖြင့် ဖော်ပြခြင်း



၄။ သင်ယူဆဲနှင့်သင်ယူပြီး စစ်ဆေးနည်းများဖြင့် ကလေးများ၏ နားလည်မှုအဆင့်ကိုအဓိကထားပြီး တိုင်းတာသည့် စစ်ဆေးအကဲဖြတ်ခြင်း

- ကလေးများ၏ သင်ယူမှုအဆင့်အမျိုးမျိုးတွင် သူတို့၏အသိပညာ၊ ကျွမ်းကျင်မှု၊ သချိၤဆိုင်ရာတွေးခေါ်မှုနှင့် သဘောထားများကို စစ်ဆေးအကဲဖြတ်ရန် လေ့ကျင့်ခန်းများပေးသည်။
- ကလေးများနားလည်မှုရှိ မရှိ တိကျစွာစစ်ဆေးနိုင်ရန် လေကျင့်ခန်းများတွင် ပုစ္ဆာများကို တဖြည်းဖြည်းလွယ်ရာမှ ခက်ရာသို့ စီစဉ်ထားသည်။

DBE Box – Copyright Protected

ဒုတိယတန်း သင်္ချာဘာသာ သင်ကြားချိန် ခွဲဝေဇယား(နမူနာ)

လ	အခန်း	စာသင်ချိန်	သင်ကြားသင်ယူရမည့် အကြောင်းအရာ
ဇွန်လ ၂၅	**၁။ ဇယားနှင့် ဂရပ်များ** စာမျက်နှာ၊ ၁ - ၅	၄	● စာရင်းအင်း အချက်အလက်များကို တင်ပြရန်အတွက် ဇယားနှင့် ရုပ်ပြပုံများကို အသုံးပြုခြင်း၊
	၂။ အချိန်နှင့်ကြာသောအချိန် စာမျက်နှာ၊ ၆ - ၁၁	၆	● နာရီ၊ မိနစ် ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း၊ ● နေ့ရက်၊ နာရီ၊ မိနစ်အကြား ဆက်သွယ်ချက်ကို ဖော်ပြခြင်း၊
	၃။ အပေါင်း သင်ခန်းစာ ၁ စာမျက်နှာ၊ ၁၂ - ၂၁	၁၂	● ဂဏန်း ၂ လုံးပါကိန်းများအထိ ကိန်းပြောင်းဖွဲ့မှုမပါသည့်၊ ကိန်းပြောင်းဖွဲ့မှုပါသည့် ဒေါင်လိုက်ပေါင်းနည်းကို ရှင်းပြခြင်း၊ ● ဖလှယ်ရ၊ ဖြန့်ဝေရဂုဏ်သတ္တိများကို အသုံးပြု၍ ပေါင်းခြင်း၊
	၄။ အနုတ် သင်ခန်းစာ ၁ စာမျက်နှာ၊ ၂၂ - ၂၁	၁၂	● ဂဏန်း ၂ လုံးပါ ကိန်းများအထိ ကိန်းပြောင်းဖွဲ့မှုမပါသည့်၊ ကိန်းပြောင်းဖွဲ့မှုပါသည့် ဒေါင်လိုက်နုတ်နည်းကို ရှင်းပြခြင်း၊ ● အပေါင်းနှင့် အနုတ်ကြား ဆက်သွယ်ချက်ကို အသုံးပြု၍ အနုတ်၏အဖြေကို ချိန်ကိုက်ခြင်း၊
ဇူလိုင် ၂၂	**၅။ အပေါင်း၊ အနုတ်ကို လွယ်သည့်နည်းဖြင့် တွက်ခြင်း** စာမျက်နှာ၊ ၃၁ - ၃၂	၄	● ဂဏန်း ၂ လုံးပါကိန်းနှင့် ဂဏန်း ၁ လုံးပါကိန်းကို စိတ်တွက်တွက်ခြင်း၊ ● ၁၀၀ အတွင်း ကိန်း ၃ လုံးကို ဒေါင်လိုက်ပေါင်းခြင်း၊
	၆။ ပြန်လှန်လေ့ကျင့်ခန်း ၁ စာမျက်နှာ၊ ၃၃ - ၃၄	၅	● အခန်း (၁)မှ အခန်း (၅) အထိ ပြန်လှန်လေ့ကျင့်ခန်း၊
	၇။ အလျားအတိုင်းအတာ သင်ခန်းစာ ၁ စာမျက်နှာ၊ ၃၅ - ၄၁	၁၀	● မီလီမီတာ၊ စင်တီမီတာ စသည့် အလျား၏ယူနစ်များနှင့် ယူနစ်များအကြား ပြောင်းဖွဲ့ခြင်းများကို အသုံးပြုခြင်း၊ ● အလျားများ ပေါင်းခြင်း၊ နုတ်ခြင်းကို ပြုလုပ်ခြင်း၊
ဩဂုတ် ၂၂	**၈။ တစ်ထောင်အထိကိန်းများ** စာမျက်နှာ၊ ၄၂ - ၅၁	၁၂	● ပစ္စည်းများ၏ အရေအတွက်ကို ၁၀၀၀ အထိ ၁၀ အုပ်စုများနှင့် ၁၀၀ အုပ်စုများဖွဲ့ပြီး ရေတွက်ခြင်း၊ ဖတ်ရှုခြင်းနှင့် ရေးသားခြင်း၊ ● ခု၊ ဆယ်၊ ရာနှင့် ထောင်နေရာများ၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း၊ ● ၁၀၀၀ အထိ ကိန်းများကို အုပ်စုများဖွဲ့ခြင်း (သို့မဟုတ်) ကိန်းမျဉ်းအသုံးပြုခြင်းဖြင့် နှိုင်းယှဉ်ခြင်း၊
	၉။ အပေါင်း သင်ခန်းစာ ၂ စာမျက်နှာ၊ ၅၂ - ၅၉	၁၆	● ဂဏန်း ၃ လုံးပါ ကိန်းများအထိ ကိန်းပြောင်းဖွဲ့မှုမပါသည့်၊ ကိန်းပြောင်းဖွဲ့မှုပါသည့် ဒေါင်လိုက်ပေါင်းနည်းကို ရှင်းပြခြင်း၊
စက်တင်ဘာ ၂၆	**၁၀။ အနုတ် သင်ခန်းစာ ၂** စာမျက်နှာ၊ ၆၀ - ၆၈	၁၈	● ဂဏန်း ၃ လုံးပါ ကိန်းများအထိ ကိန်းပြောင်းဖွဲ့မှုမပါသည့်၊ ကိန်းပြောင်းဖွဲ့မှုပါသည့် ဒေါင်လိုက်နုတ်နည်းကို ရှင်းပြခြင်း၊
	၁၁။ ပုံများအသုံးပြု၍ ပုစ္ဆာဖြေရှင်းခြင်း စာမျက်နှာ၊ ၆၉ - ၇၃	၅	● ပုံများအသုံးပြု၍ ပုစ္ဆာဖြေရှင်းခြင်း၊
	၁၂။ ပြန်လှန်လေ့ကျင့်ခန်း ၂ စာမျက်နှာ၊ ၇၄ - ၇၆	၅	● အခန်း (၇) မှ အခန်း (၁၁) အထိ ပြန်လှန်လေ့ကျင့်ခန်း၊

DBE Box – Copyright Protected

သချံာဘာသာသင်ကြားချိန်ခွဲဝေဇယား

လ	အခန်း	စာသင်ချိန်	သင်ကြားသင်ယူရမည့် အကြောင်းအရာ
အောက်တိုဘာလ ၄ ပုံ	**၁၃။ တြိဂံများနှင့် စတုဂံများ** စာမျက်နှာ၊ ၇၇ - ၈၅	၁၀	● မျဉ်းဖြောင့်ရေးဆွဲခြင်း၊ ● ထောင့်မှန်များ တည်ဆောက်ခြင်း၊ ● အနားများနှင့် ထောင့်စွန်းများ၏ အရေအတွက်ကို အခြေခံ၍ တြိဂံများ၊ ထောင့်မှန်စတုဂံများကို ဖော်ပြခြင်း၊ ● စတုရန်းကွက်ငယ်များပါသော စာရွက်ပေါ်တွင် တစ်ထပ်တည်းကျသော တြိဂံများ၊ ထောင့်မှန်စတုဂံများနှင့် စတုရန်းများကို သတ်မှတ်ခြင်း၊ ● စတုရန်းကွက်ငယ်များပါသော စာရွက်ပေါ်တွင် ထောင့်မှန်တြိဂံများ၊ ထောင့်မှန်စတုဂံများနှင့် စတုရန်းများ ရေးဆွဲခြင်း၊
နိုဝင်ဘာလ ၂ ပုံ	**၁၄။ အမြောက်** စာမျက်နှာ၊ ၈၆ - ၁၁၉	၄၃	● မြောက်ခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း၊ ● ၁၀ × ၁၀ အလီအထိ မြောက်ခြင်းကို အတိအကျပြုလုပ်ခြင်း၊ ● ၁၀ × ၁၀ အလီ အထိ အလီဇယားများတွင် အမြောက်၏ လွယ်ကူသောအင်္ဂါရပ်များကို ရှင်းပြခြင်း၊ ● ၁၀ × ၁၀ အလီ အထိ အမြောက်ပုစ္ဆာများကို ဖြေရှင်းခြင်း၊
ဒီဇင်ဘာ ၂ ပုံ	**၁၅။ ပြန်လှန်လေ့ကျင့်ခန်း ၃** စာမျက်နှာ၊ ၁၂၀ - ၁၂၁	၄	● အခန်း (၁၃)မှ အခန်း (၁၄) အထိ ပြန်လှန်လေ့ကျင့်ခန်း၊
	၁၆။ အလျားအတိုင်းအတာ သင်ခန်းစာ ၂ စာမျက်နှာ၊ ၁၂၂ - ၁၂၆	၈	● မီလီမီတာ၊ စင်တီမီတာ၊ မီတာ စသည့် အလျား၏ယူနစ်များနှင့် ယူနစ်များအကြား ပြောင်းဖွဲ့ခြင်းများကို အသုံးပြုခြင်း၊ ● အလျားများ ပေါင်းခြင်း၊ နုတ်ခြင်းကို ပြလုပ်ခြင်း၊ ● လက်မ နှင့် ပေ စသည့် အလျား၏ယူနစ်များကိုသိရှိခြင်း၊
	၁၇။ အစား စာမျက်နှာ၊ ၁၂၇ - ၁၃၈	၁၆	● အစား၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း၊ ● ၁၀ × ၁၀ အလီ အတွင်း စားခြင်းကို တိကျစွာပြုလုပ်ခြင်း၊ ● ၁၀ × ၁၀ အလီ အတွင်း အစားပုစ္ဆာများကို ဖြေရှင်းခြင်း၊ ● အမြောက်နှင့် အစားကြား ဆက်သွယ်ချက်ကို အသုံးပြု၍ အစား၏အဖြေကို ချိန်ကိုက်ခြင်း၊
ဇန်နဝါရီလ ၂ ပုံ	**၁၈။ ဘယ်ဟာကထုထည်ပိုများသလဲ** စာမျက်နှာ၊ ၁၃၉ - ၁၄၂	၄	● အရည်ကဲ့သို့ ပစ္စည်းများ၏ ထုထည်ကို တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊ ပတ်ဝန်းကျင်ရှိပစ္စည်းများကိုသုံး၍ သွယ်ဝိုက် နှိုင်းယှဉ်ခြင်း၊ ● ထုထည်ယူနစ်လီတာကို အသုံးပြုခြင်း၊ ● အရည်၏ ထုထည်ဆိုင်ရာပုစ္ဆာများကို ဖြေရှင်းခြင်း၊
	၁၉။ ဘယ်ဟာကပိုလေးသလဲ စာမျက်နှာ၊ ၁၄၃ - ၁၄၆	၄	● ပစ္စည်းများ၏အလေးချိန်ကို ချိန်ခွင်သုံး၍ နှိုင်းယှဉ်ခြင်း၊ ● အလေးချိန်နှိုင်းယှဉ်ခြင်းဆိုင်ရာ ပုစ္ဆာများကို ဖြေရှင်းခြင်း၊
	၂၀။ ပြန်လှန်လေ့ကျင့်ခန်း ၄ စာမျက်နှာ၊ ၁၄၇ - ၁၄၈	၅	● အခန်း (၁၆) မှ အခန်း (၁၉) အထိ ပြန်လှန်လေ့ကျင့်ခန်း၊
	အထွေထွေလေ့ကျင့်ခန်း (ဆရာလမ်းညွှန်စာမျက်နှာ၊ ၁၆၈ - ၁၆၉)	၄	● ဒုတိယတန်းရှိ အကြောင်းအရာ အားလုံးအတွက် ပြန်လှန်လေ့ကျင့်ခန်း
စာသင်ချိန် စုစုပေါင်း		၂၀၇	
အရန် စာသင်ချိန်		၄၅	
စုစုပေါင်း စာသင်ချိန်		၂၅၂	

DBE Box – Copyright Protected